
တတိယပိုင်း
ဇာတ်သိမ်း
သိုင်းစာစဉ်များ:PAGE

တက္ကသိုလ်

# နေဝင်းအောင်

# ဝိဇ္ဇာဥ်မဲ့တား

(တတိယပိုင်း–တက်သိမ်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၃၉၂၁၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၃၉၁၁၁၀၇

၂၀၀၈ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ ( ၃ )
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H) ၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့

# အခန်း (၁၇)

## ပန်းတိုင်တူသော ခရီးသွားများ

လောဆန်အဘိုးကြီး၏နောက်မှ တခစ်ခစ်ရယ်သံများ ပေါ်လာသည်။ ထို့နောက် ပိုက်ကွန်အင်္ကျီနှင့်အမျိုးသမီးသည် သူတို့အနီးသို့ ဖျတ်ခနဲရောက်လာသည်။

"အလို ဒီချာတိတ်ကလေးက ရှင်တို့ထက်တောင် သိုင်းပညာတော်နေသလား ... ဟင်း ... ဟင်း ... လောဆန်နဲ့လောဆွေ အဘိုးကြီးနှစ်ယောက်ကတောင် မဖမ်းနိုင်ကြဘူးဆိုတော့ ... ဟင်း ... ဟင်း ... စဉ်းစားစရာပဲ"

အမျိုးသမီး၏အသံက လှောင်သံ ထော့သံ။

မျက်နှာထားက မထိတရိ မချိုမချဉ်။

ကွမ်လိန်သည် လောဆန်ယက်ထဲမှ ရုန်းထွက်လိုက်စဉ် ကိုယ်တွင်းမှသွေးများ အလိပ်လိပ်တက်လာသလို ခံစားလိုက်ရသဖြင့် မျက်လုံးမှိတ်ပြီး အတွင်းအားကျင့်စဉ်ကို ကျင့်နေလိုက်ရသည်။

မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ အဘိုးကြီးနှစ်ယောက်စလုံး မျက်စိပျက် မျက်နှာပျက် ဖြစ်နေသည်ကို တွေ့ရသည်။

ထိုစဉ် ပိုက်ကွန်အင်္ကျီဝတ်အမျိုးသမီးက တဟင်းဟင်းရယ်ရင်း ကွမ်လိန်ကို လှမ်းပြော၏။

"မောင်လေး … မင်းက ဘာဖြစ်လို့ အဘိုးကြီးနှစ်ယောက်ကို ဗိုလ်ကျရတာလဲ၊ သူတို့နှစ်ယောက်က ဘာဖြစ်လို့ မင်းကို ဝိုင်းတိုက်ကြတာလဲ၊ မင်းဟာ တော်တော်ဆိုးတဲ့ ချာတိတ်ပဲ၊ ဟင်း … ဟင်း"

ပိုက်ကွန်အင်္ကျီနှင့်အမျိုးသမီးသည် ကွမ်လိန်ကိုပြောရင်းနှင့် အဘိုးကြီးနှစ်ယောက်ကို စောင်းပြောလိုက်၏။ ကွမ်လိန်သည် အမျိုးသမီး၏ ရည်ရွယ်ချက်ကို ရိပ်စားမိသည့်အတွက် အမျိုးသမီးအပေါ် စိတ်ဆိုးခြင်းမရှိပေ။ သူ့ဘက်က ဝင်ရောက်ကူညီပြောဆိုပေးခြင်း အတွက် စိတ်ထဲကလည်း ကျိတ်၍ ကျေးဇူးတင်နေမိသည်။

အဘိုးကြီးနှစ်ယောက်ကား အမျိုးသမီး၏စကားသံကြောင့် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ စင်စစ် အနိုင်အထက်ပြုမူလိုသူသည် မိမိတို့နှစ်ယောက်သာ ဖြစ်သည်မဟုတ်ပါလား။ ဤသတင်းသာ သိုင်းလောကထဲ ပျံ့နှံ့သွားပါက မိမိတို့၏မျက်နှာကို ဘယ်သွားထားရမှန်းပင် မသိတော့ချေ။

ထို့ကြောင့် အမျိုးသမီးကို မကျေမနပ်နှင့် စူးစူးရဲရဲ စိုက်ကြည့်လိုက်သည်။ အမျိုးသမီးက သူတို့နှစ်ယောက်ကို လုံးဝ ဂရုမစိုက်ဟန်နှင့် ရယ်လိုက်ပြီး ကွမ်လိန်ကို လှမ်းပြောသည်။

"ဟော့ … မောင်လေး … မင်းက ငါမေးတာကို ဘာဖြစ်လို့ မဖြေသေးတာလဲ၊ ဟင်း … ဟင်း … ငါသိပါတယ်၊ မင်းက သူတို့ကို စပြီး ဗိုလ်ကျခဲ့တာမဟုတ်လား၊ မင်းဟာ အသက်အရွယ်နဲ့မလိုက်အောင် မိုက်လုံးကြီးချင်တဲ့ကောင်ပဲ့ ကဲ … ကဲ … မင်းရဲ့အမှားကို မြန်မြန်လေး တောင်းပန်လိုက်စမ်း မြန်မြန် … မြန်မြန်"



အဘိုးကြီးနှစ်ယောက်၏ သွေးရောင်လွှမ်းနေသော မျက်နှာသည် ရုတ်ခြည်း ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

ကွမ်လိန်မှာ အဘိုး ကြီးနှစ်ယောက်၏မျက်နှာကိုကြည့်ရင်း တအံ့တသြ ဖြစ်သွားမိသည်။ အဘယ်ကြောင့် ဤမျှ ရုပ်ပျက်ဆင်းပျက်ဖြစ်ရသနည်း။ အတန်ကြာမှ ပိုက်ကွန်အင်္ကျီနှင့်အမျိုးသမီးကို စက်ဆုပ်မုန်းတီးစွာ လှမ်းကြည့်ကြသည်။ ထို့နောက် လောဆန်အဘိုးကြီးက ကွမ်လိန်ကို လှမ်းပြောသည်။

"ကောင်လေး … မင်းဟာ ခုမှ အသက်ငယ်ငယ်လေး ရှိသေးတယ်၊ လောကကြီးမှာ ကြာကြာနေချင်ရင် ဒီလိုပမာမခန့် အပြုအမူမျိုးကို ဘယ်တော့မှထပ်မလုပ်ပါနဲ့၊ နောက်ပိုင်းမှာ အားကိုးရှိတယ်ဆိုပြီး လူကြီးတွေကို ရိုင်းရိုင်းစိုင်းစိုင်း မဆက်ဆံနဲ့ … ကြားလား"

အဘိုးကြီးသည် ဒေါသကြီးနေသဖြင့် အသံတုန်နေသည်။ သူတို့၏စကားကို ပိုက်ကွန်အင်္ကျီနှင့်အမျိုးသမီးကိုပါ အဖျားခတ်နေကြောင်း ကွမ်လိန် ရိပ်မိသည်။

ပိုက်ကွန်အင်္ကျီနှင့်အမျိုးသမီး၏မျက်နှာ ပြုံးပြုံးကလေးရှိရာမှ ချက်ချင်းတည်သွားသည်။ထို့နောက် ဒေါသရိပ်များလွှမ်းလာသည်။

"ရှင်တို့နှစ်ယောက်ဟာ ဝါစဉ်ကြီးပုဂ္ဂိုလ်ဖြစ်နေလို့ လေးလေးစားစားဆက်ဆံနေတာကို သဘောပေါက်ကြစမ်းပါ၊ ရှင်တို့က ကျွန်မကို ငယ်သေးတယ်ဆိုပြီး စော်ကားချင်နေသလား၊ ချင်ဆန်လျံ အကြောင်းကို ကြားဖူးတယ်မဟုတ်လား၊ ကျွန်မ တစ်ယောက်တည်းနဲ့ ရှင်တို့ကို မယှဉ်နိုင်ဘူးလို့ ထင်နေကြလား …"

အဘိုးကြီးနှစ်ယောက်သည် မျက်နှာပျက်သွားကြပြန်သည်။

ထိုအစိမ်းရောင်အကျီနှင့်အစေခံအမျိုးသမီးသည် တံခါးပေါက်အနီးသို့ ရောက်လာ၏။ အစေခံအမျိုးသမီး၏လက်ထဲမှ ဖယောင်းတိုင်အလင်းသည် အဘိုးကြီးနှစ်ယောက်၏မျက်နှာပေါ် ဖြာကျနေ၏။ ထိုစဉ် လောဆွေအဘိုးကြီးက လောဆန်အဘိုးကြီး၏ အကျီစကို အသာလှမ်းဆွဲလိုက်၏။

ထို့နောက် လျှပ်ပြက်သလို ပြိုင်တူလှုပ်ရှားလိုက်သည်။

ကွမ်လိန် လှမ်းကြည့်လိုက်သောအခါ နှစ်ယောက်စလုံး တံခါးပေါက်မှ လွှားခနဲပြေးထွက်သွားကြ၏။ အချိန်အနည်းငယ်အတွင်းမှာပင် နှစ်ယောက်စလုံး ပျောက်ကွယ်သွားကြတော့သည်။

ဝိုက်ကွန်အကျီနှင့်အမျိုးသမီးသည် အမှောင်ထုထဲသို့ မျက်စောင်းလှမ်းထိုးလိုက်ပြီး ကွမ်လိန်ကို ပြုံးကြည့်သည်။

"မောင်လေး ... မင်း ဒီမှာ ကျောက်ရုပ်ကြီးလို ရပ်မနေနဲ့တော့လေ"

အသံက ပျော့ပျောင်းနေသည်။ ကွမ်လိန်သည် အမျိုးသမီးကို ကြည့်ပြီး ရှက်ကိုးရှက်ကန်း ဖြစ်သွား၏။ ရှက်သွေးများ တက်လာသောကြောင့် တစ်မျက်နှာလုံး နီရဲသွားသည်။

ထို့ကြောင့် ခေါင်းငုံ့ပြီး အရိုအသေပေးလိုက်၏။

"ခုလို ကူညီခဲ့တဲ့အတွက် အစ်မကို ကျေးဇူးအများကြီးတင်ပါတယ် ခင်ဗျ"

ကွမ်လိန်သည် ခေါင်းငုံ့ထားရင်း မျက်လုံးက သူ၏လက်



ကောက်ဝတ်ပေါ်ရောက်သွားသည်။ ထိုအခါ လက်ကောက်ဝတ်ပေါ်၌ ခရမ်းရောင်လက်ရာကြီး ထင်နေသည်ကို တွေ့လိုက်ရသဖြင့် ထိတ်ခနဲဖြစ်သွားတော့၏။

စိတ်ထဲကလည်း 'အင်း ... လောဆောအဘိုးကြီး ရဲ့အတွင်းအားက တော်တော်ကြောက်စရာကောင်းပါလား' ဟု တွေးလိုက်မိ၏။

ကွမ်လိန်သည် ခရမ်းရောင်လက်ရာကိုကြည့်ပြီး ရင်ထိတ်သွားသော်လည်း သူ့လက်တစ်ချောင်းလုံး ကျိုးကြေမသွားခြင်းသည် ကိုယ်တွင်း၌ဖြစ်တည်နေသော လိုတရလျို့ဝှက်ကြေးပြားတွဲထဲမှ အတွင်းအားကြောင့် ဖြစ်သည်ကို သိရှိခြင်းမရှိသေးချေ။

အမျိုးသမီးက အပြင်လောကကြီးကို ငေးမောကြည့်နေသည်။ အတန်ကြာမှ တစ်ယောက်တည်း ရေရွတ်သလိုပြောသည်။

"ရာသီဥတုက တော်တော့်ကို မုန်းဖို့ကောင်းတယ်၊ နှင်းကလည်း ကျလိုက်တာလွန်ရော"

အမျိုးသမီးက မကျေနပ်သံနှင့် ရေရွတ်ရင်း အနားရောက်လာသော အကျီစိမ်းနှင့်အစေခံမကို လှည့်ပြော၏။

"မဟုန် ... ဒီနဲ့ ဝိကင်းက ဘယ်လောက်ဝေးသလဲ၊ နှင်းတွေ ဒီလောက်ကျနေတာ မနက်ဖြန်တောင် ဝိကင်းကို ရောက်ပါ့မလား၊ အချိန်မီမရောက်တော့ ခဲလေသမျှ သဲရေကျတော့မယ်နဲ့ တူပါတယ်ဟင်း ..."

အမျိုးသမီးက အပြင်သို့ငေးပြီး တွေးနေပြန်၏။ သူမက စိတ်ဂနာမငြိမ်ဖြစ်နေသဖြင့် လက်ဝါးနှစ်ခုကို ပွတ်သပ်နေသည်။

ကွမ်လိန် လှမ်းကြည့်လိုက်ရာ ဘယ်လက်သူကြွယ်၌ တဖိတ်ဖိတ် တောက်နေသော လက်စွပ်လေးတစ်ကွင်းကို တွေ့ရ၏။ ထူးခြားသည်မှာ လက်စွပ်ကို လူရုပ်သဏ္ဌာန် ထုလုပ်ထားခြင်းပင်ဖြစ်၏။

ကွမ်လိန်က ထိုလက်စွပ်ကို စိတ်ဝင်စားစွာ ကြည့်မိသော်လည်း မှိန်ဖျော့ဖျော့အလင်းရောင်ကြောင့် ပီပီသသ မတွေ့ရချေ။

ထိုစဉ် အခန်းထဲမှ အေးစက်စက်အသံတစ်သံ ပေါ်ထွက်လာပြန်၏။

"ခင်ဗျား ဒီနေ့ရောက်အောင် သွားနိုင်တာတောင် တော်တော်လေး နောက်ကျနေပြီ"

အမျိုးသမီးက ဆတ်ခနဲဖြစ်သွားပြီး မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ စောစောက သိမ်မွေ့နူးညံ့သော မျက်လုံးအစုံသည် ဒေါသရောင်တောက်သွားပြီး နှုတ်ခမ်းပါးကလေးသည် လက်နက်တစ်ခုလို ဖြစ်သွားသည်။ သူမသည် ချာခနဲလှည့်ရင်း ...

"ရှင် ဘာစကားပြောတာလဲ'

လူတစ်ယောက် ခပ်ဖြည်းဖြည်း လျှောက်ထွက်လာသည်။ ထိုလူသည် အခြားသူမဟုတ် ထန်ချင်ပင်ဖြစ်ကော့သည်။ သူသည် အသက်ကြီးသလောက် ဝါရင့်နေသော သိုင်းသမားတစ်ယောက်ဖြစ်သည်။ သူသည် အမျိုးသမီး၏ဘုကျကျစကားကို ကြားလိုက်ရသော်လည်း မည်သို့မျှမခံစားရသကဲ့သို့ အမူအယာမပျက်ရှိနေသည်။

သူသည် တဖွဲဖွဲကျနေသော နှင်းပွင့်နှင်းခဲများကို ငေးကြည့်နေပြီး အေးအေးဆေးဆေး ပြောလာသည်။



"ကျွန်တော်က ခင်ဗျားကို စေတနာစကားပြောနေတာပါ၊ မနက်ဖြန်မပြောနဲ့ ဒီနေ့အရောက်သွားနိုင်တာတောင် တော်တော်နောက်ကျနေပါပြီ ... ဟုတ်တယ်၊ ခင်ဗျားနောက်ကျနေပြီ"

အမျိုးသမီးသည် ငှက်ပိန်ထန်ချင်ကို လှည့်မကြည့်ဘဲ သက်ပြင်းချလိုက်သည်။ ရင်ထဲတွင် အပူမီးကြီး တောက်လောင်နေသလိုဖြစ်နေ၏။ ပြုံးချိုသော မျက်နှာသည် ရုတ်ခြည်းညှိုးလျှသွားသည်။

သူမရင်ထဲက အပူကိုဖုံးကွယ်လိုက်ပြီး ယဲ့ယဲ့ကလေး ပြုံးပြလိုက်၏။

"ရှင်က ကျွန်မ ဘယ်ကိုသွားမှာကို သိနေတယ်လား ... ဟင်း ... ဟင်း ... ကျွန်မ ဝိကင်းကို ဘာဖြစ်လို့ သွားမှာလဲဆိုတာကိုကော သိနေသလား၊ သိပ်နောက်ကျနေပြီဆိုတာ ဘာကိုရည်ရွယ်ပြီး ပြောနေတာလဲ ... တဆိတ်လောက်ရှင်းစမ်းပါ"

"ဟဲ ... ဟဲ ... သိုင်းလောကသားတစ်ယောက်ဟာ သိုင်းလောကမှာ ဖြစ်ပွားနေတဲ့ သိုင်းလောကတစ်ခုလုံးက စိတ်ဝင်စားနေတဲ့ အဖြစ်အပျက်တွေကို သိနေတာဟာ ဆန်းကျယ်တဲ့ကိစ္စ မဟုတ်ပါဘူး"

ထန်ချင်က အမျိုးသမီးကို လှမ်းပြောသည်။

အမျိုးသမီးက မျက်နှာကို တစ်ဖက်သို့လွှဲသွားပြီး မချိတရိပြုံးသည်။

ကွမ်လိန်သည် သူတို့နှစ်ယောက်၏အခြေအနေကိုကြည့်ပြီး ခြံပြင်သို့ လှမ်းထွက်လိုက်သည်။

ထိုစဉ် ထန်ချင်၏စကားသံ လွင့်လာသည်။

"ခင်ဗျား ဒီကိုရောက်လာတာဟာ သိုင်းလောကထဲမှာ ထူးထူးခြားခြား ဖြစ်ပေါ်နေတဲ့ သတင်းကြောင့်မဟုတ်လား၊ ကျုပ်ကြားသိထားသမျှ ပြောပြရမယ်ဆိုရင် ခင်ဗျားရဲ့အရင်းနှီးဆုံးမိတ်ဆွေကြီးက ဝီကင်းမှာရောက်နေသတဲ့၊ ကိစ္စကတော့ ဆေးကုဖို့ပဲ၊ ဒီလောက်အရေးကြီးသတင်းကို သိုင်းလောကထဲမှာ မသိသူမရှိသလောက်ပဲ၊ ဒါကြောင့် သူ့ကိုတွေ့ဖို့ ခရီးထွက်လာကြတဲ့လူတွေဟာ ခင်ဗျားတစ်ယောက်တည်း မဟုတ်ဘူးဆိုတာပဲ ... ဟဲ ... ဟဲ"

ထန်ချင်က စကားအဆုံးတွင် ခြောက်ကပ်ကပ်ကြီးရယ်သည်။ ထို့နောက် ပြတ်သွားသောစကားကို ပြန်ဆက်ပြန်သည်။

"ခင်ဗျားရဲ့မိတ်ဆွေကြီးကို သွားတွေ့ကြတဲ့လူတွေရဲ့ ရည်ရွယ်ချက်ဟာ ခင်ဗျားရဲ့ရည်ရွယ်ချက်နဲ့တော့ လုံးဝမတူဘူး၊ ဒါကို ခင်ဗျား ကောင်းကောင်းသိပါတယ်၊ ဒီလောကကြီးတစ်ခုလုံးမှာ ခင်ဗျားရဲ့မိတ်ဆွေကြီးဟာ အထက်မြက်ဆုံးနဲ့ အတော်ဆုံးလူတစ်ယောက်ပါ၊ ဒါကို သိုင်းသမားတိုင်း သိပါတယ်၊ ဒါပေမဲ့ လောလောဆယ်အခြေအနေမှာ ခင်ဗျားမိတ်ဆွေကြီးဟာ အကြီးအကျယ် ဒဏ်ရာရနေသတဲ့၊ ဒီတော့ သူဘယ်လောက်ပဲ ထက်မြက်ထက်မြက် ခုချိန်မှာ သူ့ကို ရန်ပြုမယ့်လူတွေကို ခုခံနိုင်စွမ်းမရှိပါဘူး၊ ဒီသတင်းကြီး သိုင်းလောကထဲပျံ့နေတာ နှစ်လကျော်နေပြီ၊ ခင်ဗျားက ခုမှ သူ့ဆီသွားဖို့ ပြင်နေတုန်းဆိုတော့ တကယ့်တကယ်မှာ နောက်ကျပြီလို့ မဆိုနိုင်ဘူးလား၊ ဒါပေမဲ့ ..."



ထန်ချင်က စကားကို လေးလေးနှင့်အေးအေးပြော၏။

ထန်ချင်၏စကားများက ဝိုက်ကွန်အကျီနှင့်အမျိုးသမီး၏ အသည်းနှလုံးများကို တစ်စစီဆွဲဖြုတ်နေသည်။ အရင့်အမာသိုင်းသမားဖြစ် ဟန်တူသော အမျိုးသမီးသည် ထန်ချင်၏စကားကြောင့် မျက်ရည်ဝဲလာလေသည်။ သို့ရာတွင် ထန်ချင်၏ ဒါပေမဲ့ဆိုသော စကားကား ကြီးမားသော မျှော်လင့်ချက်ကို ပေးလာသဖြင့် သူမက အရေးတကြီး မေးလိုက်ရသည်။

"ဆိုစမ်းပါဦး ... ဒါပေမဲ့ ဘာဖြစ်သလဲဟင်"

ထန်ချင်က ...

"ဒီလိုဗျ ... ဒီနှစ်လအတွင်းမှာ သိုင်းလောကထဲကလူတွေဟာ ခင်ဗျားရဲ့မိတ်ဆွေကို အပြင်းအထန်ရှာကြတာ ဘယ်သူကမှ မတွေ့သေးဘူးဗျ၊ ခင်ဗျားမိတ်ဆွေကြီးကို ဝီကင်းက လူငယ်တစ်ယောက် စောင့်ရှောက်နေတယ်၊ ဝိုပြီးအံ့ဩဖို့ကောင်းတဲ့အချက်က ခင်ဗျားမိတ်ဆွေကို ရန်သူတွေ မတွေ့အောင် စောင့်ရှောက်နေတဲ့ လူငယ်ဟာ သိုင်းပညာ လုံးဝမတတ်ဘူးဆိုပဲ"

ကွမ်လိန်သည် သူ့စကားမဆုံးမီမှာပင် အဆောင်ဝင်းအပြင် လမ်းကလေးပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် ငှက်မိန် ထန်ချင်၏စကားသံများအနက် နောက်ဆုံးစကားသံများသည် မပီမပိုး တဝါးဖြစ်သွားတော့သည်။

## အခန်း (၁၈)
### အတိတ်မေ့သူ၏ တစ်ပိုင်းတစ်စအတိတ်

ကွမ်လိန်သည် ရှေ့ကိုတိုးသွားနေရင်း အတွေးများ ရှုပ်ထွေးနေပြန်သည်။ ယနေ့ည တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များသည် အလွန်လျှို့ဝှက်သောအဖြစ်များဖြစ်နေ၏။

သို့သော် သိုင်းအကျော်အမော်များ၏ ထူးခြားသော လျှို့ဝှက်မှုသည် မိမိနှင့်ပါတစ်စုံတစ်ရာ ပတ်သက်နေလိမ့်မည်ဟု အတွေးပေါက်နေသည်။ လောဆန်နှင့် လောဆွေတို့၏လျှို့ဝှက်မှုကား ဝုပုယွင်နှင့်သာ ပတ်သက်နေလိမ့်မည်ဟု တွက်ဆလိုက်မိသည်။

သို့သော် ထိုကိစ္စသည်ပင် သူနှင့်လာပြီး ဆက်စပ်လျက်ရှိနေခဲ့ပြန်၏။ သို့တစေ ဝုပုယွင် ရုတ်တရက် ထွက်ခွာသွားခြင်းကား အံ့သြစရာကောင်းသော အချက်တစ်ချက် ဖြစ်နေ၏။

ကွမ်လိန်က တွေးရင်းတွေးရင်း ခြေလှမ်းကို သွက်သွက်လှမ်းနေ၏။ အဆောင်အတော်များများကို ဖြတ်သန်းမိသောအခါ ခြံဝင်းနံရံကြီးအနီးသို့ရောက်လာ၏။ ဝင်ပေါက်နှင့်မလှမ်းမကမ်းတွင်ရှိနေသော မြင်းစောင်းထဲတွင် ဝုပုယွင်နှင့်မိမိထားခဲ့သော မြင်းရထားနှစ်စီးကို ရပ်ထားသည့်အတိုင်း တွေ့ရ၏။ မြင်းနှစ်ကောင်သည် တစ်နေ့လုံး ပြေးလွှားလာခဲ့ရပြီး တစ်ညလုံးလိုလို နှင်းတောထဲတွင်



အအေးဒဏ်ခံနေကြရ၏။ သို့သော် အလွန်ကြံ့ခိုင်သော မြင်းနှစ်ကောင်သည် သဘာဝဒဏ်ကို တောင့်ခံနိုင်နေကြ၏။

တည်းခိုဂေဟာထဲမှ မြင်းများနှင့်ယှဉ်ကြည့်လျှင် အလွန်အားကောင်းမောင်းသန်သည့် မြင်းများဖြစ်နေ၏။ ကွမ်လိန်က ချမ်းသာကြွယ်ဝသူဖြစ်၍ အကောင်းဆုံးမြင်းကို ရွေးချယ်ဝယ်ယူနိုင်သကဲ့သို့ ဝုပုယွင်ကလည်း သိုင်းလောက အတွေ့အကြုံနှင့် မြင်းကောင်းကို ရွေးချယ်ဝယ်ယူနိုင်သူဖြစ်၏။

ကွမ်လိန် မြင်းရထားအနီးသို့ ရောက်သွားချိန်တွင် မမျှော်လင့်ဘဲ ညည်းညူသံကို ကြားလိုက်ရလေ၏။ ကွမ်လိန်၏ရင်ထဲ ယိတ်ခနဲ ဖြစ်သွားပြီး ညည်းညူသံရှိရာ တိုးသွားမိတော့၏။

"ဟိုက်"

ကွမ်လိန်နှုတ်မှ အာမေဋိတ်သံထွက်သွား၏။ ရထားနှစ်စီးစလုံး၏ ရထားအိမ်တံခါးများသည် နဂိုအတိုင်း ပိတ်ထားမြဲဖြစ်သော်လည်း ရထားအိမ်တံခါးအနီးတွင်မူ သားရေအကျီဝတ်လူကြီးတစ်ယောက် လဲကျနေ၏။

သူနှင့်မလှမ်းမကမ်းတွင်လည်း ကွမ်လိန်တို့ကို ကြိုဆိုခဲ့သော ဆိုင်ရှင်နှင့်တူတဲ့လူကိုပါ ပက်လက်ကြီး တွေ့ရတော့၏။

ညသည် မှောင်နေဆဲဖြစ်သည်။ ကွမ်လိန်သည် မျက်စိအာရုံကို အတွင်းအားသုံးပြီး စူးစူးစိုက်စိုက်ကြည့်လိုက်မိသည်။

နှစ်ယောက်စလုံး၏ရင်ဘတ်ပေါ်တွင် ညစ်ထေးထေးသွေးကွက်များကို တွေ့မြင်ရသည်။ သူတို့နှစ်ယောက်ကြားမှ နှင်းမြေ

ကွက်ပေါ်တွင်မူ ဓားရိုးနှင့် ရေးခြစ်ထားဟန်တူသော စာလုံးများကို တွေ့ရသည်။ ထိုစာမှာ မှုန်မွှားမွှားဖြစ်နေသော်လည်း ကွမ်လိန်သည် အဓိပ္ပာယ်ပေါက်အောင် ဖတ်ကြည့်နိုင်သည်။ နှင်းမြေပေါ်မှစာကား...

"ဒီလောက်တောင် ညံ့ရသလား၊ သေပစ်ပို့တောင် ကောင်းတယ်"

ဟူသတည်း။

ကွမ်လိန်သည် ဖြုန်းခနဲ မည်သူ့ကိုရည်ရွယ်မှန်းမသိသဖြင့် ခေါင်းကိုပင် တဖျဉ်းဖျဉ်း ကုတ်လိုက်မိသည်။ ခေါင်းပေါ်မှ နှင်းပွင့်များသည် ဖွားခနဲ လွင့်စဉ်ကျသွားကြသည်။ ကွမ်လိန် စဉ်းစားသည်။

ဖြစ်နိုင်ချေကား အသက်မဲ့နေသော လူနှစ်ယောက်သည် မိမိနှင့်ဝုပုယွင်တို့အခန်းထဲတွင်ရှိနေစဉ် ဤရထား အနီးသို့ရောက်လာကြပြီး လှည်းအိမ်တံခါးကို ဖွင့်ကြည့်ကြပေလိမ့်မည်။

ရည်ရွယ်ချက်သည် မြင်းရထားထဲတွင်ပါလာသည့် ပစ္စည်းများကို ယူကြရန်ဖြစ်သည်။ သို့သော် ရထားထဲ၌ အဖိုးတန်ပစ္စည်းဟူ၍ ဘာမျှမပါရှိဘဲ လူနာနှစ်ယောက်ကိုသာ တွေ့ကြမည်။ ထိုအခါ သူတို့ စိတ်ပြောင်းသွားကြပြီး ရထားထဲမှလူနှစ်ယောက်ကို တစ်ယောက်ပြီးတစ်ယောက် လုပ်ကြံရန် ကြံစည်ကြလိမ့်မည်။

ထိုအချိန်တွင် မမျှော်လင့်ဘဲ သူတို့နောက်သို့ တစ်စုံတစ်ယောက် ရောက်လာလိမ့်မည်၊ သူတို့ လှည့်ကြည့်လိုက်သောအခါ ထိုလူက သူတို့ကို နှုတ်ပိတ်လိမ့်မည်။ သူတို့ရင်ဘတ်ပေါ်မှ ဒဏ်ရာများသည် ထိုလူ၏လက်ချက်သာ ဖြစ်လိမ့်မည်။ ကွမ်လိန်သည် အခြေအနေကို ဆက်စပ်တွေးတောရင်း အမြင်ရှင်းလာသည်။ တွေး



သည့်အတိုင်းသာ ဖြစ်လိမ့်မည်ဟုလည်း ယုံကြည်မိလာသည်။

ဤအတိုင်းဆိုလျှင် လျို့ဝှက်ကယ်တင်ရှင်သည် ကုန်စွန်းဘယ်ခြေနှင့်အကျိုးဖြူသိုင်းသမားတို့ကို လူသိမခံဘဲ ကယ်တင်လိုက်ခြင်းသာဖြစ်သည်။ ဤသည်ကား ထူးခြားသောအချက်ပင်ဖြစ်သည်။

ထိုသူသည် ကုန်စွန်းဘယ်ခြေနှင့် အကျိုးဖြူသိုင်းသမားတို့၏ အသက်ကိုပင် ကယ်တင်ရုံမက ထိုလူများနှင့်ပတ်သက်နေသည့် မိမိကိုပါ သတိပေးစာများ ရေးထားခဲ့သေးသည်။ ထိုလူ၏ စေတနာသည် အလွန်ထူးခြားသော စေတနာပင်ဖြစ်သည်။

ထိုလူသည် မိမိဘဝပတ်ဝန်းကျင်၌ မည်သူဖြစ်နိုင်လေသနည်း။ ကွမ်လိန် ခေါင်းထဲ ပူလာပြန်သည်။

"အင်း ... အဖြစ်အပျက်တွေက တော်တော် စိတ်ဝင်စားစရာကောင်းနေတာပဲ၊ လွန်ခဲ့တဲ့ သုံးရက်ကလည်း ငါ့ကိုလာပြီး လုပ်ကြံဟန်ရှိတဲ့ ဓားတွေကို စာကြည့်ခန်းနားမှာ တွေ့ခဲ့ရတယ်၊ စားပွဲပေါ်မှာ သွေးစွန်းနေတဲ့ နားရွက်တစ်ဖက်ကို တွေ့ခဲ့ရတယ်၊ ဆရာရှင်းပြတဲ့ လူတစ်ယောက်ဟာ ငါ့ကို တိတ်တဆိတ်စောင့်ရှောက်နေတာပဲ၊ ခုကိစ္စမှာလည်း ကယ်တင်ရှင်ဟာ အဲဒီလူပဲဖြစ်မယ်၊ ဒါပေမဲ့ အဲဒီလူဟာ ငါ့ကို ဘာဖြစ်လို့ အတွေ့မခံဘဲနေနေတာလဲ၊ အခြေအနေက ဒီလူဟာ ငါ့နောက်ကို တကောက်ကောက်လိုက်နေတာပဲ၊ အဲဒီလူဟာ ဘယ်သူ ဘယ်သူဖြစ်နိုင်သလဲ၊ ဇကန္တ ... ဇကန္တ အနီးစပ်ဆုံးဟာ လုရင်ပဲရှိတယ်၊ လုရင် ... လုရင် ... လုရင် ... ငါ့အသည်းထဲမှာ စွဲနေတဲ့ လုရင်"

စကားလုံးများသည် ရင်ထဲ၌ ပဲ့တင်ဟည်းသွားသည်။ရုတ်တရက် မြင်းဟီသံပေါ်လာပြီး ခွာရုပ်သံကြားရ၏။ ကွမ်လိန်သည် အတွေးအိပ်မက်မှ လန့်နိုးလာပြီး လှည်းတံခါးကို ဖွင့်ကြည့်လိုက်သည်။

အကျိုဖြူသိုင်းသမားကို နဂိုအတိုင်း ငြိမ်ငြိမ်သက်သက် တွေ့ရသည်။ ထိုမှ ဝုပုယွင်၏မြင်းရထားရှိရာ တိုးသွားပြီး ရထားအိမ်တံခါးကို ဖွင့်ကြည့်လိုက်မိပြန်သည်။ ကုန်းစွန်းဘယ်ခြေသည်လည်း သူ့နေရာ၌ လဲလျောင်းအိပ်ပျော်လျက်ရှိဆဲဖြစ်သည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် အေးစိမ့်ပြီး ငြိမ်သက်နေဆဲပင်တည်း။ အတန်ကြာမှ ဝုပုယွင်၏ မြင်းရထားကို မြင်းဇောင်းထဲမှ ဆွဲထုတ်လာခဲ့သည်။ မြင်းရထားကို ခြံပေါက်ဝနားဟွင် ရပ်ထားပြီးသည်နှင့် မြင်းဇောင်းထဲသို့ ပြန်၍ လျှောက်ခဲ့ပြန်သည်။

သူ၏မြင်းရထားကိုလှည့်ပြီး ဆွဲယူရန် ပြင်လိုက်စဉ်မှာပင် မမျှော်လင့်သော အဖြစ်အပျက်များ ဖြစ်ပွားလာတော့၏။

အဖြစ်ကား ... အရိပ်သဏ္ဍာန်တစ်ခုသည် လှစ်ခနဲပြေးလာပြီး ခြံဝင်းဝတွင်ရပ်ထားသော မြင်းရထားပေါ်သို့ လွှားခနဲခုန်တက်ခြင်းပင်။ ထိုအရိပ်သဏ္ဍာန်သည် မြင်းရထားပေါ်ရောက်သည်နှင့် ရှေ့ခုံပေါ်သို့ တက်ထိုင်လိုက်ပြီး မြင်းကြိုးကို ဆွဲကိုင်လိုက်တော့သည်။

ကွမ်လိန် မှင်တက်ငေးကြောင်နေစဉ်မှာပင် နောက်ထပ် အရိပ်သဏ္ဍာန်တစ်ခုကို တွေ့လိုက်ရပြန်သည်။ ထိုအရိပ်သဏ္ဍာန်ပြေးလာပုံသည် စောစောက အရိပ်သဏ္ဍာန်ထက် ပိုပြီးလျင်မြန်ပေါ့ပါးနေသည်။ ထိုအရိပ်သဏ္ဍာန်သည် ရထားနှင့် မလှမ်းမကမ်းသို့ ရောက်



လာသည်နှင့် ငှက်တစ်ကောင်လို ပျံဝဲပြီး ရထားပေါ်ခုန်တက်သည်။

ထို့နောက် မြင်းရထားရှေ့ထိုင်ခုံတွင်နေသူက မြင်းတင်ပါးကို ကျာပွတ်နှင့် ရွှမ်းခနဲ ရိုက်ထည့်လိုက်တော့သည်။

မည်သူများပေနည်း။ ကွမ်လိန်မျက်လုံးပြူးနေစဉ် မြင်းရထားပေါ်မှ လှမ်းပြောသံပေါ်လာသည်။

"မောင်လေး ... ကျေးဇူးပြုပြီး မြင်းရထားကို ငှားလိုက်စမ်းပါ ... ကျေးဇူးတင်ပါတယ်ကွယ်"

အသံမဆုံးခင်မှာပင် မြင်းရထားသည် လိမ့်ထွက်သွားတော့သည်။ မြင်းရထားသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အကွာမှာပင် တည်းခိုဂေဟာ၏ တံခါးမကြီးကိုကျော်လွန်သွားပြီး လမ်းမကြီးပေါ်ရောက်သွားတော့သည်။ လျှပ်ပြက်သလိုဖြစ်သွားသော အဖြစ်အပျက်သည် တစ်မိနစ်မျှသာ ကြာလိမ့်မည်ထင်သည်။ ကွမ်လိန်သည် ရင်ထဲ ဒိန်းခနဲဖြစ်သွားပြီး ရထားသွားရာ တရကြမ်းပြေးလိုက်တော့သည်။

'ရပ် ... ရပ်လိုက်ပါ'

ကွမ်လိန်သည် သံကုန်အော်ရင်း တံခါးမကြီးအနီးသို့ ရောက်သွား၏။ မြင်းခွာသံနှင့် ရထားဘီးလိမ့်သံ သဲ့သဲ့ကလေးသာ ကြားရတော့သည်။ မြင်းရထားသည် မြင်းကွင်းမှ ကွယ်ပျောက်သွားပေပြီ။

ကွမ်လိန်သည် စိုးရိမ်ပူပန်မှုများ ငယ်ထိပ်တိုင်အောင် တက်လာပြီး ဘာဆက်လုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။

မြင်းရထားကိုယူသွားသူသည် ပိုက်ကွန်အကျီနှင့် အမျိုး

သမီးပင်ဖြစ်သည်။ သူမနှင့်အတူ အင်္ကျီစိမ်းနှင့်အစေခံမိန်းမလည်း ပါသွားသည်။ ကွမ်လိန်သည် မည်သို့မျှမတတ်နိုင်တော့သဖြင့် ခြေကုန်လက်ပန်းကျသွားသည်။

နောက်ဆုံး၌ မြင်းစောင်းထဲတွင်ရှိနေသော မြင်းရထားရှိရာသို့ ကမန်းကတန်း ပြန်လာခဲ့ရတော့သည်။ မြင်းရထားအနီးသို့ ရောက်သည်နှင့် ရထားအိမ်တံခါးကို ဖွင့်ကြည့်လိုက်မိပြန်သည်။

အင်္ကျီဖြူသိုင်းသမားသည် နေမြဲအတိုင်းသာ ရှိနေသည်။ သို့နှင့် တံခါးမကြီးရှိရာ တစ်ပတ်ကျော့ပြီး ပြန်လာခဲ့မိပြန်သည်။ အပြင်သို့ လှမ်းကြည့်လိုက်သောအခါ လောကသည် တိတ်ဆိတ်ငြိမ်သက်မြဲ တိတ်ဆိတ်နေသည်။ နှင်းပွင့်ကလေးများကလည်း စောစောကအတိုင်း တဖွဲဖွဲကျနေဆဲဖြစ်သည်။ လမ်းမကြီးသည် ဖြူဖြူကြီးဖြစ်နေပြီး လူသွားလူလာ ခရီးသွားခရီးလာ မည်သူမျှမရှိဘဲ ရှင်းရှင်းကြီးဖြစ်နေသည်။ ကွမ်လိန်သည် အဝေးကိုလှမ်းငေးရင်း မျက်ရည်များပင် ဝဲလာတော့သည်။ မြင်းရထားထဲတွင် ဒဏ်ရာပြင်းထန်စွာရထားသော ကုန်စွန်းဘယ်ခြေပါသွားသည် မဟုတ်လော။ ဝုပုယွင်က ကုန်စွန်းဘယ်ခြေကို ဆေးကုပေးရန် ခေါ်ခဲ့ခြင်းဖြစ်သည်။ ယခုမူ ကုန်စွန်းဘယ်ခြေသည် ရန်သူမှန်းမိတ်ဆွေမှန်းမသိရသည့် ပိုက်ကွန်အင်္ကျီနှင့် အမျိုးသမီးလက်ထဲသို့ ပါသွားခဲ့ပေပြီ။ ထိုအမျိုးသမီးသည် မိတ်ဆွေမဟုတ်ဘဲ ရန်သူသာဖြစ်ခဲ့ပါမူ ... ကွမ်လိန် မတွေးရဲတော့ချေ။

ရင်ထဲတွင် မီးလောင်နေသကဲ့သို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မဆုံးအောင် ဖြစ်နေမိတော့သည်။



ဝုပုယွင်နှင့် ပြန်တွေ့ကြလျှင် ဤကိစ္စကို မည်သို့ ရှင်းပြရတော့မည်နည်း။ မိမိက အဖြစ်မှန်ကိုပြောပြသော်လည်း ဝုပုယွင်သည် ယုံကြည်ပါတော့မည်လော။

ဤကိစ္စနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာမည့်ပြဿနာများသည် မည်မျှရှုပ်ထွေးပြီး ကြောက်စရာကောင်းနေဦးမည်နည်း။ ကွမ်လိန်သည် ရူးချင်စိတ်ပေါက်လာတော့သည်။ နောက်ဆုံး စိတ်မောလူမောဖြစ်လွန်းလှသဖြင့် တံခါးမကြီးကိုမှီပြီး ငိုင်နေမိတော့သည်။

ကွမ်လိန်သည် မည်သည့်ခံစားမှုကိုမျှ ခံစားနိုင်ခြင်းမရှိတော့ချေ။ ခေါင်းတွင် ဟာလာဟင်းလင်းကြီးဖြစ်နေပြီး ငြိမ်နေမိတော့သည်။ မည်မျှကြာအောင် ငြိမ်နေမိသည်မသိ။ အလွန်အေးစိမ့်သောလေလှိုင်းရိုက်ခတ်မှုကို ခံစားလိုက်ရပြီး လှောင်ရယ်ရယ်သည့်အသံကို ကြားရသဖြင့် ဆတ်ခနဲဖြစ်သွားသည်။

လှည့်ကြည့်လိုက်သောအခါ ငှက်ဝိန်ထန်ချင်ကိုတွေ့ရတော့သည်။ ငှက်ဝိန်ထန်ချင်အမည်ရှိ အဘိုးကြီးသည် တဖြည်းဖြည်း သူ့အနီးသို့ရောက်လာသည်။ ကွမ်လိန်သ[illegible] ဘာကိုမှနားမလည်နိုင်ဘဲ ခပ်ကြောင်ကြောင်ငေးကြည့်နေမိသည်။

ငှက်ဝိန်ထန်ချင်က သူ့ကိုစိုက်ကြည့်ပြီး အကဲခတ်နေပြန်၏။ သူသည် ဓားသိုင်းပညာတွင် နာမည်ကျော်သူ ဖြစ်ပြီး တစ်ကိုယ်တော်အင်္ကျီမည်းဝုရီတုရှင်၏ သိုင်းညီတော်ဖြစ်သည်။ ဝုရီတုရှင်ကား စစ်မိန်ဂေဟာတွင် သေဆုံးကြသူများအနက် တစ်ယောက်အပါအဝင်ဖြစ်သည်။ သူသည် အစ်ကိုတော်အတွက် သွေးကြွေးပေးဆပ်ရန် တရားခံ

ကို လိုက်ရှာနေခြင်းဖြစ်သည်။ တစ်ခုထူးခြားသည့်အချက်မှာ အန်ဖိန် တည်းခိုခန်းသို့ ရောက်ရှိလာသည့် သိုင်းသမားများအနက် သူ တစ်ဦး တည်းသာ ဝီကင်းမှ ပြန်လာသူဖြစ်ခြင်းတည်း။ ကျန်လူများကား ဝီကင်းကို ယခုမှ သွားကြမည့်သူများဖြစ်သည်။

သူ ဝီကင်းသို့ရောက်စဉ် ကြားသိခဲ့ရသည့်သကင်းကား သူဌေးသားတစ်ယောက်သည် လူသတ်တရားခံကို ကာကွယ်စောင့် ရှောက်ပြီး ဝီကင်းမှ ထွက်ခွာသွားပြီဖြစ်ကြောင်း။

သို့သော် ထိုလူသည် မည်သည့်အရပ်သို့ ထွက်ခွာသွားမှန်း မသိကြောင်း စသည်တို့ဖြစ်သည်။ တရားခံသည် ပြင်းထန်စွာ ဒဏ်ရာ ရထားသဖြင့် သူ၏ရန်သူကို မည်သို့မျှ ခုခံနိုင်စွမ်းမရှိတော့ဟု ကြားသိ ထားခဲ့၏။ သို့သော် သူ့ရှေ့တွင် ရှိနေသည့် ကွမ်လိန်သည် သူ အလွန် တွေ့ချင်နေသည့် လူငယ်လေးဖြစ်နေမှန်း မသိခဲ့ချေ။

စောစောကလည်း ကြောက်စရာကောင်းသည်ဟု နာမည် ကြီးနေသော ပိုက်ကွန်အကျီနှင့်အမျိုးသမီးကိုပင် စိတ်ဆင်းရဲမှုဖြစ် အောင်လုပ်ခဲ့ပြီး သူရှိနေရာမှ ချက်ချင်းထွက်ခွာသွားစေခဲ့သည်။

ရည်ရွယ်ချက်ကား အရိုးကွဲမတတ် အေးစိမ့်နေခဲ့သော နှင်း တောထဲတွင် ဒုက္ခရောက်စေလိုသောဆန္ဒကြောင့်ပင်ဖြစ်သည်။

သူသည် သူလုပ်ကိုင်ခဲ့သောကိစ္စနှစ်ခုအောင်မြင်သွားသဖြင့် ကိုယ့်ကိုယ်ကိုယ် ကျေနပ်အားရနေပြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေ သည်။ သူ့စိတ်အစဉ်သည် ကြည်ကြည်လင်လင်ဖြစ်နေသဖြင့် စကား များများ ပြောလိုသောစိတ်၊ ဝါကြွားလိုသောစိတ်၊ လူအထင်ကြီး



ခံလိုသော စိတ်များ ဖြစ်ပေါ်နေသည်။ ထိုစဉ် ကွမ်လိန်ကို တွေ့လိုက် ရသဖြင့် စကားမရှိ စကားရှာပြီး ပြောလေ၏။

"ကောင်ကလေး ... မင်း သိပ်စိတ်ညစ်နေသလား၊ မင်း ကြည့်ရတာက တော်တော်စိတ်ဆင်းရဲနေပုံရတယ်၊ လူဆိုတာ ပျော် ပျော်နေရတယ်ကွ၊ ပျော်ပျော်နေခြင်းက အသက်ရှည်ခြင်းအတွက် ဆေးတစ်ပါးပဲ၊ ပစ္စည်းသခင်ရဲ့ လူသခင်ရဆိုတဲ့စကားကို မင်းလည်း ကြားဖူးမှာပေါ့၊ လူဆိုတာ မွေးကတည်းက ဗလာလက်ချည်း ရောက် လာခဲ့တာမျိုးကွ၊ သေသွားလည်း ဘာမှယူသွားနိုင်တာမဟုတ်ဘူး၊ ဒီတော့ မဟုတ်တဲ့ကိစ္စနဲ့ စိတ်ဆင်းရဲမနေစမ်းပါနဲ့၊ မြင်းရထားလေး တစ်စီးဆုံးရှုံးခဲ့တာကို အသက်ဆုံးရှုံးသလို သဘောထားမနေစမ်းပါနဲ့၊ လူငယ်ဆိုတာ တက်တက်ကြွကြွ ရွှင်ရွှင်လန်းလန်းရှိမှကောင်းတာကွ၊ စိတ်ညစ်ညူးခြင်းဟာ ဆုံးရှုံးခြင်းရဲ့ လှေကားထစ်ကွ၊ ညစ်နွမ်းနေတဲ့ ခေါင်းထဲကို အကြံကောင်း ဉာဏ်ကောင်းတွေ ဘယ်တော့မှ ဝင်မလာ ဘူး ... ဟား ... ဟား"

"ကျွန်တော်ဟာ [illegible] [illegible]က်အသုံးမကျတဲ့ကောင်ပဲ၊ လော ကမှာ ကျွန်တော့်လောက် အသုံးမကျတဲ့လူ ရှိမယ်တောင်မထင်ဘူး"

"ဟား ... ဟား ... ငါ့လူက တော်တော်ပျော့တဲ့ကောင်ပဲ၊ ကိုယ့်ကိုယ်ကိုယ် ဒီလောက်တောင် နှိမ့်ချမနေပါနဲ့ကွာ၊ ဘာမှ မဟုတ်တဲ့ကိစ္စနဲ့ ဒီလောက်တောင် စိတ်ညစ်မနေစမ်းပါနဲ့၊ ကဲ ... ကဲ ... မင်းကို ငါ အကူအညီပေးပါ့မယ်"

ငှက်ပိန်ထန်ချင်က ပြောပြောဆိုဆို အကျီအိတ်ထဲမှ ပစ္စည်း

တစ်ခုကို ထုတ်ယူလိုက်ပြီး လှမ်းပေးသည်။

"ရော့"

ကွမ်လိန် ကြောင်ငေးငေးဖြစ်နေသည်။ ငှက်ပိန်ထန်ချင် ကမ်းပေးနေသော ပစ္စည်းသည် ရွှေတုံးတစ်တုံးဖြစ်နေသည်။ ထိုရွှေတုံးသည် ထဲကျင်လန်ထံမှရရှိခဲ့သောပစ္စည်းဖြစ်၏။

ငှက်ပိန်ထန်ချင်သည် ကြောင်ငေးငေးဖြစ်နေသော ကွမ်လိန်ကိုကြည့်ပြီး တဟားဟား ရယ်ပြန်သည်။

"ကောင်လေး ... ယူလေကွာ၊ ငါက မင်းကို စေတနာနဲ့ ပေးတာပါကွ၊ ဒီလောက်ရွှေတုံးနဲ့ဆို သူများယူသွားတဲ့မြင်းရထား အစား အသစ်တစ်စီး ကောင်းကောင်းရနိုင်ပါတယ်၊ ယူပါ ယူလိုက်ပါ"

ကွမ်လိန်သည် ခေါင်းကိုခါယမ်းလိုက်ပြီး ငှက်ပိန်ထန်ချင်ကို နားမလည်သလို ဖြစ်နေသည်။

"ဘဘနဲ့ကျွန်တော်ဟာ ဘာမှပတ်သက်ကြသူတွေ မဟုတ်ပါဘူး၊ ဒီလိုတန်ဖိုးရှိတဲ့ပစ္စည်းကို ကျွန်တော် မယူချင်ပါဘူး"

ငှက်ပိန်ထန်ချင်သည် ခေါင်းကို တဖြည်းဖြည်းကုတ်လိုက်ပြီး

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ မင်းနဲ့ငါဟာ ဘာမှမပတ်သက်ပါဘူး၊ မင်းနဲ့ငါဟာ စောစောကမှ မြင်ဖူးတွေ့ဖူးကြတဲ့လူတွေပါ၊ ဒါပေမဲ့ ဒီရွှေတုံးကို မင်းယူထားလိုက်ပါ၊ မင်းဆုံးရှုံးသွားတဲ့ မြင်းရထားမျိုးကို အလွယ်တကူ ဆပ်ဝယ်နိုင်တာပေါ့ မဟုတ်ဘူးလား၊ မင်းစိတ်ညစ်နေတာမြင်လို့ ငါက စေတနာနဲ့ ကူညီတဲ့သဘောပါ"

ကွမ်လိန်က ဘာမှမပြောဘဲ သည်အတိုင်းငြိမ်နေသည်။



ငှက်ပိန်ထန်ချင်က ဘာကိုသဘောကျနေသည်မသိ တဟားဟားရယ်လိုက်ပြီး ပြောလာပြန်သည်။

"မင်းဟာ တော်တော်အသုံးမကျတဲ့သူငယ်ပဲ"

"ဗျာ ..."

"အေးလေ ... မင်းက သိုင်းလောကနဲ့မပတ်သက်တော့ ငါပြောတာတွေကို ဘယ်သိပါ့မလဲ၊ စကားဆိုတာ ပြောတတ်ရင် ဓားနဲ့တူလှတယ်ကွ၊ မင်း ကြားဖူးသလား၊ လျှာအောက်မှာ ဆူးချွန်ကလေး တွေပါတယ်ဆိုတဲ့ စကားပုံကိုလေ"

"ဟုတ် ... ဟုတ်ကဲ့ ... ကြားဖူးပါတယ်"

"အေး ... ဒါပဲပေါ့ကွ၊ မင်းရဲ့မြင်းရထားကိုယူသွားတဲ့ ချင်ဆန်လျှံကို တွေ့တယ်မဟုတ်လား၊ ငါကသာ လျှာအောက်က ဆူးကလေးတွေနဲ့ မထိုးလိုက်ရင် ဒီတည်းခိုခန်းထဲက တော်တော်နဲ့ထွက်မှာမဟုတ်ဘူး"

"ဟို ချောချောအမျိုးသမီးရဲ့နာမည်က ချင်ဆန်လျှံတဲ့လား"

"အေး ... ဟုတ်တယ်၊ သူဟာ ငါပြောတဲ့စကားကိုကြားပြီး သူ့မိတ်ဆွေဆီ အရောက်နောက်ကျမှာ သိပ်စိုးရိမ်နေတယ်၊ နောက်ကျရင် သူ့မိတ်ဆွေအသတ်ခံရမှာကိုးကွ ... ဟား ... ဟား ... ဟား"

ထန်ချင်သည် စကားကိုခေတ္တရပ်လျက် အော်ရယ်နေသည်။

အားရပါးရရယ်ပြီးမှ ...

"သူသွားမယ့်သာ သွားတာကွ၊ သူ့မိတ်ဆွေက ဗီကင်းမှာ မရှိတော့ဘူး၊ ငါစုံစမ်းပြီးပြီ၊ ဟား ... ဟား ... ဟား ... သူ မင်းရဲ့

မြင်းရထားယူသွားတာ ငါ့ပယောဂပါတဲ့အတွက် မင်းကို လျော်ကြေးပေးလိုက်တာပေါ့ ... ဟား ... ဟား ... ဟား"

ငှက်ပိန်ထန်ချင်သည် သူ့စကားကို သူ သဘောကျပြီး အားရပါးရရယ်သည်။ ထို့နောက် ... ကွမ်လိန်သည် ငှက်ပိန်ထန်ချင်ကို ငေးကြည့်နေမိသည်။ ထန်ချင်က ဆက်ပြော၏။

"မင်းရထားကို ချင်ဆန်လျှံက ဘယ်တော့မှ ပြန်ပေးမှာမဟုတ်ဘူး၊ အဲဒီမြင်းရထားကို မင်း ဘယ်နည်းနဲ့မှ ပြန်ရတော့မှာမဟုတ်ဘူး"

ကွမ်လိန်က မျက်မှောင်ကြုတ်သွား၏။

"ဒါ တကယ်ပဲလား"

"တကယ်မဟုတ်ဘူး ... နှစ်ကယ် ... နှစ်ကယ်၊ ငါက မင်းကို လိမ်ပြောနေရမှာလား၊ မင်းမြင်းရထားကို ယူသွားတဲ့ မိန်းမအကြောင်းကို မင်း မသိဘူးလား"

"ဟင့်အင်း ... ကျွန်တော် မသိဘူး"

"မသိရင် ငါပြောပြမယ်၊ ... သိုင်းလောကသားတွေက သူ့ကို (ချုံ့ဝမ့်ပုလင်) မျှော်လင့်ချက်မရှိသောမိန်းမလို့ခေါ်ကြတယ်၊ ပြီးတော့ ချင်ဆန်လျှံလို့လည်း ခေါ်ပါတယ်၊ အကြောင်းကတော့ သူ့လက်ထဲ ရောက်သွားတဲ့ပစ္စည်းဟာ ဘယ်သူမှ ပြန်ယူလို့ရလေ့မရှိလို့ပဲ၊ ပြန်ရလိမ့်မယ်လို့လည်း ဘယ်တော့မှမျှော်လင့်လို့ မရဘူး၊ သူနဲ့ရင်ဆိုင်လိုက်ရင်လည်း သူလုပ်သလို ခံခဲ့ရတာချည်းပဲ၊ သူ့ကိုနိုင်ဖို့ သူ့ဆီက ပြန်ရဖို့ဆိုတာ ဘာမှမျှော်လင့်လို့မရဘူး၊ ဒါကြောင့်မို့ သိုင်းလောကသားတွေက သူ့လို ချုံ့ဝမ့်ပုလင်လို့ ခေါ်ခဲ့ကြတာ"



"မျှော်လင့်ချက်မရှိသော မိန်းမ၊ ချုံ့ဝမ့်ပုလင် ချင်ဆန်လျှံ"

ကွမ်လိန်က တီးတိုးရေရွတ်ရင်း စဉ်းစားလိုက်၏။ ဤလောက၌ ကြောက်စရာကောင်းသောလူသည် မြောက်မြားစွာရှိ၏။ မှန်ပါ၏။ သို့သော် မျှော်လင့်ချက်မဲ့အောင် ကြောက်စရာကောင်းသည့် လူသည် ဤလောက၌မရှိသင့်။

ကွမ်လိန် ဤသို့ပင် ထင်မိပါ၏။ ကွမ်လိန် အတွေးနက်နေစဉ် ငှက်ပိန်ထန်ချင်က တဟားဟားရယ်ပြီး ပြောလာပြန်သည်။

"ချင်ဆန်လျှံဟာ နာမည်နဲ့လိုက်အောင် ကြောက်စရာကောင်းတဲ့မိန်းမပဲ၊ သိုင်းလောကမှာ ဓားရေးရော လက်နက်ပုန်းပညာပါ အတော်ကြီးကောင်းတယ်၊ ပြီးတော့ ပရိယာယ်ကြွယ်သလောက်လည်း လယ်တယ်၊ သူ့မှာ သိုင်းလောကတစ်ခုလုံးက ကြောက်နေရတဲ့ အားကိုးရာကလည်း ကျောထောက်နောက်ခံလို ရှိနေသေးတယ်၊ အဲဒီလူဟာ နုးညံ့သိမ်မွေ့ဟန်ရှိသလောက် လက်ဖျားခါရလောက်အောင် ကြောက်စရာကောင်းတဲ့လူပဲ၊ ဒီလူရဲ့ သိုင်းပညာက ယှဉ်နိုင်တဲ့လူ မရှိသလောက်ပဲ၊ နာမည်က ဖျတ်ခနဲတဲ့၊ တချို့ကတော့ အကျိုဖြူလို့ ခေါ်တတ်ကြတယ်"

"ဖျတ်ခနဲ"

ကွမ်လိန် တီးတိုးရေရွတ်မိ၏။ ရင်ထဲတွင်မူ တဒိန်းဒိန်းဖြစ်နေ၏။ ငှက်ပိန်ထန်ချင်က ဆက်ပြောပြန်၏။

"ချင်ဆန်လျှံဟာ ရုပ်ရည်နဲ့မလိုက်အောင် အစွမ်းထက်တဲ့

မိန်းမပဲကွ၊ သိုင်းလောကမှာ ချင်ဆန်လျှံကို ပညာပြနိုင်တဲ့လူ မရှိသေးဘူး၊ ဟား ... ဟား ... ဒါပေမဲ့ ဒီကနေ့တော့ ငါက သူ့ကို ပညာကောင်းကောင်းပြလိုက်နိုင်တယ်ကွ ကောင်လေးရ၊ ဟား ... ဟား ... သူလန့်ဖျပ်သွားပုံကို မင်းကို မြင်စေချင်လိုက်တာကွာ၊ ဟား ... ဟား ... ငှါပါးစပ်က စကားလေး လေး၊ ငါးခွန်းပြောလိုက်တာနဲ့ မျက်စိမျက်နှာပျက်ပြီး ထိတ်ထိတ်ပျာပျာကို ဖြစ်သွားတော့တာပဲ၊ နောက်ဆုံးတော့ အတွေးအခေါ်ကောင်းလှတဲ့ မိန်းမဟာ ဘာကိုမှမစဉ်းစားနိုင်တော့ဘဲ မင်းရဲ့မြင်းလှည်းကိုတောင် ပျာပျာသလဲလုယူသွားရတဲ့အဖြစ်ကို ရောက်သွားတော့တယ်၊ ခုဆို ကြောက်စရာကောင်းအောင် အေးနေတဲ့ နှင်းတောထဲမှာ ခိုက်ခိုက်တုန်ပြီး ဒုက္ခရောက်နေသလား မသိဘူး ... ဟား ... ဟား ... ဟား"

ငှက်ပိန်ထန်ချင်သည် အောင်ပွဲရစစ်သူကြီးကဲ့သို့ သူ့ကိုယ်သူ အားရကျေနပ်နေပြီး တဟားဟား အော်ရယ်နေတော့သည်။

ထို့နောက် လက်ထဲမှရွှေတုံးကို ကွမ်လိန်လက်ထဲသို့ အတင်းထည့်ပေးလိုက်တော့သည်။ သူသည် ပျော်ရွှင်နေသကဲ့သို့ ကွန်လိန်ကိုလည်း ပျော်ရွှင်စေ၏။ သူ၏အပျော်ကိုလည်း ဝေမျှခံစားစေချင်၏။ ထို့ကြောင့်လည်း သူ့တစ်သက်တွင် ဘယ်တုန်းကမျှ မပြုခဲ့ဖူးသော ရက်ရောမှုမျိုးနှင့် ရက်ရောနေခြင်းဖြစ်သည်။

ကွမ်လိန်သည် အသစ် အသစ်ကြားနာရသောအကြောင်းအရာများကြောင့် ခေါင်းရှုပ်နေမိပြန်သည်။

"ဖျတ်ခနဲဆိုတာ အကျိုဖြူသိုင်းသမားလား ... ဖြစ်နိုင်တယ်၊



ဖြစ်နိုင်တယ်၊ ဖျတ်ခနဲဆိုတာ အကျိုဖြူသိုင်းသမားပဲ၊ အခုတောင် အကျိုဖြူလို့ ခေါ်ကြတယ်လို့ အဘိုးကြီးက ပြောနေပြီပဲ"

ကွမ်လိန်က အကျိုဖြူသိုင်းသမား၏နာမည်ကို သိမြင်လာသည်နှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြန်၏။ သို့သော် အကျိုဖြူသိုင်းသမားနှင့် ပတ်သက်၍ သိစရာတွေ အများကြီးကျန်သေးသည်။

ဤနေ့ရက်များအတွင်း၌ လူအတော်များများသည် စီမင့်ရီပိုင်အကြောင်းကို ပြောခဲ့ကြဖူးသည်။ သူတို့ပြောတဲ့အကြောင်းအရာများကလည်း များလှသည်မဟုတ်ပါ။ စီမင့်ရီပိုင်သည် သွေးအေးအေးနှင့် ရက်စက်လွန်းသည်ဟူ၍သာ။

သည်တော့ သူ့အကြောင်း သူ့ဘဝကို သွေးအေးအေးနှင့် စဉ်းစားပြီးလေ့လာမှဖြစ်တော့မည်။ ကြားရသည့်အတိုင်းသာဆိုလျှင် စီမင့်ရီပိုင်အပေါ် ထားရှိမိသည့်သဘောထားကိုပင် ပြောင်းပစ်ရမ ဘက်ဖြစ်နေသည်။ ပီကင်းသို့ ချင်ဆန်လျှံ အလောတကြီး ထွက်သွားခြင်းသည် စီမင့်ရီပိုင်ကို ကယ်တင်ရန်အတွက်သာ ဖြစ်ပေမည်။

ဓားသုံးလက်၊ နားရွက်တစ်ဖက်နှင့်ပတ်သက်၍ လှုပ်ရှားခဲ့သူများသည် စီမင့်ရီပိုင်၏ရန်သူများပေလော။ စီမင့်ရီပိုင်၏ရန်သူများဆိုလျှင် ထိုလူများကို မည်သို့သောလူစားက တိုက်ခိုက်ရှင်းလင်းခဲ့လေသနည်း။ ကွမ်လိန်သည် ငြိမ်နေရင်း လက်ထဲမှရွှေတုံးကို သတိပြုလိုက်မိသည်။ ငှက်ပိန်ထန်ချင်သည် ဤရွှေတုံးကို မိမိလက်ထဲသို့ မည်သည့်အချိန်က ထည့်သွားမှန်းပင် အမှတ်မရတော့ချေ။

အရာအားလုံးကို သတိပြုမိလိုက်ချိန်တွင် ငှက်ပိန်ထန်ချင်

သည် မိမိရှေ့တွင်မရှိတော့။ သူ ဘယ်အချိန်က ဘယ်နေရာကို ထွက်ခွာသွားလေသနည်း။ လေသည် တဟူးဟူးတိုက်လာပြန်ပြီး နှင်းမှုန့်နှင်းခဲများ တဖွဲဖွဲတသဲသဲ ကျလာပြန်သည်။ တစ်ခဏအတွင်းမှာပင် ကွမ်လိန်၏ခေါင်းနှင့် ကိုယ်ပေါ်တို့တွင် နှင်းများဖွေးသွားသည်။

စင်စစ် ဤတည်းခိုဂေဟာသည် ပီကင်းနှင့်သိပ်ဝေးလှသည် မဟုတ်ချေ။ တစ်ခုတည်းသောဂေဟာ တည်ရှိသည့် ဝမ်ဖိန်ခိုရွာနှင့် ပီကင်းကြားတွင် ရွာကြီးတစ်ရွာသာခြားသည်။ ထို့ကြောင့် ပီကင်းသို့ သွားသောသူများသည် ဤဝမ်ဖိန်ခိုရွာရှိ တည်းခိုခန်းတွင် အတည်းအခိုမရှိလောက်အောင် နည်းသည်။ ထို့ကြောင့် တည်းခိုခန်းများ မီးမှိတ်ပြီး တံခါးပိတ်ထားရခြင်းဖြစ်သည်။

ကွမ်လိန်သည် တဖြည်းဖြည်းနှင့် တည်းခိုခန်းနှင့် မလှမ်းမကမ်းတွင်ရှိသော အဆောက်အအုံရှေ့သို့ ရောက်လာ၏။

သေသေချာချာကြည့်လိုက်သောအခါ ထိုအဆောက်အအုံသည် ဘုရားကျောင်းတစ်ခု ဖြစ်နေ၏။

အပြင်တွင် နှင်းများတဖွဲဖွဲကျနေသဖြင့် ကွမ်လိန်သည် ထိုအဆောက်အအုံထဲသို့ လှမ်းဝင်လိုက်သည်။ မြင်းဇောင်းရှိရာသို့ မျှော်ကြည့်လိုက်သောအခါ အကျိုဖြူသိုင်းသမားရှိနေသည့်မြင်းရထားသည် ပကတိအတိုင်းရှိနေကြောင်းတွေ့ရသဖြင့် စိတ်အေးသွားသည်။

ကွမ်လိန်သည် ဘုရားကျောင်းဝင်းဟွင်ရပ်ရင်း ကိုယ်ပေါ်မှ နှင်းမှုန့်နှင်းခဲများကို ခါချပစ်လိုက်သည်။

ထိုစဉ် အလင်းတန်းတစ်ခု ဝင်းခနဲ ဖြစ်သွားပြီး တစ်ဆက်



တည်းတွင် ဂူလားတက်ခေါက်သံတတောက်တောက်ကိုကြားလိုက်ရသည်။ ထိုအသံနှင့်မရှေးမနှောင်းမှာပင် ဘုရားကျောင်းထဲမှ လူတစ်ယောက်ထွက်လာသည်ကို တွေ့ရသည်။

ကွမ်လိန်သည် ထိုလူကို အကဲခတ်လိုက်ပြီး သတိထားနေလိုက်သည်။ ထိုလူသည် လက်ထဲတွင် မီးပုံးတစ်ခုကိုင်ထားသည်။ မီးပုံးမှအလင်းရောင်သည် တဖြည်းဖြည်း အပြင်သို့ ဖြာကျလာသည်။

ထိုစဉ် ထိုလူ၏စကားသံပေါ်ထွက်လာသည်။

"အင်း ... မိုးကလည်း ခုထိမလင်းသေးဘူး။ ညတာကလည်း :စရာကောင်းအောင် ရှည်နေတာကိုး"

ထိုလူက ကွမ်လိန်ကို သတိပြုမိသွားပြီး ခပ်မာမာဖြင့် ...

"ဘယ်သူလဲကွ၊ ညဥ့်နက်သန်းခေါင် ချမ်းချမ်းအေးအေးထဲမှာ မတ်တတ်ရပ်ပြီး ဘာလုပ်နေတာလဲ"

ကွမ်လိန် မဖြေဘဲငေးနေသဖြင့် မီးပုံးကိုင်ထားသော ထိုလူက အနီးသို့ရောက်လာသည်။ သေသေချာချာကြည့်လိုက်သောအခါ အဘိုးကြီးတစ်ယောက် ဖြစ်နေသည်။ မီးရောင်ဟပ်နေသော အဘိုးကြီး၏ မျက်လုံးအစုံသည် မှေးစင်းစင်းနှင့် အိပ်ချင်မူးတူး ဖြစ်နေဟန်ရှိသည်။ အဘိုးကြီးသည် မျက်လုံးကိုပွတ်သပ်လိုက်ပြီး ကွမ်လိန်ကို အကဲခတ်၏။ ထို့နောက် ချောင်းတစ်ချက်ဟန့်ပြီးမေးသည်။

"ကောင်လေး ... ညကြီးမင်းကြီး ဒီမှာ ဘာလာလုပ်နေတာလဲ၊ ဘယ်သူနဲ့ ချိန်းဆိုထားလို့လဲ၊ ဟင် ... လူငယ်လေးတွေဟာ တော်တော်ခက်တာပဲ၊ ညဖက်မှာကြွက်ရှာထွက်တဲ့ကြောင်လို လုပ်

ချင်ရာ လုပ်နေကြတာကိုး၊ ဘာလဲ ... မင်းက အိပ်နေရင် အသက်တိုမှာကြောက်လို့ လျှောက်သွားနေတာလား ... ဟား ... ဟား ..."

အဘိုးကြီး၏ပြောပုံဆိုပုံပေါက်က ရင်းနှီးဟန်ပေါက်နေသည်။ ခြိမ်းခြောက်လိုသော အမူအရာထက် လူငယ်တို့၏သဘာဝကို သရော်ဟန်နှင့်သဘောကျသလိုရှိနေသည်။ လေသံက ခပ်ပျော့ပျော့နှင့် ရိုးသားဟန်လည်း ရှိသည်။ အသံကိုက စိတ်ကောင်းရှိသော အဘိုးကြီးနှင့်တူနေသည်။ ပုန်းလျှိုးကွယ်လျှိုးနှင့် ရောက်လာသော ကွမ်လိန်ကို တွေ့ရသော်လည်း မယုံသင်္ကာဖြစ်သည့်သဘောမျိုးလုံးဝမတွေ့ရပေ။ ကွမ်လိန် စိတ်အေးသွားပြီး ...

"ဒီလိုပါ ဘဘ . ကျွန်တော့်မိတ်ဆွေတစ်ယောက် မမာမကျန်းဖြစ်နေလို့ ဆာဖုံးတောင်ကိုသွားပြီး ဆေးကုဖို့လိုအပ်နေပါတယ်၊ အဲဒါ ကျေးဇူးပြုပြီး ဆာဖုံးတောင် ဘယ်မှာရှိတယ်ဆိုတာ ညွှန်ပြပေးစေချင်ပါတယ်"

အဘိုးကြီးသည် ဘာစကားမျှမပြောသေးဘဲ ရှေ့ကိုတိုးလာ၏။ သူ့လက်ထဲမှ မီးပုံးအလင်းရောင်သည် ဘုရားကျောင်းအပြင်ဘက်ကို ဖြာကျသွားသည်။

အဘိုးကြီးက လက်ထဲမှ မီးပုံးကိုမြှောက်၍ ဟိုဟိုသည်သည် ကြည့်လိုက်ပြန်၏။ မျက်လုံးထဲတွင် မည်သည့်ထူးခြားချက်မျှ မတွေ့ရသဖြင့် ...

"မြင်းဇောင်းထဲမှာ မြင်းရထားရှိနေတယ် မဟုတ်လား၊ အဲဒီမြင်းရထားက မင်းရထားလား၊ မင်းက ညတွင်းချင်း ခရီးထွက်မလို့



ပေါ့လေ ... ဟုတ်လား၊ မင်းတို့လူငယ်တွေဟာ လုပ်ချင်ကိုင်ချင်ပြီဆိုရင် ရှေ့နောက် ဘာမှစဉ်းစားကြတာ မဟုတ်ဘူး၊ ကြည့်စမ်း ... နှင်းတွေ တဖွဲဖွဲကျနေတဲ့ဥစ္စာ၊ အေးလိုက်တာကလည်း လွန်ရောမှောင်လိုက်တာကလည်း မည်းလို့"

အဘိုးအိုက မြည်တွန်တောက်တီးနေ၏။ ပြီးမှ ...

"ထားပါလေ ... ဒါက မင်းကိစ္စပဲ၊ ကိုယ့်အပူနဲ့ကိုယ်ဆိုတော့လည်း ဒီလိုပဲပေါ့၊ မင်းသိချင်တဲ့ ဆာဖုံးတောင်က ဒီကဆိုရင် သိပ်မဝေးတော့ပါဘူး၊ လမ်းမကြီးကနေ အနောက်ဘက်ကိုသာ ဦးတည်သွား၊ တစ်မိုင်ခရီးပေါက်ရင် မြောက်ဘက်ကိုကွေ့လိုက်၊ အဲဒီအတိုင်းဆက်သွားရင် မိုးမလင်းခင် ဆာဖုံးတောင်ကို ရောက်လိမ့်မယ်၊ ဒါနဲ့ဆာဖုံးတောင်မှာ ဆေးဆရာရှိတယ်လို့ ငါ မကြားမိပါဘူး"

အဘိုးကြီးက ပြောပြောဆိုဆိုနှင့် နေရာမှထွက်သွားတော့သည်။ ကွမ်လိန်သည် ဘာမှစဉ်းစားမနေတော့ဘဲ မြင်းဇောင်းရှိရာသို့ ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။ မြင်းရထားပေါ်တက်လိုက်ပြီး ရှေ့ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။ ကျာပွတ်ကိုဝှေ့ယမ်းပြီး မြင်းရထားကို မောင်းနှင်လိုက်သည်။ မြင်းရထားသည် တည်းခိုဂေဟာ၏ ဝင်းတံခါးမကြီးသို့ ရောက်လာခဲ့၏။ လမ်းမကြီးပေါ်ရောက်သောအခါ မြင်းက သွက်သွက်မြန်မြန် ပြေးစပြုတော့သည်။

ကွမ်လိန်၏ကျဆင်းနေသောစိတ်ဓာတ်များက ပြန်ပြီး တက်ကြွလာသည်။

# အခန်း (၁၉)

## ငှက်ပိန်ထန်ချင်

ကွမ်လိန်သည် ဘာကိုမှမစဉ်းစားတော့ဘဲ လက်ထဲမှ ကျာပွတ်ကိုသာ တရှမ်းရှမ်းဝှေ့ယမ်းနေသည်။ ကြွံခိုင်သန်စွမ်းသည်နှင့် အမျှ အကင်းပါးလှသောမြင်းကြီးက သခင်အလိုကျ ကဆုန်စိုင်းနေသည်။ ခရီးအတန်ပေါက်သောအခါ လူတစ်ယောက်ကို ဖျတ်ခနဲ တွေ့လိုက်ရတော့၏။ လမ်းပေါ်မှလူသည် ယိုင်ထိုးယိုင်ထိုးဖြစ်နေရာမှ မြင်းရထားကို လက်တယမ်းယမ်းနှင့် ဟန့်တားနေသည်။

ကွမ်လိန်သည် ထိတ်ခနဲဖြစ်သွားပြီး မြင်းဇက်ကြိုးကို တုံ့ခနဲ ဆွဲပြီး ရပ်ပစ်လိုက်သည်။ အရှိန်ရနေသော မြင်းသည် ဟီသံပေးပြီး ရပ်တန့်သွား၏။ တစ်ရှိန်ထိုးရပ်ဆိုင်းပစ်လိုက်ရသည့် လှည်းဘီးများသည် နှင်းပွင့်များကို ဖယ်ရှားတွန်းထိုးသွားသည်။

ကွမ်လိန်သာ အမှုမဲ့အမှတ်မဲ့ဖြစ်နေပါက အရှိန်နှင့်ပြေးနေသော မြင်းသည် လူကိုဝင်တိုက်မိသွားမှာ သေချာလှလေသည်။

ကွမ်လိန်က မြင်းရထားကို ထိုလူအနီးသို့ ရောက်အောင် တိုးသွားစေလိုက်သည်။ ထိုအချိန်မှာပင် ယိမ်းယိုင်နေသောလူသည် မြေကြီးပေါ်သို့ ဘုန်းခနဲလဲကျသွားတော့သည်။

နှင်းများတဖွဲဖွဲကျနေသော အမှောင်ထဲတွင်ဖြစ်သော်လည်း



ကွမ်လိန်သည် ထိုလူ၏အသွင်သဏ္ဌာန်ကို ကောင်းကောင်းမှတ်မိနေသဖြင့် ထိတ်ခနဲဖြစ်သွားပြီး ရထားပေါ်မှခုန်ဆင်းလိုက်သည်။

ထိုလူကား ငှက်ပိန်ထန်ချင်တည်း။

ကွမ်လိန်သည် တအံ့တသြဖြစ်သွားပြီး အနီးသို့ပြေးသွားသည်။ ငှက်ပိန်ထန်ချင်သည် နှင်းမြေပေါ်တွင် လူးလှိမ့်နေရာမှ အနီးသို့ရောက်လာသူကို အားယူပြီးမော့ကြည့်သည်။ ရွှေတုံးပေးခဲ့သော လူငယ်လေးဖြစ်နေသည်ကိုတွေ့သောအခါမှ ယှဲ့ယှဲ့ကလေး ပြုံးလာသည်။

ကွမ်လိန်သည် ငှက်ပိန်ထန်ချင်၏အဖြစ်ကို ကြည့်ပြီး အလွန်သနားသွားသည်။ ဒူးထောက်ထိုင်ချလိုက်ပြီး ကြင်ကြင်နာနာ ပွေ့ထူလိုက်သည်။

"ဘဘ ... ဘယ်ကနေဘယ်လို ဒီကိုရောက်လာပြီး ဒဏ်ရာရနေခဲ့တာလဲ၊ ဒဏ်ရာကကော ဘယ်မှာလဲ"

ငှက်ပိန်ထန်ချင်က သက်ပြင်းရှည်ကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး ကွမ်လိန်၏ရင်ခွင်ထဲတွင် အသားမှေးနေလိုက်သည်။ ပြီး ... ခေါင်းကို တဖြည်းဖြည်းခါပြ၏။

မှန်သည် ... ငှက်ပိန်ထန်ချင်သည် သူ ဘယ်နည်းဘယ်ပုံ ဒဏ်ရာရခဲ့သည်ကိုပင် မသိချေ။ မည်သည့်အရာဝတ္ထုကြောင့် ယခုကဲ့သို့ ခံစားနေရသည်ကိုလည်း မသိချေ။

ကွမ်လိန်သည် မည်သည့်မေးခွန်းကိုမျှ ထပ်မမေးတော့ဘဲ ငှက်ပိန်ထန်ချင်ကိုပွေ့ပြီး ရထားအနီးသို့ ခေါ်ဆောင်လာခဲ့၏။

ထို့နောက် ရထားတံခါးကို ဖွင့်လိုက်ပြီး အင်္ကျီဖြူသိုင်းသမား၏ဘေးတွင် အသာလှဲချထားလိုက်သည်။

ငှက်ပိန်ထန်ချင်သည် မျက်စိအမြင် ကြည်လင်ပြီး ဦးနှောက်များ ကြည်ကြည်လင်လင်ရှိနေမည်ဆိုပါက သူ့ဘေးတွင်ရှိသောလူကို ကောင်းကောင်းတွေ့မြင်နိုင်ပေလိမ့်မည်။ ထိုသို့တွေ့မြင်လိုက်သည့်အခါ မြင်းရထားခေါင်းမိုးကြီး ပွင့်ထွက်သွားအောင် ထခုန်မိမည်မှာ သေချာလှတော့သည်။ အဘယ်ကြောင့်ဆိုသော် ... သူ သဲကြီးမဲကြီး လိုက်ရှာနေ သောလူသည် သူ့ဘေးတွင် ရှိနေသည်မဟုတ်ပါလော။

ထိုလူသည် သူရောက်လာသည်ကို မသိမမြင်သကဲ့သို့ သူကလည်း ထိုလူကို မည်သူမှန်းမသိချေ။ ငှက်ပိန်ထန်ချင်သည် သူ့ဘေးတွင်ရှိနေသောလူကို မည်သူမည်ဝါဟု မစူးစမ်းနိုင်ရုံမက သူ့ကိုယ်သူပင် မည်သည့်အဖြစ်ဆိုးများနှင့် ကြုံခဲ့ရသည်ကိုပင် မစဉ်းစားနိုင်တော့ချေ။ တစ်ကိုယ်လုံး ထုံကျင်ကိုက်ခဲလာပြီး ဝေဒနာသည်အသည်းနှလုံးသို့ပင် ပျံ့နှံ့လာပြီဟု ထင်မှတ်ခံစားနေရလေပြီ။

ကံကြမ္မာလှည့်စားချက်သည် အံ့ဖွယ်ကောင်းအောင် ထူးခြားဆန်းကြယ်လှ၏။ ငှက်ပိန်ထန်ချင် အသေရရ၊ အရှင်ရရ တွေ့ချင်နေသောလူသည် သူနှင့်အတူ ရှိနေသော်လည်း ပည်သူမည်ဝါဖြစ်မှန်း မသိနိုင်သောအဖြစ်သည် ရင်နာစရာကောင်းလှတော့သည်။

ကွမ်လိန်၏မြင်းရထားသည် ရထားအိမ်ထဲတွင်မှ အလွန်လှပသပ်ရပ်လှသည်။ အခင်းအကာများနှင့် အမိုးများသည် ကတ္တီပါများ ခင်းထားသဖြင့် ချောမွေ့လှပပြီး နွေးထွေးနေသည်။



ရထားအိမ်၏ ထောင့်လေးထောင့်တွင် သေးငယ်သော်လည်း လှပသောကြေးမီးအိမ် ကလေးကို လေးလုံးချိတ်ဆွဲထားသည်။

ကွမ်လိန်က တစ်လျှောက်လုံး အမှောင်ချထားခဲ့သော ရထားအိမ်ကလေးကို ပါခုမှမီးထွန်းပြီး လင်းစေလိုက်၏။ မီးအိမ်တစ်လုံးတည်းကိုသာ ထွန်းညှိလိုက်သော်လည်း ရထားအိမ်ကလေးသည် လင်းထိန်သွားသည်။

ငှက်ပိန်ထန်ချင်သည် စူးရှသော အလင်းရောင်ကြောင့် မပွင့်တပွင့်ဖြစ်နေသော မျက်လုံးကို အတင်းမှိတ်ပစ်လိုက်၏။ ငှက်ပိန်ထန်ချင်မှာ ဤအလင်းအားကလေးကိုပင် မခံနိုင်တော့ချေတကား။

ကွမ်လိန်သည် ရထားအိမ်တစ်ခုလုံး လင်းထိန်သွားမှ ငှက်ပိန်ထန်ချင်၏ကိုယ်ပေါ်သို့ စူးစမ်းကြည့်လိုက်၏။

အဝတ်အစားများက နဂိုအတိုင်းရှိနေပြီး သွေးစက် သွေးကွက်ဟူ၍ အစအနမျှမတွေ့ရချေ၊ ထူးခြားသည်မှာ မျက်နှာ၌သာ သွေးဆုတ်ပြီး ဖြူဖပ်ဖြူရော်ဖြစ်နေ၏။ အသက်ရှူပုံက အလွန် ဖျော့တော့နေ၏။ နေ့းကွေးလေးလ နေသ ည်။

"သူ အဆိပ်မိခဲ့တာများလား"

ကွမ်လိန် ရင်ထဲ ထိတ်ခနဲဖြစ်သွားပြန်၏။

မျက်နှာကို သေသေချာချာ ကြည့်နေမိပြန်သည်။

ဖြူဖပ်ဖြူရော်ဖြစ်နေသောမျက်နှာပြင်သည် တွန့်လိမ်သွားပြီး အစိမ်းရောင်ဖြစ်သွား၏။ ထိုမှတစ်ဖန် အဝါရောင်သို့ ပြောင်းသွားပြန်သည်။ ကွမ်လိန် သည်မြင်ကွင်းကြောင့်မျက်လုံးပြူးသွား၏။

ငှက်ပိန်ထန်ချင်သည် ရှုံ့ရှုံ့မဲ့မဲ့ဖြစ်နေရာမှ နာကျင်စွာ ညည်းညူလိုက်ပြီး လက်နှစ်ဖက်နှင့် ရင်ဘတ်ကို ကုတ်ခြစ်လိုက်၏။ သားရေအင်္ကျီက ကွဲထွက်သွားပြီး ပိန်ကပ်နေသောရင်ဘတ် ပေါ်လာ၏။ ဤတွင် ရင်ဘတ်ပေါ်၌ သွေးစက်ကလေးငါးစက်ကို တွေ့ရတော့၏။ ကွမ်လိန်က လန့်ဖျပ်သွားရာမှ သွေးစက်များကို သေသေချာချာ ကြည့်လိုက်၏။ ထိုအခါ မည်းနက်နေသောအပ်ဖျား ကလေးများကို တွေ့ရတော့၏။ အပ်ကလေးများက အင်္ကျီကို ဖောက်ထွင်းပြီး ရင်ဘတ်တွင်းသို့ နစ်ဝင်သွားခြင်းဖြစ်သည်။

အခြေအနေသည် ကြောက်စရာကောင်းသော အခြေအနေပေတကား။ ကွမ်လိန်က မည်းနက်နေသော အပ်ဖျားကလေးများကို ကြည့်ပြီး ငြိမ်သက်သွား၏။

တစ်ချိန်တည်းတွင် စစ်မိန်ဂေဟာ ချောက်ကူးတံတားအနီး၌ တွေ့မြင်ခဲ့ရသော အဆိပ်အပ်များကိုပြန်ပြီး မြင်ယောင်လာသည်။

ဟူတန်းငှက်လေးကောင်အနက် ငှက်ပြာ၏စကားများကိုလည်း အမှတ်ရလာ၏။

"ငါ့အထင်ပြောရရင်တော့ အဲဒီအဆိပ်အပ်ဟာ လက်နက်ပုန်းပညာမှာ နာမည်သိပ်ကျော်နေတဲ့ ဝါမေကျားသစ်အိတ်ရဲ့ လက်နက်ပုန်းဖြစ်မယ်၊ အဲဒီအဆိပ်အပ်ဟာ နာမည်ကျော်လက်နက်ပုန်းခုနစ်ခုထဲမှာ အဆိပ်အပြင်းဆုံး လောဟိုနတ်အပ်ပဲ"

"လောဟိုနတ်အပ်"

ကွမ်လိန်က ယောင်ယမ်းပြီး တီးတိုးရေရွတ်လိုက်မိ၏။



ထိုစဉ် မလှုပ်နိုင်အောင်ဖြစ်နေသော ငှက်ပိန်ထန်ချင်က ကွမ်လိန်၏ တီးတိုးစကားကို ကြားလိုက်ရသောအခါ ဘယ်ကလာမှန်းမသိသော ခွန်အားများဖြင့် အတင်းရုန်းကန်ပြီး ထထိုင်လိုက်၏။

ထို့နောက် ရင်ဘတ်ထဲ စူးဝင်နေသောအပ်များကို ငုံ့ကြည့်လိုက်ပြီး အထိတ်တလန့် ရေရွတ်လိုက်၏။

"လောဟိုနတ်အပ်"

ကွမ်လိန်က စုံစမ်းမေးမြန်း၏။

"ဘဘက သူတို့နဲ့တွေ့ခဲ့တယ် ... ဟုတ်လား၊ ဘယ်နေရာမှာ တွေ့ခဲ့တာလဲ၊ ဘယ်တုန်းက တွေ့ခဲ့တာလဲ၊ သူတို့က ဘာဖြစ်လို့ လက်နက်ပုန်းနဲ့ ပစ်ခဲ့ကြတာလဲ"

ငှက်ပိန်ထန်ချင်သည် ဝေဒနာကို တင်းခံရင်း သက်ပြင်းရှိုက်လိုက်၏။ မျက်လုံးများက ရီဝေဝေဖြစ်သွားပြီး ကြောင်ငေးငေးဖြစ်နေပြန်၏။ မျက်နှာကြီး ရှုံ့မဲ့သွားပြီး ထိုင်နေရာမှ ပက်လက်လန်လဲကျသွားပြန်၏။ ကွမ်လိန်က ငှက်ပိန်ထန်ချင်၏အခြေအနေကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေမိ၏။

သူသည် ဝါမေကျားသစ်အိတ်အပေါ် မယုံသင်္ကာဖြစ်နေခဲ့သည်မှာ အတော်ကြာခဲ့ပြီဖြစ်၏။ စစ်မိန်ဂေဟာတွင် ဖြစ်ပွားခဲ့သော သွေးချောင်းစီးမှုသည် ထိုကျားသစ်အိတ်ညီအစ်ကို၏ လက်ချက်သာ ဖြစ်လိမ့်မည်ဟု ယုံကြည်နေခဲ့သည်။

ယခုတစ်ဖန် ငှက်ပိန်ထန်ချင်၏အဖြစ်ကို တွေ့နေရသဖြင့် ဝါမေကျားသစ်အိတ်အပေါ် ထားရှိခဲ့သောမသင်္ကာစိတ်က ပိုပြီး ပြင်း

ထန်လာတော့သည်။ ငှက်ပိန်ထန်ချင်က အသက်ကို ရှူဉ်းရှူဉ်းလေး ရှူနေရင်း ကွမ်လိန်ကို လှမ်းပြောသည်။

"ငါ ... ငါက သူတို့ကို သေသေချာချာတွေ့ခဲ့တာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ်ထဲမှာ စူးဝင်နေတဲ့ အဆိပ်အပ်တွေဟာ သူတို့တွေသုံးလေ့သုံးထရှိတဲ့ အပ်မျိုးပဲ ... ဒါကြောင့် ... ဒါကြောင့်ပဲ ... အင်း ... ဟင်း ... ဟင်း"

ငှက်ပိန်ထန်ချင်သည် ညည်းညည်းညူညူနှင့် ရှုံ့မဲ့သွားပြန်သည်။ မျက်လုံးထဲ၌ကား မကြာခင်က ဖြစ်ပွားခဲ့သောအဖြစ်ကို ပြန်ပြီး မြင်ယောင်နေမိသည်။

ထိုစဉ်က ပတ်ဝန်းကျင်တစ်ခုလုံးသည် မှောင်မည်းနေပြီး နှင်းများတဖွဲဖွဲကျနေသည်။ ငှက်ပိန်ထန်ချင်သည် ကွမ်လိန်လက်ထဲသို့ ရွှေတုံးကို ထိုးထည့်လိုက်ပြီးသည်နှင့် နေရာမှ လှစ်ခနဲပြေးထွက်လာခဲ့၏။

တည်းခိုဂေဟာ၏ ဝင်းတံခါးမကြီးကို ကျော်ဖြတ်ပြီးသော် လမ်းမကြီးပေါ်သို့ရောက်ရှိခဲ့သည်။ လမ်းမကြီးပေါ်ရောက်ရှိချိန်တွင် လေတဟူးဟူးတိုက်လာပြီး နှင်းပွင့်နှင်းခဲများ ပိုပြီးကျလာသည်။ နောက်ဘက်သို့ ခြေဦးလှည့်လိုက်ပြီး အားသွန်ပြေးလာခဲ့သည်။ လမ်းပေါ်တွင် ငှက်ပိန်ထန်ချင်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှမရှိချေ။



ငှက်ပိန်ထန်ချင်သည် နှင်းပင်လယ်ပြင်၌ ပြေးလွှားနေရင်း လမ်းမကြီးနှင့် မလှမ်းမကမ်းတွင် အဆောက်အအုံမည်းမည်းကြီးကို ဘွားခနဲတွေ့လိုက်ရသည်။ သေသေချာချာကြည့်လိုက်သောအခါ ကိုအဆောက်အအုံသည် ဘုရားကျောင်းပျက်ကြီးတစ်ခု ဖြစ်နေသည်။

ငှက်ပိန်ထန်ချင်သည် ကိုဘုရားကျောင်းပျက်ထဲနားနေရန် စိတ်ကူးပေါက်လာသည်နှင့် ခပ်သုတ်သုတ်ပြေးသွားလိုက်သည်။ ထို့နောက် ကျိုးပျက်နေသော တံခါးပေါက်မှနေ၍ အတွင်းသို့ လွှားခနဲ ခုန်ဝင်လိုက်ပြီး ကိုယ်ပေါ်တွင် တွယ်ကပ်နေသော နှင်းပွင့်နှင်းခဲများကို ခါပစ်လိုက်သည်။ ကျောင်းပျက်ကြီးသည် မှောင်နှင့်မည်းမည်းဖြစ်နေသည်။

ထိုစဉ် အမှောင်ထဲမှ အေးစက်စက်ရယ်မောသံတစ်သံ ထွက်ပေါ်လာသည်။ ငှက်ပိန်ထန်ချင်သည် ကြောက်စရာကောင်းသော ရယ်မောသံကြောင့် ထိတ်ခနဲဖြစ်သွားပြီး နောက်သို့ပင် ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။

သိုင်းလောက၌ ယိုရယ်သံမျိုးသည် သေမင်းရယ်သံမျိုးဟု ငှက်ပိန်ထန်ချင် နားလည်နေသည်။ သည်လိုရယ်သံမျိုး၏ နောက်၌ တစ်ခုသောမကောင်းကျိုးသည် ကပ်ပါလာလေ့ရှိ၏။

ငှက်ပိန်ထန်ချင် ငြိမ်နေစဉ် ရယ်သံသည် ရပ်သွားသည်။

သို့သော် အေးစိမ့်စိမ့် လေလှိုင်းထဲ၌ ရယ်သံသဲ့သဲ့ကို ကြားနေရသေးသည်။ ငှက်ပိန်ထန်ချင်သည် ရပ်မြဲရပ်နေရာတွင် ရပ်မနေသင့်ဟု ယူဆလိုက်ပြီး ကိုယ်ကို လှုပ်ရှားလိုက်သည်။ ဤတွင် ကိုယ်

လုံးကြီး လွင့်မြောက်သွားပြီး ပြတင်းတစ်ခုအနီးသို့ ရောက်သွား၏။

ထိုအခါကျမှ အေးစက်စက်ရယ်မောသံသည် ထပ်ပြီးပေါ်လာသည်။ ရယ်သံ၏အဆုံးတွင် စကားပြောသံကို ကြားရသည်။

"ဒီမှာ မိတ်ဆွေ ... ကျုပ်ဟာ မသေနိုင်တဲ့လူတစ်ယောက်ပါ ... ဟား ... ဟား"

ကြားလိုက်ရသောစကားကြောင့် ငှက်ပိန်ထန်ချင် တုံ့ခနဲဖြစ်သွားသည်။ အသံကြားရသော်လည်း လူကို မမြင်ရသဖြင့် ပိုပြီးသတိထားနေလိုက်ရသည်။

ထိုစဉ် တိုးညင်းသောလေတိုးသံများကို ခံစားလိုက်ရပြီးသေးငယ်သော်လည်း အားပါသည့်အရာများ လွင့်လာသည်ကို သိလိုက်သဖြင့် လက်နှစ်ဖက်ကို ယမ်းခါလိုက်ပြီး အနီးတွင်ရှိနေသော ပြတင်းပေါက်ကို လွှားခနဲခုန်ကျော်လိုက်မိ၏။

သို့သော် နှင်းမြေပေါ် ခြေချမိသည်နှင့် ရင်ဘတ်ပေါ်မှ ရှုးခနဲဝေဒနာတစ်ခုကို ခံစားလိုက်ရတော့သည်။

ငှက်ပိန်ထန်ချင်သည် အခြေအနေကို ကောင်းစွာနားလည်လိုက်သဖြင့် လွှားခနဲခုန်မိပြန်သည်။ ထို့နောက် လှုပ်ရှားနေသော စိတ်ကို ထိန်းချုပ်လိုက်ပြီး အတွင်းအားကျင့်စဉ်ကို ချက်ချင်းကျင့်လိုက်မိသည်။ သို့သော် ရင်ဘတ်ဆီမှ ထုံကျင်သောဝေဒနာကို ခံစားလာရတော့၏။

ငှက်ပိန်ထန်ချင်သည် ထိုအခါကျမှ မျက်လုံးမျက်ဆန် ပြူးသွားပြီး ခပ်ကျယ်ကျယ်အော်ပြောလိုက်မိတော့သည်။



"ကျောင်းပျက်ထဲကလူ ... ကျုပ်ကို ဘာဖြစ်လို့ လက်နက်ပုန်းနဲ့ လုပ်ကြံလိုက်ရတာလဲ၊ ခင်ဗျားနဲ့ကျုပ် ဘယ်တုန်းက ရန်ငြိုးရှိလို့လဲ"

ထိုစဉ် ကျောင်းပျက်ထဲမှအသံ ပေါ်လာပြန်သည်။

"ဟား ... ဟား .. သေသေချာချာနားထောင် ... လက်နက်ပုန်းအရသာ ဘယ်လိုလဲဆိုတာ ခင်ဗျားကို သိစေချင်လို့ပဲ ... ဟား ... ဟား ... ဟား"

ငှက်ပိန်ထန်ချင်သည် အံကိုတင်းတင်းကြိတ်လိုက်ပြီးမှ မကျေမနပ်ဖြစ်သွားသည်။ ဤအဖြစ်သည် မှားယွင်းသောအဖြစ်ဟုလည်း နားလည်လိုက်သည်။ လက်နက်ပုန်းနှင့်လုပ်ကြံသူသည် မည်သည့်အတွက်ကြောင့် အပြင်သို့ ထွက်မလာခဲ့သနည်း။ စိတ်ထဲတွင် ထိုလူကို တွေ့ချင်စိတ်များ ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် အထဲဝင်ရန် အားယူလိုက်မိသည်။ ဤတွင် ရင်ဘတ်မှဝေဒနာသည် ပြင်းပြင်းထန်ထန်ဖြစ်လာသည်။ စိတ်လျှော့ပြီး နေမြဲအတိုင်း နေလိုက်ရတော့သည်။ ဝေဒနာသည် တဖြည်းဖြည်း ပို၍ပျံ့နှံ့လာကြောင်း သတိပြုမိသည်။

ထူးခြားသော ဝေဒနာပေတကား။

ငှက်ပိန်ထန်ချင်သည် စိတ်မောလူမောနှင့် သက်ပြင်းကို ဟင်းခနဲချလိုက်မိတော့သည်။ သိုင်းလောကတွင် နှစ်ပေါင်းသုံးဆယ်ကျော် လေးဆယ်ကျင် လည်ခဲ့စဉ်အတွင်း ဤသို့သော ဝေဒနာမျိုးကို ဤတစ်ကြိမ်သာ ခံစားခဲ့ဖူးသေးသည်။ အတွေ့အကြုံအရ ခံစားနေရ

သော ဝေဒနာသည် အလွန်ပြင်းထန်သောဝေဒနာဖြစ်ကြောင်း သတိပြုမိလေသည်။ ငှက်ပိန်သည် နေမြဲအတိုင်း ရပ်မနေရဲတော့။ ကျောင်းပျက်ထဲမှလူ ထွက်လာမည်ကိုပင် စိုးရိမ်လာတော့သည်။ သို့နှင့် နောက်ကြောင်းသို့ ခပ်သွက်သွက် ထွက်ပြေးလာမိသည်။

ငှက်ပိန်ထန်ချင်၏ဘဝတစ်လျှောက်လုံးတွင် ဘာမှန်းမသိဘဲ ခံလိုက်ရသောအဖြစ်သည် ဤအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။

လက်နက်ပုန်းနှင့်ပပသူသည် မည်သူများပေနည်း။

မည်သည့်အတွက်ကြောင့် ယခုလိုလုပ်ကြံနေသနည်း။

ငှက်ပိန်ထန်ချင် မစဉ်းစားတတ်တော့ပေ။

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေခဲ့သော ငှက်ပိန်ထန်ချင်သည် ယခုမှနောင်တရလာသည်။ ထိတ်လန့်ကြောက်ရွံ့မှုကလည်း တစ်ချိန်ထက်တစ်ချိန် ပိုပြီးကြီးထွားလာသည်။

အဆိပ်များ တစ်ကိုယ်လုံးပျံ့နှံ့မသွားမီ ဖြေဆေးရဖို့ အရေးကြီးနေပြီ။ ဖြေဆေးသာအချိန်မီမရခဲ့ပါက လူမသိ,သူမသိ၊ ရန်သူဟုမသိဘဲ သေရပေတော့မည်။ သိုင်းလောက၌ ဤအဖြစ်လောက်ဆိုးရွားခံခက်သောအဖြစ်သည် ရှိတော့မည်မဟုတ်ပေ။ ငှက်ပိန်ထန်ချင်သည် ယိုင်ထိုးယိုင်ထိုးနှင့် လမ်းမကြီးပေါ် ပြန်ရောက်လာခဲ့သည်။

တဖြည်းဖြည်းနှင့် ကိုယ်ဖော့ပညာကိုပင် အသုံးမပြုနိုင်တော့ချေ။ ရောက်ရာနေရာတွင်သာ ပင်ပန်းစွာထိုင်ချလိုက်ဒိတော့သည်။ နဖူးပေါ်မှချွေးစေးများပင် ပျံ့လျက်ရှိနေပေပြီ။



အလွန်အေးသော လေအေးနှင့် နှင်းပွင့်နှင်းခဲများသည် ငှက်ပိန်ထန်ချင်၏ ရင်ထဲမှအပူကို အေးမြအောင်ပြုနိုင်စွမ်းမရှိချေတကား။ ငှက်ပိန်ထန်ချင်သည် သက်ပြင်းကိုသာ တဟူးဟူးမှုတ်နေမိတော့သည်။ စိတ်ထဲ၌မူ လူမသိသူမသိ သေရမည့်အဖြစ်ကို ယူကျုံးမရ ဖြစ်နေသည်။ တိတ်တဆိတ်လုပ်ကြံလိုက်သူကိုလည်း ဘယ်သူမှန်း သိချင်နေသည်။

ယခုကဲ့သို့ လုပ်ကြံလိုက်ခြင်းအကြောင်းရင်းကို သေသေချာချာ သိချင်နေသည်။ ရန်သူကိုမသိဘဲ သေရသည်ထက် သိပြီးသေရသည်က ပိုကောင်းသည်ဟုလည်း တွေးနေမိလေသည်။

ဘုရားကျောင်းပျက်ကြီးကို ပျာမ်းမျှော်ကြည့်လိုက်သောအခါ ကျောင်းပျက်ကြီးသည် ဘာမျှ မဖြစ်သလို ငြိမ်သက်နေ၏။

"ဖူး"

ငှက်ပိန်ထန်ချင်သည် သက်ပြင်းပူကြီးကိုသာ တဖူးဖူး တဟူးဟူး မှုတ်ထုတ်နေသည်။ အားကိုးရာမဲ့ဖြစ်နေစဉ် မြင်းခွာသံများပေါ်လာသည်။ မြင်းခွာသံသည် တိုးရာမှကျယ်လာသည်။ ကွမ်လိန်မောင်းလာသော မြင်းရထားပင်ဖြစ်တော့သည်။

ငှက်ပိန်ထန်ချင်သည် ဝေဒနာကြားမှ မျှော်လင့်ချက် ရောင်ခြည်လေး ယှက်သန်းလာသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။ သူ အသက်ရှင်ကောင်းရှင်ခွင့်ရနိုင်၏။

ဤသို့ဆိုလျှင် သူ့အား ချောင်းမြောင်းလုပ်ကြံသူအား ...

ထိုင်ရာမှ ရှိသမျှအားကိုဖြစ်ညှစ်ပြီး ထလိုက်သည်။

လက်ကို ဝှေ့ရမ်းပြီး မြင်းရထားကိုတားၡ၏။ ကိုယ်လုံးကြီး ကား ဟိုယိမ်းဒီယိမ်း။ ထို့နောက် ခြေထောက်ကို မြဲမြဲမရပ်နိုင်တော့ဘဲ ဘိုင်းခနဲလဲကျသွားတော့သည်။ ထိုစဉ် မြင်းရထားသည်လည်း တုံ့ခနဲ ရပ်သွားတော့သည်။

*

ကြေးမီးအိမ်မှ အလင်းရောင်သည် ငှက်ပိန်ထန်ချင်၏ မျက် နှာပေါ် ဖြာကျနေသည်။

ငှက်ပိန်ထန်ချင်သည် အတွေးမပျက်ဘဲ ငြိမ်နေဆဲရှိသည်။ သူသည် ထုံနန်သိုင်းအဖွဲ့သ ားဖြစ်သည်။ ထုံနန်သိုင်းနှင့် စစ်ချွန်ထန် မင်သိုင်းအဖွဲ့သည် ရန်ငြိုးရန်စရှိသော အဖွဲ့သားများ မဟုတ်ကြပေ။

ယခုတိုင် အသွားအလာမပျက် အကူအညီမပျက် ရှိနေ ကြသော အဖွဲ့များဖြစ်သည်။

ထိုအချက်ကို တွေးမိသည်နှင့် ငှက်ပိန်ထန်ချင်၏မျှော်လင့် ချက်များသည် အရဏ်ဦးရောင်ခြည်များပမာ ယှက်သန်းလာ၏။ မိမိ ကို လက်နက်ပုန်းနှင့်လုပ်ကြံခြင်းသည် လွဲမှားပြီး လုပ်ကြံခြင်းသာ ဖြစ်လိမ့်မည်ဟုလည်း အတွေးပေါက်လာပြန်သည်။ မိမိကိုလုပ်ကြံသူ သည် ထန်ညီအစ်ကိုသာဖြစ်ပါက မိမိငှက်ပိန် ထန်ချင်မှန်းသိသည်နှင့် အဆိပ်အပ်ဘေးမှ ကယ်တင်ပေးကြလိမ့်မည်ဟုလည်း မျှော်လင့်ယုံ ကြည်လိုက်ပြန်သည်။ ထို့ကြောင့် သက်ပြင်း တစ်ချက်မှုင်းမှုင်းချပြီး ကွမ်လိန်ကို လှမ်းပြောသည်။



"ကောင်ကလေး ... ဒီလမ်းမကြီးရဲ့ ဘယ်ဘက်မလှမ်း မကမ်းမှာ ဘုရားကျောင်းပျက်ကြီးတစ်ခုရှိတယ်၊ ငါ့ကို အဲဒီနေရာ ရောက်အောင် ပို့ပေးစမ်းပါကွာ၊ ခုလို အကူအညီတောင်းရတာ သိပ် အရေးကြီးနေလို့ပါ၊ ကျေးဇူးပြုပြီး အဲဒါလေးတော့ မဖြစ်မနေ ကူညီ စမ်းပါ၊ မင်းရဲ့ကျေးဇူးကို ဘယ်တော့မှ မေ့ပစ်မှာမဟုတ်တော့ဘူး၊ တစ်နေ့နေ့မှာ ဒီကျေးဇူးကို မုချပြန်ဆပ်မှာပါ၊ ငါ့ကို အဲဒီကို မြန်မြန် ပို့ပေးစမ်းပါ"

ကွမ်လိန်သည် ထန်ချင်ကိုကြည့်ပြီး ခေါင်းညိတ်ပြလိုက် သည်။ နာမည်ကျော်သိုင်းဆရာကြီး ငှက်ပိန်ထန်ချင်သည် မိမိ အသက်ရှင်ရေးအတွက် လူငယ်လေးကိုပင် တောင်းပန်နေရလေပြီ။

မကြာခင်က အလွန်သွက်လက်ပြီး ဖျတ်လတ်ခဲ့သောအဘိုး ကြီးသည် တဒင်္ဂအချိန်အတောအတွင်း၌ အသက်ငွေ့ငွေ့သာရှိသော လူနာကြီးဘဝသို့ ကျရောက်နေရပြီ။ ထန်ချင် ကံကောင်းပါသည်။ သူ အကူအညီတောင်းခံခဲ့သည့်လူငယ်သည် ကြင်နာတရား ပြည့်ဝ သည့် သိုင်းလောကသားမဟုတ်သည့်လူငယ် ဖြစ်နေခြင်းပင်ဖြစ်ပါ သည်။

သိုင်းလောက၏ဘဝအပြောင်းအလဲများသည် လျှပ်ပျက် သလို မြန်ဆန်သည်နှင့်အမျှ သပွတ်အူလို ရှုပ်ထွေးလှသည်ကို ကွမ် လိန် သံဝေဂရမိ၏။ သူသည် ငှက်ပိန်ထန်ချင်ကိုကြည့်ပြီး သက်ပြင်း ရှိုက်မိ၏။

အချိန်သည် မိုးလင်းပိုင်းသို့ရောက်ရန် နီးကပ်လာနေသည်။

သို့သော် အမှောင်ထုသည် သိပ်သည်းမြဲ သိပ်သည်းနေသည်။ တဖွဲဖွဲကျနေသော နှင်းပွင့်နှင်းခဲများက စဲသွားသည်မရှိဘဲ တသဲသဲကျနေဆဲ။

"စိတ်ချပါ ဘဘ ... ကျွန်တော် ဘဘကို ကူညီပါ့မယ်၊ ဒါပေမဲ့ ဝါမေကျားသစ်အိတ် ညီအစ်ကိုဟာ အခုချိန်ထိ ကျောင်းပျက်ကြီးထဲမှာ ရှိနေပါ့ဦးမလား၊ ဘဘ ဒီရောက်တဲ့အချိန်မှာ သူတို့ထွက်ပြေးချင် ထွက်ပြေးသွားကြမှာပေါ့"

ငှက်ပိန်ထန်ချင်သည် ထိတ်ခနဲဖြစ်သွားပြီး မဖြေတတ်အောင် ဖြစ်သွား၏။ သိုင်းလောက၌ စစ်ချန်ထန်မင်အဖွဲ့ နာမည်ကြီးနေခြင်းသည် အဆိပ်လက်န ဲပုန်းပညာကြောင့်သာဖြစ်၏။ သူတို့၏ ထန်မင်အဆိပ်လက်နက်သည် ပြင်းထန်သည်နှင့်အမျှ ကြောက်စရာအကောင်းဆုံးသောအဆိပ်မျိုးဖြစ်၏။ ထိုအဆိပ်ကို သူတို့တွင် ရှိနေသော ဖြေဆေးမှလွဲ၍ မည်သည့်ဆေးနှင့်မျှ ဖြေ၍မရပေ။ ထို့ကြောင့် သူတို့ထံမှ ဖြေဆေးမရလျှင် တစ်နာရီ နှစ်နာရီအတွင်း အဆိပ်များ ပျံ့နှံ့သွားပြီး သေရမည်မှာ သေချာလှ၏။ ထို့ကြောင့် ဝါမေကျားသစ်အိတ်ညီအစ်ကိုကို ရှာမတွေ့ခဲ့ပါက မိမိအသက်ရှင်လမ်းစ မရှိတော့ချေ။ ထိုအချက်ကို တွေးမိလိုက်သည်နှင့် ငှက်ပိန်ထန်ချင်၏နဖူး ပေါ်၌ ဇောချွေးများ သီးထလာတော့သည်။

သူသည် အတန်ကြာအောင် ငြိမ်သက်နေပြီးမှ ချိန်ချိန်ဆဆ ပြောသည်။

"သူတို့ကို ရှာတွေ့တာ မတွေ့တာဟာ ငါ့ကံပဲပေါ့ကွာ၊



ဘာပဲဖြစ်ဖြစ် ကြိုးတော့ ကြိုးစားကြည့်ရမှာပေါ့၊ ကံကောင်းရင် ဝိရိယအကျိုးတော့ ခံစားရမှာအမှန်ပဲ"

ကွမ်လိန်က ...

"ကောင်းပါပြီ ... ဘဘကို အခုပဲ သယ်သွားပါ့မယ်"

"နေဦး ... နေဦး ... ငါ့ကို ဒီအတိုင်း အရမ်းသယ်မသွားနဲ့ဦး။ မင်းကိုပါ လူမှားပြီး အဆိပ်အပ်နဲ့ ထပ်ပစ်နေဦးမယ်"

"ဒါဖြင့် ကျွန်တော် ဘယ်လိုလုပ်ရမလဲ"

"အဲဒီမှာ အဆောက်အအုံပျက်ရှေ့ရောက်ရင် ပထမဆုံး မင်း အော်ပြောရမယ့်စကားကို ငါသင်ပေးမယ်၊ အဲဒါအော်ပြီးမှ ဝင်ချင်ဝင်ပေတော့"

"ကောင်းပါပြီ၊ ကျွန်တော်အော်ရမယ့်စကားကို သင်ပေးပါ"

ငှက်ပိန်ထန်ချင်က ကွမ်လိန်ပြောရမည့်စကားများကို သေချာစွာသင်ကြားလိုက်၏။

ကွမ်လိန်သည် ထန်ချင်ကို မြင်းရထားပေါ်တင်ကာ မြင်းဇက်ကြိုးကို လှုပ်ခါလိုက်ပြီး မြင်းရထားကို လမ်းသွယ်လေးထဲသို့ မောင်းချလိုက်သည်။

မကြာခင်ပင် အဆောက်အအုံပျက်ကြီးကို တွေ့ရတော့သည်။ တံခါးဝသို့ရောက်သောအခါ ခြေလှမ်းကို ရပ်လိုက်ပြီး အထဲကို အသံပြုလိုက်၏။

"မိတ်ဆွေများခင်ဗျား ... ငှက်ပိန်ထန်ချင်က မှာကြားလိုက်ပါတယ် ... စောစောက ဆရာကြီးတို့ ဒီမှာရှိနေမှန်းမသိလို့ အမှုမဲ့

အမှတ်မဲ့ ဝင်လာမိခဲ့ပါတယ်တဲ့၊ ဒါကြောင့်မို့ မှောင်ကြီးမည်းကြီးထဲမှာ လောဟိနတ်အပ် ထိမှန်ခြင်းခံခဲ့ရပါတယ်၊ ရင်းနှီးဖူးတဲ့ မိတ်ဆွေများ ဖြစ်လို့ ကျေးဇူးပြုပြီး ဖြေဆေးပေးစေချင်ပါတယ်"

ကွမ်လိန်၏အတွင်းအားမှာ အတော်ကောင်းနေပြီဖြစ်၍ ဘုရားကျောင်းပျက်ကြီးအတွင်းသို့ ပီပီသသ ပျံ့နှံ့သွားလေသည်။

ဘုရားကျောင်းပျက်ထဲမှ တုံ့ပြန်သံကား ပေါ်ထွက်မလာသေး။ ကျောင်းပျက်ကြီးသည် မှောင်နှင့်မည်းမည်းဖြစ်နေပြီး တိတ်ဆိတ်မြဲ တိတ်ဆိတ်နေ၏။

ကွမ်လိန်က အခြေအနေကို အကဲခတ်ပြီး ထပ်အော်လိုက်ပြန်သည်။

"မိတ်ဆွေများ ခင်ဗျား ... ကျွန်တော်ဟာ ငှက်ပိန်ထန်ချင်ရဲ့ မိတ်ဆွေလေးတစ်ယောက်ပါ ကျွန်တော်တင်ပြတာကို လက်ခံကြဖို့ တောင်းပန်ပါတယ်၊ ဆရာကြီးထန်ချင်ဟာ အသက်အန္တရာယ်နဲ့ အတော်နီးကပ်နေပါတယ် ... သူဟာ လဲကျနေရာက လုံးဝမထနိုင်တော့ပါဘူး။ ဒါကြောင့်မို့ ကျွန်တော် လာပြီးတောင်းပန်နေတာပါ"

ကွမ်လိန် စကားဆုံးသွားသော်လည်း အထဲမှတုံ့ပြန်သံကို လုံးဝမကြားရ။ ကွမ်လိန်က စိတ်မရှည်တော့သဖြင့် အန္တရာယ်ကိုပင် သတိမမူမိတော့ဘဲ အတွင်းသို့ လှမ်းဝင်လိုက်သည်။ ခြေထောက်ရှေ့သွားတိုင်း အသံဗလံများ မြည်နေသည်။ ခြေသံနှင့်လေတိုးသံက ရောထွေးနေ၏။

အခြေအနေက ထိတ်လန့်ဖွယ်ကောင်းသော အခြေအနေ



ဖြစ်သည်။ ကွမ်လိန်က နှစ်လှမ်းသုံးလှမ်း ထပ်လှမ်းလိုက်၏။ အသင့်ပါလာသော မီးခြစ်ကို ခြစ်ကြည့်လိုက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

နတ်စင်နှင့်နတ်ရုပ်များ၊ ပန်းချီကားများ၊ ပန်းအိုးများ၊ နဂါးရုပ်များ အရာအားလုံးသည် ဟောင်းနွမ်းအိုမင်းနေပြီး ယိုယွင်းပျက်စီးနေ၏။ ပင့်ကူအိမ်နှင့် အမှိုက်သရိုက်များကလည်း ရှုပ်ယှက်ခတ်နေလေသည်။

မျက်စိရှေ့တည့်တည့်တွင် လူတစ်ရပ်ခန့်ရှိသော နတ်ရုပ်တုနှစ်ခုရှိနေပြီး မည်းမည်းညစ်ညစ်နှင့် လှပခြင်းမရှိတော့ချေ။ ဘုရားကျောင်းပျက်ကြီးမှာ ချောက်ချားဖွယ် တိတ်ဆိတ်မြဲတိတ်ဆိတ်နေသည်။

ကွမ်လိန်သည် မည်သို့မျှ ထူးခြားခြင်းမရှိသဖြင့် စိတ်ပျက်လက်ပျက်ဖြစ်သွား၏။ ကျားသစ်အိတ်ညီအစ်ကိုနှစ်ယောက် ဤကျောင်းအိုပျက်ကြီးထဲမှ ထွက်ခွာသွားကြပြီဟုပင် ယူဆလိုက်မိသည်။

ကွမ်လိန်သည် ဆက်ပြီးရပ်မနေလိုတော့သဖြင့် နောက်ပြန်လှည့်လျှောက်လှမ်းလိုက်မိသည်။ ထိုစဉ် ဘုရားကျောင်းအတွင်းမှ အေးစက်စက်အသံတစ်သံ ပေါ်လာသည်။

"ရပ်လိုက်"

ကွမ်လိန်သည် ထိတ်ခနဲဖြစ်သွားပြီး ခြေဖျားလက်ဖျားများပင် အေးစက်သွားသည်။ တစ်ကိုယ်လုံး တုန်ယင်သွားပြီး အသံလာရာ

ကို ကြည့်လိုက်မိ၏။ စောစောက နတ်ရုပ်တုနှစ်ခုနောက်မှ လူတစ်ယောက် ထွက်လာသည်ကို တွေ့ရ၏။

ထိုလူသည် အရပ်ရှည်သလောက် ပိန်သည်။ ဆံပင်များရှည်လျားပြီး ရှုပ်ထွေးနေသည်။ ဝတ်ထားသောအဝတ်သည် သစ်လွင်တောက်ပြောင်မှုရှိပြီး အရောင်က ခရမ်းရောင်ဖြစ်သည်။ အင်္ကျီသည် ဒူးပေါ်ရောက်အောင် ရှည်သည်။ ခါးပေါ်တွင် ခါးစည်းကြိုးတစ်ချောင်း စည်းထား၏။

သေသေချာချာကြည့်လိုက်သောအခါ ထိုခါးစည်းကြိုးအနီးတွင် သွေးကွက်ကြီး တစ်ကွက်ကိုတွေ့ရသည်။ သတိထားပြီး မကြည့်မိပါက သွေးကွက်ကို သတိပြုမိသည်မဟုတ်ပေ။

ကွမ်လိန်သည် ပထမပိုင်း၌ ချောက်ချားသွားသော်လည်း နောက်ပိုင်းတွင်မူ လှုပ်ရှားနေသောစိတ်ကို ထိန်းသိမ်းလိုက်နိုင်သည်။

စစ်မိန်ဂေဟာတွင် တွေ့ခဲ့ရသော အတွေ့အကြုံသာ မရှိခဲ့ပါက လန့်ဖျပ်ပြီး လိပ်ပြာလွင့်သွားလောက်၏။

လူထူးဆန်းသည် လက်တစ်ဖက်က နတ်ရုပ်တုတစ်ခုကို အားပြုကိုင်ထားပြီး ကျန်တစ်ဖက်က ခါးပေါ်မှ သွေးကွက်ကို ဖိထားသည်။ ထို့နောက် ခြေလှမ်းကို ဖြည်းဖြည်းလှမ်းပြီး ရှေ့ကိုတိုးလာသည်။ ခြေလှမ်းပုံသည် အတော်လေး နှေးကွေးပြီး လေးလံနေသည်။ မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်နေပြီး သွေးရောင်လုံးဝမရှိချေ။

ဖယောင်းတိုင်အလင်းရောင်နှင့် မြင်နေရသော မျက်လုံးအစုံကား တဖျပ်ဖျပ်အရောင် တောက်နေပြီး ကြောက်စရာကောင်းသည်။



လူထူးဆန်းသည် တံခါးဝနှင့် မနီးမဝေးတွင်ရပ်နေသော ကွမ်လိန်ကိုစိုက်ကြည့်နေ၏။

ကွမ်လိန်ကလည်း သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်နေလိုက်သည်။ မျက်လုံးချင်း ဆုံမိလိုက်သောအခါ ကွမ်လိန်ရင်ထဲ ဒိန်းခနဲဖြစ်သွား၏။ ထိုလူကို မြင်ဖူးသလိုလို။ စစ်မိန်ဂေဟာ၌ ရှမ်းဝေကို သတ်ဖြတ်ခဲ့သော အဘိုးကြီးနှင့် အတော်တူသည်။

လူထူးဆန်းက ခပ်တိုးတိုးလှမ်းပြောသည်။

"အထဲကို ဝင်ခဲ့"

ကွမ်လိန်သည် နောက်တွန့်နေခြင်းမရှိဘဲ ရှေ့ကို တိုးသွားသည်။ ထိုလူက ကွမ်လိန်၏ လှုပ်ရှားမှုများကို မျက်ခြည်မပြတ် လိုက်ကြည့်သည်။ သူ၏အကြည့်သည် ထိတ်လန့်ဖွယ်ကောင်းသော အကြည့်ဖြစ်သည်။ ကွမ်လိန်သည် စူးရဲအေးစက်သောအကြည့်ကြောင့် ကြက်သီးများပင် တဖြန်းဖြန်းထသွားသည်။

နတ်ရုပ်တုကြီးနှစ်ခုအနီးသို့ရောက်သွားသောအခါ လူထူးဆန်း၏ကိုယ်သည် ဖြည်းညင်းစွာ လှုပ်ရှားလာပြီး မတ်တတ်ရပ်နေရာမှ နှေးနှေးကွေးကွေးထိုင်ချလိုက်၏။ ထိုအခါကျမှ နတ်ရုပ်နောက်တွင် ကွယ်ပြီးထိုင်နေသော အဘိုးကြီးတစ်ဦးကို ထပ်တွေ့ရသည်။

ကွမ်လိန်လက်ထဲမှ မီးရောင်က အဘိုးကြီးမျက်နှာပေါ် ဖြာကျနေသည်။

အဘိုးကြီးက တင်ပျဉ်ခွေထိုင်ပြီး ငြိမ်သက်နေ၏။ အတွင်းအားကျင့်စဉ်ကို ကျင့်နေပုံရသည်။ ဝတ်ထားသောအင်္ကျီမှာ စောစော

က လူထူးဆန်းဝတ်ထားသည့် ခရမ်းရောင်အင်္ကျီမျိုးပင်ဖြစ်၏။ အဘိုးကြီးသည် ထိုင်နေသော်လည်း အရပ်က အတော်မြင့်ပုံရသည်။

ကွမ်လိန်က စောစောကလူနှင့် ယခုတွေ့နေရသောလူကို သေချာစွာအကဲခတ်ကြည့်ပြီး ဝါမကျားသစ်အိတ် ညီအစ်ကိုမှန်း ရိပ်စားမိလိုက်၏။

ထို့ကြောင့် ဝိလွန်းခေါင်းဆောင်ဝါအဖွဲ့မှ ချီထင်၏စကားများကို ချက်ချင်းအမှတ်ရလေသည်။ အတွေးများက အလျဉ်မပြတ်အောင် ဖြစ်ပေါ်လာ၏။

"ဒီလူနှစ်ယောက်ဟာ ဝါမကျားသစ်အိတ်ညီအစ်ကိုပဲ၊ ဒါပေမဲ့ ဟိုအဘိုးကြီးခါးပေါ်မှာ လက်နက်ပုန်းအိတ်မရှိဘူး၊ ဒီတော့ ... ချီထင်ပြောတာ မှန်နေပြီ၊ သူတို့ညီအစ်ကို စစ်မိန်ဂေဟာကိုရောက်ခဲ့တယ်ဆိုတာမှန်နေပြီ၊ သေချာသွားပြီ ... သူတို့ရဲ့လက်နက်ပုန်းအိတ် ကျကျန်ရစ်ခဲ့တယ်ဆိုတာလည်း မဟုတ်မှလွဲရော ... ဒီလူတွေဟာ လူသတ်တရားခံအစစ်ဖြစ်လိမ့်မယ် ...

အင်း ... တစ်ခု အတွေးရကြပ်နေတာက ခြောက်ထောင့်အဆောင်ထဲက ရုတ်တရက်ထွက်လာပြီး ရှမ်းဝေကို သတ်ခဲ့တဲ့လူဟာ ကျားသစ်ညီအစ်ကိုနှစ်ယောက်ထဲက တစ်ယောက်ဖြစ်မယ် ... သိပ်တော့မသေချာဘူး၊ ငါ မမှတ်မိလို့များလား ... ငါ့ကိုလက်နက်ပုန်းနဲ့ ပစ်ပြီး ထွက်ပြေးသွားတာဟာ ဒီလူနှစ်ယောက်ပဲဖြစ်မယ်"

ကွမ်လိန်က အခြေအနေကို အပြန်ပြန်အလှန်လှန်စဉ်းစားချင့်ချိန်နေ၏။ ထိုစဉ် တင်ပျဉ်ခွေထိုင်နေသော အဘိုးကြီးက မျက်လုံး



ကို မှိတ်ထားရင်း လှမ်းပြောသည်။

"ငှက်ဝိန်ထန်ချင် လောဟိုအပ်ဒဏ်ကို ခံနေရတယ် ... ဟုတ်လား။ ခု ... သူ အပြင်မှာစောင့်နေသလား"

"ဟုတ်ကဲ့ ... စောင့်နေပါတယ် ဆရာကြီး"

အဘိုးကြီးက သက်ပြင်းတစ်ချက်ချလိုက်၏။ ကွမ်လိန်ဘေးတွင်ရှိနေသောလူက အဘိုးကြီးကို လှမ်းပြောသည်။

"အစ်ကိုကြီး ... ဒီကိစ္စကို ဘယ်လိုလုပ်ကြမလဲ၊ ငှက်ဝိန်ထန်ချင်နဲ့ ကျွန်တော်တို့ဟာ မိတ်ဆွေဟောင်းတွေဖြစ်နေကြတော့ အထင်မှားပြီး လုပ်လိုက်မိတာကို ကုပေးမှကောင်းမယ်ထင်တယ်"

လူထူးဆန်း၏အသံက လေးလံလှသော်လည်း ပီသမှုရှိ၏။ ဒဏ်ရာရထားသူဖြစ်သော်လည်း ထစ်ထစ်ငေါ့ငေါ့မရှိ။ ကွမ်လိန်က ဒဏ်ရာရထားသော်လည်း စကားကောင်းစွာ ပြောနိုင်သောသူ့ကို ကြည့်၍ တအံ့တဩဖြစ်သွားသည်။ ထိုသူရထားသော ဒဏ်ရာသည် သေးငယ်သောဒဏ်ရာ မဟုတ်ပါချေ။ အဘိုးကြီးက မျက်လုံးကိုမှိတ်ထားမြဲ မှိတ်ထားပြီး ထပ်တိုးတိုးပြောသည်။

"ဟုတ်တယ် ... မိတ်ဆွေချင်း မှားယွင်းသွားတဲ့ကိစ္စဆိုတော့ ကုပေးရမှာပေါ့၊ ဒါပေမဲ့ ... ငါတို့ရဲ့ဒဏ်ရာကို ဘယ်သူက လာကုပေးမှာလဲ"

အစ်ကိုဖြစ်သူ၏စကားကြောင့် ညီဖြစ်သူမှာ တွေဝေသွား၏။ အစ်ကိုဖြစ်သူက ထန်ချိုဖြစ်ပြီး ညီဖြစ်သူက ထန်ကုဖြစ်၏။ သူတို့ညီအစ်ကိုမှာ ကွမ်လိန်တွေ့ချင်နေသော ကျားသစ်အိတ်ညီအစ်ကိုပင်

ဖြစ်သည်။ ထန်ကုက ထန်ချိုကိုကြည့်ပြီး သက်ပြင်းချလိုက်၏။

"ထန်ချင်ဟာ အကြောင်းမဲ့သက်သက် အပ်စာမိသွားတဲ့လူပါ၊ ကျွန်တော်တို့လက်ချက်နဲ့ သေသွားမယ်ဆိုရင် မျက်နှာပူစရာတွေ များလာလိမ့်မယ် အစ်ကိုကြီး"

ထန်ချိုက ထန်ကုကို မည်သည့်အစကားမျှ ပြန်မပြောဘဲ ကွမ်လိန်ကိုသာ လှမ်းကြည့်လိုက်၏။

"မင်း သူ့ကိုခေါ်ခဲ့ပါ"

ကွမ်လိန်မှာ တအံ့တသြဖြစ်သွားပြီး နေရာမှခပ်သုတ်သုတ် လျှောက်ကာ ပြန်ထွက်လာခဲ့သည်။

ဝါမေကျားသစ်အိတ် ညီအစ်ကိုက ကွမ်လိန်၏ ကျောပြင်ကို ကြည့်ရင်း ကျန်ရစ်ခဲ့၏။ ကွမ်လိန် ကွယ်ပျောက်သွားသောအခါမှ ထန်ကုက ထန်ချိုကို လှမ်းပြောသည်။

"စောစောက အစ်ကိုကြီးပြောတဲ့စကားကို ကောင်လေး သိပ်ကျေနပ်ပုံမရဘူး၊ သတ္တိတော့သတ္တိကောင်းပဲ၊ ကျွန်တော်တို့ရထားတဲ့ဒဏ်ရာက ထန်ချင်ထက် ပိုပြီးပြင်းထန်တယ်ဆိုတာ ဒီကောင်လေး သိပုံမရဘူး၊ ကျွန်တော်တို့ခံရတာက ထန်ချင်ထက် အချောင်ဆန်သေးတယ်"

ထန်ချိုက ခေါင်းညိတ်ပြီး ပြန်ပြောသည်။

"ငါတို့ဒဏ်ရာရခဲ့တာဟာ ရက်အတော်ကြာနေပြီ၊ ဒါပေမဲ့ ခုချိန်ထိ ဘယ်သူမှအကူအညီမရသေးဘူး၊ ဒါဟာ ငါတို့လက်မှာ စွန်းထင်နေတဲ့ သွေးညှီနံ့ကြောင့်ပဲ ဖြစ်မယ်၊ ငါတို့ ခုလိုဒုက္ခရောက်နေတာ



တောင် လူနှစ်ယောက်ကလာပြီး လုပ်ကြံကြသေးတယ်၊ ဒါနဲ့ ... ညီလေး ဒဏ်ရာ ဘယ့်နှယ့်နေသေးလဲ၊ ငါ့အခြေအနေကတော့ သိပ် မကောင်းဘူး၊ ဒီတောင်ကိုကျော်မှ ကျော်နိုင်တော့မလား မသိဘူး၊ မင်း လမ်းကောင်းကောင်းလျှောက်နိုင်ပြီဆိုရင် ဟိုကို အရင်သာသွားနှင့်တော့"

"အစ်ကိုကြီးကလည်း ... ဘာဖြစ်လို့ ဒီလိုစကားမျိုးပြောရတာလဲ၊ ကျွန်တော်တို့ဟာ သွေးသောက်ညီအစ်ကိုတွေပါ၊ သေလည်း အတူတူပေါ့ ဒီလောက်ဒဏ်ရာရတာနဲ့ ကျွန်တော်တို့ မသေနိုင်သေးပါဘူး အစ်ကိုကြီးရဲ့"

ထန်ကုစကားကြောင့် ထန်ချို သက်ပြင်းရှိုက်လိုက်သည်။

ပြောသာပြောရသည် ရထားသောဒဏ်ရာကား သေးငယ်လှသည် မဟုတ်။ အတွင်းအားကောင်းလွန်းသူများမို့သာ ဤမျှ တောင့်ခံနိုင်ခြင်းဖြစ်၏။ စကားပြတ်သွားသည်နှင့် ထန်ချိုက မျက်လုံးမှိတ်ပြီး ပြန်ငြိမ်နေသည်။

အစ်ကိုကြီးထန်ချိုရထားသော ဓားဒဏ်ရာက ဗိုက်ပေါ်တွင် ဖြစ်၏။ ဓားဒဏ်ရာနှစ်ခုစလုံးမှာ အလွန်အရေးကြီးသော နေရာများတွင်ဖြစ်နေသဖြင့် အတွင်းအားသာ မကောင်းခဲ့ပါက ယခုအချိန်ဆိုလျှင် မြေကြီးထဲရောက်နေလောက်ပြီ။

ထိုစဉ် မိးရောင်တစ်ချက် လင်းသွားသဖြင့် ထန်ကုက အပေါက်ဝကို လှမ်းကြည့်လိုက်၏။ အပေါက်ဝတွင် ထန်ချင်ကို လက်တွဲလာသော ကွမ်လိန်ကိုတွေ့ရ၏။ ကွမ်လိန်သည် ထန်ချင်ကို လက်

တစ်ဖက်နှင့် ဖေးကိုင်ထားပြီး လက်တစ်ဖက်က ကြေးမီးအိမ်တစ်ခုကို ကိုင်လာလေသည်။

နတ်ရုပ်တုနှစ်ခု အနီးသို့ရောက်သောအခါ ထန်ချိုက လက်ထဲတွင်ကိုင်ထားသော အစိမ်းရောင်ပုလင်းကို မျက်စိမဖွင့်ဘဲ ပစ်ပေးလိုက်၏။ ကွမ်လိန်က ရိပ်ခနဲပြေးလာသောပုလင်းကို ရဲရဲတင်းတင်းပင် ဖမ်းယူလိုက်သည်။

"တစ်ဝက်ကို ဒဏ်ရာပေါ်ဖြူးပေးလိုက်၊ တစ်ဝက်ကိုစားနိုင်းလိုက်"

ကွမ်လိန်ကိုမကြည့်ဘဲ ထန်ချိုက လှမ်းပြောသည်။ကွမ်လိန်က ငှက်ဝိန်ထန်ချင်ကိုလွှတ်ပြီး ပုလင်းကိုလှမ်းဖမ်းလိုက်သည်။

ထန်ချင်သည် ဒဏ်ရာအကြီးအကျယ်ရထားသော်လည်း အတွင်းအားမူ ကောင်းနေဆဲပါတကား ...

မှန်သည်။ ဝါမေကျားသစ်အိတ်ညီအစ်ကိုသည် နှစ်ပေါင်းများစွာ ကျော်ကြားထင်ရှားခဲ့သူများဖြစ်၍ ဒဏ်ရာပြင်းထန်စွာ ရထားသော်လည်း တော်ရုံတန်ရုံသိုင်းသမားကို ကောင်းကောင်းတိုက်နိုင်စွမ်း ရှိနေသေးသည်။

ထို့ကြောင့် တုန်တုန်ယင်ယင်နှင့် ကိုင်ထားသော ကြေးမီးအိမ်ကို ထန်ကုအနီးတွင်ရှိသော စားပွဲပေါ်သို့ လှမ်းတင်လိုက်မိသည်။ ထိုစဉ် ငှက်ဝိန်ထန်ချင်က ကယောင်ကတမ်းရေရွတ်လိုက်သည်။

"ခင်ဗျားတို့ကျေးဇူးကို ကျုပ် ဘယ်တော့မှ မမေ့ပါဘူး၊ ဒီကျေးဇူးကို တစ်နေ့နေ့မှာပြန်ဆပ်ပါ့မယ် ... အဟင်း ... ဟင်း"



ငှက်ဝိန်ထန်ချင်သည် အားတင်း၍ကျေးဇူးတင်စကား လှမ်းပြောသည်။ ထန်ကုက ...

"ကျုပ်တို့ကျေးဇူးကို မေ့တာမမေ့တာဟာ အကြောင်းမဟုတ်လှပါဘူး၊ ကျုပ်တို့ဟာ မကြာခင်သေရတော့မယ့်လူတွေပါ၊ ကျုပ်တို့အသက်ရှင်နိုင်ဖို့ဆိုတာက သိပ်လွယ်တဲ့ကိစ္စမဟုတ်ဘူး၊ ထိုက်ရှင်ချိုင်ဝု (ခရမ်းရောင်ကျဉ်ပွတ်) အဖွဲ့က ဖော်စပ်ထားတဲ့ အသက်ဆက်နတ်ဆေးဆီကို အချိန်မီရမှ ရှင်နိုင်မယ့်ကိစ္စပါ"

ရုတ်တရက် ...

အပြင်ဘက်မှ ရယ်မောသံ ပေါ်လာသည်။ အားလုံး လှမ်းကြည့်လိုက်သောအခါ ဘုရားကျောင်းပျက်တံခါးဝ၌ တောက်ပြောင်သော အင်္ကျီဝတ်အဘိုးကြီးနှစ်ယောက်ကို တွေ့ရတော့သည်။ ကျောက်စိမ်းဆေးတံတစ်ချောင်းစီကို ခါးကြား၌ထိုးထားကြသည်။

ကွမ်လိန်သည် ထိုအဘိုးကြီးနှစ်ယောက်ကို တွေ့လိုက်ရသည်နှင့် မျက်လုံးပြူးသွားတော့သည်။

ဝါမေကျားသစ်ညီအစ်ကို၏ မျက်နှာများသည် ချက်ချင်းဝင်းထိန်သွားပြီး ဝမ်းသာရိပ်များ လွှမ်းလာသည်။

## အခန်း (၂၀)
### ငါမကျားသစ်အိတ်ညီနောင်

တောက်ပြောင်သောအဝတ်အစားများကို ဝတ်ဆင်ထားကြသည့် အဘိုးကြီးနှစ်ယောက်သည် အရယ်မရပ်ကြသေး။

အတန်ကြာမှ အရပ်ပုပုအဘိုးကြီးက လှမ်းပြောသည်။

"ကံမကုန်လို့ ပြန်ဆုံကြတာမျိုးပေါ့ကွ ... ဟား ... ဟား ... ကြည့်စမ်း ... မင်းတို့ညီအစ်ကိုနဲ့ ငါတို့ညီအစ်ကို ကွဲနေတာ ဘယ်လောက်ကြာပြီလဲ ... ဆယ်နှစ်လောက်တောင် ရှိပြီထင်တယ်၊ တွေ့မယ့်တွေ့တော့လည်း ဒုက္ခသည်နှင့် ကယ်တင်ရှင်အဖြစ် လာတွေ့ကြရတယ် ... ကောင်းကွာ"

အဘိုးကြီးသည် သူ့စကားသူသဘောကျပြီး တဟားဟားရယ်သည်။ စင်စစ် ထိုအဘိုးကြီးနှစ်ယောက်သည် အခြားသူမဟုတ်။ ထိုက်ရှင်တောင်ခရမ်းရောင်ကျားမှတ်အဖွဲ့မှ လောဆန်နှင့်လောဆောတို့ပင်တည်း။ ထန်ကုသည် အဘိုးကြီးနှစ်ယောက်ကိုကြည့်ပြီး ဝမ်းသာ အားရပြုံးလိုက်သည်။

"ကျုပ်တို့လည်း အသက်ဆက်နတ်ဆေးဆီအကြောင်းကို ပြောနေတာ စကားတောင် မပြတ်ကြသေးဘူးဗျ၊ သေကံမရောက် သက်မပျောက်ဆိုတာမျိုး ထင်ပါ့ ... ဟား ... ဟား ..."



ထိုစဉ် လောဆောအဘိုးကြီး၏မျက်နှာသည် တင်းမာခက်ထန်သွားသည်။ တစ်ချိန်တည်းမှာပင် ခြေလှမ်းသွက်သွက်နှင့် ကွမ်လိန်အနီးသို့ တိုးကပ်လာပြီး ကွမ်လိန်၏ညာဘက်ပခုံးသွေးကြောကို ဖတ်ခနဲရိုက်ပစ်လိုက်သည်။

အပြောင်းအလဲသည် အလွန်မြန်ဆန်သော အပြောင်းအလဲဖြစ်သည်။ ကွမ်လိန်သည် ရိပ်ခနဲမြင်လိုက်ရသော လက်ဝါးချက်ကြောင့် ထိတ်ခနဲဖြစ်သွားပြီး တုံ့ပြန်လက်ဝါးကို သုံးလိုက်မိသည်။

မမျှော်လင့်သောအဖြစ်ကို တွေ့လိုက်ရသော ငှက်ဝိန်ထန်ချင်သည် ကယောင်ကတန်းနှင့် လှမ်းအော်လိုက်သည်။ အော်သာအော်လိုက်သည်၊ ခန္ဓာကိုယ်ကတော့ လှုပ်နိုင်သည်မဟုတ်တော့ပေ။

လောဆောအဘိုးကြီး၏လှုပ်ရှားမှုသည် ကွမ်လိန်ကို ရန်ပြုလို၍ လှုပ်ရှားလိုက်သောအပြုအမူမဟုတ်။ ဘယ်မြောက်ပြီး ညာလှမ်းသည့် အပြုအမူသာဖြစ်သည်။ အတွေ့အကြုံနုနယ်သော ကွမ်လိန်သည် အဖိုးတန်သောဆေးတစ်ပုလင်း ဆုံးရှုံးသွားချေပြီ။

လောဆောအဘိုးကြီးသည် အစိမ်းရောင်ဆေးပုလင်း ရသည်နှင့် နောက်သို့ တဖြည်းဖြည်းပြန်ဆုတ်သွားသည်။

ကွမ်လိန်က လှမ်းအော်လိုက်၏။

"ခင်ဗျား ဒါဘာလုပ်တာလဲ"

လောဆောအဘိုးကြီးက ရယ်ပြီးပြောသည်။

"ဟား ... ဟား ... ငါ ဒီကို ဘာဖြစ်လို့ ရောက်လာရတယ်ဆိုတာ မင်းသိသလား၊ မင်းနောက်ကိုလိုက်ခဲ့တာကွ ... နားလည်

လား၊ လမ်းပေါ်မှာ တွေ့ခဲ့တဲ့မြင်းခြေရာကိုကောက်ပြီး လိုက်လာတာမို့ ဒီကို ရောက်လာတာ၊ ဘာလဲ မင်းက ထန်ချိုနဲ့ထန်ကုတို့ကို ကယ်တင်ဖို့ နတ်မျက်စိရပြီး ရောက်လာတယ် ထင်နေသလား ... ဟား ... ဟား ... ”

လောဆောအဘိုးကြီးစကားကြောင့် ထန်ညီအစ်ကိုနှစ်ယောက် ထိတ်ခနဲဖြစ်သွားသည်။

“ငါတို့ အသက်ရှင်ဖို့ကိစ္စကတော့ မလွယ်တော့ဘူး”

ကွမ်လိန်က ခပ်မာမာပြောသည်။

“ခင်ဗျားတို့က ဘာဖြစ်လို့ ကျွန်တော့်နောက်ကို လိုက်လာကြတာလဲ၊ ဘဘတို့နဲ့ ကျွန်တော်ဟာ ဘာမှပတ်သက်ကြတာမဟုတ်ပါဘူး၊ ကျွန်တော့်လက်ထဲက ဆေးပုလင်းဟာ ဟောဒီဆရာကြီး ထန်ချင်ကို ကုပေးဖို့ဆေးပါ၊ ဒါကို ဘဘတို့က ဘာဖြစ်လို့ အနိုင်ကျင့်ပြီး လုယူခဲ့ကြတာလဲ”

သူသည် အဘိုးကြီးနှစ်ယောက်၏ သိုင်းပညာအဆင့်မြင့်မားလှသည်ကို ကောင်းစွာသိထားသော်လည်း ကြောက်ရွံ့စိတ်မရှိဘဲ ခပ်ရဲရဲပြောသည်။ လောဆောအဘိုးကြီးက ကွမ်လိန်ကိုကြည့်ပြီး ဟက်ခနဲရယ်သည်။

“ဟား ... ဟား ... ငါ့ကို မင်းနောက်ကို ဘာဖြစ်လို့လိုက်လာရသလဲဆိုတာ သိချင်သလား၊ မင်းမိတ်ဆွေ ဝုပုယွင်အကြောင်း သိချင်လို့ လိုက်လာတာကွ ... ရှင်းပြီးလား၊ မင်းလက်ထဲက ဒီဆေးပုလင်းကို လုယူခဲ့တာဟာ ဝုပုယွင် ဘယ်သွားတယ်ဆိုတာ



သိချင်လို့ပဲ ... ရှင်းပြီးလား ... ဟား ... ဟား ...”

ကွမ်လိန် အံ့ဩသွားသည်။ အဘိုးကြီးနှစ်ယောက်သည် ဝုပုယွင်ကို ဘာကြောင့် လိုက်ရှာနေလေသနည်း။ အဘိုးကြီးနှစ်ယောက်နှင့် ဝုပုယွင်တို့သည် ရန်ငြိုးရန်စ ရှိနေသူများလော။

ဤကိစ္စသည် အသက်ချင်းကွာခြားလွန်းနေသဖြင့် ဖြစ်နိုင်စရာ အကြောင်းမရှိချေ။ ကွမ်လိန်သည် သက်ပြင်းရှိုက်လိုက်ပြီး ...

“ဝုပုယွင်ကိုတွေ့ချင်ရင် ဘဘတို့ဘာသာ လိုက်ရှာကြပါ၊ ဘဘတို့ဟာ နေရာဒေသအနှံ့ နှံ့စပ်ကျွမ်းကျင်တဲ့ သူတွေပဲဥစ္စာ၊ ခုလို ပြဿနာရှာအောင် လိုက်လုပ်နေတာဟာ ဘဘတို့လို သိုင်းအကျော်အမော်ကြီးတွေအဖို့ သိက္ခာကျစရာကြီးတွေပါ”

အဘိုးကြီးနှစ်ယောက်သည် ရယ်ကျဲကျဲလုပ်နေသော မျက်နှာကို တည်ပစ်လိုက်ကြသည်။

ကွမ်လိန်က သူ့ကို ကြောက်ရွံ့ဟန်မပြဘဲ ဆက်ပြော၏။

“ဝုပုယွင်နဲ့ကျွန်တော်ဟာ ငယ်ပေါင်းကြီးဖော်တွေ မဟုတ်ပါဘူး၊ သိပ်ပြီး ရင်းနှီးခင်မင်ကြတဲ့လူတွေလည်း မဟုတ်ပါဘူး၊ ဒီတော့ ဘဘတို့မေးတာကို ကောင်းကောင်းဖြေနိုင်မှာ မဟုတ်ပါဘူး”

လောဆောအဘိုးကြီးက တစ်ကိုယ်လုံး တုန်ခါပြီးအော်ရယ်လိုက်သည်။

“ဟား ... ဟား ... ဟား ... မင်းက လူငယ်သလောက် လူလည်ကျချင်တဲ့ကောင်ပဲ၊ မင်းနဲ့ ဝုပုယွင်ဟာ ငယ်ပေါင်းကြီးဖော် မဟုတ်တာ ငါသိပါတယ်ကွ၊ ဒါပေမဲ့ မင်းနဲ့သူက အတူတူခရီးသွားခဲ့

ကြတဲ့သူတွေပါ၊ သူ ဘယ်ကိုသွားမယ်ဆိုတာလောက်တော့ သိထားရမှာပေါ့၊ ဒီလောက်တောင် မသိဘူးဆိုတာကတော့ ဖြောင့်ငြင်းတဲ့ ကိစ္စပဲ၊ တခြားလူကိုသာ လိမ်လို့ရချင်ရမယ်၊ ငါတို့ကိုတော့ လိမ်လို့မရဘူးကွ၊ မယုံရင် ဟောဒီမှာရှိနေတဲ့လူတွေကို မေးကြည့်စမ်းပါ၊ ငါ့ကို လိမ်လို့ရတဲ့လူ ရှိသလားဆိုတာ"

လောဆောအဘိုးကြီးသည် ဉာဏ်များသူဖြစ်သည့်အတိုင်း ငြိမ်သက်နေကြသော သိုင်းဆရာကြီးများကိုပင် ခပ်တည်တည်နှင့် ခုတုံးလှမ်းလုပ်လိုက်၏။

ထန်ချိုနှင့်ထန်ကုတို့သည် လောဆော၏ ခုတုံးလုပ်ခြင်းကို ရိပ်မိလိုက်ကြသော်လည်း သူ့ထံမှ အကူအညီရယူရန်ကိစ္စက ကြီးကျယ်နေသဖြင့် ရောယောင်၍ ခေါင်းညိတ်လိုက်ကြသည်။ ငှက်ပိန်ထန်ချင်ကလည်း လောဆော၏စကားကို ကျေနပ်မှုမရှိသော်လည်း မိမိမှ ဒဏ်ရာကြီးနှင့်ဖြစ်နေသဖြင့် စကားနည်းရန်စဲ အင်းလိုက်လိုက်၏။ လောဆောက လက်ထဲမှဆေးပုလင်းကို မြှောက်လိုက် ဖမ်းလိုက်လုပ်ပြီး ကွမ်လိန်ကို လှမ်းပြောသည်။

"မင်း ငါ့ကိစ္စကို ထပ်ပြီးငြင်းပယ်နေရင် ငှက်ပိန်ထန်ချင်ရဲ့ အသက်ဟာ ရှင်ဖို့သိပ်မလွယ်ဘူး၊ ဒီတာဝန်ဟာ မင်းပခုံးပေါ်မှာ ရှိနေတယ်၊ ငှက်ပိန်ထန်ချင်ရဲ့ သေရေးရှင်ရေးဟာ ငါနဲ့ဘာမှမဆိုင်ဘူး"

လောဆော၏ကလိန်ကျသောစကားကြောင့် ထန်ညီအစ်ကိုသည် သက်ပြင်းချလိုက်ကြ၏။

"သိုင်းလောကသားတွေက လောဆောအဘိုးကြီးကို သိပ်



ဉာဏ်များတဲ့လူလို့ ပြောခဲ့ကြတယ်၊ ဒါကို ငါတို့ မယုံခဲ့ဘူး။ ခုတော့ သိုင်းလောကရဲ့စကားဟာ သိပ်မှန်နေပါလား၊ သူက ထုံးနန်အဖွဲ့နဲ့ ရန်ငြိုးမဖြစ်ချင်လို့ သူ့တာဝန်ကို ကောင်လေးပခုံးပေါ် တင်ပေးလိုက်တာပဲ၊ ဉာဏ်ကတော့ အတော်များတဲ့လူ"

ကွမ်လိန်သည် ဒေါသဖြစ်လွန်းသဖြင့် တစ်မျက်နှာလုံး နီရဲလာသည်။ ပြောချင်သောစကားများပင် အပြင်သို့ ထွက်မလာ၊ လည်ချောင်းထဲတွင်သာ တစ်ဆို့နေ၏။ လောဆောအဘိုးကြီးက အခြေအနေကို သဘောကျသွားသဖြင့် တဟဲဟဲရယ်ပြီး ထပ်ပြော၏။

"မိတ်ဆွေလေး ... ငါမေးတာကို မဖြေချင်ရင် ငါ့လက်ထဲရောက်နေတဲ့ ဆေးပုလင်းကို ပြန်ပြီးလုယူပေါ့ကွ"

ကွမ်လိန်သည် ဒေါသထွက်ထွက်နှင့် ဘာမျှမစဉ်းစားတော့ဘဲ လောဆောရှိရာ လွှားခနဲ ခုန်ဝင်သွားတော့သည်။

ဤတွင် လောဆောအဘိုးကြီးက အရယ်မပျက်၊ အပြုံးမပျက် လှစ်ခနဲ ရှောင်တိမ်းပေးလိုက်သည်။ ထို့နောက် နေရာမှလှမ်း၍ ကျွမ်းပစ်ပြီး ခုန်ထွက်သွား၏။ တစ်ကိုယ်လုံးသည် လေဟာပြင်ထဲ လွင့်မျောသွားပြီး ရှစ်ပေအကွာခန့်သို့ ရောက်ရှိသွားသည်။ ထို့နောက် လက်ထဲမှ ဆေးပုလင်းကို မြှောက်လိုက်ဖမ်းလိုက်လုပ်ပြီး ရယ်ရယ်မောမောဖြင့် လှမ်းပြောသည်။

"မင်းက ဒီဆေးပုလင်းကို သိပ်လိုချင်နေသလား၊ ငါမေးတာကို မဖြေရင် မိုးပေါ်ကကြယ်ကို လှမ်းယူချင်တာထက် ခက်လိမ့်မယ်ကွ ... ဟား ... ဟား"

အဘိုးကြီး တဟားဟားရယ်နေသလောက် ကွမ်လိန်သည် ဒေါသအကြီးအကျယ်ထွက်နေ၏။ ယခုအချိန်၌ သေရမှာကိုပင် မကြောက်တော့။ ရင်ထဲတွင် ဒေါသမီးကြီး တဟုန်းဟုန်းတောက် လောင်နေသဖြင့် လောဆောလက်ထဲမှ ဆေးပုလင်းကို မရအရလုယူရန် ပိုင်းဖြတ်လိုက်သည်။ တစ်ပြိုင်တည်းတွင် ရပ်နေရာမှ လွှားခနဲ ခုန်ဝင်သွား၏။

သို့သော် လောဆန်အဘိုးကြီးက ရှေ့တည့်တည့် ရောက်လာပြီး ရင်ဘတ်ကို လှမ်းတွန်းလိုက်သည်။ ကွမ်လိန်သည် ရိပ်ခနဲ ဝင်လာသော လောဆန်ကို မြင်လိုက်သဖြင့် ထိတ်ခနဲဖြစ်သွားပြီး တုံ့ခနဲနေအောင် ရပ်ပစ်လိုက်၏။

ကွမ်လိန်သည် ဒေါသထွက်လွန်းသဖြင့် လောဆန်ကို စိုက်ကြည့်လိုက်သည်။ လောဆန်သည် ကွမ်လိန် ဒေါသထွက်နေပုံကို ကြည့်ပြီး သဘောကျကျေနပ်နေ၏။ ထို့နောက် အလွန်ကြင်နာသနားသည့် လေသံမျိုးနှင့် ခပ်တိုးတိုးပြော၏။

"မိတ်ဆွေလေး ... သိပ်လည်း ဒေါသမကြီးပါနဲ့ကွာ၊ ငါတို့ ဝုပုယွင်ကို ဘာဖြစ်လို့လိုက်ရှာနေတယ်ဆိုတာ မင်းသိလို့လား"

"အဲဒါက ကျွန်တော်မေးရမယ့်စကားပါ"

အဘိုးကြီးက ...

"ဘဘတို့ ဝုပုယွင်ကို လိုက်ရှာနေကြတာဟာ မကောင်းကြံဖို့ မဟုတ်ပါဘူး၊ ဒါဆိုရင် လုံလောက်ပြီဆိုနိုင်ပါတယ်၊ မင်းအနေနဲ့ တို့ကို မယုံသင်္ကာဖြစ်မနေပါနဲ့"



"သူက ဘဘတို့လူမို့လို့လား"

လောဆန်အဘိုးကြီးက ပြုံးပြီးပြောသည်။

"သူဟာ ဘဘတို့အဖွဲ့က လူတင်မကဘူး ဘဘတို့အဖွဲ့ထဲက ခေါင်းဆောင်ရဲ့သားပါ၊ ဒီလောက်ဆိုရင် ဘဘတို့ရည်ရွယ်ချက်ကို သဘောပေါက်လောက်ရောပေါ့"

လောဆန်အဘိုးကြီးက စကားကိုအဆုံးသတ်ပြီး ပြုံးပြုံးကြီးလုပ်နေသည်။ လောဆန်အဘိုးကြီး၏အမူအရာနှင့် ပြောပုံဆိုပုံသည် သဘောကောင်းသောလူနှင့်တူသည်။ လိမ်ညာမှုမပါဘဲ အမှန်အတိုင်း ပြောနေသည်ဟု ကွမ်လိန်ယုံကြည်သည်။

သို့သော် ကွမ်လိန်၏ခေါင်းထဲ၌ ဝုပုယွင်နှင့်ပတ်သက်ပြီး မရှင်းလင်းသောအချက်များ ရှိနေသေး၏။

ဝုပုယွင်သည် ထိုက်ရှင်သိုင်းဆရာကြီးနှစ်ယောက်ကို တွေ့ရသည်နှင့် မသိချင်ဟန်ဆောင်ပြီး ကြောက်ရွံ့တုန်လှုပ်နေသည်မှာ မည်သည့်အကြောင်းကြောင့်ပါနည်း။ မျက်နှာမပြရဲအောင် ဖြစ်နေသည်မှာ အတော်စဉ်းစားရခက်သောကိစ္စဖြစ်၏။

ဤအချက်သည် ဝုပုယွင်၏ ထူးခြားသော လျှို့ဝှက်ချက်သာဖြစ်၏။ သည်တော့ မိမိမိတ်ဆွေဝုပုယွင်၏လျှို့ဝှက်ချက်ကို ထုတ်ဖော်ရန် သင့်ပါမည်လော။

ကွမ်လိန်က တွေးရင်း တွေးရင်း ဝုပုယွင်၏လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု သဘောပေါက်လာသည်။

ထို့ကြောင့် လောဆန်အဘိုးကြီးကို ဘာစကားမှ ဆက်

မပြောတော့ဘဲ နောက်လှည့်လိုက်မိ၏။

တင်ပျဉ်ခွေထိုင်နေသော ငှက်ပိန်ထန်ချင်၏ဦးခေါင်းမှာ ငိုက်စိုက်ကြီးဖြစ်နေပြီး မေ့မျောနေသလို တွေ့ရ၏။

မည်သို့ပင်ဖြစ်စေ ... ငှက်ပိန်ထန်ချင်၏သေရေးရှင်ရေးက မိမိ၏ပခုံးပေါ်ကျရောက်နေပြီဖြစ်ကြောင်း ကွမ်လိန် သိနေလေပြီ။ မိမိဆုံးဖြတ်ချက်သည် မည်သည့်ဆုံးဖြတ်ချက်ဖြစ်ဖြစ် တစ်ဖက်ဖက်၏ပြစ်တင်ငြိုငြင်ခြင်းကိုကား ခံရမည်သာဖြစ်သည်။

မည်သူ့အငြိုငြင်ကို ခံမည်နည်း။ မည်သည့်ဆုံးဖြတ်ချက်သည် အကျိုးရှိမည့်ဆုံးဖြတ်ချက် ဖြစ်လေသနည်း။

ကွမ်လိန်က ခေါင်းရှုပ်ရှုပ်နှင့် သက်ပြင်းကိုသာ မှုတ်ထုတ်မိတော့သည်။ အတန်ကြာမှ လောဆန်အဘိုးကြီးကို စိုက်ကြည့်လိုက်ပြီး တစ်လုံးချင်း ပြောလိုက်သည်။

"ဘဘတို့နဲ့ ဝုပုယွင်ကြားမှာ ဘယ်လိုပြဿနာရှိနေတယ်ဆိုတာ ကျွန်တော် မသိပါဘူး၊ ဒီပြဿနာက ကျွန်တော်နဲ့လည်း မဆိုင်ပါဘူး၊ ပတ်သတ်မှုသည်း မရှိပါဘူး၊ ဒါပေမဲ့ ဘဘတို့က ဘဘတို့ရဲ့ပြဿနာကြားထဲ ကျွန်တော့်ကို အတင်းဆွဲထည့်ပြီး ဘာမှအပြစ်မရှိတဲ့လူတစ်ယောက်ရဲ့ သေရေးရှင်ရေးကိစ္စကို နိုင်ကွက်ယူပြီး အကျပ်ကိုင်တာဟာ တော်တော်ဆိုးရွားတဲ့အချက်ပဲ၊ ဒီလုပ်ရပ်ဟာ နာမည်ကျော် သိုင်းဆရာကြီးတွေရဲ့သိက္ခာကို နိမ့်ကျသွားစေတဲ့လုပ်ရပ်ပါ၊ ဘဘတို့က လူတစ်ယောက်ရဲ့အသက်ကို ပုရွက်ဆိတ်အသက်လို တန်ဖိုးမထားကြပေမယ့် ကျွန်တော်ကတော့ လူတစ်ယောက်ရဲ့အသက်ကို



ပေါ့ပေါ့တန်တန် သဘောမထားနိုင်ပါဘူး"

ကွမ်လိန်၏စကားကြောင့် လောဆန်အဘိုးကြီး မျက်နှာပျက်သွား၏။ ဖြူနေသောမျက်နှာမှာ နီရဲသွားသည်။ လောဆောကား ကွမ်လိန်၏စကားကို ဂရုမစိုက်သည့်ဟန်နှင့် ပြုံးမြဲပြုံးနေ၏။

"မင်းစကားက ဝုပုယွင်ရဲ့အခြေအနေကို ပြောပြတော့မှာလား"

ကွမ်လိန်က ဘာစကားမျှထပ်မပြောတော့ဘဲ ခေါင်းကိုသာဆတ်ခနဲ ညိတ်ပြလိုက်၏။ ထိုနောက် ...

"ကျွန်တော့်ကို ဆေးပုလင်းပြန်ပေးပါ၊ မနက်ဖြန်မနက်ရောက်တာနဲ့ ဘဘတို့ကို ဝုပုယွင်ရှေ့အရောက် ခေါ်သွားပါ့မယ်"

ကွမ်လိန်က ခပ်ပြတ်ပြတ်ပြောသည်။ လောဆောအဘိုးကြီးက ဟက်ခနဲရယ်လိုက်၏။

"မင်းစကားက အတည်ပြောတာနော်"

ကွမ်လိန် ပြုံးလိုက်သည်။

"ကျွန်တော်ဟာ ဘဘကို့လို သိုင်းလောကရဲ့အကျော်အမော်သိုင်းသမားတစ်ယောက် မဟုတ်ပါဘူး၊ ကတိတည်ပြီး သစ္စာရှိတဲ့နေရာမှာ အဲဒီလူတွေထက် သာပါတယ်"

ကွမ်လိန် ခပ်မာမာပင် ပြောသည်။

ကွမ်လိန်သည် လောလောဆယ်အခြေအနေ၌ ငှက်ပိန်ထန်ချင်၏အသက်ကို ဦးစားပေးပြီး ကယ်တင်ရပေမလိမ့်မည်။ နောက်မှ လောဆန်နှင့်လောဆောအဘိုးကြီးတို့ကို ဆာဖုံးတောင်ရှိ

ဝမ်ကျားလောင်ဆိုင်ခေါ်သွားပြီး ဝုပုယွင်နှင့်ဆုံပေးမည်။ အဘိုးကြီး နှစ်ယောက်သည် သူတို့ပြောသည့်အတိုင်းမဟုတ်ဘဲ ဝုပုယွင်ကို မကောင်းကြံစည်ခဲ့ပါက မိမိအသက်နှင့်လဲပြီး တိုက်ခိုက်တုံ့ပြန်မည်။

လောဆောအဘိုးကြီးသည် ကွမ်လိန်ထံမှ အဖြေရသည်နှင့် တဟားဟားရယ်မောပြီး ငှက်ပိန်ထန်ချင်အနီးသို့ ကပ်သွားသည်။ ထို့နောက် ရိုသေလေးစားဟန်နှင့် ဦးညွတ်ဂါရဝပြုလိုက်သည်။

"မိတ်ဆွေကြီးထန်ချင် ...ကျွန်တော်တို့မှာလည်း အရေး တကြီးကိစ္စတစ်ခု ရှိနေတာနဲ့ မိတ်ဆွေကြီးရဲ့ သေရေးရှင်ရေးကို အနှောင့်အယှက်ပြုသလို ဖြစ်သွားတာ တောင်းပန်ပါတယ် ခင်ဗျာ"

လောဆောအဘိုးကြီးက ပြောပြောဆိုဆို လက်ထဲမှ ဆေး ပုလင်းအဖုံးကို ဆတ်ခနဲ ဖွင့်လိုက်၏။ ထို့နောက် ငှက်ပိန်ထန်ချင်၏ မေးစေ့ကို ဆွဲဟလိုက်ပြီး အစိမ်းရောင်ဆေးမှုန့်များကို လောင်းထည့် လိုက်သည်။

တစ်ဝက်မျှကုန်သွားသောအခါ ဆေးတိုက်ခြင်းကို ရပ် လိုက်ပြီး ကွမ်လိန်ကို ကြည့်လိုက်၏။ ထို့နောက် ငှက်ပိန်ထန်ချင်ကို ရယ်ရယ်မောမောပြောသည်။

"မိတ်ဆွေကြီးထန်ချင်ရဲ့ ဒဏ်ရာက ရင်ဘတ်မှာလား"

ငှက်ပိန်ထန်ချင်က စကားမပြောဘဲ ခေါင်းညိတ်ပြ၏။

လောဆောအဘိုးကြီးက အင်္ကျီရင်ဘတ်ကို ဆွဲလှန်လိုက်ပြီး ခေါင်းတဆတ် ဆတ်ညိတ်၏။ ထို့နောက် ညာလက်ကို အပေါ်သို့ မြှောက်တင်လိုက်ပြီး ထန်ချင်၏ပခုံးကို ဖပ်ခနဲ ပုတ်ထည့်လိုက်သည်။



ငှက်ပိန်ထန်ချင်သည် ရှုံ့မဲ့သွားပြီး အလန့်တကြားအော်လိုက် သည်။

"အိုး"

ကွမ်လိန်သည် မျက်လုံးပြူးသွားပြီး လောဆောအဘိုးကြီး ကို လှမ်းအော်သည်။

"ဘာလုပ်တာလဲဗျ"

လောဆောအဘိုးကြီးက ကွမ်လိန်ကိုမဖြေ။ ထန်ချင်၏ပခုံး ပေါ်မှ လက်ကိုသာ ဆတ်ခနဲပြန်ရုပ်လိုက်၏။ ထို့နောက် ဘယ်ဘက် လက်မှ ဆေးပုလင်းကိုသာ ညာလက်ဝါးပေါ်သို့ မှောက်သွန်လိုက်ပြီး ထန်ချင်၏ရင်ဘတ်ပေါ်သို့ ဖြူးချလိုက်သည်။ ထို့နောက် လက်ဝါးနှင့် အသာလေး ပွတ်ပေးလိုက်သည်။ လောဆောအဘိုးကြီး၏လှုပ်ရှား မှုက မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှသာ ကြာသည်ထင်ရ၏။

"ကဲ ... မိတ်ဆွေကြီးထန်ချင် ခင်ဗျားရင်ဘတ်ထဲက အဆိပ် အပ်တွေကို ကျွန်တော် နုတ်ပစ်လိုက်ပြီးပြီ၊ ဆေးလည်း လူးပေးပြီးပြီ ဘာမှစိုးရိမ်စရာ မရှိတော့ဘူး၊ ၄ မိရက် ခလောက် အနားယူပြီးရင် နဂို အတိုင်း ပြန်ကောင်းလာလိမ့်မယ် ... ဟဲ ... ဟဲ"

လောဆောအဘိုးကြီးက ထန်ချင်ကို ပြောနေရာမှ ကွမ်လိန် ကို တစ်ဆက်တည်း လှမ်းပြောသည်။

"မိတ်ဆွေလေး ... မင်း ဘာမှမပူနဲ့တော့၊ ဘဘက မိတ် ဆွေကြီးထန်ချင်ကို ဒုက္ခရောက်အောင် ဘယ်တော့မှမလုပ်ပါဘူး၊ သူ့ကို စော်ကားလာတဲ့သူရှိနေရင်တောင် ဘဘတို့က အဲဒီသူကို တိုက်

နိုက်ပစ်မှာပါ ... ဟား ... ဟား"

ကွမ်လိန်သည် စိတ်ထဲမှ အသက်ကြီးသလောက် လူလည်ကျတဲ့ အဘိုးကြီးဟု ရေရွတ်လိုက်မိသည်။ ထိုစဉ် တစ်လျှောက်လုံးလိုလို မျက်စိမှိတ်ပြီး ငြိမ်သက်နေသည့် ထန်ချိုက လောဆောကို လှမ်းပြော၏။

"ဒီမယ် မိတ်ဆွေ ... ခင်ဗျားတို့ကိစ္စတွေ ပြီးသွားပြီလား"

ထန်ချိုက စကားပြောရင်း မျက်လုံးကို ဖြည်းဖြည်းဖွင့်သည်။ ထို့နောက် ...

"ခင်ဗျားတို့နဲ့ ကျွန်တော်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် ဘာကျေးဇူးမှ မရှိခဲ့ဘူး၊ ဒီတော့ ခင်ဗျားအနေနဲ့ ဒုက္ခရောက်နေတဲ့ ကျုပ်တို့ကို ကူညီနိုင်မယ်ဆိုရင် ကူညီပါ၊ အသက်ဆက်နတ်ဆေးဆီကို ထုတ်ပေးပါ၊ တကယ်လို့ မကူညီနိုင်ဘူး၊ ကူညီချင်တဲ့စိတ် မရှိဘူးဆိုရင်လည်း ခင်ဗျားတို့အားလုံး ဒီကျောင်းပျက်ထဲက အမြန်ဆုံးထွက်သွားကြပါ၊ ကျွန်တော်တို့ညီအစ်ကို အေးအေးနေပြီး အေးအေးသေပါရစေ"

ထန်ချို၏အသံသည် တိုးညင်းသော်လည်း စကားလုံးများသည် သူတို့၏မာနကို အထင်းသားပေါ်လွင်စေသည်။

ကွမ်လိန်ပင်လျှင် ကြားရသောစကားကြောင့် အေးစက်စက်ခံစားလိုက်ရ၏။ စိတ်ထဲ၌လည်း ...

"သိုင်းလောကသားတွေဟာ ဝါမကျားသစ်အိတ်ညီအစ်ကိုကို အဆိပ်ကောင်တွေလို သဘောထားနေကြတာဟာ ဒါကြောင့်ကိုး၊



အသက်ထွက်ကာနီး ဒဏ်ရာတွေ ပြင်းပြင်းထန်ထန် ရနေကြတာတောင် မာနတရားက ငယ်ထိပ်ရောက်နေဆဲပါလား၊ ကိုယ့်အသက်ရှင်ဖို့ အကူအညီတောင်းရမယ့်ကိစ္စမှာတောင် မာကျောကျောနိုင်နေပါလား၊ အင်း ... ဒီလူတွေ ဒဏ်ရာမရဘဲ အကောင်းပကတိသာဆိုရင် လူတိုင်းကို ဘယ်လိုဆက်ဆံမယ်ဆိုတာ မတွေးရဲလောက်အောင်ပါလား"

ဟုတွေးလိုက်မိသည်။

ကွမ်လိန် ဤသို့ခံစားနေရသော်လည်း လောဆောအဘိုးကြီးကား ဘာမှုမဖြစ်သလို တဟားဟား ရယ်မောလိုက်၏။

"ဟား ... ဟား ...မိတ်ဆွေကြီးထန်ချိုက စိတ်တိုနေတယ်နဲ့တူတယ်၊ ဟား ... ဟား ... ခင်ဗျားပြောသလို ကျွန်တော်တို့နဲ့ ခင်ဗျားတို့ဟာ ဆပ်စရာကျေးဇူးမရှိကြတာ မှန်ပါတယ်၊ ငြိုးရန်စမရှိတာလည်း မှန်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားတို့နဲ့ ကျွန်တော်တို့ဟာ ဘဝတူတွေ, သိုင်းကျွမ်းသူတွေပါဗျ၊ ဒီတော့ ကိုယ့်အသိမိတ်ဆွေတွေ ဒုက္ခရောက်နေတာကို ကြည့်နေရင် ကျွန်တော်တို့ကို လူလို့ခေါ်နိုင်ပါတော့ မလားဗျာ ... ဟား ... ဟား"

လောဆောအဘိုးကြီးက ရယ်ရယ်မောမောနှင့် ရင်ဘတ်ထဲမှ ဘူးကလေးတစ်ဘူးကို ထုတ်ယူလိုက်သည်။ ထို့နောက် ဘူးလေးကို လက်ဝါးပေါ်တင်ပြီး ဖြန့်ပြလိုက်၏။

"ဒီဘူးထဲကဆေးဟာ ကျွန်တော်တို့ ထိုက်ရှင်ဆရာကြီးတွေ ခက်ခက်ခဲခဲ ဖော်စပ်ထားတဲ့ ဆေးကောင်းဆေးမြတ်တွေပဲ၊ ဒါပေမဲ့

ဒီဆေးတွေဟာ တဖြည်းဖြည်းနဲ့ အကော်ကို ရှားရှားပါးပါးဖြစ်လာ တယ်၊ ဒါကြောင့် ကျွန်တော်တို့ညီအစ်ကိုခရီးထွက်လာကြရာမှာ တစ်ယောက်တစ်ဘူးစီပဲ ပါလာခဲ့ကြတယ်၊ ဒဏ်ရာရနေသူတွေဟာ ခင်ဗျားတို့ ညီအစ်ကိုနှစ်ယောက်သာ မဟုတ်ရင်တော့ ကျွန်တော်တို့ ဒီဆေးကို ထုတ်ပေးမှာ မဟုတ်ဘူး"

လောဆောအဘိုးကြီးက စကားကိုရပ်ပြီး ထန်ချို့နှင့်ထန်ကုကို လှမ်းအကဲခတ်၏။ ထိုစဉ် ဆေးဘူးကိုကိုင်ထားသော လက်မောင်းရင်းတွင် အေးခနဲဖြစ်သွားသဖြင့် နောက်သို့လှည့်ကြည့်လို ... ၏။ ထိုအချိန်မှာပင် လက်ဝါးပေါ်တင်ထားသော ဆေးဘူးသည် လူတစ်ယောက်၏လက်ထဲသို့ ရိပ်ခနဲပါသွားတော့၏။

လောဆောအဘိုးကြီး မျက်လုံးပြူးသွားစဉ်မှာပင် ထိုလူက ဆေးဘူးကို ဆုပ်ကိုင်ပြီး နောက်သို့ ဆုတ်သွားတော့၏။ ဆေးဘူးကို လုယူသွားသူသည် အခြားသူမဟုတ်။ ကွမ်လိနိပင်ဖြစ်သည်။

လောဆောအဘိုးကြီးသည် ကွမ်လိနိကို ဤမျှလောက် လျင်မြန်လိမ့်မည်ဟု မထင်မှတ်ခဲ့။ ထို့ကြောင့် ကွမ်လိနိကို သတိမထားဘဲ အမှတ်မဲ့နေလိုက်မိ၏။ ယခုသော် မထင်မှတ်သောကိစ္စများ ဖြစ်ပေါ်လာသဖြင့် ဒေါသခြောင်းခြောင်းထွက်လာတော့၏။

လောဆောထံမှ ဆေးဘူးကို ကွမ်လိနိ လုယူခဲ့သော သိုင်းကွက်သည် ကွမ်လိနိလက်ထဲမှ ဆေးဘူးကို လောဆောအဘိုးကြီး လုယူခဲ့သော သိုင်းကွက်ထက် သေသပ်လှပနေ၏။

ထို့ကြောင့် ထန်ညီအစ်ကိုနှစ်ယောက်နှင့် လောဆန်ကော



လောဆောပါ ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်သွားကြတော့သည်။

"မင်း ဘာလုပ်တာလဲ"

လောဆောအဘိုးကြီး၏မေးသံသည် ဘုရားကျောင်းပျက်တစ်ခုလုံး ဟိန်းထွက်သွား၏။ ဒေါသထွက်နေသော အဘိုးကြီးသည် ကွမ်လိနိကို ချေမှုပစ်ချင်စိတ်များနှင့် ခြေလှမ်းပြင်လိုက်၏။

ကွမ်လိနိက ဆေးပုလင်းတစ်လုံးကိုဖွင့်ပြီး ပါးစပ်တွင် တေ့ထားလိုက်သည်။

"ခင်ဗျားခြေထောက် ရှေ့ကိုတစ်လှမ်းတိုးလိုက်တာနဲ့ ဒီဆေးတွေ အကုန်လုံး မျိုချပစ်လိုက်မယ်"

လောဆောအဘိုးကြီး၏ခြေလှမ်းသည် တုံ့ခနဲဖြစ်သွားသည်။ မျက်နှာပေါ်တွင် ဒေါသသွေးများ နီရဲတက်လာသည်၊ ပေါက်ကွဲလာသော ဒေါသကို အချိန်မီထိန်းချုပ်လိုက်ပြီး ငြိမ်ငြိမ်ကလေး နေလိုက်မိ၏။

ကွမ်လိနိလက်ထဲရောက်နေသော အသက်ဆက်နတ်ဆေးဆိုသည် အဖိုးတန်ပစ္စည်းဖြစ်သည်။ ထိုဆေးသည် ကမ္ဘာပေါ်တွင်ရှိနေသော ဆေးများအနက် အကောင်းဆုံးဆေးမြစ်ဖြစ်သည်။ ဆေးထည့်ထားသော ဘူးကလေးသည် သေးငယ်သော်လည်း ဘူးထဲတွင်ရှိနေသည့် ဆေး၏ဆယ်ပုံတစ်ပုံလောက်သည်ပင် အံ့ဩစရာကောင်းအောင် အစွမ်းထက်မြက်လှသည်။

ထိုဆေး၏အာနိသင်သည် မည်သည့်ဓားချက်ဒဏ်ရာကို

မဆို ပျောက်ကင်းချမ်းသာနိုင်စွမ်းရှိသည်။ တစ်စုံတစ်ယောက်သည် ဓားဒဏ်ရာနှင့် အသက်မျှင်းမျှင်းသာ ရှူနိုင်သည့်အခြေအနေသို့ ရောက်သည့်တိုင် ထိုဆေးက ကယ်တင်နိုင်စွမ်း ရှိသည်။ ထို့ကြောင့်လည်း အသက်ဆက်နတ်ဆေးဆီဟု အမည်ပေးထားခြင်းဖြစ်သည်။

လောဆောအဘိုးကြီးသည် ဆေးတန်ခိုးအာနိသင်ကို ကောင်းကောင်းသိမြင်ထားသဖြင့် အများထက်ပို၍ တန်ဖိုးထားသူဖြစ်သည်။ ထို့ကြောင့် ဘုမသိဘမသိသော ကောင်ကလေး လက်ထဲ၌ အနဋ္ဌထိုက်သောဆေးမြတ်ကြီး အလဟဿဖြစ်သွားမှာ စိုးရိမ်ထိတ်လန့်သွားသည်။

လောဆောအဘိုးကြီးသည် ကွမ်လိန်ကို အရမ်း မလုပ်ရဲတော့ချေ။ ထို့ကြောင့် ရပ်နေမိသောနေရာမှ နောက်သို့ပင် ပြန်ဆုတ်လိုက်မိသည်။

"မိတ်ဆွေလေး ... မင်း ဘာစိတ်ကူးပေါက်သွားတာလဲ၊ ဟား ... ဟား ... ငါ့လူက ဒီဆေးကိုသုံးချင်တယ်ဆိုရင် အေးအေးဆေးဆေးပြောလည်း ဖြစ်တာပဲဥစ္စာ၊ ဘာဖြစ်လို့ ခုလိုလုပ်ရတာလဲကွာ"

ကွမ်လိန်သည် လောဆောအဘိုးကြီး ပျော့ကျသွားသည်ကို ကြည့်ပြီး ရယ်လိုက်သည်။

ဘဝတစ်လျှောက်လုံး မာကျောခက်ထန်ခဲ့ကြသော ထန်ချိနှင့်ထန်ကုတို့သည် သူတို့အသက်ကို ကယ်တင်ပေးမည့်ဆေးမြစ်ကြီး ရခါနီးဆဲဆဲမှ ကွမ်လိန်၏လုယက်ခြင်းကို ခံလိုက်ရသဖြင့် မကျေမနပ်ဖြစ်သွားသည်။ သို့သော် သူတို့မျက်နှာပေါ်၌ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်ခြင်းမရှိဘဲ တည်တည်ငြိမ်ငြိမ်ပင် ရှိနေကြသည်။



ထန်ကုက သက်ပြင်းချပြီး ကွမ်လိန်ကို လှမ်းပြောသည်။

"မိတ်ဆွေလေး ... မင်းမှာ ငါတို့ကိုမကျေနပ်တာ ဘာတွေများရှိနေသလဲ ရှင်းရှင်းပြောပါ၊ ငါတို့ညီအစ်ကိုဟာ ပြင်းပြင်းထန်ထန်ဒဏ်ရာရထားကြပေမယ့် အင်း ... ကျွတ် ... ကျွတ်"

ထန်ကု စကားဖြတ်ပြီး စုတ်သတ်သည်။

ထန်ကု၏စကားသည် ပြတ်သွားသည်မှန်သော်လည်း ဆက်ထွက်လာမည့် စကားသံကား ... 'ငါတို့ညီအစ်ကိုဟာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားကြပေမယ့် ဘယ်သူ့ကိုမှ ဒူးထောက်ပြီး အညံ့ခံကြမှာမဟုတ်ဘူး' ဟူသတည်း။

ကွမ်လိန်က ...

"ကျွန်တော့်အနေနဲ့ ခင်ဗျားတို့ညီအစ်ကိုကို ဒုက္ခပေးချင်စိတ် မရှိပါဘူး၊ ဒီအသက်ဆက် နတ်ဆေးဆီ ဘယ်လောက်တန်ဖိုးကြီးမားတယ်ဆိုတာကို လည်း သိပါတယ်၊ ဒါပေမဲ့ ဒီနတ်ဆေးဆီဟာ ကျွန်တော့်အတွက် ဘာမှအသုံးမတည့်ပါဘူး၊ လိုလည်းမလိုအပ်ဘူး၊ ဒါပေမဲ့ ကျွန်တော့်မှာ ..."

"မင်းစကားက ဘာကိုဆိုလိုတာလဲ၊ စကားကိုရှင်းရှင်းပြောစမ်းပါ၊ မင်းက ငါတို့ညီအစ်ကိုကို မကျေမနပ်ဖြစ်နေတာလား"

ထန်ကုက ဖြတ်ပြောသည်။ ကွမ်လိန်က ...

"ကျွန်တော် ခုလိုလုပ်လိုက်ရခြင်းဟာ ခင်ဗျားတို့ညီအစ်ကိုဆီက သိစရာလေးတွေ ရှိနေလို့ပါဗျာ"

လောဆောအဘိုးကြီးက ကွမ်လိန်ကိုကြည့်ပြီး တဟားဟားရယ်ပြော၏။

"ဟား ... ဟား ... မိတ်ဆွေလေးက ထန်ညီအစ်ကိုကို မေးစရာမြန်းစရာ ရှိနေလို့ကိုး၊ ဒါများ ခက်ခက်ခဲခဲလုပ်ပြီး မျက်နှာပျက်အောင် လုပ်ခဲ့သေးတယ်၊ လူငယ်ဆိုတော့လည်း ရှေ့နောက်ဘယ်စဉ်းစားတတ်မလဲလေ၊ ဟား ... ဟား .. တို့အားလုံးဟာ တစ်ယောက်နဲ့တစ်ယောက် သိပ်မရင်းနှီးကြပေမယ့် သိုင်းလောကသားတွေချည်းပဲဥစ္စာ၊ ဒီတော့ အခင်အမင်မပျက်အောင် လုပ်ကြရလိမ့်မယ်ကွ၊ ကဲ ... လာ ... လာ"

လောဆောအဘိုးကြီးက စကားရော့ဖောရောနှင့် ကွမ်လိန်အနီးသို့ ချဉ်းကပ်လာသည်။ သို့သော် ... ကွမ်လိန်က မာကျောခက်ထန်သောအသံနှင့် လှမ်းပြောသည်။

"ဘယ်လိုလဲ ဆရာကြီး ... ခုနက ကျွန်တော်ပြောထားတဲ့စကားကို မေ့သွားပြီလား"

လောဆောအဘိုးကြီးက ခြေလှမ်းကို ဟန်မပျက်ရပ်လိုက်သည်။ ကွမ်လိန်က မကျေမနပ်ကြည့်ပြီး ဆက်ပြောသည်။

"ကျွန်တော် သိုင်းလောကသားတစ်ယောက် မဟုတ်ပါဘူး၊ သိုင်းပညာကိုလည်း ကျွမ်းကျွမ်းကျင်ကျင်တတ်မထားပါဘူး၊ သိုင်းလောကအကြောင်းကို အတော်သိလာတော့လည်း သိုင်းလောကထဲကို ဝင်ချင်တဲ့စိတ်တွေ ကုန်ခန်းသလိုဖြစ်သွားပါပြီ၊ ဒါပေမဲ့ ... သိုင်းလောကနဲ့ ပတ်သက်တဲ့အကြောင်းအရာတစ်ခုကို ဘဘထန်ကုတို့ကို



မေးချင်ပါတယ်၊ စစ်မိန်ဂေဟာက ပြဿနာကြီးကို ဘယ်လိုများ ဖြေရှင်းချင်ပါသလဲ"

"စစ်မိန်ဂေဟာ ပြဿနာကြီး"

အာမေဋိတ်သံများထွက်လာသည်။ လောဆန် လောဆော ညီအစ်ကိုနှင့် ထန်ချို ထန်ကုညီအစ်ကိုတို့ အံ့ထိတ်တလန့်ဖြစ်သွားကြသည်။ ဒဏ်ရာကြောင့် မှိန်းနေသော ငှက်ပိန်ထန်ချင်ပင် ဆတ်ခနဲဖြစ်သွားပြီး မျက်လုံးပွင့်လာသည်။ စစ်မိန်ဂေဟာက ပြဿနာကြီး ... ဟုတ်လား၊ အဲဒီကိစ္စနဲ့ ဒီက ထန်ညီအစ်ကို ဘယ်လိုပတ်သက်နေကြသလဲ"

"ဘယ်လိုပတ်သက်တယ်ဆိုတာ ထန်ညီအစ်ကိုသာ ပိုပြီးသိနိုင်ပါတယ်၊ ကျွန်တော့်အမြင်ကိုပြောရရင် စစ်မိန်ဂေဟာမှာ ဖြစ်ပွားခဲ့တဲ့ပြဿနာထဲမှာ ထန်ညီအစ်ကိုဟာ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေတယ်ဆိုတာပဲ"

လောဆောအဘိုးကြီးသည် ထိတ်ခနဲဖြစ်သွားပြီး သူ့အမြင်လို ပြောလာ၏။

"ဘဘဟာ ဒီကိစ္စကို ရေရေရာရာ ဘာမှမသိပါဘူး၊ ဒါပေမဲ့ သိုင်းလောကသားတိုင်းလိုလို ထင်မြင်ချက်ပေးနေတာကတော့ စစ်မိန်ဂေဟာပြဿနာကြီးဟာ ဖျတ်ခနဲရဲ့လက်ချက်တဲ့၊ ပုပ်ရင်ပေါ်ဟုတ်ရင်ဇကျော်ဆိုတဲ့ စကားလည်းရှိပါတယ်၊ ဖျတ်ခနဲဟာ မဟုတ်ဘဲနဲ့ မကျော်ပါဘူး၊ မိတ်ဆွေလေးရဲ့အမြင် မှားယွင်းနေပြီထင်တယ်"

လောဆောအဘိုး[illegible]း၏ မျက်လုံးအစုံသည် ထန်အစ်ကိုထံ

ရောက်သွား၏။ အဝါရောင်အလင်းရောင်အောက်၌ ထန်ညီအစ်ကိုသည် ထိုင်မြဲထိုင်နေကြသည်။ သို့သော် သူတို့၏အသက်ရှူသံသည် စောစောကထက်ပိုပြီး ပြင်းထန်နေသည်။ ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာပေါ်တွင် အပြောင်းအလဲများ ဖြစ်ပေါ်နေသည်။ စိတ်လှုပ်ရှားမှုလက္ခဏာများ ယှက်သမ်းနေ၏။

လောဆောအဘိုးကြီးက ကွမ်လိန် ကို ထပ်ပြောသည်။

"မိတ်ဆွေလေး ... မိတ်ဆွေလေးရဲ့ ထင်မြင်ချက်တွေဟာ မှားယွင်းနေပြီနဲ့တူတယ်၊ ဘာပဲဖြစ်ဖြစ်လေ အားလုံးရှင်းလင်းသွားအောင် မိတ်ဆွေရဲ့အတွေ့အကြုံတွေကို ရှင်းလင်းစမ်းပါ"

ကွမ်လိန်က ချောင်းတစ်ချက်ဟန့်ပြီး ပြောသည်။

"မှန်ပါတယ်၊ စစ်မိန်ဂေဟာနဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှကို လူတိုင်း သိချင်ကြတာ မဆန်းပါဘူး၊ ဒီတော့ ..."

ကွမ်လိန်သည် ထန်ညီအစ်ကိုအပေါ် မသင်္ကာဖြစ်နေမှုကို ရှင်းရှင်းလင်းလင်း ထုတ်မပြောတော့ဘဲ သူ့အတွေ့အကြုံများကိုသာ စဉ်းစဉ်းစားစားနှင့် တစ်လုံးချင်း ပြန်ပြော၏။

ကွမ်လိန်၏ပြောကြားချက်များသည် ...

စစ်မိန်ဂေဟာထဲသို့ ရောက်ရှိသွားပုံ၊ ထို့နောက် ထူးခြားသည်နှင့်အမျှ ထိတ်လန့်ဖွယ်ရာများကို တွေ့ကြုံခဲ့ရပုံ၊ သေဆုံးနေသူများ၏အလောင်းများကို မြုပ်နှံခဲ့ပုံ၊ အင်္ကျီဖြူသိုင်းသမားနှင့် တွေ့ခဲ့ပုံ၊ ရှမ်းဝေ အသတ်ခံခဲ့ရပုံ၊ စစ်မိန်ဂေဟာမှထွက်ပြီး အင်္ကျီစိမ်းမိန်းမပျိုနှင့် တွေ့ဆုံကြပုံ၊ လက်နက်ပုန်းနှင့် အပစ်ခံခဲ့ရပုံ၊ လက်နက်



ပုန်းနှင့်ပစ်သူနောက်သို့ အင်္ကျီစိမ်းအမျိုးသမီးနှင့်အင်္ကျီဖြူသိုင်းသမားတို့ လိုက်သွားကြပုံ၊ ကုန်စွန်းဘယ်ခြေနှင့်တွေ့ရပုံ၊ လောပုရောင်စုံအင်္ကျီအဖွဲ့၊ ဟူတန်းငှက်လေးကောင် ရှောင်လင်စိတ်ပုတီးကို တွေ့ကြပုံ ... စသည်များဖြစ်၏။

အဖြစ်အပျက်အစုံကို ပြောပြီးသည်နှင့် ကွမ်လိန်သည် သက်ပြင်းရှည်ကြီးမှုတ်ထုတ်လိုက်သည်။

ပြီးမှ ထင်မြင်ချက်ကို ဆက်ပြောသည်။

"စစ်မိန်ဂေဟာကို ရောက်ရှိသွားတဲ့သူတွေထဲမှာ ဖျတ်ခနဲဟာ သေဆုံးသူမဟုတ်ပေမယ့် ပြင်းထန်တဲ့ဒဏ်ရာကို ရရှိခဲ့သူတစ်ယောက်ပါပဲ၊ သူ့ဒဏ်ရာ ဘယ်လောက်ပြင်းထန်သလဲဆိုရင် မသေရုံတမည် အသက်ငွေ့ငွေ့လေးသာ ရှိပါတော့တယ်၊ အဲဒီမှာ အသက်ရှင်သူဆိုလို့ တစ်ယောက်မှမရှိခဲ့ပါဘူး၊ ဒါပေမဲ့ ဝါမေကျားသစ်အိတ် ညီအစ်ကိုဟာ စစ်မိန်ဂေဟာကို ရောက်ရှိခဲ့ပြီး လူမသိသူမသိနဲ့ သိုင်း လောကထဲကို ဘယ်လိုလုပ် ပြန်ရောက်နေကြတာလဲ၊ ဒါဟာ စဉ်းစားစရာအချက်တစ်ချက်ပဲ၊ ဝါမေကျားသစ်အိတ်ညီအစ်ကို အနေနဲ့ စစ်မိန်ဂေဟာကို မသွားခဲ့ပါဘူးလို့ငြင်းရင် စစ်မိန်ဂေဟာမှာ ဝါမေကျားသစ်အိတ်ကို တွေ့ခဲ့တဲ့လူ အထင်အရှား ရှိနေပါတယ်၊ နောက်တစ်ချက်က စစ်မိန်ဂေဟာအနားက ချောင်းကူးတံတားအနီးမှာ ကျွန်တော်ကိုယ်တိုင် လက်နက်ပုန်းနဲ့ အလုပ်ကြုံခံခဲ့ရတာပါ၊ အဲဒီလက်နက်ပုန်းဟာ လောဟိုနတ်အပ်ပါ၊ ကျွန်တော့်ကို နှုတ်ပိတ်ဖို့ကြိုးစားပေမယ့်လည်း သူတို့ရဲ့အကြံဟာ ထမြောက်အောင်မြင်ခြင်း

မရှိပါဘူး၊ မတရားမှုဆိုတာ ဘယ်လောက်ပဲ လျှို့ဝှက်လျှို့ဝှက် တစ်နေ့နေ့မှာ ပေါ်လာရစမြဲပါ"

ကွမ်လိန်သည် စကားဆုံးသွားသည်နှင့် သိုင်းဆရာကြီးများ၏အခြေအနေကို အကဲခတ်လိုက်၏။

ငှက်ပိန်ထန်ချင်၏မျက်နှာသည် တင်းမာခက်ထန်နေပြီး ဒေါသရိပ်များလွှမ်းနေသည်။

စစ်မိန်ဂေဟာတွင် အသတ်ခံလိုက်ရသည့် နောင်တော်ကြီးများအတွက် ယူကျုံးမရစိတ်များ ဖြစ်ပေါ်လာပြီး အံတကြိတ်ကြိတ်နှင့် ဖြစ်နေ၏။

လောဆန်အဘိုးကြီးနှင့် လောဆောအဘိုးကြီးတို့၏ မျက်နှာများသည်လည်း အံ့ဩရိပ်များ၊ ထိတ်လန့်ရိပ်များ လွှမ်းမိုးသွားကြသည်။ လောဆောအဘိုးကြီးသည် ငြိမ်သက်နေဆဲရှိသော ထန်ညီအစ်ကိုအနားသို့ လျှောက်သွားပြီး စူးစူးရဲရဲစိုက်ကြည့်လိုက်သည်။

သူ့အကြည့်က 'ခင်ဗျားတို့ ဘာပြောချင်သေးသလဲ' ဟု မေးနေသယောင်။

ထန်ညီအစ်ကိုသည် ယခုမှ လှုပ်ရှားလာပြီး တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြသည်။

ထို့နောက် ထန်ကုက ညည်းသံနှင့်ပြောသည်။

"အင်း ... ဒီသူငယ်လေး ပြောပုံအတိုင်းသာဆိုရင် ကျုပ်တို့ညီအစ်ကိုဟာ နေရင်းထိုင်ရင်း တရားခံဖြစ်နေပြီ၊ ဆွမ်းခံရင်းငှက်သင့်ဆိုတာမျိုးပဲထင်ပါ့၊ ဟင်း ... ဟင်း ... စစ်မိန်ဂေဟာမှာ ဖြစ်ပွားခဲ့တဲ့



အရေးအခင်းဟာ ဖြောင့်မလိုလိုနဲ့ ကွေ့ကောက်ပြီး အင်မတန်ရှုပ်ထွေးနေတဲ့ အဖြစ်သနစ်ပါ၊ ဒါကို ခင်ဗျားတို့ အလေးအနက်ထားစဉ်းစားကြဖို့လိုပါတယ်၊ ခင်ဗျားတို့အနေနဲ့ ကျွန်တော်တို့ညီအစ်ကိုကို ယုံကြည်ကြမယ်ဆိုရင် ကျွန်တော် ရှင်း ..."

ထန်ကု၏စကားတစ်ဝက်တစ်ပျက်မှာပင် ပြတင်းပေါက်မှနေ၍ အနက်ရောင်လက်နက်ပုန်းများ တရစပ်ပြေးဝင်လာသည်။ လက်နက်ပုန်းဆယ်ခုခန့်ရှိပြီး ထန်ညီအစ်ကိုရှိရာ ပြေးလာသည်။

ထန်ချိုနှင့်ထန်ကုသည် ထိတ်လန့်ချောက်ချားစွာ အော်ဟစ်လိုက်ကြ ပြီး ထိုင်ရာမှလဲကျသွားကြသည်။

လောဆောအဘိုးကြီးထံမှ ဝှစ်ခနဲ ဝှစ်ခနဲ အသံများကို ကြားလိုက်ရသည်။ သူသည် အင်္ကျီလက်စရှည်ဖြင့် လက်နက်ပုန်းများကို ရိုက်ချပစ်လိုက်သည်။

ထို့နောက် ပြတင်းရှိရာသို့ ခုန်သွားပြီး အပြင်သို့ လွှားခနဲခုန်ထွက်လိုက်သည်။ ထိုစဉ် လောဆန်အဘိုးကြီးကပါ လောဆောအဘိုးကြီးနောက်သို့ တရကြမ်း ပြေးလိုက်သည်။

သူတို့ညီအစ်ကို ဒဏ်ရာရ‌မရကိုပင် မစစ်ဆေးနိုင်ကြပေ။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်အတွင်းမှာပင် ညီအစ်ကိုနှစ်ယောက်စလုံး မြင်ကွင်းမှ ပျောက်ကွယ်သွားကြတော့သည်။

## အခန်း (၂၁)
## လျှို့ဝှက်သော မျက်နှာဖုံးစွပ်များ

ပြတင်းပေါက်ဝမှဝင်လာသော လက်နက်ပုန်းများသည် ထန်ညီအစ်ကိုကို ထိမှန်ခြင်းမရှိသော်လည်း နံရံကိုထိမှန်သွားပြီး မီးပွင့် မီးပွားများ ဖွာခနဲဖွာခနဲ ဖြစ်သွားသည်။ တစ်ချိန်တည်းမှာပင် ဘုရားကျောင်းပျက် အပြင်နံရံမှ မီးတောက်မီးလျှံများ ဟုန်းခနဲတောက်လာပြီး ဆွေးမြေ့နေသော ပျဉ်ချပ်များကို မီးစွဲလောင်တော့သည်။

ကွမ်လိန်သည် မြင်ကွင်းကိုကြည့်ပြီး ထိတ်လန့်တုန်လှုပ်၍ သွားတော့သည်။ ဇောနှင့်မီးတောက်မီးလျှံများအနီးသို့ လွှားခနဲ ခုန်သွားသည်။ တဟုန်းဟုန်းတောက်နေသောမီးကို မည်သို့ငြိမ်းသတ်ရမည်နည်း။

ထန်ညီအစ်ကိုသည် လဲကျနေရာမှ ပြန်မထနိုင်ကြသေး။

အကျဉ်းအကျပ်အခြေအနေကျမှ ဓားဒဏ်ရာများသည် ပြန်မထနိုင်အောင် ဒုက္ခပေးနေကြပြီလော။

ထိုစဉ် ပြတင်းပေါက်မှ လူနှစ်ယောက် ရိပ်ခနဲ ခုန်ဝင်လာသည်ကို ကွမ်လိန်တွေ့လိုက်ရသည်။ တစ်ယောက်က အရပ်ပုပု၊ ကျန်တစ်ယောက်က အရပ်မြင့်ပြီး နှစ်ယောက်စလုံး မျက်နှာဖုံးကိုယ်စီ စွပ်ထားကြသည်။ လက်ထဲတွင်လည်း ဓားရှည်တစ်ချောင်းစီကို



ကိုင်ထားကြပြီး အရပ်မြင့်မျက်နှာဖုံးစွပ်သည် မပြောမဆိုဘဲ ကွမ်လိန်ကို ဝင်ရောက်တိုက်ခိုက်တော့သည်။

ကွမ်လိန်သည် ကြေးပြားတွဲထဲမှ သူလေ့ကျင့်ထားသော သိုင်းကွက်ဖြင့် အမှတ်မထင်ပြန်လည် ခုခံလိုက်ရာ အရပ်မြင့် မျက်နှာဖုံးစွပ်၏ဓားချက်မှ လွတ်မြောက်သွားပြီး ရန်သူ၏ပခုံးကိုပင် လက်ဝါးစောင်းဖြင့် ပြန်လည်ရိုက်နိုင်ခဲ့လေ၏။

အရပ်မြင့်မျက်နှာဖုံးစွပ်သည် လုံးဝမထင်မှတ်သည့်အကွက်ဖြစ်နေသဖြင့် ခပ်ကြောင်ကြောင်ဖြစ်သွားသည်။

ကွမ်လိန်သည် အလွန်လျှို့ဝှက်ပြီး ထိပ်တန်းကျလှသော သိုင်းပညာရပ်များကို လေ့လာလေ့ကျင့်ထားခဲ့မိသော်လည်း လက်တွေ့တိုက်ပွဲထဲတွင်မူ သွက်လက်လျင်မြန်စွာ အသုံးချနိုင်မှု မရှိသေးချေ။ သို့တစေ သူအမှတ်ရပြီး သုံးမိသောအကွက်များကမူ သူ့အသက်ကို အကာအကွယ်ပေးနိုင်စွမ်း ရှိနေသည်။

ကွမ်လိန်သည် သိုင်းကွက်တစ်ကွက်ကို သုံးပြီးသော်လည်း ဆက်တိုက်ထုတ်ယူရမည့်အကွက်မျ ကို ထုတ်ယူသုံးစွဲနိုင်ခြင်း မရှိသဖြင့် နေရာတွင်သာ ငူငူကြီးရပ်ကျန်နေသည်။

အရပ်မြင့်မျက်နှာဖုံးစွပ်သည် ကွမ်လိန် တုံ့ပြန်လိုက်သည့် သိုင်းကွက်မျိုးကို တွေ့ဖူးကြုံဖူးခြင်းမရှိသဖြင့် မျက်မှောင်ကြုတ်ပြီး ကြည့်နေသည်။ ထပ်မံတိုက်ခိုက်ရခြင်းမရှိဘဲ ဖြစ်နေသည်။

ထိုအချိန်မှာပင် ထန်ညီအစ်ကိုနှစ်ယောက်လုံး လဲကျနေရာမှ ထထိုင်လိုက်ကြသည်။ သူတို့သည် အကျီနက်နှင့် မျက်နှာဖုံးစွပ်

နှစ်ယောက်ကိုကြည့်ပြီး အသားဆတ်ဆတ်တုန်အောင် ဒေါသထွက်နေကြသည်။

"အစ်ကို … ဘာလုပ်နေတာလဲ … တက်လေ .. တိုက်လေ"

အရပ်ပုမျက်နှာဖုံးစွပ်က အရပ်မြင့်မျက်နှာဖုံးစွပ်ကို တိုက်တွန်းလိုက်သည်။

အရပ်မြင့်မျက်နှာဖုံးစွပ်သည် ရှေ့ကို တစ်လှမ်းချင်း တိုးလာသည်။ ဘယ်လက်ဝါးကို စကြာတစ်ခုလို ဝှေ့ရမ်းလိုက်ပြီး လက်ချောင်းငယ်တိုက်ကွက်နှင့် ကွမ်လိန်၏ခါးကို ထိုးဖောက်လာသည်။ တစ်ပြိုင်နက်တည်းတွင် ညာဘက်လက်ဝါးစောင်းက ခေါင်းပေါ်ဝဲလာသည်။

ကွမ်လိန်သည် ထိတ်ခနဲဖြစ်သွားပြီး တန်ပြန်တိုက်ကွက်ကို မည်သို့ထုတ်သုံးရမှန်းမသိဘဲ ဖြစ်နေသည်။ ရန်သူ၏လက်ချောင်းငယ်များသည် မိမိ၏ တစ်ကိုယ်လုံးသို့ လွှမ်းခြုံပြီးလာနေချေပြီ။ ဝှစ်ခနဲဝှစ်ခနဲ လေသံပင် မြည်နေ၏။

ရန်သူ၏တိုက်ကွက်များသည် ထိပ်တန်းကျသော သိုင်းကွက်များဖြစ်နေသည်။ သို့သော် ကြေးပြားတွဲထဲမှ သိုင်းကွက်များသည် ယင်းသိုင်းကွက်များကို ကောင်းကောင်းကြီး ချေပနိုင်စွမ်း ရှိသည်။

သို့သော် ကွမ်လိန်သည် ထိုသိုင်းကွက်များကို တိုက်ပွဲဝင်နိုင်လောက်အောင် လေ့ကျင့်နိုင်ခဲ့ခြင်းမရှိ၍ တဆုတ်တည်း ဆုတ်နေရတော့သည်။



သို့နှင့် နတ်ရုပ်တုကြီးနှစ်ခုအနီးသို့ ရောက်သွားသည်။

တဟုန်းဟုန်းတောက်လောင်နေသော မီးသည် တစ်စထက်တစ်စ အရှိန်းပြင်းလာပြီး နတ်ရုပ်တုကြီးနှစ်ရုပ်ကိုပင် မီးစွဲနေလေပြီ။

ကွမ်လိန်သည် ကျောပြင်တစ်ခုလုံး ပူလောင်သွားသဖြင့် မျက်လုံးပြူးသွားသည်။

သို့သော် နောက်ကိုလှည့်မကြည့်ရဲတော့ပေ။ အသေသတ်မည့်ရန်သူသည် ရှေ့မှာရှိနေသည်မဟုတ်လော။ ထို့ကြောင့် ကျောပြင်မှ တရှိန်ရှိန်ပူနေသော အပူဒဏ်ကို အရေးမစိုက်နိုင်ဘဲ ရှေ့ကိုသာ အာရုံပြုနေမိ၏။

နတ်ရုပ်တုကိုစွဲနေသော မီးတောက်များသည် သူ့ကျောပြင်ကို ပြေးပြေးဟပ်နေသည်မှာ နဂါးပါးစပ်ထဲမှ မှုတ်ထုတ်နေသော မီးတောက်မီးလျှံများလား အောက်မေ့ရ၏။

အရပ်မြင့် မျက်နှာဖုံးစွပ်သည် ကွမ်လိန်၏အကျဉ်းအကျပ်ဖြစ်နေမှုကို သဘောကျသွားပြီး ရှေ့ကို တရစပ်တိုးဝင်လာသည်။ လက်ချောင်းငယ်တိုက်ကွက်နှင့် လက်ဝါးစောင်းတိုက်ကွက်တို့ကို လျှပ်ပြက်သလို လှုပ်ရှားပြီး အပြင်းအထန် လိုက်တိုက်တော့သည်။

ကွမ်လိန်သည် နောက်ဆုတ်ရန် မြေမရှိတော့သဖြင့် ဇောချွေးများပြန်လာသည်။ နောက်ဆုံးတွင် မတတ်သာတော့သည့်အဆုံး ဘယ်ညာနှစ်ဖက်လုံးကို တဟူးဟူးမြည်အောင် ယမ်းခါလိုက်ပြီး ရန်သူ၏တိုက်ကွက်ကို ထိုးဖောက်ပစ်လိုက်သည်။ ဤသိုင်းကွက်ကို ကွမ်လိန် မပိုင်နိုင်သေးပေ။

ကြေးပြားတွဲထဲမှ သိုင်းကွက်ပင်ဖြစ်၏။ ရန်သူမှာ သူ့တိုက်ကွက်များကို ပြန်ရုပ်သိမ်းသွားရသည်။

အရပ်မြင့်မျက်နှာဖုံးစွပ်သည် ကွမ်လိန်၏သိုင်းကွက်များကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသဖြင့် အံ့သြထိတ်လန့်သွားသည်။

ဤသိုင်းကွက်များသည် မည်သည့်အဖွဲ့မှ သိုင်းကွက်များပေနည်း။

အရပ်မြင့်မျက်နှာဖုံးစွပ်သည် အဆင့်မြင့်သိုင်းသမား တစ်ယောက်ဖြစ်၍ သာမန်သိုင်းသမားဆယ်ယောက်လောက်ကိုပင် တစ်ယောက်တည်း အနိုင်ယူနိုင်စွမ်းရှိသူဖြစ်၏။ သိုင်းလောကအတွေ့အကြုံကြွယ်ဝသူဖြစ်၍ သိုင်းကွက်များကိုလည်း အတော်လေး ကျွမ်းကျင်သိရှိထားသည်။

သို့စဉ်လျက် သာမန်သိုင်းသမားတစ်ယောက်၏ သိုင်းပညာအဆင့်လောက်သာရှိမည်ဟု ထင်မှတ်ထားသော လူငယ်လေးထံမှ ထူးခြားဆန်းကြယ်သော သိုင်းကွက်များ ထွက်ပေါ်လာသဖြင့် ဦးနှောက်ခြောက်မတတ်ဖြစ်သွားသည်။ လူငယ်လေး၏အမူအရာသည် သိုင်းပညာအဆင့်မြင့်သူတို့၏ ဟန်ပန်အမူအရာမျိုး မဟုတ်သော်လည်း အကျဉ်းအကျပ်ထဲတွင်ထွက်ပေါ်လာသော သိုင်းကွက်များ၊ ကြောက်စရာကောင်းသောတိုက်ကွက်များချည်းဖြစ်နေသည်။

အရပ်မြင့်မျက်နှာဖုံးစွပ်သည် လူငယ်လေး၏ သိုင်းပညာအတိမ်အနက်ကို တိကျရေရာစွာ ခန့်မှန်းနိုင်ခြင်းမရှိသေးသဖြင့် တိုက်ကွက်များကို ခေတ္တရပ်ဆိုင်းလျက်တွေးတောနေ၏။



ကျောင်းပျက်ကြီးကို စွဲလောင်နေသောမီးသည် တစ်ချိန်ထက်တစ်ချိန် ပိုပြီးကြီးမားလာပြီး ခေါင်မိုးပေါ်မှ သစ်သားတိုင်များမှာလည်း ဝုန်းခနဲ ဝုန်းခနဲ ပြုတ်ကျနေသည်။

မျက်နှာဖုံးစွပ်တို့သည် လောဆန်အဘိုးကြီးနှင့်လောဧတအဘိုးကြီးတို့ကို လှည့်စားမှုများဖြင့် အပြင်သို့ပျားထုတ်ခဲ့ခြင်းဖြစ်သဖြင့် အဘိုးကြီးနှစ်ယောက် ဒေါသတကြီး ပြန်ရောက်လာကြမည်ကိုလည်း စိုးရိမ်နေကြသည်။

ထို့ကြောင့် ကွမ်လိန်ကို အချိန်တိုတိုနှင့်ရှင်းလင်းပစ်ရန် အရေးကြီးကြောင်း သဘောပေါက်ထားကြ၏။

ကွမ်လိန်သည် တဖြည်းဖြည်းရှေ့သို့တိုးလာသော အရပ်မြင့်မျက်နှာဖုံးစွပ်ကိုကြည့်နေပြီး နောက်သို့ပြန်ဆုတ်ပေးလိုက်ပြန်သည်။

ထိုစဉ် ပြတင်းပေါက်ဆီမှ တဟင်းဟင်းရယ်သံပေါ်လာပြီး လူတစ်ယောက် လွှားခနဲခုန်ဝင်လာသည်။ ထိုသူသည် အထဲသို့ရောက်သည်နှင့် အသင့်ကိုင်လာသောဓားကို ဝိုးခနဲဝိုးခနဲမြည်အောင် ဝှေ့ရမ်းပြီး မျက်နှာဖုံးစွပ်နှစ်ယောက်ကို တရကြမ်းဝင်တိုက်တော့သည်။

မျက်နှာဖုံးစွပ်သည် ကွမ်လိန်ကို အရေးမထားနိုင်တော့ဘဲ လျှပ်ပြက်သလိုဝင်လာသောဓားချက်များကို သေပြေးရှင်ပြေး ရှောင်တိမ်းလိုက်ရသည်။

နှစ်ယောက်စလုံးသည် ရုတ်တရက်ရောက်လာသော လူ၏ဓားရေးကိုကြည့်ပြီး တော်ရုံတန်ရုံဓားသမားမဟုတ်ကြောင်း ရိပ်စားမိလိုက်ကြသည်။

ကွမ်လိန်သည် ရုတ်တရက်ရောက်လာသော ဓားသမား ကြောင့် အသက်ရှူမှားနေရာမှ ကြောင်သွားပြီး လှမ်းကြည့်လိုက် မိ၏။ အစိမ်းရောင်ဝတ်စုံကိုဝတ်ဆင်ထားသည့် အမျိုးသမီးတစ် ယောက်သာတည်း။

ကွမ်လိန်သည် မိမိမျက်စိကိုပင် မယုံကြည်နိုင်အောင်ဖြစ် သွားပြီး ရေရွတ်လိုက်မိသည်။

"လုရင်"

မှန်ပါသည်။ အစိမ်းရောင်ဝတ်စုံနှင့်အမျိုးသမီးသည် ကွမ် လိန်၏နှလုံးသားကို ဆွဲကိုင်လှုပ်ယမ်းသွားသောအချောအလှကလေး လုရင်သာဖြစ်၏။

အမျိုးသမီးသည် အလွန်စိုးရိမ်ပူပန်နေသော မျက်နှာမျိုး နှင့် ကွမ်လိန်ကို လှမ်းကြည့်သည်။

အပြင်လောကတွင် နှင်းပွင့်ခဲများ တဖွဲဖွဲကြွေနေဆဲရှိသည်။

တဟူးဟူးတိုက်နေသောလေသည် တရှိန်ရှိန် တောက် လောင်နေသည့်မီးကို အားဖြည့်ပေးသလိုရှိနေသည်။ မီးအရှိန် ပို၍ ပို၍ ပြင်းထန်လာပြီး ဘုရားကျောင်း၏နံရံတစ်ဖက်သည် ဝုန်းခနဲ ပြိုကျသွားသည်။

မီးတောက်မီးလျှံများသည် တရှိန်ရှိန် တောက်လောင်နေပြီး ခေါင်မိုးကိုပင် ဝါးမျိုပစ်နေပေပြီ။

ပြင်းထန်စွာ ဒဏ်ရာရထားကြသော ထန်ညီအစ်ကိုသည် မီးလွတ်ရာသို့ တရွေ့ရွေ့ရွေ့လျားပြီး ရှောင်တိမ်းနေကြသည်။



ငှက်ဝိန်ထန်ချင်သည်လည်း ထက်မြက်သောတန်ခိုးကြောင့် အနည်းငယ်လှုပ်ရှားနိုင်သဖြင့် မီးနှင့်ဝေးရာသို့ တဖြည်းဖြည်းချင်းရွေ့ လျားနေသည်။

ထိုစဉ် လုရင်က အဲ[illegible]ပုမျက်နှာဖုံးစွပ်၏ကန်ချက်ကို လှစ်ခနဲရှောင်ပေးလိုက်ပြီး လက်ထဲမှဓားကို ဝှစ်ခနဲဝှစ်ခနဲမြည်အောင် ထိုးထုတ်လိုက်သည်။ ဓားဦးသည် အရုပ်မြင့်မျက်နှာဖုံးစွပ်၏ လည် မျိုဆီ တန်းခနဲဝင်သွားသည်။

အရုပ်ပုမျက်နှာဖုံးစွပ်သည် ဝင်းခနဲလက်သွားသောဓားဦး ကို ကြည့်ပြီး ရိပ်ခနဲရှောင်ပေးလိုက်ရသည်။

ထိုစဉ် လုရင်၏မျက်လုံးက ကွမ်လိန် ဆီရောက်သွား၏။

ကွမ်လိန်သည် အရုပ်မြင့်မျက်နှာဖုံးစွပ်နှင့် တိုက်ခိုက်နေပြီ တည်း။ လုရင်သည် ထိတ်ခနဲဖြစ်သွားပြီး ကွမ်လိန်၏ အသက်ဘေး ကို စိုးရိမ်သွားသည်။ သူမရင်ထဲမှ ခံစားမှုများသည် မျက်လုံးနှင့် မျက်နှာပေါ်တွင် အထင်းသားပေါ်နေသည်။

အရုပ်ပု မျက်နှာဖုံးစွပ်သည် လုရင်၏နောက်ဆံတင်းမှုကို ရိပ်စားမိနေသဖြင့် အခြေအနေကို ကျေနပ်သဘောကျသွားသည်။

စိတ်ထဲ၌လည်း အရုပ်မြင့်မျက်နှာဖုံးစွပ်သည် ကွမ်လိန်ကို အနိုင်တိုက်နိုင်လိမ့်မည်ဟု ယုံကြည်သည်။ ထို့ကြောင့် ...

"အစ်ကို ကျွန်တော့်ကို နောက်ဆံတင်းမနေနဲ့၊ အဲဒီအမိုက် ကလေးကို အပြတ်သာရှင်းလိုက်၊ ကျွန်တော် ဒီကောင်လေးကို ကောင်းကောင်းထိန်းထားနိုင်တယ်"

အရပ်ပုမျက်နှာဖုံးစွပ်သည် အဆင့်မြင့်သိုင်းသမားဖြစ်သည်နှင့်အမျှ အတွင်းအားကောင်းသူလည်း ဖြစ်သည်။ ထိုကြောင့် သူ၏လက်ဝါးနှစ်ဖက်ကို ဓားလိုအ[illegible]ချနိုင်စွမ်းရှိနေသည်။

လုရင်သည် ဓားသိုင်းပညာကျွမ်းကျင်လှသူဖြစ်သော်လည်း အတွေ့အကြုံကြွယ်ဝလှသော အရပ်ပုမျက်နှာဖုံးစွပ်ကို ထင်သလို အနိုင်မယူနိုင်ဘဲ ဖြစ်နေသည်။

သူမ၏အဆင့်မြင့်ဓားသိုင်းကွက်တိုင်းလိုလိုကို အရပ်ပု မျက်နှာဖုံးစွပ်က အလွယ်တကူချေဖျက်နိုင်စွမ်းရှိနေပြန်သဖြင့် ဇောချွေးပြန်လာသည်။

သူမသည် ကွမ်လိန်ကိုစိုးရိမ်နေပြီး အကူအညီပေးချင်စိတ်မျိုး ဖြစ်ပေါ်နေသော်လည်း မိမိသည်ပင် အသက်ရှူခွင့်မရဘဲ ဖြစ်နေသဖြင့် အံကိုတင်းတင်းကြိတ်ပြီး ရန်သူကို ရင်ဆိုင်နေရတော့သည်။

ကွမ်လိန်သည် ဓားတိုဖြင့် အပြင်းအထန်ခုခံသည်။

ထိုခံစစ်သည် ဝါဆန်းခွေ့ရှ၏ကျော်ကြားထင်ရှားသော ခုခံပုံနည်းစနစ်ပင် ဖြစ်သည်။ ဝါဆန်းခွေ့ရှ၏ ဓားသိုင်းပညာသည် ဓားအတိုအရှည်ထက် လှုပ်ရှားမှုလျင်မြန်ခြင်း ဦးစားပေးသောပညာ ဖြစ်သည်။

သူမ ဓားတိုလေးသည် အရပ်ပုမျက်နှာဖုံးစွပ်၏မျက်နှာ၊ ရင်ဘတ်၊ ဗိုက်စသည့် သေကွင်းသေကွက်များပေါ်တွင် လွန်းပျံလေးလို ပြေးလွှားနေသည်။

သို့သော် အရပ်ပုမျက်နှာဖုံးစွပ်က ဝင်လာသမျှသော



ဓားကွက်များကို ရိပ်ခနဲ လှစ်ခနဲ ရှောင်တိမ်းပေးပြီး လျှပ်တစ်ပြက်တန် ပြန်တိုက်ကွက်များကို ထုတ်သုံးပြီး တိုက်ခိုက်နေသည်။

လုရင် ဒေါသတကြီးဖြစ်နေသလောက် အရပ်ပုမျက်နှာဖုံးစွပ်က သွေးအေးနေသည်။

ကွမ်လိန်က လုရင်၏ဒေါသကြီးမှုကို တွေ့ရသဖြင့် အရပ်မြင့် မျက်နှာဖုံးစွပ်၏တိုက်ကွက်များကို ရှောင်တိမ်းပေးရင်း လှမ်းအော်လိုက်၏။

"လုရင် ... ဒေါသမကြီးနဲ့ သတိထား"

ထိုစဉ် ထန်ညီအစ်ကိုက ကွမ်လိန်ကို ပြုံင်တူအော်ပြီး သတိပေးသည်။

"ကောင်လေး ... အာရုံမများနဲ့ ကိုယ့်ကိုယ်ကိုယ်သတိထား"

ထိုအချိန်မှာပင် အရပ်မြင့်မျက်နှာဖုံးစွပ်က ကွမ်လိန်ထံ ခုန်ဝင်လာပြီး အားပါသော လက်ဝါးကို ဟူးခနဲမြှောက်တင်လိုက်သည်။ တစ်ဆက်တည်း ကွမ်လိန်၏မျက်နှာကို ဝှစ်ခနဲရိုက်ချလိုက်သည်။

ကွမ်လိန်က ရှောင်တိမ်းချိန်မရတော့သဖြင့် ဝဲလာသော လက်ဝါးကို စိုက်ကြည့်နေမိ၏။ စိတ်ထဲ၌လည်း 'သွားပြီ' ဟု တွေးလိုက်မိသည်။

ကွမ်လိန်သည် ခြေထောက်တစ်ဖက်ကို မြှောက်ထားပြီး ညာလက်သီးကို ဆုပ်၍ မြှောက်လိုက်၏။ ဘယ်လက်ဝါးကိုမူ လက်ချောင်းငယ်တိုက်ကွက်သဏ္ဌာန်ဖြန့်ထားသည်။ မျက်လုံးအစုံကား အရပ်မြင့်မျက်နှာဖုံး စွပ်ထံကို စူးစူးရဲရဲကြည့်နေသည်။

သို့သော် ... အရပ်မြင့်မျက်နှာဖုံးစွပ် ၏လက်ဝါးသည် တန့်ခနဲရပ်သွားပြီး နောက်ပြန်ဆုတ်သွားသည်။ ကွမ်လိန်က အခြေအနေကို နားမလည်သဖြင့် တအံ့တဩဖြစ်သွားသည်။

အရပ်မြင့်မျက်နှာဖုံးစွပ်နောက်ဆုတ်သွားခြင်းသည် ကွမ်လိန်ထံမှ မမျှော်လင့်ဘဲ ထွက်ပေါ်လာဦးမည့် သိုင်းကွက်များကို ကြောက်ရွံ့သွားသောကြောင့်ပင်ဖြစ်သည်။

ကွမ်လိန်သည် ဤအဖြစ်ကို နားမလည်နိုင်ဘဲဖြစ်နေသည်။

စင်စစ် ... သူရပ်နေသော ကိုယ်နေဟန်ထားသည် အမှတ်မထင်ပြုမူချက်ဖြစ်သော်လည်း ၎င်းခြေဟန်နှင့်လက်ဟန်သည် ကြေးပြားတွဲထဲမှ ဆန်းကြယ်သော သိုင်းကွက်တစ်ကွက်ဖြစ်သည်။

အရပ်မြင့်မျက်နှာဖုံးစွပ်သည် ထိတ်လန့်စွာ ရပ်နေရင်း တိုးတိုးရေရွတ်လိုက်မိသည်။

"ဒီကောင်လေးရဲ့ သိုင်းကွက်တွေက ထူးထူးဆန်းဆန်းတွေချည်းပါပဲလား၊ ဒီကောင်လေးဟာ ဘယ်အဖွဲ့ကလဲ"

တွေးသာတွေးရသည် အဖြေမရ။

တရှိန်ရှိန်တောက်လောင်နေသော မီးတောက်မီးလျှံက ကြောက်စရာကောင်းလောက်အောင် ပြင်းထန်နေသည်။ မီးရောင်ကြောင့် ကျောင်းပျက်ကြီးတစ်ခုလုံး နီရဲပြီး လင်းထိန်နေ၏။ လေထဲတွင်လွင့်နေသော မီးပွားများသည် မီးရှူးမီးပန်း လွှတ်သလို ဖွာခနဲဖွာခနဲဖြစ်နေသည်။ မီးတောက်မီးလျှံများ၏ ဝါးမျိုခြင်းကို ခံနေရသော အရာဝတ္ထုများ၏ ဖြိုးဖြိုးဖျစ်ဖျစ်မြည်သံများက ဆူညံနေ၏။



လုရင်သည် အရပ်ပုမျက်နှာဖုံးစွပ်နှင့် တိုက်ခိုက်နေဆဲ ရှိသည်။

အရပ်ပုမျက်နှာဖုံးစွပ်သည် လုရင်၏ဓားကွက်များကို အကုန်အစင်သိမြင်ထားသည်နှင့် တစ်ကွက်ချင်းချေဖျက်ပစ်နေသည်။

လုရင်က ထိုလူ၏သိုင်းကွက်များကိုကြည့်ပြီး တအံ့တဩဖြစ်လာသည်။

ဤသူသည် မိမိ၏သိုင်းကွက်များကို တစ်ကွက်မကျန် ချေဖျက်နိုင်သည့်တိုက်ကွက်များကို အဘယ်ကြောင့် ကျွမ်းကျင်နေ၁နည်း။ ဤလူသည် မိမိတို့၏ဓားသိုင်းကွက်များကို တစ်ကွက်မကျန်တတ်မြောက်ထားသူလော။

ထိုအချိန်တွင် အရပ်မြင့်မျက်နှာဖုံးစွပ်သည် ကွမ်လိန်ကို ထပ်မံ တိုက်ခိုက်လေပြီ။

ကွမ်လိန်နှင့်အရပ်မြင့်မျက်နှာဖုံးစွပ်တို့သည် တစ်ယောက်ကိုတစ်ယောက် ကျားချောင်းချောင်းနေကြဆဲရှိ၏။ သူတို့နှစ်ယောက်၏ တိုက်ပုံတိုက်နည်းသည် လုရင်တို့ကို ကြမ်းကြမ်းရမ်းရမ်း လျင်လျင်မြန်မြန်မဟုတ်ဘဲ တစ်ကွက်ချင်း တစ်လှမ်းချင်း ရှေ့လျားပြီး လှလှပပ သိမ်သိမ်မွေ့မွေ့တိုက်သောနည်း ဖြစ်၍ အမြင်ရှင်းသလောက် အသည်းယားစရာကောင်းပြီး ရင်ဖိုစရာကောင်းသည်။

ထန်ညီအစ်ကိုသည် တိုက်ပွဲအခြေအနေကိုကြည့်ပြီး စိတ်မောလူမောဖြစ်နေသည်။ သူတို့သည် ပြင်းထန်စွာဒဏ်ရာရထားသူများဖြစ်သဖြင့် ရှင်လျက်နှင့် သေနေရသည့် ဘဝရောက်နေသည်။

သူတို့၏အသက်ကို ကာကွယ်နေသော ကွမ်လိန်အတွက် စိုးရိမ်နေကြ၏။

သူတို့သည် အခြေအနေအရ သေလူဖြစ်နေပြီဖြစ်၍ သူတို့အတွက် မသက်ဆိုင်သူများ အသက်ဆုံးရှုံးရမည်ကို မလိုလားနိုင်သောစိတ်များဖြစ်ပေါ်လာပြီး တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြလိုက်ကြ၏။

ဤတွင် ထန်ကုက ကွမ်လိန်ကို လှမ်းပြောသည်။

"မိတ်ဆွေလေး ... မင်း တို့ကို အကာအကွယ်ပေးမနေနဲ့တော့၊ တို့ထိုက်နဲ့တို့ကံ ရှိပါစေတော့၊ လူတိုင်းလူတိုင်းဟာ လူရယ်လို့ဖြစ်လာပြီးရင် သေရတာချည်းပဲ၊ အရင်သေနဲ့ နောက်သေ ဒါပဲကွာတယ်၊ တို့သေရမှာကိုကြောက်တဲ့လူတွေ မဟုတ်ဘူး ... ရပ်တော့"

ထန်ကု၏အားတင်းပြီးပြောနေသံက တိုးညင်းသော်လည်း စူးရှထက်မြက်နေသည်။

အရပ်မြင့်မျက်နှာဖုံးစွပ်က ကြားရသောစကားကြောင့် တဟားဟား ရယ်လိုက်သည်။

"မိတ်ဆွေလေး ... ထန်ကုပြောတာ မှန်တယ်၊ မင်းနဲ့ငါဟာ ရန်ငြိုးရန်စရှိတဲ့လူတွေ မဟုတ်ဘူး၊ ဒီတော့ ငါတို့ကိစ္စထဲမှာ မင်းဝင်မပါချင်ပါနဲ့"

ကွမ်လိန်က ဘာမျှပြန်မပြော သူ့ကိုသာ စိုက်ကြည့်လိုက်သည်၊ ထန်ကုက အခြေအနေကို ရိပ်မိသဖြင့် မချိပြုံး ပြုံးပြီး လှမ်းပြောပြန်သည်။



"မိတ်ဆွေလေး ... ငါတို့ညီအစ်ကို သေသွားခဲ့ရင် ငါတို့ကိုယ်ဓား စစ်ချန်ထန်မိသားစုကို မဖြစ်မနေအကြောင်းကြားပေးပါ၊ ငါတို့မသေခင် မှာကြားချင်တာကတော့ ဒါပါပဲ"

အရပ်မြင့်မျက်နှာဖုံးစွပ်က မကျေမနပ်ဖြစ်သွားပြီး ထန်ညီအစ်ကို့ကို လှည့်ကြည့်၏။

ပြီးမှ ကွမ်လိန်ကိုပြောသည်။

"ဟုတ်တယ် ... ဟုတ်တယ် သူပြောတာ သဘာဝကျတယ်၊ သူတို့ရဲ့သေရေးရှင်ရေးဟာ သူတို့မိသားစုနဲ့ သက်ဆိုင်တဲ့ကိစ္စပဲ၊ မိတ်ဆွေလေးအနေနဲ့က သေခါနီးဆဲဆဲမှာကြားချက်ကို ဆောင်ရွက်ပေးလိုက်ရင် လူတစ်ယောက်ထမ်းဆောင်ရမယ့်တာဝန်ကျေပြီလို့ ယူဆနိုင်တယ်၊ ဒီတော့ သူများကိစ္စထဲ ဝင်မပါဘဲ အေးအေးဆေးဆေးနေလိုက်ပါ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဓားခုတ်ရာ လက်ဝင်မလျှိုချင်စမ်းပါနဲ့"

အရပ်မြင့်မျက်နှာဖုံးက ထန်ညီအစ်ကိုအား ရှင်းပစ်ချင်စိတ်များနေသဖြင့် ကွမ်လိန်ကို နောက်ဆုတ်ခိုင်းသည်။ ထိုစဉ် ထန်ကုက လှမ်းပြောသည်။

"မိတ်ဆွေလေး ... ငါတို့ညီအစ်ကိုဟာ ငါတို့ကိစ္စနဲ့ ငါတို့သေလူတွေ ဖြစ်နေကြပြီ၊ ဒါပေမဲ့ ... မသေခင် ပြောစရာရှိတာလေးတွေကို ပြောပြရဦးမယ်၊ ဒီကိစ္စကတော့ ..."

အရပ်မြင့်မျက်နှာဖုံးစွပ်သည် ထန်ကုနှုတ်မှ ပြောလာမယ့်အကြောင်းအရာများကို ထုတ်ဖော်မပြောစေချင်ဟန်နှင့် ခပ်ဆတ်ဆတ်လှမ်းငေါက်သည်။

"ဟေ့လူ… ခင်ဗျားက သေကာနီးနေတာတောင် ဘာဖြစ်လို့ လျှာရှည်နေချင်ရတာလဲ၊ ခင်ဗျားပါးစပ်ကို မြန်မြန်ပိတ်ပစ်မှ ကောင်းမယ်"

အရုပ်မြင့်မျက်နှာဖုံးစွပ်သည် ဒေါသထွက်လာဟန်ဖြင့် ထန်ကုရှိရာ တိုးသွားသည်။ ကွမ်လိန်သည် ထိတ်ခနဲဖြစ်သွားပြီး ခက်ထန်သောလေသံနှင့် လှမ်းအော်သည်။

"ရပ်စမ်း"

အရုပ်မြင့်မျက်နှာဖုံးစွပ်သည် တကယ်ကြမ်း တကယ်ရမ်းတော့မည့် အနေအထားရှိနေရာမှ တွန့်ဆုတ်ငြိမ်သက်သွားသည်။ ကွန်လိန်က သူ၏ဟန့်တားမှုအောင်မြင်သွားသဖြင့် ကျေနပ်အားရသွားသည်။

ကွမ်လိန်က ယခုမှ အခြေအနေကို သဘောပေါက်လာသည်။ ရန်သူက မိမိအား မလေးမစားမလုပ်ဝံ့သည်မှာ အမှန်ပင်ဖြစ်တော့သည်။

ကွမ်လိန်က ဟန်ကိုယ်ဖို့ မာန်သူ့ဖို့ဆိုသည့် စကားအတိုင်း ဣန္ဒြေရရပြောၾ၏။

"ဟင်း… ဟင်း ကျွန်တော်ဟာ ထန်ညီအစ်ကိုနဲ့ ဘာမှသက်ဆိုင်သူ မဟုတ်ပါဘူး၊ ဆွေမျိုးလည်းမတော်ပါဘူး၊ ဒါကြောင့်မို့ ကိုယ်နဲ့မသက်ဆိုင်တဲ့ကိစ္စထဲမှာ ရှုပ်ရှုပ်ယှက်ယှက်ဝင်မလုပ်ချင်ဘူး၊ မလိုလားအပ်တဲ့ သတ်ဖြတ်မှုမျိုးတွေကိုလည်း လုပ်ချင်စိတ်မရှိပါဘူး၊ ဒါကြောင့်မို့လည်း ရလာတဲ့အခွင့်အရေးကို အပြည့်အဝမသုံးဘဲ



သက်သက်ညှာညှာတိုက်ခိုက်ခဲ့တာပါပဲ၊ ဒါကို အလိုက်မသိဘဲ ထပ်ပြီးစော်ကားလာရင်တော့ ကျွန်တော့်ပညာကို ပြည့်ပြည့်ဝဝ အသုံးချရလိမ့်မယ်"

အရုပ်မြင့်မျက်နှာဖုံးစွပ်သည် မာနကို ထိခိုက်လာသဖြင့် ထောင်းခနဲ ဒေါသထွက်သွားသည်။ မှိုင်းမှုန်နေသော မျက်လုံးအစုံသည်ပင် ဒေါသရောင်များ တောက်လာ၏။ သို့သော် သူ အရမ်းမလုပ်ရဲသေးချေ။

"အင်း… ဒီကောင်လေးရဲ့ သိုင်းကွက်တွေဟာ ထူးခြားတာတော့ အမှန်ပဲ၊ ငါ သူ့ကိုစပြီးတိုက်တဲ့ တိုက်ကွက်တွေဟာ သာမန်တိုက်ကွက်တွေပဲ၊ ဒီတုန်းက သူ့အခြေအနေဟာ ဘာမှထူးခြားမှုမရှိဘူး၊ ပညာမတတ်တတတ်အကွက်မျိုးနဲ့ ကြောက်ကန်ကန်နေသလိုပဲ၊ ဆန်းတာက အဆင့်မြင့်သိုင်းကွက်တွေကို ထုတ်သုံးတော့မှ သူ့ဆီက ကြောက်စရာကောင်းတဲ့ တန်ပြန်တိုက်ကွက်တွေ ပေါ်လာတယ်၊ အဲဒီတိုက်ကွက်တွေဟာ ငါ တစ်ခါမှမတွေ့ဖူးတဲ့ တိုက်ကွက်တွေချည်းပဲ၊ ဒါဟာ ကြောင်လက်သည်းဝှက်ဆိုတဲ့ သဘောမျိုးပဲ၊ ဒီကောင်လေးဟာ သာမန်သိုင်းသမားတစ်ယောက်တော့ မဟုတ်နိုင်ဘူး၊ သူပြောတဲ့အတိုင်း သက်သက်ညှာညှာလုပ်နေတယ်ဆိုတာ အမှန်ဖြစ်မယ်၊ ဒီအတိုင်းဆိုရင် သူက ငါ့ကို တမင်လျှော့ပေးပြီး တိုက်နေတာပဲ"

အရုပ်မြင့်မျက်နှာဖုံးစွပ်သည် တွေးရင်းတွေးရင်း တိုးတိုးလေးရေရွတ်လိုက်မိ၏။ လုရင်နှင့်တိုက်နေသည့် အရုပ်ပုမျက်နှာဖုံးစွပ်သည် သဲသဲမဲမဲတိုက်နေရာမှ လှမ်းပြောသည်။

"အစ်ကို ကောင်လေးပြောနေတာကို သွားယုံမနေနဲ့၊ ဒီကောင် ဒီလောက်တတ်တာ မဟုတ်ဘူး"

အရပ်ပုမျက်နှာဖုံးစွပ်က ရမ်းသာပြောလိုက်၏။ အခြေအနေကို ရေရေရာရာ သေချာစွာ သိသည်မဟုတ်။ အရှုံးမပေးလိုသော, နောက်မဆုတ်လိုသောဆန္ဒကြောင့်သာ ကမူးရှူးထိုးပြောလိုက်ခြင်းဖြစ်သည်။

ထိုစကားက ကွမ်လိန်၏ရင်ထဲ ထိတ်ခနဲဖြစ်သွားစေ၏။ သည်ကြားထဲ ကျောနောက်မှ မီးတောက်မီးလျှံများက အရှိန်ပြင်းစွာ တောက်လောင်နေသဖြင့် မီးစကြီးနှင့် လှမ်းပြီးထိုးနေသလားအောက်မေ့ရ၏။

သို့သော် ...

ကွမ်လိန်က ကျောနောက်မှအပူထက် အရှေ့က အပူကပိုပြီးကြီးမားနေသဖြင့် တုန်လှုပ်မှုကို အချိန်မီဖုံး ကွယ်လိုက်ပြီး မှင်သေသေလှမ်းပြောသည်။

"ဟား ... ဟား ... ဟား ... သွေးရူးသွေးတန်းနဲ့ ဘာစကားတွေ လျှောက်ပြောနေတာလဲဗျ၊ ဒီလောက်တောင် တတ်တာမဟုတ်ဘူး ဟုတ်လား ... ဟား ... ဟား"

ကွမ်လိန်၏ရယ်သံက မီးတောက်မီးလျှံများကြားမှ ဟိန်းထွက်သွား၏။

ထိုနောက် အရပ်မြင့်မျက်နှာဖုံးစွပ်ကို မထီတရီကြည့်လိုက်ပြီး ခပ်အေးအေးပင်ပြော၏။



"ကျွန်တော်ပြောမယ် ... ကျွန်တော့်ဘယ်လက်ဝါးဟာ ဘယ်ကနေ ညာကိုလှည့်ပြီး ခင်ဗျားရင်အုံကိုထိုးမယ်၊ တစ်ချိန်တည်းမှာ ရင်အုံပေါ်ကနေပြီး ဗိုက်ပေါ်ကို ဆွဲချလိုက်မယ်၊ ကဲ ... ဒီကနေ ချက်တိုင်ကို ကုတ်ဆွဲလိုက်မယ်၊ အဲဒီတိုက်ကွက်"

"အစ်ကို သူ မဟုတ်တမ်းတရမ်းတွေ ပြောနေတာ ယုံမနေနဲ့ ... အလကား ပေါက်ကရသိုင်းကွက်တွေ"

အရပ်ပုမျက်နှာဖုံးစွပ်က ဘိုက်ရင်းခိုက်ရင်း လှမ်းပြောလိုက်၏။ ကွမ်လိန်က ထိုလူ၏စကားကို အလျဉ်းဂရုမစိုက်ဘဲ ...

"အဲဒီတိုက်ကွက်ကို ထုတ်လိုက်တဲ့အခါ ဘယ်လက်ဝါးရိုက်ချက်ဟာ ရင်ညွန့်နဲ့ တစ်လက်မလောက်သာ ကွာလိမ့်မယ်၊ ဒီတော့ လက်ဝါးပေါ်မှာစီးဆင်းနေတဲ့ အဟွင်းအားတွေဟာ နို့သီးကလေးတွေပေါ်က သွေးကြောနဲ့ တစ်လက်မအကွာလောက်မှာရှိနေတဲ့ သွေးကြောတွေကို ပိတ်ပစ်လိုက်လိမ့်မယ်၊ ခင်ဗျားအနေနဲ့ ဒီတိုက်ကွက်ကို လွတ်အောင်ရှောင်မယ်ဆိုရင် နောက်ကို ခြေတစ်လှမ်းဆုတ်ပြီး ဘယ်ဘက်ကို ရွေ့သွားမယ်၊ အဲဒီမှာ ချက် ဘိုင်ကနေ ဘယ်လက်ဝါးဟာ လျှပ်ပြက်သလိုယမ်းခါပြီး အပေါ်ကို ပြန်တက်လာမယ်၊ ရှေ့ကို တစ်လှမ်းတိုးလိုက်တဲ့အချိန်မှာ လက်ဝါးချက်က ခင်ဗျားရဲ့အာခေါင်အောက်က မေးရိုးနဲ့ တစ်လက်မအကွာမှာရှိတဲ့ သွေးကြောတစ်ကြောကို ကုတ်ဆွဲပစ်လိုက်မယ်၊ တစ်ချိန်တည်းမှာ ညာလက်ဝါးက စကြာလိုလည်ပြီး ခင်ဗျားရဲ့လက်ကောက်ဝတ်ပေါ်က သွေးကြောကို ဖိချလိုက်မယ်၊ ပြောရရင် ဒီတိုက်ကွက်ဟာ အင်မတန်ရိုးစင်းတဲ့

တိုက်ကွက်ပဲ၊ ဒီတိုက်ကွက်ကိုသုံးရင် ကျွန်တော့်အနေနဲ့ ခြေထောက်တောင် လှုပ်စရာမလိုပါဘူး၊ ကျွန်တော်ပြောချင်တာက အဲဒီတိုက်ကွက်ကိုသုံးရင် ခင်ဗျားအနေနဲ့ ဘယ်လိုခုခံမလဲ"

ကွမ်လိန်က ခပ်တည်တည်ပြောပြီး အရပ်မြင့်မျက်နှာဖုံးစွပ်အား ကြည့်လိုက်သည်။

နောက်ကျောပူလောင်နေသည့်ကြားမှ ကွမ်လိန်ပြုံးနိုင်ခြင်းမှာ နည်းနည်းနောနောအစွမ်းမဟုတ်ပါချေ။ အရပ်မြင့်မျက်နှာဖုံးစွပ်သည် ဘာစကားမျှမပြောဘဲ ငြိမ်ကျသွားသည်။

စင်စစ် ကွမ်လိန်သည် စာပေသမားတစ်ယောက်ဖြစ်၏။ ဦးနှောက်အလုပ်ကိုလုပ်ရာ၌ ထူးချွန်မှုရှိသည်။ ထို့ကြောင့် ကြေးပြားတွဲထဲမှ သိုင်းကွက်အားလုံးလိုလို အာဂုံဆောင်နိုင်ပြီး ကရားရေလွှတ် တတွတ်တွတ်ပြောနိုင်စွမ်းရှိနေပြီ။

သို့သော် လက်တွေ့ကျင့်ရာ၌ ချွတ်ယွင်းချက်, အားနည်းချက်များ ရှိနေခြင်း၊ သိုင်းလောကအတွေ့အကြုံ, တိုက်ပွဲအတွေ့အကြုံ နုနယ်သေးခြင်း စသည့်တို့ကြောင့် ထိုသိုင်းပညာကို လိုသလို အသုံးမချနိုင်သေး။

သို့ရာတွင် သူပြောနေသောသိုင်းကွက်များသည် ထိပ်တန်းကျသောသိုင်းကွက်များဖြစ်နေသဖြင့် အရပ်မြင့်မျက်နှာဖုံးစွပ်သည် ပါးစပ်အဟောင်းသားဖြစ်နေသည်။ ကွမ်လိန်ပြောသည့် တိုက်နည်းအတိုင်း တိုက်ဟန်များကို အာရုံစိုက်ပြီး နားထောင်နေသော ထန်ညီအစ်ကိုပင် မျက်လုံးပြူးသွားသည်။



လုရင်သည် မမျှော်လင့်ဘဲကြားလိုက်ရသော စကားများကြောင့် ကွမ်လိန်အပေါ် စိုးရိမ်စိတ်များ လွင့်ပျောက်သွားပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

သို့သော် ကွမ်လိန်သည် သိုင်းပညာရပ်များကို အဆင့်မြင့်တတ်သိနားလည်နေပါလျက် လက်တွေ့တိုက်ပွဲတွင် ဘာကြောင့် အသုံးပြုခြင်းမရှိလေသနည်း။

သူ၏ပညာများကို မည်သည့်အကြောင်းကြောင့် လျှို့ဝှက်ထားရလေသနည်း။

"အမယ်လေး"

လုရင်သည် တိုက်ရင်းခိုက်ရင်း အာရုံထွေပြားသွားသဖြင့် ပခုံးကို အရိုက်ခံလိုက်ရသည်။ အားပါသောရိုက်ချက်ဖြစ်၍ စူးစူးရှရှကြီး နာကျင်ကိုက်ခဲသွားသည်။

သို့သော် တိုက်ပွဲအတွေ့အကြုံရင့်ကျက်နေသူဖြစ်၍ တန်ပြန်တိုက်ကွက်များကို ချက်ချင်းထုတ်သုံးလိုက်နိုင်သည်။ အရပ်မြင့်မျက်နှာဖုံးစွပ်သည် ကွမ်လိန်၏အ ခြေအနေကို အကဲခတ်နေပြီး စဉ်းစားခန်းဝင်နေသည်။

"ဒီကောင်လေးပြောတဲ့သိုင်းကွက်တွေဟာ ထိပ်တန်းကျတဲ့သိုင်းကွက်တွေပဲ၊ ဒါပေမဲ့ သေရေးရှင်ရေးကိစ္စထဲမှာ ဒီသိုင်းကွက်တွေကို မှန်တိုင်းတိုက်သလို ဘာဖြစ်လို့မသုံးဘဲနေတာလဲ၊ ဒါဟာ တော်တော်စဉ်းစားရကျပ်တဲ့ အချက်ပဲ"

လုရင်၏အထိတ်တလန့်အော်သံပေါ်လာပြန်သည်။

ကွမ်လိန်သည် ထိတ်ခနဲဖြစ်သွားပြီး လုရင်ကိုလှမ်းကြည့်လိုက်သည်။ လုရင်ကို အကူအညီပေးရန် စဉ်းစားလိုက်သည်။

မထင်မှတ်ဘဲ လုရင်၏ခြေးတိုလေးက အရပ်ပုမျက်နှာဖုံးစွပ်၏ မျက်နှာပေါ်ဝဲသွားပြန်သည်။ သူတို့နှစ်ယောက်တိုက်ပွဲသည် ကြောက်ခမန်းလိလိပါတကား။

ကွမ်လိန် ချီတုံချတုံဖြစ်နေစဉ် ထန်ကုက လှမ်းပြော၏။

"မိတ်ဆွေလေး ... မင်း ... မင်း ..."

ထန်ကု စကားမဆုံးလိုက်ချေ။ အရပ်မြင့်မျက်နှာဖုံးစွပ်သည် ကွမ်လိန်အနီးမှ ထန်ကု ညီအစ်ကိုထံ လွှားခနဲခုန်သွားပြီး ဘောင်းခနဲ ဘောင်းခနဲ ကန်ထည့်လိုက်တော့သည်။

"အို ..."

"အ ... အား"

ထန်ကုညီအစ်ကိုသည် ပြင်းထန်စွာ ဒဏ်ရာရထားသူများဖြစ်၍ ရုတ်တရက်ဝင်လာသော ကန်ချက်ကို မရှောင်တိမ်းနိုင်တော့ဘဲ ငယ်သံပါအောင်အော်ဟစ်ရင်း လဲကျသွားကြတော့သည်။

ကွမ်လိန်သည် ထိတ်ခနဲဖြစ်သွားရာမှ လှမ်းကြည့်လိုက်သောအခါ ထန်ကုညီအစ်ကိုပါးစပ်ထဲမှသွေးများ ဝေါခနဲအန်ထွက်လာပြီး ဆန့်ငင်ဆန့်ငင် ဖြစ်နေသည်ကို တွေ့လိုက်ရတော့သည်။

အရပ်မြင့်မျက်နှာဖုံးစွပ်သည် ရက်စက်မှုကမ်းကုန်အောင် ကြမ်းကြုတ်လှသူတည်း။ ကွမ်လိန် မှင်တက်မိနေစဉ် တဟုန်းဟုန်းတောက်နေသော မီးက ကျောကုန်းကိုဟပ်လာပြန်သည်။



ကွမ်လိန်သည် ကျောကော့သွားရာမှ မီးလွတ်ရာသို့ ခုန်သွားရပြန်သည်။ သို့သော် အရှိန်ပြင်းသောမီးက အင်္ကျီကိုစွဲပြီး လောင်ကျွမ်းနေသဖြင့် နံရံတစ်ခုတွင်ကပ်ပြီး ထိတ်ထိတ်ပျာပျာ ငြိမ်းသတ်လိုက်ရသည်။

ထိုစဉ် လုရင်နှင့်တိုက်ခိုက်နေသော အရပ်ပု မျက်နှာဖုံးစွပ်သည် ကွမ်လိန်အနီးသို့ ရောက်လာသည်။ ကွမ်လိန်သည် ဘာမျှ မစဉ်းစားနိုင်တော့ဘဲ ထိုလူကို တရကြမ်းတိုက်တော့သည်။

သူ၏လက်ဝါးစောင်းရိုက်ချက်သည် ဝှစ်ခနဲမြည်သွားပြီး အရပ်ပုမျက်နှာဖုံးစွပ် နံရိုးပေါ်ကျသွားသည်။

"ကိုကွမ် ... နောက်ဆုတ်"

လုရင်က တိုက်ရင်းခိုက်ရင်း လှမ်းအော်သည်။

အရပ်ပုမျက်နှာဖုံးစွပ်သည် ရုတ်တရက်ဝင်လာသော လက်ဝါးစောင်းကို ရိုပ် ခနဲရှောင်ပြီး ကွမ်လိန်၏ရိုက်ချက်ကို သူ့လက်ဝါးနှင့် ဖျတ်ခနဲ တွန်းထုတ်လိုက်သည်။ ကွမ်လိန်သည် ပူပြင်းသောဝေဒနာကို ခံစားလိုက်ရသဖြင့် တွန့်ခနဲဖြစ်သွားပြီး နောက်သို့ပြန်ဆုတ်လိုက်မိသည်။ ယင်းအချိန်တွင် အရပ်မြင့်မျက်နှာဖုံးစွပ်က ထန်ညီအစ်ကို၏ အဖြစ်ကိုကြည့်ပြီး အားရကျေနပ်နေသည်။

တဟုန်းဟုန်းတောက်လောင်နေသော မီးသည် ထန်ညီအစ်ကိုကို ဝါးမျိုသွားချေပြီတည်း။

## အခန်း (၂၂)
### မေတ္တာရှင်

အရပ်မြင့်မျက်နှာဖုံးစွပ်နှင့်လုရင်တို့သည် သဲကြီးမဲကြီးတိုက်ခိုက်နေဆဲဖြစ်သည်။

လုရင်သည် အရပ်ပုမျက်နှာဖုံးစွပ် တိုက်ခိုက်ခဲ့စဉ်က ပခုံးတွင် ဒဏ်ရာတစ်ချက်ရခဲ့သည်။ ထို့ကြောင့် အရပ်မြင့်မျက်နှာဖုံးစွပ်နှင့် ယှဉ်ရစဉ်တွင် စောစောကထက်ပိုပြီး သတိထားနေရတော့သည်။

တိုက်ရင်းတိုက်ရင်း အရပ်မြင့်မျက်နှာဖုံးစွပ်၏ သိုင်းပညာမှာ အရပ်ပုမျက်နှာဖုံးစွပ်ထက် များစွာသာလွန်ကြောင်းတွေ့ရသည်။

သို့သော် မိမိ၏တိုက်ခိုက်ချက်များသည် အရပ်ပုမျက်နှာဖုံးစွပ် တိုက်ခိုက်နေရသည်ထက် ပိုပြီးထိရောက်မှုရှိနေ၏။

အရပ်မြင့်မျက်နှာဖုံးစွပ်ထက် သိုင်းပညာမြင့်မားနေသော်လည်း မိမိ၏တိုက်ချက်များကိုကား သေပြေးရှင်ပြေး ရှောင်တိမ်းနေရသည်။ အဘယ်သို့ ဖြစ်နေရသနည်း။

လုရင်သည် ပထမအကြိမ်၌ အခြေအနေကို နားမလည်နိုင်ဘဲ ဖြစ်နေသော်လည်း တဖြည်းဖြည်းနှင့် ကွာခြားချက်ကို သဘောပေါက်ထားတော့သည်။ အရပ်မြင့်မျက်နှာဖုံးစွပ်သည် အရပ်ပုမျက်နှာဖုံးစွပ်ထက်ပင် သိုင်းပညာမြင့်မားသူဖြစ်သော်လည်း မိမိ၏



သိုင်းကွက်များကို ကျွမ်းကျင်သူမဟုတ်ချေ။ ထို့ကြောင့် မိမိ၏အခြေအနေ ကောင်းမွန်နေခြင်းဖြစ်သည်။

သို့သော် ဘယ်ပခုံးတွင်ထိထားသော ဒဏ်ရာသည် တစ်ချိန်ထက်တစ်ချိန် ပိုပြီးနာကျင်ကိုက်ခဲနေသဖြင့် ညာလက်တစ်လက်တည်းကိုသာ ဖိပြီးလှုပ်ရှားနေရတော့သည်။ လုရင်သည် ညာလက်တစ်ဖက်တည်းနှင့် ဖိတိုက်နေရသော်လည်း သူမ၏သိုင်းကွက်များသည် မှန်တိုင်းတိုက်သလို ပြင်းထန်နေတော့သည်။

လုရင်သည် အသာစီးမှ တိုက်ခိုက်နိုင်စွမ်းရှိနေသဖြင့် အရပ်ပုမျက်နှာဖုံးစွပ်အကြောင်းကိုပင် တွေးလိုက်မိသေး၏။

"အရပ်ပုမျက်နှာဖုံးစွပ်ဟာ ဘယ်သူလဲ၊ သူက ဘာဖြစ်လို့ ငါ့ရဲ့သိုင်းကွက်တွေကို သိနေတာလဲ၊ ဒီသိုင်းကွက်တွေရဲ့ ချေပမှုကို ဖျက်ကွက်တွေကို ဘယ်တုန်းက လေ့လာထားတာလဲ၊ ငါတို့ရဲ့ ဓားသိုင်းကွက်တွေဟာ လျှို့ဝှက်တဲ့သိုင်းကွက်တွေပဲ၊ ဒီကြားထဲက ငါတို့ရဲ့ သိုင်းကွက်တွေကို တစ်ကွက်မကျန် ကြိုသိနေတာဟာ တော်တော်ထူးဆန်းတဲ့အချက်ပဲ"

လုရင်သည် အရပ်ပုမျက်နှာဖုံးစွပ်အကြောင်းကို စဉ်းစားနေသော်လည်း သူမ၏ဓားကွက်များကို တစ်ကွက်ပြီးတစ်ကွက် ထုတ်သုံးနေသည်။ စင်စစ် ဝါဆန်းခွေရှု၏ဓားသိုင်းကွက်သည် လျှို့ဝှက်သည်နှင့်အမျှ ထူးခြားသောသိုင်းကွက်တစ်မျိုးဖြစ်သည်။

ဤသို့သော သိုင်းကွက်မျိုးကို သိုင်းလောကထဲ၌ ဝါဆန်းခွေရှုမှလွဲ၍ မည်သည့်သိုင်းအဖွဲ့ကမှ အသုံးပြုနိုင်ခြင်းမရှိချေ။

ဆင်တူရိုးမှားသိုင်းကွက်များသည်ပင် အနည်းငယ်အကျဉ်းမျှသာရှိ၏။ လုရင်သည် အရပ်မြင့်မျက်နှာဖုံးအပေါ် မသက်သာစိတ်များ ဝင်နေမိသော်လည်း အေးအေးဆေးဆေး စဉ်းစားချိန်မရချေ။ အရပ်မြင့်မျက်နှာဖုံးစွပ်၏ တိုက်ကွက်များကို သတိထားခုခံရင်း ယတိပြတ် တိုက်ပွဲဆင်ရန် ကြိုးစားနေရတော့သည်။

ထိုအချိန်မှာပင် ကြောက်မက်ဖွယ်ရာအဖြစ်ကြီးတစ်ခု ရုတ်ခြည်းပေါ်ပေါက်လာတော့သည်။

'ဝုန်း ... ဝုန်း'

"အိုး ... နောက်ဆုတ် ... နောက်ဆုတ်"

'ဝုန်း ... ဝုန်း'

မီးတောက်မီးလျှံများ၊ ဓားရောင်ခါးရိပ်များ ရိပ်ခနဲရိပ်ခနဲဖြစ်နေသောသဏ္ဍာန်များအားလုံး ငရုန်းသုန်းကားဖြစ်သွားသည်။

နဂိုကတည်းက ပျက်စီးယိုယွင်းနေသော ခေါင်မိုးတစ်ခြမ်းသည် ကြောက်မက်ဖွယ်ပြိုကျလာနေသည်။ မီးတောက်များ၊ မီးပွားများ၊ ဖုန်မှုန့်၊ ပြာမှုန့်များနှင့် မီးခိုးများသည် အလိပ်လိပ်အလှိုင်းလှိုင်းဖြစ်နေတော့သည်။

ကွမ်လိန်နှင့်လုရင်တို့သည် မီးလွတ်ရာနံရံတွင် ကျောကပ်ပြီး ရပ်နေကြသည်။ သူတို့နှင့် ခပ်လှမ်းလှမ်းနံရံမထောင့်တွင်မူ အရပ်မြင့်မျက်နှာဖုံးစွပ်တို့ ရပ်နေကြသည်။ သူတို့ကြားတွင် မီးခိုးများနှင့် မီးတောက်မီးလျှံများ အလိပ်လိပ်ဖြစ်နေသည်။ ငှက်ပိန်ထန်ချင်ကိုလည်း အစအနပင်မတွေ့တော့ချေ။



သူထွက်ပြေးလွတ်မြောက်သွားပြီလော၊ မီးလောင်သွားပြီလော ကွမ်လိန်မသိတော့ချေ။

အသေအကြေတိုက်ခိုက်နေကြသူများသည် ရုတ်ခြည်း ငြိမ်သက်သွားကြပြီး မီးတောက်ကြီးများကို အာရုံစိုက်နေကြတော့သည်။

ထိုစဉ် ကျောင်းအိုကျောင်းပျက်ကြီး၏တံခါးပေါက်ဆီမှ အမျိုးသမီးတစ်ယောက် လှမ်းဝင်လာ၏။ သူမက တံခါးဝရှေ့သို့ ရောက်သည်နှင့် ခြေလှမ်းကို ရပ်ပစ်လိုက်၏။

မီးရောင်က သူမ၏မျက်နှာပေါ်သို့ ကျရောက်နေသဖြင့် အခန်းထဲတွင် ထင်းထင်းကြီးဖြစ်နေ၏။

"ကျောင်းရှေ့မှာရပ်ထားတဲ့ မြင်းရထားပိုင်ရှင်ရှိသလား"

အသံက ပျော့ပျောင်းပြီး နူးညံ့၏။ ချိုပြီးလွင်သည်။ အသံကြောင့် ကွမ်လိန်ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ လှမ်းကြည့်လိုက်သောအခါ ပိုက်ကွန်အင်္ကျီဝတ်အမျိုးသမီးဖြစ်နေသတည်း။

အမျိုးသမီးက အခြေအနေကို ဝေ့ခနဲဝေ့ခနဲ အကဲခတ်လိုက်ပြီး ကွမ်လိန်ကိုလှမ်းကြည့်၏။ မျက်လုံးချင်းဆုံမိကြသောအခါ ကွမ်လိန်က ခေါင်းညိတ်ပြီး အဖြေပေးလိုက်၏။

"ရှိပါတယ် ... ကျွန်တော်ပါပဲ"

ထိုစဉ် အမျိုးသမီး၏မျက်လုံးက တစ်နေရာသို့ ရွေ့သွား၏။ လုရင်နှင့်အကြည့်ချင်းဆုံသွားသည်။ လုရင်က အံ့သြဟန်နှင့်ပြုံးပြ၏။

အမျိုးသမီးကလည်း လုရင်ကိုပြန်ပြီး ပြုံးပြလာ၏။ ကွမ်လိန်က အံ့သြသလိုဖြစ်သွားပြီး တီးတိုးရေရွတ်လိုက်သည်။

"သူတို့နှစ်ယောက်က မိတ်ဆွေတွေလား"

ပိုက်ကွန်အင်္ကျီဝတ်အမျိုးသမီး၏မျက်လုံးများက တစ်နေရာသို့ ရောက်သွားပြန်၏။ မြင်ကွင်းထဲတွင် အရပ်မြင့်မျက်နှာဖုံးစွပ်နှင့် အရပ်ပုမျက်နှာဖုံးစွပ်တို့ကို တွေ့ရ၏။

မျက်နှာဖုံးစွပ်နှစ်ယောက်က အမျိုးသမီးကို မြင်လိုက်သည်နှင့် ရိပ်ခနဲလှုပ်ရှားလိုက်ကြပြီး ပြတင်းမှ ခုန်ထွက်သွားကြတော့သည်။ ပိုက်ကွန်အင်္ကျီဝတ်အမျိုးသမီး။

ချွဲဝမ့် ပုလင် (မျှော်လင့်ချက်မရှိသောမိန်းမ)

ချင်ဆန်လျှံ။

ဝိသေသထူးများစွာနှင့်အမျိုးသမီး။ သူမက အခြေအနေကို သဘောကျသွားသဖြင့် လှလှပပပြုံးလိုက်သည်။ ထို့နောက် ...

"ဘာဖြစ်လို့ ဒီအတိုင်းရပ်နေကြတာလဲ၊ မီးတောက်မီးလျှံတွေကို ရေခဲတုံးတွေ အောက်မေ့နေလို့လား"

ချင်ဆန်လျှံက ပြောပြောဆိုဆို အပြင်သို့ ပြေးထွက်သွားသည်။ ထိုအခါကျမှ လုရင်နှင့်ကွမ်လိန်က တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်လျက် သူတို့ပါ အပြင်သို့ ပြေးထွက်မိကြသည်။

မီးတောက်မီးလျှံများက တစ်ချိန်ထက်တစ်ချိန် ပိုပြီး ပြင်းထန်လာနေသည်။ ရုတ်တရက် ... ကွမ်လိန်က လုရင်၏လက်တစ်ဖက်ကို ဆတ်ခနဲ ဆွဲကိုင်လိုက်ပြီး ...

"လုရင် ... မင်း ဒီကိုဘယ်လိုလုပ်ရောက်လာတာလဲ၊ လုရင် ဒီကိုရောက်လာလိမ့်မယ်လို့ ကျွန်တော် မထင်မိဘူး"



ဟု စိတ်လှုပ်ရှားစွာ ပြော၏။ လုရင်က သူ့လက်ကို ရုန်းခါလိုက်ပြီး အရေးမစိုက်ဟန်နှင့် လှည့်ထွက်သွား၏။

လုရင်၏အပြုအမူကြောင့် ကွမ်လိန် ကြောင်သွားသည်။

"လုရင် ... ဘာဖြစ်သွားတာလဲ၊ ငါ့ကို စိတ်ဆိုးသွားတာလား။ ငါ သူ့ကို ဘာများမကောင်းတာလုပ်ခဲ့လို့လဲ"

ကွန်လိန် သောကများ ဗလောင်ဆူသွား၏။

လုရင်က နောက်သို့ပင် လှည့်မကြည့်ဘဲ လျှောက်ထွက်သွားချေပြီတည်း။

ကွမ်လိန်က စိတ်ရှုပ်လာသည်နှင့် သက်ပြင်းကိုသာ ဟင်းခနဲချလိုက်မိတော့၏။

သို့နှင့် တံခါးပေါက်ရှိရာသို့ လေးလံသော ခြေလှမ်းများနှင့် တစ်လှမ်းချင်း လျှောက်လာမိတော့သည်။

အပြင်သို့ရောက်သောအခါ မိမိရပ်ထားခဲ့သော မြင်းရထားက စောစောက နေရာတွင်မဟုတ်ဘဲ တစ်နေရာသို့ ရောက်နေသည်ကို တွေ့ရ၏။ ထိုမြင်းရထားနှင့် ယှဉ်ပြီးရပ်ထားသည့် မြင်းရထားတစ်စီးကိုလည်း တွေ့ရ၏။ ထိုမြင်းရထားက ဝုပုယွင်၏ မြင်းရထားဖြစ်၏။ ချင်ဆန်လျှံယူသွားသော မြင်းရထားဖြစ်သည်။

လုရင်က ရထားပေါ်တွင် ထိုင်နေလျက်ရှိပြီး သူနှင့်မလှမ်းမကမ်းတွင် ရပ်နေသော ချင်ဆန်လျှံနှင့် ပြုံးပြုံးရွှင်ရွှင် စကားပြောနေကြ၏။ ကွမ်လိန်က လုရင်ကို မြင်သည်နှင့် ဒေါသထွက်သွား၏။

"မင်းက ငါ့ကို ဘာဖြစ်လို့ ရန်သူလိုဆက်ဆံနေရတာလဲ"

အသံက အပြင်သို့ထွက်မလာဘဲ လည်ချောင်းထဲတွင်သာ ပျောက်ကွယ်သွား၏။ သို့နှင့် သူတို့နှစ်ယောက်အနီးသို့ရောက်ရှိသွား၏။ ကွမ်လိန်က ချင်ဆန်လျှံကို ဦးညွတ်ဂါရဝပြုလိုက်ပြီး ...

"ကျွန်တော့်အသက်ကို ကယ်တင်ခဲ့တဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်"

"မောင်လေး ... မင်း မှားနေပြီ၊ မင်းကို ကယ်တင်ခဲ့တာ ငါ မဟုတ်ဘူး ... သူ ... သူ"

ချင်ဆန်လျှံက လုရင်ကို မေးငေါ့ပြပြီး ပြုံးပြုံးရွှင်ရွှင်ပြော၏။ လုရင်က အရုပ်ဆိုးအောင် မဲ့ပစ်လိုက်ပြီး ...

"သူ့ကို ကျွန်မ မကယ်ခဲ့ပါဘူး"

ကွမ်လိန်က အောင့်သက်သက် ဖြစ်သွားသဖြင့် သက်ပြင်းချလိုက်၏။

"မြင်းရထားကို ပြန်ပို့ပေးတဲ့အတွက် အစ်မကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ... ကျွန်တော်"

ကွမ်လိန်က ဘာဆက်ပြောရမှန်းမသိတော့သဖြင့် စကားကို ရပ်ပစ်လိုက်မိ၏။ တစ်ချိန်တည်းတွင် လုရင်ကိုမကျေနပ်စိတ်၊ ဝုပု ယွင်နှင့် တွေ့လိုစိတ်၊ အခြေအနေအားလုံးကို မသင်္ကာစိတ် စသည်တို့သည် ဦးနှောက်ထဲ၌ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေ၏။

ထိုစဉ် ချင်ဆန်လျှံက ပြုံးပြီးပြောလာသည်။

"ဒီတစ်ခါလည်း မင်း အထင်မှားနေပြန်ပြီ၊ ဟင်း ... ဟင်း ... ဒီမြင်းရထားဟာ ငါ့စိတ်နဲ့ငါ့ကိုယ် လာပို့ခဲ့တာ မဟုတ်ဘူး၊



ညီမလေးကြောင့် လာပို့ရတာ၊ မဟုတ်ရင် ခုချိန်လောက်ဆိုရင် ငါနဲ့ အတူတူ ဒီမြင်းရထားလည်း ဝိကင်းကိုရောက်နေလောက်ပြီလေ"

လုရင်က မျက်နှာကို ရှုံ့မဲ့ပြီး ဝင်ပြော၏။

"စေတနာကို စေတနာမှန်းမသိတတ်တဲ့လူနဲ့ စကားများများ ပြောနေလို့ အပိုပဲ"

"သြော် ... ပြောရက်ပါ့ လုရင်ရယ်"

ကွမ်လိန် စိတ်ဓာတ်ကျသွားသည်။ ချင်ဆန်လျှံက ထပ်ပြော၏။

"မောင်လေး ... တကယ့်တကယ်ကျတော့ ငါက မင်းကိုသာ ကျေးဇူးတင်ရမှာပါ၊ မင်းရဲ့စေတနာနဲ့ သစ္စာရှိမှု၊ အမြော်အမြင်ရှိမှုကို ငါ သိထားပါတယ်၊ မင်းသာ လက်လွှတ်စပယ်လုပ်ခဲ့ရင် ငါရှာနေတဲ့လူကို တွေ့ရတော့မှာ မဟုတ်ဘူး၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ညီမလေးကိုလည်း ကျေးဇူးတင်ရမှာပဲ၊ လမ်းမှာ ညီမလေးနဲ့သာ မတွေ့ခဲ့ရင် ငါ့အနေနဲ့ အချိန်ကုန်လူပန်းဖြစ်ပြီး စိတ်ဆင်းရဲနေရမှာ၊ ခုတော့ ..."

ချင်ဆန်လျှံက စကားကို ခေတ္တရပ်ပြီးနောက် ဆက်ပြောသည်။

"ငါ့အနေနဲ့ ဒီက ညီမလေးကိုရော မင်းကိုပါ အများကြီး ကျေးဇူးတင်ပါတယ်၊ မင်းတို့နှစ်ယောက်ဟာ ငါ့စိတ်ကို ချမ်းသာအောင် ဖွမ်းဆောင်ပေးခဲ့တဲ့လူတွေပဲ"

ကွမ်လိန် မည်သည့်စကားမှ ပြန်မပြောဘဲ ငြိမ်မြဲငြိမ်နေသည်။

လုရင်က ကွမ်လိန်ကို ငေးခနဲကြည့်လိုက်ပြီး မကျေမနပ်ဖြ
နေသည်။ သူမသည် အကြောင်းမရှိအကြောင်းရှာပြီး စိတ်ဆိုးစိတ်
ကောက်နေခြင်းသာ ဖြစ်သည်။ သူမ စိတ်ကောက်နေခြင်းကို မနေ
တတ် မထိုင်တတ်နှင့် ချော့စေလိုသောဆန္ဒလည်း ရှိနေသည်။

သို့သော် ကွမ်လိန်က သူမ၏အတွင်းသဘောကို နားလည်
ခြင်းမရှိသဖြင့် လုရင်မှာ အခက်ကြုံနေရတော့သည်။

"လုရင် ... ကျွန်တော် မှားသွားတယ်၊ ဖြစ်ခဲ့သမျှတွေဟာ
ကျွန်တော့်အပြစ်တွေချည်းပါပဲ"

လုရင်က နှုတ်ခမ်းစူပြီး မာတင်းတင်းပြန်ပြောသည်။

"အမယ်လေး သူဌေးမင်းက တောင်းပန်နေရသေးတယ်၊
မလိုပါဘူး ... မလိုပါဘူး"

ကွမ်လိန်က လုရင်၏အမူအရာကို သဘောကျသွားပြီး
ဆတ်ခနဲရယ်လိုက်သည်။ လုရင်က ရထားပေါ်မှ ခုန်ချလိုက်သည်။

ပြီး အနားသို့ရောက်လာသော ကွမ်လိန်ကို လက်သီးဆုပ်
လေးနှင့် ဖွဖွလေးထုသည်။ မျက်လုံးချင်းအဆုံတွင် အပြုံးပန်းကလေး
များ ပွင့်လန်းသွားကြ၏။ ချင်ဆန်လျှံက မြင်းရထားဘေး၌ရပ်နေ
သည့် အစေခံအမျိုးသမီးကို လှမ်းမေးသည်။

"မဟုန် ... အစ်ကို့အခြေအနေ ဘယ်လိုနေသေးလဲ"

"အစ်ကို အိပ်ပျော်နေတယ် မမ၊ အခြေအနေလည်း ကောင်း
ပါတယ်"

မဟုန်က အိပ်မောကျနေသော ဖျတ်ခနဲကို လှည့်ကြည့်ပြီး



ပြောသည်။ ကွမ်လိန်မှာ ကြားရသောစကားကြောင့် ဆတ်ခနဲဖြစ်
သွားပြီး အရှုပ်အထွေးတစ်ခုရှင်းသွား၏။

"လက်စသတ်တော့ ချင်ဆန်လျှံက ဖျတ်ခနဲရဲ့ ဇနီးကိုး"

ကွမ်လိန်သည် အခြေအနေကို သဘောပေါက်သွားသဖြင့်
ချင်ဆန်လျှံအနီးသို့ ရောက်လာ၏။

"အစ်ကိုကြီး ဒဏ်ရာက ..."

"အစ်ကိုကြီး အတိတ်မေ့နေပါတယ်၊ သူသာ အဲဒီလိုဖြစ်မနေ
ရင် သိုင်းလောကထဲမှာ ဖြစ်ပေါ်နေတဲ့အရှုပ်အထွေးတွေဟာ ခုလို
ရှုပ်ထွေးနေမှာမဟုတ်ဘူး"

ချင်ဆန်လျှံက သက်ပြင်းမောလေးချပြီး ရထားထဲကို
လှမ်းကြည့်လိုက်၏။ ပြီးမှ ...

"ဖျတ်ခနဲဟာ ဒီလိုအလုပ်မျိုးကို လုပ်မယ်မထင်ပါဘူး၊ ငါ
သူ့အကြောင်းကို ကောင်းကောင်းသိပါတယ်၊ သူဟာ မဟုတ်မခံ
စိတ်ရှိတာမှန်ပေမယ့် မတရားတာတော့ ဘယ်တော့မှမလုပ်ပါဘူး၊
စစ်မိန်ဂေဟာမှာ ဖြစ်ပျက်ခဲ့တဲ့ ပြဿနာတွေဟာ သူ့လက်ရာမဖြစ်
နိုင်ဘူး၊ ဒီထက် သေချာအောင်ပြောရရင် ဒီအရေးအခင်းဟာ သူ့
လက်ရာမဟုတ်ဘူးလို့ ငါထင်တယ်"

ကွမ်လိန်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောသည်။

"မမပြောတာ ဖြစ်နိုင်ပါတယ်၊ ကျွန်တော့်အမြင်မှာလည်း
စစ်မိန်ဂေဟာရဲ့ ပြဿနာမှာ ဖျတ်ခနဲကို တရားခံလို့ မထင်ပါဘူး၊
ဒါကြောင့်မို့လို့လည်း ကျွန်တော် သူ့ကိုစောင့်ရှောက်နေတာပါ"

လုရင်က ကွမ်လိန်ကို မနို့တရိကြည့်ပြီး ဝင်ပြောလိုက်သည်။

"သိုင်းလောကမှာ ဖြစ်ပေါ်နေတဲ့သတင်းတွေဟာ စိတ်ညစ်စရာကောင်းလောက်အောင် ရှုပ်ထွေးနေတာကတော့ အမှန်ပဲ၊ ဒါပေမဲ့ ... ပြဿနာတချို့ကို ဖြေရှင်းလိုက်ရင် ဒီအရှုပ်ကြီးဟာ ပြေလည်သွားမှာပါ"

"ပြဿနာအချို့ ...ဟုတ်လား၊ အဲဒီပြဿနာက ဘာလဲ"

"တစ်အချက် ... အစ်ကိုဖျတ်ခနဲမိထားတဲ့အဆိပ်ဟာ ဘာအဆိပ်လဲ သိအောင်လုပ်ရမယ်၊ ပြီးတော့ သူအဆိပ်မိခဲ့တာ ဘယ်အချိန်ကလဲ၊ ဘယ်သူက ခပ်လိုက်တာလဲ၊ နှစ်အချက် သူအတိတ်မေ့နေတာ ဘာဖြစ်လို့လဲ၊ ဘယ်လိုဒဏ်ရာကြောင့်လဲ၊ ဘယ်သူ့လက်ချက်ကြောင့်လဲ ... သုံးအချက်က သူ့ကိုယ်သူ ကိုယ်တိုင်ပြန်သတိရအောင်လုပ်ရမယ်"

လုရင်က လက်ချောင်းများကို လက်ချိုးရေတွက်ပြီး အလေးအနက်ပြောသည်။ ကွမ်လိန်က သူမ၏အမူအရာကိုကြည့်ပြီး ပြုံးစိစိလုပ်နေပြီး ရွှတ်နောက်နောက်ပြောသည်။

"လုရင်ပြောတာ မှန်တယ် .. ဒီကိစ္စကို အမြန်ဆုံးဖြေရှင်းနိုင်အောင် ဗေဒင်မေးပြီး တရားခံအစစ်ကို ဖော်ထုတ်ရမယ် ဟဲ ... ဟဲ"

ချင်ဆန်လျှံက ကွမ်လိန်၏ပြောပုံဆိုပေါက်ကိုသဘောကျပြီး ဟက်ခနဲရယ်လိုက်သည်။

"ရှင်က ဘာဘုကန့်လန့်ပြောတာလဲ၊ ကျွန်မပြောတာ လမ်းမကျလို့လား"



လုရင်က ကွမ်လိန်ကို လှမ်းဟောက်လိုက်သည်။ ချင်ဆန်လျှံက လုရင်ကိုကြည့်ပြီး အေးအေးပြောသည်။

"ညီမလေး တင်ပြတဲ့အချက်တွေဟာ သဘာဝကျတဲ့အချက်တွေပါ၊ ဒါပေမဲ့ ... အချက်သုံးချက်စလုံးရဲ့ အစအနကိုရှာဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စမဟုတ်ဘူး၊ ဒီက မောင်လေးပြောခဲ့တာတွေကလည်း ဒီကိစ္စရဲ့အစအနကို ရှာမတွေ့သေးလို့ပါပဲ"

လုရင်သည် တွေခနဲဖြစ်သွားရာမှ မျက်မှောင်ကြုတ်သွားသည်။ တစ်ချိန်တည်းတွင် ရှက်သွေးတက်ပြီး တစ်မျက်နှာလုံး နီရဲသွားသည်။

"အင်း ... ကျွန်မ စကားပြော သိပ်လောသွားတယ်၊ သူဌေးမင်းက ကျွန်မထက် အများကြီးတော်ပါတယ်၊ သူဌေးမင်းသဘောထားကို ဆက်ပြောပါ"

လုရင်က ဝန်ခံသလိုလိုနှင့် ငေါ့တော့တော့ပြောသည်။ ကွမ်လိန်က ပြုံးသည်။

"လုရင်ပြောတဲ့အချက်ေ့ဟာ သဘာဝကျတဲ့ လိုအပ်တဲ့အချက်တွေပါ၊ ဒီအချက်တွေထဲက ဖျတ်ခနဲမိထားတဲ့အဆိပ်ကို ဘာအဆိပ်လဲဆိုတာ ရှာဖို့လွယ်ပါသေးတယ်၊ ကျန်တဲ့အချက်တွေကတော့ တော်တော့်ကို ခက်ခဲတဲ့အချက်တွေပါ"

ကွမ်လိန်က စကားပြောနေရင်း ဝါမေကျားသစ်အိတ် ညီအစ်ကိုကို ဖျတ်ခနဲ သတိရလိုက်၏။ ဝါမေကျားသစ်အိတ်စကားထဲမှ တရားခံအစအနကို ရှာကြည့်သည်။ သို့သော် ... တိကျရေရာသော

အဖြေကို တစ်ခုမျှမရ။ လုရင်က တစ်ခုခုပြောရန် ဟန်ပြင်သည်။ ချင်ဆန်လျှံက ကမန်းကတန်း လက်ကာဟန့်တားလိုက်ပြီး ငြိမ်နေလိုက်သည်။ ကွမ်လိန်က မျက်မှောင်ကြုတ်၍ ပြီးခဲ့သည်များကို တစ်ခုချင်း စဉ်းစားသည်။ အတန်ကြာမှ ဆတ်ခနဲ ခေါင်းထောင်လိုက်ပြီး...

"ကျွန်တော့်စိတ်ထဲမှာ သဲလွန်စတစ်ခုခုကို တွေ့နေရသလိုပဲ၊ ဒါပေမဲ့ ... ခေါင်းထဲမှာ အတွေးတွေ ထွေပြားနေပြီး ပုံဖော်လို့မရဘူး"

ဟု ပြောပြီး တစ်ဆက်တည်းတွင် သက်ပြင်းကို ဟင်းခနဲချလိုက်သည်။ အတွေ့အကြုံရင့်ကျက်နေသော ချင်ဆန်လျှံက စိတ်လက်ရှည်ရှည်ဖြင့် ပြုံးပြီးပြောသည်။

"မင်းခေါင်းထဲမှာ ဖြစ်ပေါ်နေတာကို ပြောကြည့်စမ်းပါ၊ ဘာပဲဖြစ်ဖြစ်ပေါ့"

ကွမ်လိန် ငြိမ်သွားပြန်သည်။ ခေါင်းထဲတွင် ဖြစ်ပေါ်နေသော စိတ်ကူးစိတ်သန်းများကိုပင် ပြန်ဖမ်း၍မရဘဲ ဖြစ်နေသည်။

ထိုစဉ် လုရင်က ရှုံ့မဲ့ပြီး ပြန်ပြောသည်။

"ကျွန်မတို့ရှာစ်နေရာရာမှာ အေးအေးဆေးဆေးထိုင်ပြီး ဆွေးနွေးကြရင်ကောင်းမယ်၊ ကျွန်မ သိပ်ပင်ပန်းနေပြီ"

"အင်း ... ညီမလေးကြည့်ရတာ အိပ်ရေးပျက်ပေါင်းများနေပုံရတယ် ... ဟုတ်လား"

လုရင်က မျက်လုံးစင်းပြီးပြောသည်။

"ဟုတ်တယ် မမ၊ ကျွန်မ မအိပ်ခဲ့ရတဲ့ရက်တွေက အတော်များနေပြီ၊ ပြီးတော့ သိပ်ပင်ပန်းနေတယ်"



ကွမ်လိန်သည် ခုမှ လုရင်ကိုသတိထားလိုက်မိသည်။ မျက်တွင်းများချိုင့်ပြီး အားနည်းရိပ်များပေါ်လွင်နေသည်။ သနားစိတ်များ၊ ကြင်နာစိတ်များဖြစ်ပေါ်လာပြီး ဝေဒနာအချို့ကိုပင် ခံစားလိုက်ရသည်။ လုရင်အနားသို့ အမှတ်မထင်တိုးကပ်သွားပြီး ...

"လုရင် ... မင်း ငါ့ကို အမြဲလိုလို စောင့်ကြည့်နေခဲ့တယ် မဟုတ်လား"

ဟု မေးသည်။ လုရင်က တွန့်ဆုတ်သွားဟန်နှင့် မျက်နှာကို ဟစ်ဖက်သို့ လွှဲသွားသည်။ ရှက်သွားဟန် တူသည်။ ချင်ဆန်လျှံက အလိုက်တသိဝင်ပြောသည်။

"ဟုတ်တယ် ... ညီမလေးဟာ မင်းအပေါ် သံယောဇဉ်သိပ်ကြီးတဲ့မိန်းကလေး။ သူပင်ပန်းနေတာဟာ မင်းအတွက်ကြောင့်ပဲ၊ ပြီးတော့ မမအပေါ်လည်း သူ ကောင်းခဲ့ပါတယ်၊ သူ့ရဲ့စွမ်းဆောင်ချက်ကြောင့် မမ ဖျတ်ခနဲကိုတွေ့ခဲ့ရတာပါ။ ညီမလေးကိုသာ မတွေ့ခဲ့ရင် ဖျတ်ခနဲနဲ့မမဟာ ကွဲကွာနေကြဦးမှာပါ"

ကွမ်လိန်သည် လုရင်၏ကြွှာနှင့်စေတနာကို ခုမှပိုပြီး သဘောပေါက်လာ၏။ ထို့ကြောင့် စိတ်လှုပ်ရှားစွာပြောသည်။

"လုရင် စာကြည့်ခန်းမှာတွေ့ခဲ့ရတဲ့ နားရွက်တစ်ဖက်ဟာ လုရင်ပို့လိုက်တာ မဟုတ်လား"

လုရင်သည် ခုမှစိတ်ကြည်လာပြီး ခစ်ခနဲရယ်သည်။ ရယ်စရာတစ်ခုကို စဉ်းစားမိလိုက်သည်ထင်သည်။ ကွမ်လိန်သည် အခြေအနေကို နားမလည်သဖြင့် အူကြောင်ကြောင်မေးသည်။

"မင်းက ဘာကိုသဘောကျလို့ ရယ်တာလဲ"

"သိချင်ရင် ငြိမ်ငြိမ်နေ၊ နောက်မှ အေးအေးဆေးဆေးပြောပြမယ်၊ ခု မိုးတောင်လင်းတော့မယ်"

လုရင်စကားကြောင့် ကွမ်လိန် ထိတ်ခနဲဖြစ်သွားသည်။

"မိုးလင်းတော့မယ် ... မိုးလင်းတော့မယ်"

ကွမ်လိန် ရထားပေါ်သို့ ဖျတ်ခနဲ ခုန်တက်လိုက်သည်။

"သွားမယ် ... သွားမယ် ... ဒီထက်နောက်ကျရင် မိမှာမဟုတ်တော့ဘူး"

ကွမ်လိန်က မြင်းဇက်ကြိုးကို ဆွဲကိုင်ရင်း တဖျစ်တောက်တောက် ရေရွတ်၏။ ပြီး မြင်းရထားပေါ်မှ ချက်ချင်းခုန်ချလိုက်ပြီး လှည်းအိမ်တံခါးကို ဖွင့်ကြည့်လိုက်သည်။ ကုန်စွန်းဘယ်ခြေသည် နေမြဲတိုင်း ငြိမ်သက်နေသည်။ ကွမ်လိန်က ယခုမှစိတ်အေးသွားဟန်နှင့် သက်ပြင်းချပြီး မြင်းရထားပေါ်ခုန်တက်လိုက်ပြန်သည်။ ပြီး ...

"သွားမယ် ... သွားမယ်၊ ဒီထက်နောက်ကျရင် မိမှာမဟုတ်တော့ဘူး"

လုရင်က ဗျာများနေသော ကွမ်လိန်ကိုကြည့်ပြီး မျက်မှောင်ကုပ်နေသည်။ ပြီးမှ ဒေါသသံနှင့်ပြော၏။

"ရှင် ဘာဖြစ်လို့ ဒီလောက်တောင် ဗျာများနေတာလဲ၊ အရူးလို ဘာတွေလျှောက်ပြောနေတာလဲ"

"လူတစ်ယောက်နဲ့ ဆာဖုံးတောင်မှာ ချိန်းထားလို့ ... ဒီထက်နောက်ကျရင် မိမှာမဟုတ်တော့ဘူး"



"အဲဒီလူက ရှင့်မြင်းရထားကို ဝင်တိုက်တဲ့လူ မဟုတ်လား"

ကွန်လိန် အံ့သြသင့်သွားသည်။

"သူ့ကို မင်းတွေ့ခဲ့တယ်လား"

"တွေ့ရုံတင်မကဘူး၊ ရှင်တို့တိုက်ပွဲထဲကို ဝင်ပါမိတော့မလို့ သိလား၊ ရှင်တို့အနားကို ကျွန်မ,ရောက်နေတာ မသိဘူး မဟုတ်လား"

"ဟား ... ဟား ... ဟား ခင်ဗျားက ကျွန်တော့်နောက်ကို တကောက်ကောက်လိုက်နေတာကိုး"

လုရင်သည် ရှက်သွေးဟက်ပြီး တစ်မျက်နှာလုံး နီရဲသွားသည်။ ထိုစဉ် ချင်ဆန်လျှံက ဝင်ပြောသည်။

"တစ်ဖက်က အာရုံရောက်ရင် သတိမထားမိတာ အမှန်ပဲ၊ ငါတို့လည်း အဲဒီကိန်းဆိုက်နေပြီ ... သိလား"

ချင်ဆန်လျှံစကားကြောင့် လုရင်ရော ကွမ်လိန်ပါ မျက်လုံးပြူးသွားသည်။ ချင်ဆန်လျှံက လမ်းဘေးတွင်ရှိသော သစ်ပင်အုပ်လေးကို မေးငေါ့ပြပြီး ပြောသည်။

"ဟင်း ... ဟင်း ... ကျွန်မကို မျက်စိကန်းနေတယ်လို့ ထင်ရင် မှားသွားမယ်နော်"

ချင်ဆန်လျှံက လေအေးနှင့်ပြောရင်း အသံတိုးမြှင့်ပြီးအော်သည်။

"ဘယ်လိုလဲ ... ရှင်တို့ ခုထိ ထွက်မလာကြသေးဘူးလား"

၅၇၊၁၆

# အခန်း (၂၃)

## ခရမ်းရောင်ကျာပွတ်ရှင်ဇာသား

သစ်ပင်အုပ်ထဲမှ လူနှစ်ယောက်ထွက်လာကြသည်။

ကွမ်လီန်သည် မြင်ကွင်းကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ထိုက်ရှင်အဘိုးကြီးနှစ်ယောက်ပင်ဖြစ်၏။

လုရင်နှင့်ကွမ်လီန်တို့သည် မိမိတို့၏အမှတ်မထင်ဖြစ်မှုနှင့် ညှံ့ဖျင်းမှုတို့ကို သတိပြုလိုက်မိသဖြင့် ရှက်စိတ်မွန်သွား၏။ တစ်ပြိုင်နက်တည်းတွင် ချင်ဆန်လျှံကို ကြိတ်ပြီး ချီးကျူးလိုက်မိသည်။

ချင်ဆန်လျှံက ပြောသည်။

"ဘယ်သူတွေလဲ အောက်မေ့တယ်၊ လက်စသတ်တော့ ရှင်တို့ကိုး"

ပြောပြောဆိုဆို ချင်ဆန်လျှံက တစ်ဖက်ကို လွှားခနဲခုန်ထွက်သွားသည်။ ဆယ်ကိုက်နီးပါးရောက်သွားသည်။

"မပြေးနဲ့ ... ရပ်စမ်း"

ချင်ဆန်လျှံ ထပ်မံအော်လိုက်သည့်အသံကြောင့် ကွမ်လီန်ရော လုရင်ပါ ထိတ်လန့်သွားကြပြန်သည်။ မိမိတို့အနီး၌ ရန်သူပေါင်းစုံ ရှိနေပါလားဟူသောအသိက သူတို့အား အရှက်ရ ထိတ်လန့်သွားစေသည်။



အမှောင်ရိပ်ထဲ၌ လူရိပ်တစ်ခု ပြေးထွက်သွားသည်ကို တွေ့လိုက်ကြရ၏။ ချင်ဆန်လျှံက ...

"ညီမလေးနဲ့မောင်လေး ဒီမှာစောင့်နေကြဦး ... မမ လိုက်သွားမယ်"

အသံနှင့်အတူ လွှားခနဲ ထပ်ခုန်လိုက်ပြန်သည်။ ကိုယ်ဖော့ပညာက လက်ဖျားခါလောက်အောင်ကောင်းနေသည်။ ထိုက်ရှင်အဘိုးကြီးနှစ်ယောက်ပင် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ မကြာမီ သူတို့ရှေ့မှ ချင်ဆန်လျှံ ပျောက်ကွယ်သွားတော့သည်။

ကွမ်လီန်သည် အဘိုးကြီးနှစ်ယောက်ဘက်သို့ လှည့်လိုက်သည်။ ထိုက်ရှင်အဘိုးကြီးနှစ်ယောက်သည် ဝုပုယွင်ကို တွေ့ချင်နေသူများဖြစ်သည်။ ကျောင်းအိုပျက်ထဲမှ ထွက်ခွာသွားကြသော်လည်း မိမိထံအချိန်မီပြန်လာခဲ့ကြသည်။ သို့သော် မိမိနှင့်အတူ ချင်ဆန်လျှံ ရှိနေသဖြင့် သစ်တောအုပ်ထဲ ဝင်ပုန်းနေကြခြင်းဖြစ်ပေလိမ့်မည်။

ထိုစဉ် လောနှောအဘိုးကြီးက ကွမ်လီန်ကို လှမ်းပြော၏။

"မိဘ်ဆွေလေး မင်းစကားအတိုင်း ကတိတည်ပါတယ်နော်"

"ကျွန်တော်က အသက်ငယ်ပေမယ့် ပေးထားတဲ့ကတိဖျက်တဲ့လူစား မဟုတ်ပါဘူး၊ အေးအေးဆေးဆေးစိတ်ချပြီးနေပါ၊ မနက်ဖြန် နေ့လယ်မတိုင်မီ ဝုပုယွင်ဆီသွားမှာပါ"

ထိုစဉ် ခပ်ဝေးဝေးမှ အော်သံဟစ်သံ တိုက်ခိုက်သံ ထွက်ပေါ်လာသည်။ လုရင်သည် ထိတ်ခနဲဖြစ်သွားရာမှ ကွမ်လီန်ကိုပြောသည်။

"ဟိုမှာ တိုက်ခိုက်နေကြပြီနဲ့တူတယ်၊ ကျွန်မ သွားကြည့်လိုက်ဦးမယ်"

လုရင်သည် ပြောပြောဆိုဆို နေရာမှခုန်ထွက်သွားသည်။ သူမ၏ရုပ်သဏ္ဌာန်သည် တစ်ခဏအတွင်း မြင်ကွင်းမှပျောက်ကွယ်သွားသည်။ ထိုက်ရှင်အဘိုးကြီးလောဆန်နှင့်လောဆောသည် တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြလိုက်ကြပြီး လောဆောအဘိုးကြီး မြင်းရထားအနီးသို့ လွှားခနဲခုန်သွားသည်။

ထို့နောက် ရထားရှေ့ အပေါက်မှငုံ့ကြည့်လိုက်သည်။ အိပ်ောကျနေသော ဖျတ်ခနဲကို တွေ့လိုက်ရသောအခါ မျက်လုံးအရောင်များ ဝင်းခနဲတောက်သွားသည်။

"တွေ့ပြီ ... သူမှသူအစစ်ပဲ၊ ဒါပေမဲ့ ဒဏ်ရာရနေတယ်"

လောဆောစကားကြောင့် လောဆန် လှစ်ခနဲရောက်လာသည်။ ထိုစဉ် ... မြင်းရထားအတွင်းမှ အော်ငေါက်သံပေါ်လာ၏။

"ဘယ်သူတွေလဲ ... သွားကြစမ်း"

အဖြူရောင် အလင်းတန်းကလေးများ ဝင်းခနဲ လက်ခနဲဖြစ်သွားသည်။ လောဆန်နှင့်လောဆောသည် ထိတ်လန့်ချောက်ချားသွားကြပြီး အကျီလက်အိုးကြီးများကို အဆက်မပြတ်ယမ်းခါပစ်လိုက်ကြသည်။

"တော်တော်ရမ်းကားတဲ့မိန်းမ"

မြင်းရထားထဲမှ အသံထွက်လာသည်။

"ရမ်းကားတော့ကော ရှင်တို့က ဘာလုပ်ချင်သလဲ"



အသံနှင့်အတူ မြင်းရထားထဲမှ အနီရောင်ဝတ်စုံနှင့်မိန်းမပျိုလေးတစ်ယောက်ထွက်လာသည်။ အစေခံမလေး မဟုန်ဖြစ်သည်။

သူမသည် မြေကြီးပေါ်ခြေချမိသည်နှင့် တောင့်တောင့်ကြီးရပ်ပြီး ခါးထောက်လိုက်၏။ ထို့နောက် ခက်ထန်စွာပြောသည်။

"ရှင်တို့က ဘာသဘောနဲ့ ရထားနားကပ်လာရတာလဲ ... ပြောစမ်း"

သူမသည် လောဆန်နှင့်လောဆောတို့၏ အပြုအမူကို တော်တော်ဒေါသထွက်ဟန်ရှိသည်။ အဘိုးကြီးနှစ်ယောက်သည် မျက်မျက်နှာပျက်သွားကြပြီး သူတို့ကိုယ်သူတို့ ပြန်ကြည့်လိုက်မိသည်။

အကျီလက်အိုးပေါ်တွင် ငွေရောင်တောက်နေသော အစက်အပြောက်ကလေးများကို တွေ့လိုက်ရသဖြင့် ထိတ်ခနဲဖြစ်သွားကြသည်။ နောက်ဆုတ်မြန်ပေလို့ အကျီလက်အိုးကို အခါမြန်ပေလို့ နည်းနည်းေ ားသာ နောက်ကျသွားရင် ငွေရောင်လက်နက်ပုန်းများ အသားထဲသို့ နစ်ဝင်သွားမှာ သေချာနေသည်။

"ဟင်း"

လောဆန်ရော လောဆောပါ ခုမှ သက်ပြင်းချကြ၏။ သူတို့သည် သစ်တောအုပ်ကလေးထဲ ပုန်းနေကြသည်မှာ အတော်ကြာပြီဖြစ်၏။ မမျှော်လင့်ဘဲ မြင်းရထားထဲတွင် ဖျတ်ခနဲ ရှိနေကြောင်းကြားသိရသဖြင့် အတော်အံ့သြသွားသည်။ သို့သော် နားအကြားနှင့် မယုံ့ရဲယုံ့ရဲ ဖြစ်နေသည်။ ယခုမူ ကိုယ်တွေ့မျက်မြင်ဖြစ်နေ၍ အားရကျေနပ်သွားကြပြီ။

အကြောင်းဟူမူ သိုင်းလောကသားတို့က စိမင့်ရိပိုင်ကို မဟာရန်သူကြီးအဖြစ် သတ်မှတ်ထားကြသည် မဟုတ်လော။

ယခုမူ သိုင်းလောက၏ရန်သူသည် ခွန်အားမဲ့စွာငြိမ်သက်နေချေပြီ။ ဤအချက်သည်ပင် သူတို့အတွက် ကြီးမားသောအခွင့်အရေးကြီးတစ်ရပ်ဖြစ်နေသည် မဟုတ်လော။

ဤလိုအခါမျိုး၌ သိုင်းလောက၏သရဖူ ဖျတ်ခနဲကို သုတ်သင်ရှင်းလင်းနိုင်ခဲ့လျှင် ထိုလူသည် သိုင်းလောက၏ကိုးကွယ်ရာဘုံမျိုးသို့ ရောက်ရှိသွားနိုင်သည် မဟုတ်လော။

ချင်ဆန်လျှံမရှိတော့သဖြင့် အားရဝမ်းသာဖြစ်နေရာမှ အစေခံမလေးက ရန်ပြုနေ သာအခါ အဘိုးကြီးနှစ်ယောက် မျက်ထောင့်နီသွားကြ၏။ သူတို့သည် အစေခံမလေးကိုတော့ သိပ်မရေးမထားကြပေ။ သူတို့စိတ်ထဲ၌ ...

"အချိန်ကတော့ အချိန်ကောင်းပဲ၊ ခုချိန်မှာ ချင်ဆန်လျှံလည်း မရှိတော့ဘူး၊ အိမ်စေမလေးဆိုတာကလည်း ဂရုစိုက်လောက်တဲ့လူ မဟုတ်ဘူး၊ ဒီတော့ ပက်လက်လန်နေတဲ့ ဖျတ်ခနဲကို အမြန်သတ်ပြီး သူငယ်လေးကိုပါ တစ်ပါတည်းခေါ်သွားရင်ကောင်းမယ်"

လောဆောက ငြိမ်သက်နေရာမှ လျှပ်ပြက်သလို လှုပ်ရှားလိုက်ပြီး မဟုန်ကို တိုက်ခိုက်တော့သည်။ မဟုန်က လှစ်ခနဲဝင်လာသော ရိုက်ချက်ကို ရိပ်ခနဲရှောင်လိုက်ပြီး လက်တစ်ဖက်ကို လှုပ်ရှားလိုက်၏။ ဤတွင် အလင်းတန်းကလေးများ ဝင်းခနဲဖြစ်သွားသည်။

သို့သော် လောဆော၏ပြင်းထန်သော အားလှိုင်းကြောင့်



မဟုန်၏ ကိုယ်ခန္ဓာသည် ယိမ်းထိုးသွားပြီး လက်နက်ပုန်းများသည် လိုရာမရောက်ဘဲ လွဲချော်သွားကြတော့၏။

ကွမ်လိန်သည် ထိတ်ခနဲဖြစ်သွားပြီး လောဆောအဘိုးကြီးကို တားမြစ်ရန် ဟန်ပြင်လိုက်၏။ သို့သော် သူနောက်ကျသွားပြီဖြစ်သည်။

လောဆောအဘိုးကြီးသည် မဟုန်ကို တိုက်ခိုက်ပြီးသည်နှင့် ဖျတ်ခနဲရှိနေသော မြင်းရထားအနီးသို့ လှစ်ခနဲရောက်ရှိသွားသည်။

လောဆောက နောက်ပိုင်းကိုလှည့် မကြည့်တော့ဘဲ မြင်းရထားနောက်ပေါက်တံခါးကို ဝုန်းခနဲဆွဲဖွင့်လိုက်၏။ သူ့အဖို့ ဖျတ်ခနဲကို သတ်ရရန်သာ အရေးကြီးဆုံးမဟုတ်ပါ လော။

ထိုအချင်းအရာကိုမြင်သော ကွမ်လိန်သည် တုန်လှုပ်သွားပြီး အင်္ကျီလက်အိုးထဲမှ အရာဝတ္ထုလေးကို ဆွဲထုတ်ယူလိုက်သည်။ ထို့နောက် အရာဝတ္ထုကို ငြိမ်သက်နေရာမှပစ်လွှတ်လိုက်သည်။

'ဝိုး ... ဝုစ်' ... 'ဘုန်း'

အရာဝတ္ထုက မြင်းကိုယ်ပေါ် ပြင်းထန်စွာကျသွားသည်။ မြင်းက ထိတ်လန့်စွာ ဟီလိုက်ပြီး ထွက်ပြေးတော့သည်။ အဖြစ်အပျက်က လျှပ်ပြက်သလိုဖြစ်သွားသည်။ မြင်းကိုယ်ပေါ်ကျရောက်သွားသော အရာဝတ္ထုသည် အသက်ဆက်နတ်ဆေး ဆီဘူးလေးဖြစ်သည်။ လောဆောအဘိုးကြီးသည် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာ သော အဖြစ်အပျက်ကြောင့် ငေးကြောင်ကြောင်ကြီး ရပ်ကျန်ရစ်ခဲ့သည်။ ထိုစဉ် မဟုန်က လွှားခနဲရောက်လာပြီး တိုက်ခိုက်လာပြန်သည်။

လောဆောအဘိုးကြီး ဒေါသကြီးလာသည်။

"မိန်းမဆိုးလေးက သေချင်နေပြီကိုး"

လောဆောအဘိုးကြီး၏လက်ဝါးက လှစ်ခနဲ မြောက်တက်သွားပြီး မဟုန်ကိုယ်ပေါ် ဝဲကျလာသည်။

မဟုန်က သူ့ကိုယ်သူ သေလူဟုသဘောထားပြီး ဝဲလာသော လက်ဝါးကို ဖြောင်းခနဲရိုက်ထုတ်လိုက်သည်။ သို့သော် သိုင်းပညာချင်းမမျှသဖြင့် မဟုန်မှာ နောက်ဘက်သို့ လွင့်သွားလေ၏။ လက်ကောက်ဝတ်မှာလည်း စူးရှသောဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။ မဟုန် ဒဏ်ရာရသွားေ ပြီ။

မောင်းသူမပါဘဲပြေ နေသော မြင်းရထားသည် အဝေးသို့ပင် ရောက်သွားချေပြီ။ လောဆောအဘိုးကြီးသည် ကြိတ်မနိုင်ခဲမရဖြစ်သွားပြီး နောက်မှ တရကြမ်းပြေးလိုက်သွား၏။

မြင်းရထားက ပြေးနေဆဲ ။ လောဆောအဘိုးကြီးကလည်း လိုက်နေဆဲ။ မြင်းရထားသည် အရှိန်ပြင်းစွာပြေးနေရင်း လမ်းမကြီးကို ကျော်ပြီး လမ်းဘေးသို့ရောက်သွားသည်။ လောဆောအဘိုးကြီးသည် လိုက်ရင်းလိုက်ရင်း မြင်းရထားကို မှီလာသည်။ ထိုအချိန်မှာပင် မြင်းရထားက ရပ်သွားသည်။ လောဆောအဘိုးကြီးက သဘောကျသွားသည်။

"စီမင့်ရိုပိုင် ဒီတစ်ခါတော့ ငါ့လက်ကမလွတ်တော့ပါဘူး ဒီနေ့ဟာ မင်းရဲ့သေနေ့ ဟား ... ဟား"

လောဆောအဘိုးကြီးက အားရပါးရရယ်လိုက်ပြီး မြင်းရထားအနီးသို့ လွှားခနဲ ခုန်သွား၏။ ထိုစဉ် သူ့ရှေ့သို့ လူတစ်ယောက် ရုပ်ခနဲရောက်လာ၏။ ထို့ကြောင့် အလန့်တကြား ပြန်ခုန်ဆင်းလိုက်ရသည်။



"ရှင် ဘာဖြစ်လို့ သေပြေးရှင်ပြေး လိုက်လာရတာလဲ"

လောဆောအဘိုးကြီး တုန်လှုပ်ထိတ်လန့်သွားသည်။

"ချင်ဆန်လျှံ"

နှုတ်မှပင် တအံ့တဩရေရွတ်လိုက်မိသည်။

"ဟုတ်တယ် ကျွန်မပဲ၊ ရှင် ဘာလုပ်မလို့လိုက်လာတာလဲ"

အသံကမာသည်။ မျက်လုံးအရောင်က တဝင်းဝင်းတောက်နေသည်။

"ဩော် ... အင်း ... ဒီလိုပါ ... မြင်းက လန့်ပြီး ထွက်ပြေးလို့ လိုက်လာခဲ့တာပ့ါ"

လောဆောအဘိုးကြီးက ဖြောင်လိမ်သည်။

"ဟင်း ... ဟင်း ... ရှင်ဟာ အသက်ကြီးသလောက် ကလိန်ကျချင်တဲ့လူပဲ"

လောဆောအဘိုးကြီး ဘာမျှမပြောသာတော့ပေ။ ပါးစပ်ပိတ်ပြီး ငြိမ်နေလိုက်ရသည်။ ချင်ဆန်လျှံက ဘာစကားမျှဆက်မပြောတော့ဘဲ မြင်းရထားနောက်ပေါက်ကို ပြန်ပိတ်လိုက်ပြီး ရှေ့ကို ပြန်လျှောက်လာသည်။ လောဆောအဘိုးကြီးသည် ထိတ်လန့်တုန်လှုပ်သွားသဖြင့် ရှေ့တိုးရမလို နောက်ဆုတ်ရမလို ဖြစ်နေသည်။

ထိုစဉ် လောဆောအဘိုးကြီး၏အော်သံကို ကြားရသည်။

"လောဆော ဒီကိုမြန်မြန်လာ၊ စွန်းရုန်းရောက်နေပြီ"

လောဆော တုံ့ဆိုင်းမနေနိုင်တော့ ရပ်နေရာမှ လှစ်ခနဲ ပြန်ပြေးလာသည်။ မကြာမီ လောဆန်ရှိရာ ပြန်ရောက်လာသည်။

လှမ်းကြည့်လိုက်သောအခါ ကုန်စွန်းဘယ်ခြေရှိသည့် မြင်းရထားအနီးတွင် မဟုန်ကိုတွေ့ရသည်။ သူမ၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ လက်တစ်ဖက်က မြင်းဇက်ကြိုးကို ဆွဲကိုင်ထားသည်။ စောစောက မြင်းရထားလို ထွက်ပြေးသွားမှာ စိုးရိမ်နေပုံရ၏။

သူမနှင့် မလှမ်းမကမ်းတွင်မူ အကျီစိမ်းနှင့်လူကို တွေ့ရသည်။ သူမ၏မျက်နှာသည် တစ်စုံတစ်ရာကို မကျေမနပ်ဖြစ်နေဟန်နှင့် တင်းမာခက်ထန်နေ၏။

ကွမ်လိန်ကား သူမအနီးတွင် လဲကျနေသော လူငယ်လေးတစ်ယောက်ကို နှိပ်နယ်ပေးနေသည်။ လောဆောအဘိုးကြီးရောက်လာသောအခါ လောဆန်အဘိုးကြီး ပျာပျာသလဲဖြစ်သွား၏။

"လောဆော ... ညီလေး ... ဒီသူငယ်လေးဟာ စွန်းရုန်းမဟုတ်လား"

လောဆန်အဘိုးကြီးက လဲကျနေသောသူငယ်ကို လက်ညှိုးထိုးပြီး ပြောသည်။ လောဆောအဘိုးကြီးက လဲကျနေသော လူငယ်ကို သေသေချာချာအကဲခတ်လိုက်၏။ မှန်သည် ... လဲကျနေသောလူငယ်လေးသည် ထိုက်ရှင်ခရမ်းရောင် ကျားပွတ်စွန်းကျွန်၏သားဖြစ်သည်။ ထိုသူငယ်သည် ထိုက်ရှင်တောင်ပေါ်မှထွက်ပြေးခဲ့ပြီးနောက် ဝုပုယွင်ဟု အမည်ပြောင်းထားသူပင်ဖြစ်သည်။



သူ၏နာမည် အရင်းကား စွန်းရုန်းပင်တည်း။ လောဆောအဘိုးကြီး စွန်းရုန်းမှန်း သိလိုက်သည်နှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ ထိုအချိန်မှာပင် ချင်ဆန်လျှံက မြင်းဇက်ကြိုးကိုဆွဲပြီး ပြန်ရောက်လာ၏။ သူမက အခြေအနေကို အကဲခတ်ပြီးသူဖြစ်သဖြင့် ဟက်ခနဲရယ်လိုက်သည်။

"လက်စသတ်တော့ ရှင်တို့သုံးယောက်က တစ်ဖွဲ့တည်းသားတွေကိုး"

အဘိုးကြီးနှစ်ယောက်သည် ဘာမျှမပြောနိုင်ကြဘဲ ငြိမ်ကျသွားကြသည်။ ချင်ဆန်လျှံက သရော်ပြုံးပြုံးပြီး ဝုပုယွင်ကို လှမ်းကြည့်သည်။ ဝုပုယွင်သည် ကျောက်ရုပ်လို ငြိမ်သက်နေပြီတည်း။

ထိုက်ရှင် အဘိုးကြီးနှစ်ယောက် ထွက်လာကြပြီးနောက် သစ်တောထဲမှ ပြေးထွက်သွားသူသည် အခြားသူမဟုတ်။ ဝုပုယွင် (ခေါ်) စွန်းရုန်းပင်ဖြစ်သည်။ သူ ဤနေရာသို့ မည်သို့မည်ပုံရောက်နေသည်ကို မည်သူမျှပင် မသိကြပေ။

သူထွက်ပြေးသွားသည်ကို ရိပ်မိလိုက်သော ချင်ဆန်လျှံက တရကြမ်းပြေးလိုက်လာခဲ့ရာ ဝုပုယွင်က ရုတ်တရက် တုံ့ပြန်တိုက်ခိုက်ခဲ့သည်။ သို့သော် ချင်ဆန်လျှံ၏သိုင်းပညာက အဆမတန်မြင့်မားနေသဖြင့် တစ်ခဏအတွင်း အကြောပိတ်ခံခဲ့ရသည်။

ထိုအချိန်မှာပင် လုရင်ရောက်ရှိလာသဖြင့် ကွမ်လိန်နှင့် မိတ်ဆွေဖြစ်ခဲ့သူမှန်း သိရှိကြသည်။ သို့နှင့် ကွမ်လိန်တို့ရှိရာသို့ ပြန်လာခဲ့ကြသည်။ လမ်းခုလတ်တွင် မောင်းသူမပါဘဲ ပြေးလာသော

မြင်းရထားကို ချင်ဆန်လျှံ တွေ့သွားသည်။ ချင်ဆန်လျှံက ဝုပုယွင်ကို လှုရင်လက်ထဲအပ်ခဲ့ပြီး မြင်းရထားရှိရာ ပြေးသွားသည်။ ဤတွင် လောဆောနှင့် ပက်ပင်တိုးတော့သည်။

ချင်ဆန်လျှံသည် အခြေအနေအားလုံးကို သဘောကျသွားသဖြင့် မထီတရီပြုံးသည်။ ထို့နောက် လောဆောအဘိုးကြီးကို မကျေမနပ်ကြည့်သည်။ ကွမ်လိန်သည် ဝုပုယွင်ကို နှိပ်နယ်ပေးနေရာမှ ချင်ဆန်လျှံကိုကြည့်ပြီး ပြော၏။

"မမ ... ဒီလူဟာ ကျွန်တော်နဲ့အတူတူ ခရီးထွက်လာတဲ့လူပဲ၊ ကျွန်တော့်မျက်နှာကို ထောက်ထားပြီး သွေးကြောဖွင့်ပေးစေချင်ပါတယ်"

သူမ,ပိတ်ထားသော သွေးကြောကို ကွမ်လိန်မပြောနှင့် လောဆောအဘိုးကြီးပင် ဖြေမရ။ ချင်ဆန်လျှံသည် ငြိမ်သက်နေရာမှ ဝုပုယွင်အနီးသို့ တိုးလာပြီး ပိတ်နေသော သွေးကြောကို ဖြေပေးလိုက်သည်။ ယို့နောက် လျှပ်ပြက်သလို လှုပ်ရှားသွားသည်။ သူမ၏ လက်ဝါးသည် ဝှစ်ခနဲမြည်သွားပြီး အနီးတွင်ရပ်နေသော လောဆောအဘိုးကြီး၏မျက်နှာပေါ် ကျရောက်သွားသည်။

'ဖြန်း'

လောဆောအဘိုးကြီး ကြောင်သွားသည်။ မမျှော်လင့်ဘဲ အရိုက်ခံလိုက်ရသောကြောင့် မျက်နှာတစ်ပြင်လုံး ထူပူသွားသည်၊ ခုခံရန်ဟန်ပြင်လိုက်စဉ်မှာပင် ချင်ဆန်လျှံက နောက်သို့ခုန်ဆုတ်သွား၏။ လောဆောအဘိုးကြီးသည် အသားတဆတ်ဆတ်တုန်အောင်



ဒေါသဖြစ်လာသည်။

"နင်က ငါ့ကို အရိုက်ခဲ့တာပေါ့ ဟုတ်လား"

အသံက ဟိန်းသွားသည်။ ချင်ဆန်လျှံကို ဂရုမစိုက်ဟန် ပြောသည်။

"ရှင့်အရိုက်ကိုခွဲတယ် ... ဟုတ်လား၊ အဲဒါ နည်းသေးတယ် ... သိလား၊ စောစောက မြင်းရထားနောက် ပြေးလိုက်တာ ဘာသဘောလဲ၊ လက်ဝါးစာထက် ဓားစာကျွေးဖို့တောင် ကောင်းတယ်"

လောဆောအဘိုးကြီး ပါးစပ်ပိတ်ထားသည်။ ချင်ဆန်လျှံ ပြောသည်မှာ မှန်သောစကားဖြစ်သည်။ မိမိသည် သူမ,ယောကျ်ားကို သတ်ရန်ကြံစည်ခဲ့သည်။ ဒါကိုရိပ်မိသော ဇနီးဖြစ်သူက မိမိကိုရိုက်သည်။ ဘာဆန်းသနည်း။ ရိုက်ရုံမက သတ်ပစ်ရင်ကော မိမိဘာလုပ်နိုင်မည်နည်း။ ယခု ရိုက်ရုံရိုက်သည်။ သတ်မပစ်သေး။ သည်တော့ ခံသာသေးသည်ဟုဆိုရမည်။ သူမဒေါသမပေါက်ကွဲခင် ငြိမ်နေမှ သူမ၏သိုင်းပညာသည် မိမိထက်များစွာအဆင့်မြင့်နေသည် မဟုတ်လော။

ထိုစဉ် လဲကျနေသော စွန်းရှန်းသည် ဆတ်ခနဲထလာသည်။ လောဆန်အဘိုးကြီးသည် ချင်ဆန်လျှံကို မကျေနပ်သော်လည်း မသိသလိုလုပ်နေပြီး ဝုပုယွင် (ခေါ်) စွန်းရှန်းကို လှမ်းပြောသည်။

"စွန်းရှန်း ... မင်းကို မင်းအဖေမျှော်နေတယ်၊ ပြောစရာရှိတာနောက်မှပြော၊ ခု ငါတို့နဲ့လိုက်ခဲ့"

ချင်ဆန်လျှံက အခြေအနေကို ကြည့်ပြီးတွေးသည်။

"သူတို့သုံးယောက်ဟာ တစ်ခရီးတည်းသွားနေကြသူတွေ

တော့ မဟုတ်တာသေချာတယ်၊ ကောင်လေးက ဘာဖြစ်လို့ တစ်ယောက်တည်း လျှောက်သွားနေတာလဲ၊ ကြည့်ရတာ သူတို့အဖွဲ့ထဲက ထွက်ပြေးလာတဲ့ပုံပဲ"

ချင်ဆန်လျှံတွေးနေသကဲ့သို့ စွန်းရန်းကလည်း ငြိမ်နေသည်။ သူငြိမ်နေပုံကား ခေါင်းကိုပင်မဖော်၊ တစ်စုံတစ်ခုကို မနှစ်မြို့ဟန် မကျေနပ်ဟန်ရှိနေသည်။ ချင်ဆန်လျှံသည် ဤအချက်ကို ကောင်းကောင်းရိပ်မိနေသည်။ ထို့ကြောင့် ရယ်ရယ်မောမော ဝင်ပြောသည်။

"ဟုတ်တယ်... ဟုတ်တယ်၊ ခင်ဗျားတို့ သူ့ကို အတင်းအဓမ္မခေါ်မသွားရဘူး၊ သူ့သဘောနဲ့သူ လွတ်လွတ်လပ်လပ်နေပါစေ"

လောဆောအဘိုးကြီး၏မျက်နှာသည် ချက်ချင်းနီရဲလာ၏။

"ကောင်လေး ... မင်းက တို့ကိစ္စထဲကို ဘာဝင်ရှုပ်တာလဲ၊ လူကြည့်တော့ လက်သန်းလောက်ရှိသေးတယ် ... သိပ်လူပါးမဝနဲ့"

လောဆောက ဒေါသသံနှင့်ပြောသည်။ လုရင်က လောဆောစကားကိုခွန်းတုံ့ပြန်ရန်ကြံသည်။ ချင်ဆန်လျှံက မျက်ရိပ်ပြပြီး ဝင်ပြောသည်။

"ရှင် ဘာစကားပြောတာလဲ"

လုရင်ကပါ ဝင်ပြောလာသည်။

"ဘယ်လိုလဲအဘိုးကြီး ... လက်သန်းလောက်လူကရော ပြောသင့်တာကို မပြောရဘူးလား၊ အသက်ကြီးပြီး သိပ်ရိုင်းမနေနဲ့ အသက်ကြီးတိုင်း အချိန်မစီးဘူးဆိုတာ ရှင်ကြားဖူးတယ်မဟုတ်လား"

ထိုစဉ် လောဆော၏တိုက်ခိုက်မှုကို ခံထားရသော မဟုန်က



ပါ ဝင်ပြီးရန်တွေ့တော့သည်။

"အဘိုးကြီး ... ရှင်ဟာ အသက်ကြီးသလောက် အချိန်မစီးတဲ့လူ၊ အသက်ကြီးတဲ့လူဟာ နေ့စဉ်နေ့တိုင်း သချိုင်းကို မျက်စောင်းသုံးခါထိုးသတဲ့၊ သိရဲ့လား"

လောဆောအဘိုးကြီးသည် မိန်းမသုံးယောက်၏ရန်တွေ့မှုကို ငြိမ်ပြီးခံနေရသည်။ ကွမ်လိန်က အခြေအနေကိုကြည့်ပြီး ကျိတ်ရယ်သည်။ စိတ်ထဲကလည်း 'အင်း ... ဒီမိန်းမသုံးယောက်ကိုတော့ ဒီအဘိုးကြီးတွေ မတတ်နိုင်တော့ပါလား' ... ဟု တွေးသည်။

ထိုစဉ် ခေါင်းငုံ့ပြီး ငြိမ်နေသော စွန်းရန်းက ခပ်အေးအေး ပြောလာသည်။

"ဘကြီး ... ကျွန်တော် ပြန်မလိုက်ချင်တော့ဘူး၊ ကျွန်တော် မလိုက်ချင်တာက တောင်ပေါ်ကို ဘယ်တော့မှပြန်မလာတော့ဘူးဆိုတာပါပဲ"

အဘိုးကြီးနှစ်ယောက်စလုံး မျက်လုံးပြူးသွားကြသည်။ လောဆန်အဘိုးကြီး ချောင်းဟန့်ပြီး မာထန်ထန်ပြောသည်။

"လူမိုက် ... မိဘက မရအရလိုက်ခေါ်နိုင်းနေတာတောင် ငြင်းနေသေးတယ် ... ဟုတ်လား၊ ပြောစရာရှိတာနောက်မှပြော၊ ခု ... ငါတို့နဲ့ လိုက်ခဲ့"

ချင်ဆန်လျှံက ဝင်ပြောသည်။

"ဒီမယ် ...ဒီမယ် ... သူ့မှာပြောစရာရှိရင် ဒီမှာပဲပြောပါစေ၊ စကားဆိုတာ အခုပြောလည်း ဒီစကားပဲ၊ နောက်မှပြောလည်း

ဒီစကားပဲ၊ ဘာလဲ ... ရှင်တို့စကားတွေက နိုးကြောင်နိုးဝှက်ပြောရမယ့် စကားတွေမို့လား"

ချင်ဆန်လျှံက စွန်းရှန်းကို လှည့်ပြောပြန်သည်။

"မိတ်ဆွေလေး ... ပြောစရာရှိတာ မြန်မြန်ပြောလိုက် ... သူတို့ကို ဘာမှမကြောက်နဲ့"

စွန်းရှန်းက ဘာစကားမှမပြောဘဲ ပါးစပ်ပိတ်ထား၏။ လောဆန်အဘိုးကြီး စိတ်မရှည်တော့။

"စွန်းရှန်း ... မင်းကိုလိုက်ရှာနေကြတာ ငါတို့နှစ်ယောက်တည်း မဟုတ်ဘူး၊ ထိုက်ရှင်တောင်က လူတွေအကုန်လုံးလိုလိုက လိုက်ရှာနေကြတာ သိရဲ့လား၊ ပီကင်းကိုလည်း အဖွဲ့တစ်ဖွဲ့သွားရှာနေတယ်၊ ဒီပြင်အဖွဲ့တွေလည်း ရှိသေးတယ်၊ မင်းအတွက် အားလုံး ဘယ်လောက်ဗျာများနေရတယ်ဆိုတာ သိသလား၊ ခုတော့ ... မင်းလုပ်ပုံက မိတ်ဆွေတွေအားလုံးရဲ့စေတနာကို စော်ကားသလိုဖြစ်နေပြီကွ"

ကွမ်လိန်သည် စွန်းရှန်း၏လှို့ဝှက်ချက်ကို ပိုပြီးစိတ်ဝင်စားလာသည်။ စွန်းရှန်းနှင့်အတူ ခရီးနှင်လာကြစဉ် တွေ့မြင်ခဲ့ရသော မုတ်ဆိတ်မွေးနှင့် မြင်းစီးသမားခြောက်ယောက်ကို သတိရလာသည်။

ထိုစဉ်က စွန်းရှန်းသည် ထိုလူများကို လုံးဝမကြည့်ဘဲ ခေါင်းငုံ့ပြီး ငြိမ်သက်နေခဲ့သည်။ ဤအတိုင်းဆိုလျှင် ထိုလူခြောက်ယောက်သည် စွန်းရှန်းကိုလိုက်ရှာနေသူများသာ ဖြစ်ပေလိမ့်မည်။

ထိုက်ရှင်တောင်မှ သိုင်းသမားများသည် စွန်းရှန်းကို မည်



သည့်အကြောင်းကြောင့် ပင်ပင်ပန်းပန်းလိုက်ရှာနေကြလေသနည်း။

စွန်းရှန်းသည် မိမိမိသားစု ကို မည်သည့်အကြောင်းကြောင့် စွန့်ခွာထွက်ပြေးနေလေသနည်း။

စွန်းရှန်းသည် ယခုအချိန်အထိ မလှုပ်မယှက်ငြိမ်သက်နေဆဲရှိ၏။ ပုံစံက သူ့အနားတွင် ပြောဆိုနေသောစကားများကို မကြားဟန် မသိဟန်ရှိနေသည်။ လောဆောအဘိုးကြီးက စွန်းရှန်း၏ အပြုအမူကို သည်းမခံနိုင်တော့သဖြင့် ဒေါသတကြီး ပြောလေသည်။

"လူမိုက် ... တော်တော်အသုံးမကျတဲ့ကောင်၊ ဒီလိုသာဆို မင်းအဖေက ..."

လောဆောအဘိုးကြီးက စကားကို ဆုံးအောင်မပြောဘဲ ရပ်ပစ်လိုက်၏။ စွန်းရှန်းက တစ်စုံတစ်ရာကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်ပြီး ဟန်နှင့် ခေါင်းပြန်မော့လာသည်။

"ဘကြီးတို့ရဲ့စေတနာကို ကျွန်တော် အမြဲလေးစားပါတယ်၊ ဒါပေမဲ့ ... ကျွန်တော့်ကို အတင်းအကျပ်မလုပ်စေချင်ဘူး၊ ဘကြီးတို့ အတင်းအကျပ်လုပ်လို့ ပြဿနာပေါ်ရင် ကျွန်တော့်အပြစ်မဟုတ်ဘူး"

စုန်းရှန်းက ချိန်ချိန်ဆဆနှင့် ပြတ်ပြတ်သားသားပြောသည်။ လောဆောအဘိုးကြီး မျက်နှာပျက်သွားပြီး ဒေါသပိုကြီးလာသည်။

"ကျွန်တော့်ကို အပြစ်မပြောနဲ့ ... ဟုတ်လား၊ မင်းစကားက ဘာစကားလဲ၊ တို့ကို အာခံချင်တဲ့သဘောလား၊ ထွီ ... အသုံးမကျတဲ့ကောင်၊ မိသားစုကိုလည်း အာခံတယ်၊ အဖွဲ့ကိုလည်း အာခံချင်တယ်၊ မင်းလိုအသုံးမကျတဲ့ကောင်ကို ဘယ်အဖွဲ့ကမှ ခုလိုအပင်ပန်းခံပြီး

အကာအကွယ်ပေးမနေဘူးကွ နားလည်ရဲ့လား၊ ခုတော့ မင်းက ကိုယ့်အပေါ် သံယောဇဉ်ကြီးကြီးနဲ့ စေတနာထားနေတဲ့အဖွဲ့ကို တောင် မျက်ကွယ်ပြုချင်နေတယ်ဆိုတော့ ထွီ ..."

လောဆောအဘိုးကြီးကို ချင်ဆန်လျှံ ကွက်ခနဲကြည့်လိုက် သည်။ လောဆောအဘိုးကြီးက သူမကို စောင်းပြောနေမှန်း ရိပ်မိ လိုက်၏။ သို့သော် စွန်းရန်းနှင့် ထိုက်ရှင်အဖွဲ့ကြားတွင် မည်သည့် ပဋိပက္ခများရှိနေသည်ကို စဉ်းစား၍မရချေ။

စွန်းရန်း၏အပြုအမူ သည် မူမမှန်ဟုထင်ရ၏။

ထို့ကြောင့် ကွမ်လိန်ကို ခပ်တိုးတိုးလှမ်းမေးသည်။

"မောင်လေး မင်းသူငယ်ချင်းက ဘယ်လိုဖြစ်လာတာလဲကွ"

ကွမ်လိန် ဘာဖြေရမှန်းမသိပေ။ စွန်းရန်းနှင့်သူသည် ငယ် ပေါင်းကြီးဖော်မှ မဟုတ်ဘဲကိုး။ ချင်ဆန်လျှံ စိတ်ထဲမှတွေးနေသည်။

"စွန်းရန်းဆိုတဲ့ကောင်လေးက သူ့အဖွဲ့အစည်းရဲ့ စည်းကမ်း ကို ချိုးဖောက်တဲ့သူလား၊ သူ့အဖွဲ့နဲ့မိသားစုကို ပြဿလုပ်ပြီး ထွက် ပြေးခဲ့တဲ့လူလား၊ ငါ သူ့ဘက်ကရပ်ပြီး အကာအကွယ်ပေးနေတာ မှားများမှားနေသလား"

ချင်ဆန်လျှံက စွန်းရန်းကို ချန့်ရစ်ခဲ့လို့ဟန်နှင့်ပြောသည်။

"ကဲ ... အချိန်လည်း အတော်သင့်ပြီ"

ကွမ်လိန်က အခြေအနေကို ရိပ်မိသဖြင့် စွန်းရန်းနားသို့ ထပ်သွားပြီး တိုးတိုးပြောသည်။

"ဝုပုယွင် ... အဲ ... စွန်းရန်း ကျွန်တော် သွားတော့မယ်"



"ကောင်းပါပြီ ... ကောင်းပါပြီ ... မြင်းရထားထဲကလူကို ခင်ဗျားလက်ထဲကို အပ်လိုက်ပါပြီ ... စောင့်ရှောက်လိုက်ပါဗျာ"

စွန်းရန်းက ညှိုးငယ်သောမျက်နှာနှင့် ပြောသည်။ ကွမ်လိန် စိတ်မကောင်းသလို ဖြစ်သွားသည်။

"ဒီအတွက် စိတ်ချပါ ... ကျွန်တော် တာဝန်ယူပါတယ်"

"ကျွန်တော် ခင်ဗျားကို ယုံကြည်ပါတယ်၊ ရထားကိုလည်း ခင်ဗျားကို အပိုင်ပေးပါတယ်၊ ပြီးတော့ ..."

စွန်းရန်းက အသံကိုနှိမ့်ပြီး လေသံနှင့် ဆက်ပြောသည်။

"ပြီးတော့ ရထားထိုင်ခုံအောက်မှာ ..."

အသံမြှင့်ပြီး ထပ်ပြောသည်။

"ဘာမှစိတ်မကောင်းဖြစ်မနေနဲ့ မိတ်ဆွေ၊ တစ်နေ့နေ့ တစ် ချိန်ချိန်မှာ ကျုပ်တို့ ပြန်တွေ့ကြမှာပါ၊ လောလောဆယ်မှာတော့ ကိုယ့်အလုပ်ကိုယ်လုပ်ကြရုံပေါ့ ... ဟုတ်လား ... ကဲ ... သွားတော့ ... သွားတော့"

စွန်းရန်းက ကွမ်လိန်ကို ပြောပြီးသည်နှင့် ထိုက်ရှင်အဘိုး ကြီးနှစ်ယောက်ကို လှမ်းကြည့်သည်။

"ဘကြီး ... ကျွန်တော် ဘကြီးတို့နဲ့ပဲ လိုက်ခဲ့ပါတော့မယ်"

ထိုက်ရှင်အဘိုးကြီးနှစ်ယောက်စလုံး မျက်နှာများဝင်းခနဲ ဖြစ်သွားပြီး အားရဝမ်းသာပြောသည်။

"အေး ... ဒီလိုမှပေါ့၊ မိုက်တာထက် လိမ္မာတာက ပိုပြီး တန်ဖိုးရှိတာကွ ... ဟား ... ဟား"

ချင်ဆန်လျှံသည် တုံ့ဆိုင်းမနေတော့ဘဲ မြင်းရထားပေါ် လွှားခနဲ ခုန်တက်လိုက်တော့သည်။

"သွားမယ်ဟေ့ ... သွားမယ်"

လုရင်လည်း မြင်းရထားပေါ် ရောက်နေပြီ။ ကွမ်လိန်ကား ရပ်မြဲရပ်နေရာတွင်သာ ရပ်နေပြီး စွန်းရှန်းကို ငေးနေသည်။ လုရင်က လှမ်းခေါ်သည်။

"အစ်ကို သွားမယ် ... မြင်းလှည်း ပေါ် တက်တော့လေ"

ကွမ်လိန်က မလှုပ်၊ တရွေ့ရွေ့ ထွက်ခွာသွားသောစွန်းရှန်း တို့ကိုသာ ငေးကြည့်နေသည်။ စွန်းရှန်းက နောက်လှည့်ပြီးပြောသည်။

"ကိုကွမ် ... ကျွန်ဟော် သွားတော့မယ်၊ တစ်နေ့နေ့တော့ ပြန်ဆုံကြဦးမှာပေါ့"

စွန်းရှန်းနှင့် ဗိုက်ရှင်အဘိုးကြီးနှစ်ယောက်တို့ ထွက်ခွာသွား ကြတော့သည်။ ကွမ်လိန်သည် ဘာစကားမျှ မပြောတော့ဘဲ မြင်း ရထားပေါ် ခုန်တက်လိုက်သည်။ လုရင်က မြင်းဇက်ကြိုးကိုကိုင်ပြီး ကျာပွတ်ကိုဝှေ့ယမ်းလိုက်သည်။

မြင်းရထားနှစ်စီးသည် ချက်ချင်း ထွက်ခွာစပြုတော့သည်။ မြင်းခွာသံသည် စည်းချက်မှန်မှန်နှင့် တခွပ်ခွပ်မြည်နေ၏။ လုရင် သည် ချစ်သူနှင့်အတူ ယှဉ်တွဲထိုင်နေသဖြင့် ကြည်နူးရွှင်ပျနေသည်။ မြင်းကြိုးကို တလှုပ်လှုပ်လှုပ်ယမ်းရင်း လှလှပပ ပြုံးနေသည်။

# အခန်း (၂၄)

## ပဟေဠိဝှက်သောစာ

မြင်းရထားသည် အရှိန်ပြင်းစွာနှင့် ပြေးလွှားနေဆဲ ဖြစ် သည်။ နှင်းပွင့် နှင်းမှုန် နှင်းခဲများသည် တဖွဲဖွဲကျနေဆဲ ဖြစ်သည်။ သို့သော် ညဥ့်သန်းခေါင်ကလိုတော့ တဖွဲဖွဲတသဲသဲ မကျတော့ပေ။

လုရင်သည် ကွမ်လိန်ရင်ခွင်ထဲမှ လူးလွန့်လိုက်ပြီး သက်ပြင်း ငယ်လေး ချလိုက်သည်။ ထို့နောက် မဆုံးသေးသော စကားများကို ဆက်ပြောလာ၏။

"ကျွန်မ အံ့သြနေတာက ဘုရားကျောင်းပျက်ထဲမှာ တိုက် ခိုက်ခဲ့ရတဲ့ အရုပ်ပုံမျက်နှာဖုံးစွပ်ဟာ ကျွန်မတို့ ဓားသိုင်းကွက်တွေကို တစ်ကွက်မကျန် အတတ်သိနေတဲ့ကိစ္စပဲ၊ ကျွန်မတိုက်ကွက်သစ် တစ် ကွက် ထုတ်သုံးလိုက်ရင် ဆက်တိုက်ကျရောက်လာမယ့် နောက်တိုက် ကွက်ကိုသိနေတယ်၊ အဲဒီကိစ္စဟာ အလေးအနက် စဉ်းစားရမယ့် အချက်၊ ကျွန်မတို့ ဓားသိုင်းကွက်တွေဟာ ထိပ်တန်းရောက်အောင် ကောင်းမွန်မှုမရှိသေးပေမယ့် ဒီသိုင်းကွက်တွေကို သိတဲ့လူ သိပ်မရှိ သေးဘူး"

"ဒီလိုဆိုရင် အတွင်းကျကျသိထားသူ ဘယ်နှစ်ယောက်ရှိလဲ" ကွမ်လိန်က စိတ်ဝင်စားစွာမေးသည်။

လုရင်က မျက်လုံးကို စုံမှိတ်ပြီးစဉ်းစားသည်။ လက်ချောင်းကလေးများကိုချိုးပြီး ရေတွက်သည်။ ပြီးမှ ချိန်ချိန်ဆဆ ပြောသည်၊

"ကျွန်မ သိထားတာကတော့ သုံးယောက်လောက်ပဲရှိတယ်၊ အဲဒီလူတွေက ကျွန်မရယ်၊ ဆရာမရယ်၊ ဆရာမရဲ့အဖွဲ့တူ တစ်ယောက်ရယ် ဒါပါပဲ၊ တစ်ခုရှိတာက အဖွဲ့တူတစ်ယောက်က နယ်ခြားက ကျွန်းတစ်ကျွန်းမှာ သီးသီးခြားခြား သွားနေတယ်၊ ဆရာမရဲ့ မိတ်ဆွေတွေထဲမှာလည်း ဒီသိုင်းကွက်တွေကို သိထားတဲ့လူက တစ်ယောက်နှစ်ယောက်ပဲ ရှိတာပါ ..."

"အဲဒီတစ်ယောက် နှစ်ယောက်က ဘယ်သူတွေလဲ"

"တစ်ယောက်က ကုဘောင်ဘုရင်ရဲ့မိန်းမ ရီလုရီ၊ နောက်တစ်ယောက်က ကျွန်မ ပညာစမ်းချင်တဲ့ စစ်မိန်ဝတ်ရုံနီရဲ့မိန်းမ၊ ဒါပေမဲ့ အဲဒီမိန်းမက စစ်မိန်ဂေဟာထဲမှာ သေသွားပြီဆိုတော့ စဉ်းစားရခက်ခက်ပဲ"

လုရင် စိတ်မောစွာ သက်ပြင်းချသည်။ ကွမ်လိန်က ...

"သြော် ... သြော်"

ဟု အာမေဋိတ်သံပြုပြီး မျက်မှောင်ကြုတ်သွားသည်။ ဦးနှောက်ထဲတွင် ကြည်လင်သွားလိုက်၊ ရှုပ်ထွေးသွားလိုက် ဖြစ်နေ၏။

လုရင်က ဘာစကားမှမပြောတော့ဘဲ ကွမ်လိန်၏ပခုံးကိုမှီပြီး ငြိမ်နေသည်။

အရှေ့ဆီမှ နေမင်းကြီးသည်ပင် မြင့်တက်နေပြီဖြစ်သည်။ သို့သော် နှင်းမှုန်များကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးသည်



မှိုင်းမှုန်ရီ ဝေနေဆဲရှိ၏။ တဟူးဟူးတိုက်ခိုက်နေသောလေသည် အရိုးကွဲအောင် အေးနေဆဲရှိသည်။ လမ်းမပေါ်တွင် နှင်းပွင့်နှင်းခဲများ ဖွေးနေသဖြင့် လူသွားလူလာနည်းပြီး ရှင်းလင်းနေ၏။ ချင်ဆန်လျှံ၏ မြင်းရထားသည် အရှိန်ပြင်းစွာ ပြေးနေသကဲ့သို့ ကွမ်လိန်တို့ရထားကလည်း အရှိန်ပြင်းစွာ ပြေးနေသည်။

ဆာဖုံးတောင်သွားလမ်းမကြီးပေါ်တွင် ဤမြင်းရထားနှစ်စီးမှလွဲ၍ တခြားမြင်းရထားများ မရှိချေ။ ကွမ်လိန်သည် မြင်းဇက်ကြိုးကို လှုပ်ယမ်းပေးနေရင်း အတွေးများ ဝင်နေပြန်၏။

"မြင်းဇောင်းထဲမှာ တွေ့ခဲ့ရတဲ့ အလောင်းနှစ်လောင်းနားက ဓားမြှောင်ကို စွန်းရန်းကောက်သွားတာ အမှန်ပဲလား၊ သူက အုံ့သြစရာကောင်းလောက်အောင် ဘယ်လိုလုပ် ပျောက်သွားတာလဲ၊ ပြီးတော့ ဘုရားကျောင်းပျက်နားကို ဘယ်နည်းဘယ်ပုံရောက်လာခဲ့တာလဲ၊ ချိန်းဆိုထားတဲ့နေရာကိုမသွားဘဲ နောက်ကြောင်းပြန်လှည့်လာတာလား။ သူ ငါ့ကိုနှုတ်ဆက်ပြီး ပြောခဲ့တဲ့စကားတွေက ဘယ်လိုအဓိပ္ပာယ်နဲ့ ပြောခဲ့တာတွေလဲ၊ ရီလုရီ၊ ဝတ်ရုံနီမိန်းမ၊ အရုပ်ပုမျက်နှာဖုံးစွပ်နဲ့လူ သူတို့သုံးယောက်က ဘယ်လိုဆက်နွယ်နေကြသလဲ"

ကွမ်လိန်သည် တွေ့ကြုံကြားသိခဲ့ရသော အဖြစ်အပျက်များကို ဆက်စပ်ပြီး အဖြေရှာနေမိ၏။ မည်မျှကြာအောင် စဉ်းစားနေမိသည်မသိ ပခုံးကိုမှီထားသည့်လုရင်သည်ပင် ရင်ခွင်ထဲရောက်လာပြီး အိပ်မောကျနေပြီဖြစ်သည်။ မြင်းရထားသည် အရှိန်ပြင်းစွာ ပြေးနေဆဲဖြစ်၏။

ရုတ်တရက် ... မြင်းရထားသည် ချိုင့်ကြီးတစ်ခုထဲသို့ ပြုတ်ကျသွားသဖြင့် ဝုန်းခနဲမြည်ကာ ဆောင့်ချလိုက်သကဲ့သို့ ဖြစ်သည်။

တစ်ပြိုင်နက်တည်းတွင် ကွမ်လိန်၏ထိုင်ခုံအောက်မှ အရာဝတ္ထုတစ်ခု၏လှုပ်ခါသွားသံ ထွက်လာ၏။ အရှိန်နှင့်ပြေးနေသောမြင်းသည်လည်း ယက်ကန်ယက်ကန်နှင့် ကျယ်လောင်စွာဟီလိုက်ပြီး တုံ့ခနဲရပ်သွားသည်။

အိပ်မောကျနေသော လုရင်ပင် လန့်နိုးလာပြီး လူးလဲထလိုက်၏။ အချစ်အိပ်မက်မှ နိုးထလာသော လုရင်သည် ကြောင်တိကြောင်တောင် ဖြစ်နေသည်။ အတန်ကြာမှ မျက်လုံးပွတ်သပ်လိုက်ပြီး မေးသည်။

"ဘာဖြစ်တာလဲ"

"ချိုင့်ထဲကျသွားတာပါ"

ကွမ်လိန် အဖြေပေးရင်း ရထားထိုင်ခုံကို ငုံ့ကြည့်သည်။ ထို့နောက် ပျာပျာသလဲ ခုန်လိုက်၏။

"ဘယ်လိုဖြစ်နေတာလဲ"

လုရင်က ခပ်ကြောင်ကြောင်မေးသည်။ ကွမ်လိန်က မဖြေသေးဘဲ လုရင်ကို ခဏဆင်းခိုင်း၏။ ထိုင်ခုံကို ကြည့်သည်။ ကိုင်ကြည့်သည်။ အံဖုံးဖြစ်ကြောင်း သိရသဖြင့် မျက်လုံးများ အရောင်ဝင်းခနဲ တောက်သွားသည်။

စွန်းရုန်းပြောခဲ့သည့် တစ်ဝက်တစ်ပျက်စကားကို ပြန်ပြီး ကြားယောင်လာသည်။



"ရထားထိုင်ခုံအောက်မှာ"

ထိုစကားကို စွန်းရုန်းပြောကြားခဲ့၏။ သို့သော် မိမိသည် ထိုစကားကို တစ်လမ်းလုံး မစဉ်းစားခဲ့မိချေ။ ကိုယ့်ကိုယ်ကိုယ်သာ ဒေါသဖြစ်မိတော့သည်။

လွယ်ကူသော လျှို့ဝှက်ချက်ကိုပင် အတွေးချော်၊ အမြင်ချော်ခဲ့သည့်အဖြစ်။ မည်သူမဆို ခေါင်းရှုပ်နေပါက လွယ်ကူသောကိစ္စသည်ပင် ကြီးကျယ်သောကိစ္စ ဖြစ်ရတတ်သည်တကား။

"အစ်ကို ဘာဖြစ်နေတာလဲ"

ကွမ်လိန်သည် ထိုင်ခုံအဖုံးကို အားနှင့်မာန်နှင့် မ,ကြည့်သည်။ မြင်းရထားထိုင်ခုံသည် သာမန်ထိုင်ခုံမျိုးမဟုတ်ဘဲ လျှို့ဝှက်စွာလုပ်ထားသော ထိုင်ခုံဖြစ်နေ၏။

"ဟုတ်ပြီ"

ကွမ်လိန် ဝမ်းသာအားရ ဟုတ်လိုက်သည်။

"ဘာဟုတ်နေတာလဲ"

လုရင်က နားမလည်ဟန်နှင့် မေးသည်။

"ဒီမှာကြည့်ပါလား"

လုရင်က ရှေ့တိုးပြီး ငုံ့ကြည့်သည်။ ထိုင်ခုံအဖုံးအောက်မှာ လူတစ်ယောက် ခိုအောင်းနေနိုင်သည့်နေရာတစ်နေရာရှိနေ၏။

ထောင့်တစ်ထောင့်တွင် အရောင်တစ်လက်လက်ဖြစ်နေသော ဓားမြှောင်တစ်လက်တွေ့ရသည်။

"ဟုတ်ပြီ"

လုရင်က သဘောပေါက်သွားဟန်နှင့်အော်၏။

"ဘာဟုတ်တာလဲ"

ကွမ်လိန်က လုရင်ကို ပြန်ချေပ၏။

လုရင်က ချစ်မျက်စောင်းထိုးပြီး ပခုံးကို ဖွဖွထု၏။

"သူ တော်တော်ဆိုး"

ကွမ်လိန်က ဓားမြှောင်လေးကို ကောက်ယူပြီး လုရင်ကို ကြည့်သည်။ လုရင်ကလည်း ပြုံးပြီးပြန်ကြည့်၏။ အကြည့်ချင်းဆုံမိသောအခါ နှစ်ယောက်စလုံး ကြည်ကြည်နူးနူးပြုံးလိုက်မိကြသည်။

လုရင်၏လှပဝိုင်းစက်သော မျက်လုံးအရောင်က ဓားရောင်ထက်ပင် ရွှန်းလက်နေသည်တကား။ ကွန်လိန်က စိတ်လှုပ်ရှားလာသဖြင့် လုရင်၏လက်ဖဝါးလေးကို ဆုပ်ကိုင်ရင်းမေး၏။

"ဘာဆိုးတာလဲ"

လုရင်က ကွမ်လိန်လက်ထဲရောက်နေသော လက်ချောင်းကလေးကို ဖြန့်ချည်ဆုပ်ချည်လုပ်ရင်း ပြောသည်။

"အစ်ကိုဆိုးတာက တစ်အချက် လက်၊ နှစ်အချက် နှာခေါင်း၊ သုံးအချက် ပါးစပ်၊ ကျွန်မ အိပ်ပျော်နေတုန်း ..."

လုရင်က ရှက်စနိုးအမူအရာနှင့် တခစ်ခစ်ရယ်၏။ ကွမ်လိန်ပါးစပ်ပိတ်မနေနိုင်တော့။ လုရင်နှင့်အတူရောပြီး လိုက်ရယ်သည်။ နှစ်ဦးသား၏အသည်းနှလုံးများက အချစ်သွေးနှင့်နွေးထွေးလေသတည်း။



ကွမ်လိန်က လုရင်၏လက်ဖဝါးလေးကို ဆုပ်နယ်ရင်းပြော၏။

"လုရင် ... အစ်ကို အခုမှ အခြေအနေကို ပိုပြီးသဘောပေါက်လာတယ်၊ လုရင် ခေါင်းငုံ့ပြီး ငြိမ်နေတဲ့အချိန်မှာ စွန်းရှန်းက ဓားကိုကောက်ပြီး ရထားထိုင်ခုံအောက်မှာ ဝင်ပုန်းနေလိုက်တယ်၊ ဒါကြောင့်မို့ သူကိုယ်ရောင်ပျောက်သွားတာပဲ၊ သူပျောက်သွားပုံ အံ့သြစရာကောင်းနေတာဟာ ဒီအချက်ကြောင့်ပဲ၊ ငါတို့ကတော့ သူ့ကို အဝေးရောက်သွားပြီထင်ပြီး ရှာလိုက်ရတာ မောလို့၊ ဒီအတိုင်းဆို သူ မြင်းရထားကို ခွဲခွာမသွားတာ သေချာသွားပြီ၊ ဒါကြောင့်မို့ ကျောင်းအိုပျက်အနီးမှာ မိုးပေါ်က ကျလာသလို ပြန်ပေါ်လာတာပဲ၊ နီးလျက်နဲ့ဝေးဆိုတာ အဲဒါပဲ လုရင်၊ သူသာ ရထားအောက်က လျှို့ဝှက်ချက်ကို ပြန်မပြောပြခဲ့ရင် ဦးနှောက်ပျက်အောင် စဉ်းစားနေရဦးမှာ"

လုရင်က သက်ပြင်းကို မှူဦးမှူဦးချသည်။

"အင်း ... အစ်ကိုမိတ်ဆွေက လျှို့ဝှက်ချက်ကို ပြောပြခဲ့လို့မို့သာပေါ့၊ ပြောသာပြောမပြခဲ့ရင် ကျွန်မတော့ အရူးမယားဖြစ်မှာ သေချာတယ် ... ဟင်း ... ဟင်း"

လုရင်က အရွှန်းဖောက်သည်။ ကွမ်လိန် ရင်ထဲသိမ့်ခနဲခံစားလိုက်ရ၏။

"ကျွန်မ ဆရာပြောခဲ့ဖူးတဲ့ စကားတစ်ခုရှိတယ်၊ အနီးအနားမှာရှိတဲ့ လျှို့ဝှက်ချက်ဟာ အဝေးမှာရှိတဲ့ လျှို့ဝှက်ချက်ထက်ပိုပြီး

အရှာရခက်သတဲ့၊ လူတွေဟာ ဖုံးကွယ်ထားတဲ့အရာတွေကို စိတ်ဝင်စားကြသလောက် ပေါလောပေါ်နေတဲ့အရာတွေကို စိတ်မဝင်စားကြဘူးတဲ့၊ အဲဒါဟာ သိပ်မှားသတဲ့၊ သိုင်းလောကမှာ အဝေးကရန်သူထက် အနီးကရန်သူဟာ ကြောက်စရာကောင်းတယ်တဲ့၊ ရန်သူဆိုတာ အဝေးမှာထက် အနီးမှာသာ ရှိတတ်စမြဲတဲ့၊ ဒါဟာ လျှို့ဝှက်ချက်ကို ဖော်ထုတ်တဲ့ သော့ချက်တွေထဲမှာ အရေးကြီးဆုံး သော့ချက်ပဲတဲ့၊ ခုတော့ ဒီသဘောတရားဟာ သိပ်မှန်တဲ့သဘောတရားပဲ"

လုရင်က လေးလေးနက်နက်ပြောသည်။ ကွမ်လိန်က အာရုံစိုက်ပြီး နားထောင်နေရာမှ ဆတ်ခနဲဖြစ်သွား၏။

"ဟုတ်တယ် ... သတိမမူရင် ဂူမမြင်ဘူး၊ အလွယ်ဆုံးအရာတွေဟာ အခက်ဆုံးဖြစ်နေတတ်တယ်၊ ရန်သူဆိုတာ အနီးအနားမှာသာ ရှိနေတတ်တယ်"

ကွမ်လိန်က ချိန်ချိန်ဆဆ ရေရွတ်လိုက်သည်။ ထို့နောက် ကောင်းကင်ပြင်ကြီးကို မော့ကြည့်လိုက်ပြီး ...

"လုရင် ... သေသေချာချာ စဉ်းစားကြည့်စမ်း၊ မျက်နှာဖုံးစွပ်နဲ့ လူနှစ်ယောက်ဟာ ဘယ်သူတွေဖြစ်နိုင်သလဲ၊ အဲဒီနှစ်ယောက်ထဲက အရုပ်ပုပုမျက်နှာဖုံးစွပ်ဟာ ပိုပြီးစိတ်ဝင်စားစရာကောင်းတယ်၊ စစ်မိန်ဂေဟာ ပြဿနာကြီးကို ပြုလုပ်တဲ့တရားခံဟာ ဖျတ်ခနဲမဟုတ်ရင် တခြားဘယ်သူတွေဖြစ်နိုင်သေးသလဲ၊ ဒီကိစ္စရဲ့လျှို့ဝှက်ချက်ဟာ အဝေးမှာလား အနီးမှာလား"

လုရင် ကွမ်လိန်ကိုကြည့်ပြီး ပြုံး၏။



"ကျွန်မ ပြောနေတာကတော့ သော့ချက်တွေအများကြီးထဲက တစ်ခုလောက်ကိုသာ ပြောတာပါ၊ ပြဿနာတိုင်းကို ဒီသော့ချက်တစ်ခုနဲ့ ဖွင့်လို့မရတဲ့ သော့ခလောက်ကို နှစ်ချက်သုံးချက်လှည့်ပြီး ဖွင့်ကြည့်ရမှာပေါ့"

လုရင်သည် ထိုသို့ပြောလိုက်သောစကားမှာ သဘာဝကျသောစကားဖြစ်သည်။ ကွမ်လိန်သည် နှင်းမြေကိုငုံ့ကြည့်ရင်း စဉ်းစားနေမိပြန်၏။ အတန်ကြာမှ ဟိုဟိုသည်သည်လှမ်းကြည့်လိုက်မိသည်။ ချင်ဆန်လျှံ၏မြင်းရထားကို မှုန်ပျပျကလေးသာ မြင်ရတော့သည်။

ကွမ်လိန်က ဘာစကားမျှမပြောတော့ဘဲ မြင်းရထားပေါ် ခုန်တက် လိုက်သည်။ လုရင်ကလည်း ထိုင်ခုံပေါ်သို့ ဖျတ်ခနဲ ပြန်ရောက်လာသည်။ မြင်းဇက်ကြိုးကိုကိုင်လိုက်သည်နှင့် မြင်းရထား ဘီးလိမ့်စပြုတော့သည်။ ကွမ်လိန်လက်ထဲမှ ကျားမွတ်သံ ထွက်လာသည်နှင့် မြင်းသည် ကဆုန်စိုင်း၍ပြေးတော့သည်။ လုရင်သာ အဝေးကိုငေးပြီး ငြိမ်နေရာမှ ကွမ်လိန်ကို လှည့်ပြောသည်။

"အစ်ကို ... ကျွန်မခေါင်းထဲ မရှင်းတာတစ်ခုရှိသေးတယ်"

"ဘာကိုလဲ"

"ဟို ... အင်း ... စွန်းရုန်းဆိုတဲ့လူဟာ သေရေးရှင်ရေးထဲမှာ ဘာဖြစ်လို့ ဓားကိုကောက်ယူခဲ့တာလဲ၊ ပြီးတော့ ထိုင်ခုံအောက်မှာ ဘာလို့ဝင်ပုန်းခဲ့ရတာလဲ၊ ပုန်းစရာနေရာတွေ အများကြီးရှိရဲ့သားနဲ့ ဒီရထားထိုင်ခုံအောက်မှာမှ မွန်းမွန်းကျပ်ကျပ်ကြီး ဘာဖြစ်လို့ ပုန်းနေခဲ့တာလဲ"

"ဟုတ်တယ် … လုရင်ပြောတာစဉ်းစားစရာပဲ၊ ဓားမြှောင်ဆိုတာ ကိုယ့်ကိုယ်ကိုယ်ကာကွယ်တဲ့ပစ္စည်းပဲ၊ ဓားမြှောင်ကိုကောက်ယူသွားတာဟာ သူ့အနားမှာ ဘေးရန်ရှိနေလို့များလား"

"အဲဒါဖြစ်နိုင်တာပဲ၊ ဒါပေမဲ့ ဒီကိစ္စဟာ သာမန်ကိစ္စမျိုးပဲ၊ သိုင်းပညာအဆင့်အတန်းရှိထားတဲ့လူအဖို့ အကျပ်အတည်းကာလထဲမှာ ဒီဓားမြှောင်လေးကို အရေးလုပ်ပြီး ကောက်ယူစရာမလိုဘူး"

"ဒါဖြင့် သူက ဒီဓားမြှောင်ကို ဘာလို့ကောက်ယူခဲ့ရတာလဲ"

"ကျွန်မလည်း အဲဒါကိုစဉ်းစားနေတာ"

ကွမ်လိန် မျက်မှောင်ကြုတ်သွားပြန်သည်။

"ဓားဆိုတာ အသုံးချမှုအများကြီးရှိတဲ့ ပစ္စည်းတစ်မျိုးပဲ"

ကွမ်လိန် တီးတိုးရေရွတ်သည်။ လုရင်က ဟက်ခနဲရယ်သည်။

"မှန်လိုက်တာတော်၊ ပညာရှိကြီးတွေဟာ ပြေးကြည့်တာထက်တောင် မှန်နေပါလား၊ ဓားဆိုတာ အသုံးချမှုအများကြီးရှိတဲ့ပစ္စည်း မှန်လိုက်လေရှင်၊ ဓား … ဓား … ဓားဆိုတာ သူများကိုသတ်လို့လည်းရတယ်၊ ကိုယ့်ကိုယ်ကိုယ် သတ်လို့လည်းရတယ်၊ ကြက်ခုတ်လို့လည်းရတယ်၊ ဝက်ခုတ်လို့လည်းရတယ်၊ အာလူးနွှာလို့လည်းရတယ်၊ ကြက်သွန်လှီးလို့လည်းရတယ်၊ သစ်ခုတ်လို့လည်းရတယ်၊ ဝါးခုတ်လို့လည်းရတယ်"

လုရင်က အရွှန်းဖောက်ပြီး သရော်တော်တော်ပြော၏။ သူပြောပုံက မြူးမြူးကြွကြွပြုံးပြုံးရွှင်ရွှင်။



ကွမ်လိန်က မျက်မှောင်ကြုတ်ရင်း ပွဲတင်ရေရွတ်သည်။

"သစ်ခုတ်လို့လည်းရတယ်၊ ဝါးခုတ်လို့လည်းရတယ်"

ကွမ်လိန်ခေါင်းထဲ ဝင်းခနဲလက်သွားသည်။ ရှုပ်ထွေးနေသော ဦးနှောက်ထဲသို့ အသိတစ်ခုပွင့်လင်းသွားသည်။

"ဟုတ်ပြီ"

ကွမ်လိန် ဝမ်းသာအားရအော်လိုက်သည်။ လုရင် ကြောင်တောင်တောင်ဖြစ်သွားသည်။

"ဘာဟုတ်တာလဲ"

ကွမ်လိန်မဖြေအား။ မြင်းဇက်ကြိုးကို တင်းခနဲဆွဲလိုက်သည်။ အရှိန်နှင့်ပြေးနေသောမြင်းသည် ယက်ခနဲ ယက်ခနဲဖြစ်သွားပြီး ဟီသံပေးလိုက်ကာ ရပ်သွားသည်။

"လုရင် အောက်ကိုခဏဆင်းပါဦး"

ပြောပြောဆိုဆို သူပါ ခုန်ချလိုက်သည်။ ရထားတိုင်ခုံအံဖုံးကို ကမန်းကတန်း ဆွဲဖွင့်လိုက်သည်။ နှင်းလွှားကိုထိုးဖောက်နေသော နေရောင်ခြည်သည် ပွင့်နေသောအံဖုံးအတွင်းသို့ ဖြာကျလာသည်။

ကွမ်လိန် ဘာကိုမျှဂရုမစိုက်နိုင်။ ဖွန်းရှန်းပုန်းခိုခဲ့သော ထိုင်ခုံအောက်ကို သေသေချာချာ လှော်ကြည့်သည်။

"ဟုတ်ပြီ"

လုရင်မနေနိုင်တော့ ကွမ်လိန်ကြည့်ရာ လိုက်ကြည့်သည်။

မျက်လုံးပြူးသွားသည်။ သေတ္တာကြီးလိုပြုလုပ်ထားသော ထိုင်ခုံအောက်ရှိ သစ်သားပြားကြီးပေါ်တွင် ဓားနှင့်တွင်းထားသော

ခြစ်ထားသော အကြောင်းများကို တွေ့ရသည်။ အာရုံစိုက်ပြီးကြည့်သောအခါ ဓားဦးနှင့်ခြစ်ပြီး ရေးထားသည့်စာများဖြစ်နေသည်။

စာလုံးများသည် သေသပ်လှပမှုမရှိဘဲ ထင်သည့်နေရာထင်ပြီး မိုန်သည့်နေရာမိုန်သည်။ ဆက်စပ်ပြီးဖတ်ကြည့်လိုက်သောအခါ အဓိပ္ပာယ်ရှိသောစာများဖြစ်နေသည်။ လုရင်သည် တအံ့တသြဖြစ်သွားပြီး ကွမ်လိန်ကို မော့ကြည့်သည်။ နှစ်ယောက်စလုံး စကားမပြောနိုင်ကြ။ စာလုံးများကို အာရုံစိုက်လိုက်ကြ၏။ လုရင်စာကြောင်းများကို တိုးတိုးရွတ်သည်။

"လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်လောက်ကဆိုရင် ပေပေနဲ့ စစ်မိန်ဝတ်ရုံနီတို့ဟာ သိပ်ခင်တဲ့မိတ်ဆွေတွေပဲ၊ နာမည်ကျော်တွေဖြစ်လာကြတော့ ကိုယ့်ရည်မှန်းချက်နဲ့ကိုယ် တစ်လမ်းစီသွားခဲ့ကြတယ်၊ အသွားအလာအဆက်အသွယ်ကတော့ ရှိနေတုန်းပါပဲ၊ ဒီကိစ္စကိုသိတဲ့လူဟာ မရှိသလောက်ရှားတယ်"

လုရင် စာဖတ်ရပ်ပြီး ကွမ်လိန်ကိုပြောသည်။

"စစ်မိန်ဝတ်ရုံနီနဲ့ ထိုက်ရှင်ခရမ်းရောင်ကျာပွတ်ဟာ နာမည်ကြီးတာချင်း သိုင်းပညာအဆင့်ရှိတာချင်းအတူတူလောက်ပဲရှိတာ၊ ဒါကို သိုင်းသမားတိုင်းလိုလို သိတာပဲ၊ ဘာမှဆန်းတဲ့ကိစ္စမဟုတ်ဘူး။ ဒီတော့ တကူးတကန့်ရေးထားတဲ့ ဒီစာဟာ လေးနက်မှုရှိတာတော့ အမှန်ပဲ"

ကွမ်လိန် ခေါင်းညိတ်ပြသည်။ လုရင်က စဉ်းစားပြီးထပ်ပြော၏။



"စဉ်းစားမိတာက နှစ်ပေါင်းသုံးဆယ် တရင်းတနှီးနေခဲ့ကြတဲ့အချိန်မှာ လူသိခံလို့မဖြစ်တဲ့ကိစ္စတစ်ခုကို အတူတူလုပ်မိကြလိမ့်မယ်၊ အဲဒီလိုနဲ့ သိုင်းပညာအဆင့်မြင့်မားလာပြီး နာမည်ကျော်လာတဲ့အခါကျတော့ လူသိခံလို့မဖြစ်တဲ့လုပ်ရပ်တွေ ပေါ်ပေါက်လာမှာစိုးရိမ်ကြတယ်၊ ဒီတော့ ..."

ကွမ်လိန်က လုရင်ကိုကြည့်ပြီး တားမြစ်လိုက်သည်။ အကြောင်းမှာ ဒီစကားကို တစ်စုံတစ်ယောက်ကြားသိသွားမှာ စိုးရိမ်သောကြောင့်ဖြစ်၏။ လုရင်တွေးမိသလို သူလည်း တွေးမိပြီးဖြစ်သည်။ သို့သော် ဗွန်းရှန်ပေါ်ထားမိသောစေတနာကြောင့် ထုတ်ဖော်မပြောဘဲ ငြိမ်နေခြင်းဖြစ်၏။

လုရင်ကား ကွမ်လိန်လိုမဟုတ်။ ပွင့်လင်းသူဖြစ်သည့်အတိုင်း စိတ်ထဲရှိသမျှကို ပြောချလိုက်သည်။ စကားပြတ်သွားသည်နှင့်စာလုံးများကို ထပ်ဖတ်ကြပြန်သည်။ သည်တစ်ခါဟော အသံမထွက်၊ စိတ်ထဲကသာ ဖတ်၏။

"စစ်မိန်ဝတ်ရုံနီဟာ လူတော်တစ်ယောက်ပဲ၊ သိုင်းပညာတော်သလိုလက်နက်ပုန်းပညာ၊ အဆိပ်ပညာ၊ ရုပ်ပြောင်းရုပ်လွှဲပညာတွေလည်း သိပ်တော်တယ်၊ ပြီးတော့ အမြိုးကြီးတယ်၊ မာနကြီးတယ်၊ အတ္တကြီးတယ်၊ ဉာဏ်များတယ်"

လုရင်က ကွမ်လိန်ကို တအံ့တသြလှည့်ပြော၏။

"ကြည့်စမ်း ... စစ်မိန်ဝတ်ရုံနီဟာ သိုင်းပညာတင်မကဘူး၊ ပညာတွေအများကြီး တတ်ထားပါလား၊ ဒီစာဟာ မဖတ်မိရင် ဒီကိစ္စကို ဘယ်သူမှသိမှာမဟုတ်ဘူး၊ ဒီအချက်ဟာ သော့ချက်ဖြစ်နေမလား"

"အင်း"

ကွမ်လိန်က အင်းရုံအင်းလိုက်ပြီး စာကိုဆက်ဖတ်၏။

သူ့မကျေနပ်တဲ့လူတွေကတော့ ကျိတ်ကျိတ် ထုံးနန်းအကျိုး နက်။

သူတို့ဟာ သူ့ရဲ့အကြီးဆုံးသူ၊ နောက် ရှောင်လင်၊ ဟူတန်း၊ ငလာပု၊ နောက်ပြီး ...။

စစ်မိန်ဝတ်ရုံနီရဲ့ အယူအဆက ကျားနဲ့ဆင်တိုက်ကြရင် မုဆိုး မပင်ပန်းဘူးတဲ့။

အရေးကြီးတာက တောင်ချောက်ဆင်တတ်ဖို့၊ ငါးစာချတတ်ဖို့ တဲ့။

လုရင်နှင့်ကွမ်လိန်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ ဖတ်စရာမရှိတော့။

ရေးထားသောစာများသည် ကြီးမားသောအဓိပ္ပာယ်ရှိသော်လည်း ပဟေဠိဆန်နေ၏။

လုရင်က သက်ပြင်းချပြီး တိုးတိုးပြောသည်။

"စွန်းရှန်းက စာကို ရှင်းရှင်းလင်းလင်း ရေးမထားဘူး၊



စကားထာဝှက်သလို ပဟေဠိလုပ်ထားတယ်၊ ဘာပဲဖြစ်ဖြစ် လျှို့ဝှက်ချက်ကို ပြောပြချင်ရင် ရှင်းရှင်းလင်းလင်းရေးဖို့ကောင်းတယ်၊ ခုတော့ သူ့စာက အဓိပ္ပာယ်ရှိပေမယ့် တွေးတောစရာတွေချည်းပဲ၊ ဒီလူကလည်း လူထူးပဲ ... ဟင်း"

ကွမ်လိန်က လုရင်ကိုကြည့်ပြီး ခေါင်းတဆတ်ဆတ်လုပ်သည်။

"အစ်ကိုစဉ်းစားမိတာကတစ်မျိုး လုရင်ရဲ့၊ စွန်းရှန်းဟာ အဖြစ်မှန်ကို သိထားပေမယ့် သူ့အဖေ အန္တရာယ်ကျရောက်မှာစိုးလို့ ဘာမှမပြောချင်ဘူး၊ ဒါက သဘောထားတစ်ခု၊ ဒါပေမဲ့ သူသိထားတဲ့ ကိစ္စဟာ မပြောလို့မဖြစ်ဘူး၊ ဒီတော့ ဆန္ဒနှစ်ခုဟာ ပဋိပက္ခဖြစ်လာတယ်၊ သူ့ တောင်ပေါ်က ထွက်ပြေးလာတာဟာ ဒီကိစ္စတွေနဲ့ လွတ်ကင်းချင်လို့ ထွက်လာတာလည်း ဖြစ်လာနိုင်တယ်၊ ဒါပေမဲ့ သူ့ ခေါင်းထဲမှာဖြစ်နေတဲ့ ပဋိပက္ခပျောက်ပြယ်မသွားဘူး၊ ဒီလိုနဲ့ မဆိုင်တဲ့လူတွေ ဒုက္ခရောက်နေတာကို တွေ့တွေ့လာတော့ မပြောချင်တဲ့စကားကို ပြောလာရတယ်၊ မရေးချင်တဲ့စာကို ရေးလာရတယ်၊ ဒါပေမဲ့ သူ ရေးထားတဲ့စာဟာ သူ့ခေါင်းထဲမှာ ဒွိဟဖြစ်နေလို့ ပဟေဠိဆန်နေတယ်၊ ပြောလည်း ပြောချင်တယ်၊ မပြောလည်း မပြောချင်ဘူး၊ ရေးလည်း ရေးချင်တယ်၊ ရေးလည်း မရေးချင်ဘူး၊ ဒီတော့ သူတကယ်ရေးချလိုက်တဲ့စာဟာ မရှင်းမလင်းဖြစ်နေတော့တာပေါ့"

"ဟုတ်တယ် ... အစ်ကိုပြောသလို ဖြစ်နိုင်တာပဲ၊ ဘာပဲဖြစ်ဖြစ်လေ ဒီစာတွေကို လေးလေးနက်နက် စဉ်းစားရင် အဖြေ

ပေါ်လာမှာပါပဲ၊ ဒီစာတွေဟာ ကျွန်မတို့ကို အကျိုးပြုမှာတော့ သေချာပါ တယ်"

"ကဲ ... ခရီးဆက်ကြရအောင်၊ တို့နှစ်ယောက်ပူးပေါင်းပြီး အဖြေရှာရင် အမှန်တရားကို တွေ့မှာပါ၊ အရေးကြီးတာက အရာရာကို ဂရုစိုက်ပြီး သွေးအေးအေး စဉ်းစားတတ်ဖို့ပဲ"

ကွမ်လိန်က စကားဖြတ်ပြီး အံဖုံးကို ပြန်ပိတ်လိုက်၏။

နှစ်ယောက်စလုံး ထိုင်ခုံပေါ်တွင်ငိုင်မိသည်နှင့် မြင်းရထားဘီးများ လိမ့်လာတော့၏။

"အစ်ကို ... ချင်ဆန်လျှံတို့ရထားကို အရိပ်အယောင်တောင် မတွေ့ရတော့ပါလား"

"မတတ်နိုင်ဘူး၊ မမီမီအောင် လိုက်ရမှာပဲ"

ကွမ်လိန်သည် စကားပြောရင်း ကျာပွတ်ကို ဝှေ့ယမ်းလိုက်သည်။ မြင်းသည် ကျာပွတ်သံကြားသည်နှင့် ကဆုန်စိုင်းပြီး အားသွန်ပြေးတော့သည်။

# အခန်း (၂၅)

## တောင်ချောက်

မြင်းရထားသည် ဟိုကွေ့ သည်ကွေ့နှင့် ခရီးအတော်ပေါက်လာသည်။ သို့သော် ချင်ဆန်လျှံတို့ မြင်းလှည်းကိုမူ အရိပ်အယောင်မျှပင် မတွေ့ရတော့။

ကွမ်လိန်သည် အတွေးရေယာဉ်ကြောတွင် နစ် မျောနေရင်း ဖြတ်ခနဲဖြစ်သွားပြီး လုရင်ကို လှည့်ပြော၏။

"လုရင် ... တို့လမ်းများ မှားနေသလား၊ ချင်ဆန်လျှံတို့ကို ခုထိ မတွေ့ရသေးဘူး"

"မမှားဘူးနဲ့တူပါတယ်၊ နှင်းတွေပိတ်နေလို့ မတွေ့ရတာ ဖြစ်မှာပါ"

လုရင်က ခပ်ပေါ့ပေါ့ပင်ပြောသည်။

ကွမ်လိန် မကျေနပ်။

"ဒီလမ်းကို လုရင် မသိဘူးလား"

"သိပ်မသိဘူး"

"ကောင်းရော ... ကောင်းရော အစ်ကိုက လုရင်သိတယ် အောက်မေ့နေတာ၊ ဒါဖြင့် ဆေးဆရာကြီးနေတဲ့နေရာကိုကော"

"တိတိကျကျမသိဘူး"

"အဲဒါမှ ဒုက္ခပဲ၊ လုရင်ပြောတုန်းက ဒီနေရာကို သိသလိုလို နဲ့"

ကွမ်လိန်က အပြစ်တင်သည်။ လုရင်က ရယ်ပြီးပြောသည်။

"ကျွန်မ ပြောတာက အဲဒီဆေးဆရာကြီးဟာ ဆာဖုံးတောင် မှာနေတယ်လို့ပြောတာပဲဥစ္စာ၊ တောင်ခြေမှာ၊ တောင်ထိပ်မှာ၊ တောင်ခုလတ်မှာလို့ ပြောခဲ့တာမဟုတ်ဘဲ အစ်ကိုရဲ့၊ ဒီလမ်းကို ကျွမ်းကျွမ်းကျင်ကျင် သွားဖူးတာမှ မဟုတ်တာ၊ ကြားဖူးသလောက် ပြောပြခဲ့တာပဲ"

ကွမ်လိန် သက်ပြင်းချမိသည်။

ယခုအချိန်တျမှ ညည်သူ့ကိုမှု အပြစ်မတင်ချင်တော့။

ချင်ဆန်လျှံဆိုသည်ကလည်း သူ့အမူနှင့်သူ။

မိမိတို့လည်း ကိုယ့်ကိစ္စနှင့်ကိုယ်။

မည်သို့ဖြစ်စေ လမ်းဆုံးလျှင်တော့ ရှာတွေ့မှာ သေချာသည်။ ဆာဖုံးတောင်ဆိုသည်က အထင်ကရတောင်။

သေးသေးလေးမဟုတ် အကြီးကြီး။

တစ်ယောက်မသိ တစ်ယောက်သိသည့်တောင်။

သည်တောင်ခြေကိုအရောက်သွားနိုင်လျှင် ချင်ဆန်လျှံနှင့် ပြန်ဆုံကြမည်မှာ သေချာသည်။

ကမူးရှူးထိုးနှင့် လုည်းဘီးရာ ရှာနေစရာမလို။

အချိန်အနည်းငယ် ပိုသုံးရုံမျှဖြင့် ဆာဖုံးတောင်ကိုတွေ့နိုင်ပေသည်။



ကွမ်လိန်သည် စိတ်မရှည်တော့သဖြင့် ကျာပွတ်ကိုသာ တရွှမ်းရွှမ်း ဝှေ့ယမ်းမိတော့၏။

မြင်းသည် ခပ်မှန် မှန်ပြေးနေရာမှ တစ်ဟုန်ထိုးပြေးပြန်၏။

မကြာ ... မျက်နှာချင်းဆိုင်မှ မြင်းတစ်စီးနှင့် လူတစ်ယောက်ကို တွေ့ရသည်။

"ဒီလူကိုမေးကြည့်မှ"

ကွမ်လိန်တွေးလိုက်စဉ်မှာပင် ... အပြင်းနှင်လာသော မြင်းက မြင်းရထားကို ဖြတ်ကျော်သွားတော့သည်။

"သွားပြီ ... သွားပြီ"

ကွမ်လိန် စိတ်ဓာတ်ကျသွားသည်။

မြင်းရထားကိုရပ်ပြီး ချင်ဆန်လျှံတို့ မြင်းရထားဘီးရာကိုရှာလျှင်ကောင်းမည်လား၊ ချီတုံချတုံ ဖြစ်နေစဉ် ဖြတ်ကျော်သွားသော မြင်းသည် နောက်ကြောင်းသို့ ပြန်လှည့်လာသည်။

မကြာမီ ကွမ်လိန်တို့ ရထားဘေးရောက်လာသည်။

မြင်းစီးသမားများသည် အပြာနုရောင်အကျႌဝတ်ထားသည်။ ခန္ဓာကိုယ်မှာ ပိန်ပိန်သေးသေးဖြစ်သည်။

မျက်နှာသည် အဝါရောင်သန်းနေပြီး နာမကျန်းဖြစ်နေသည့်လူတစ်ယောက်နှင့်တူနေသည်။

ထိုသူသည် မြင်းစီးအတတ်ကျွမ်းကျင်ဟန်ရှိသည်။

ကွမ်လိန်နှင့်မျက်နှာချင်းဆိုင်လိုက်မိသောအခါ မျက်လုံးအရောင်သည် ဝင်းလက်တောက်ပသွားသည်။

"ခင်ဗျားတို့က ဟိုအမျိုးသမီးနှစ်ယောက်နဲ့အတူတူ ခရီးနှင်လာကြတာ မဟုတ်လား"

မြင်းစီးသမားက ပြုံးပြီးမေးသည်။

ကွမ်လိန်က အတန်ကြာအောင်စဉ်းစားပြီးမှ အဖြေပေးသည်။

"ဟုတ်ပါတယ်"

"ကံကောင်းလို့ ... ကံကောင်းလို့၊ ပြန်သာလှည့်မလာမိရင် ဘယ်နှစ်ရက်လောက် မြင်းစီးနေရမလဲ မသိဘူး"

ထိုလူက ဝမ်းသာအားရဖြစ်သွားဟန်နှင့် သွားဖြဲပြီးရယ်သည်။

"ချင်ဆန်လျှံက ခင်ဗျားကိုလွှတ်လိုက်လို့လား"

"ဟုတ်ပါတယ်၊ ခင်ဗျားတို့ လမ်းမှားမှာစိုးလို့ ကျွန်တော့်ကို အကြိုလွှတ်လိုက်တာပါ"

"ဒီလိုဆို ... မိတ်ဆွေက"

မြင်းစီးသမားက ဖြတ်ပြေးသည်။

"ကျွန်တော့်နာမည်က ကျင်ဖိန်ပါ၊ ကျွန်တော့်ဆရာက သိုင်းလောကမှာ နာမည်ကျော်နေတဲ့ ဆေးဆရာပါ"

မြင်းစီးသမားသည် ကျာပွတ်ကိုဝှေ့ယမ်းပြီးပြောသည်။

ကွမ်လိန်မှာ ရင်ထဲပေါ့သွားပြီး ခေါင်းညိတ်ပြသည်။

မြင်းစီးသမားသည် မြင်းရထားကိုကျော်ပြီး ဦးဆောင်သွားသည်။ ကွမ်လိန်က မြင်းစီးသမားနောက်မှ မောင်းလိုက်သည်။



ရေနွေးတစ်အိုးကျက်မျှကြာသောအခါ မြင်းစီးသမားက လှည့်ပြောသည်။

"ရောက်ခါနီးပြီ"

မြင်းစီးသမားက လမ်းမကြီးပေါ်မှနေ၍ လမ်းသွယ်လေးတစ်ခုထဲသို့ ချိုးကွေ့သွားသည်။ ကိုက်ငါးဆယ်မျှသွားမိသောအခါ လမ်းချိုးတစ်ခုကို ထပ်ကွေ့သွားပြန်သည်။

လမ်းသည် တောလမ်းဖြစ်နေသဖြင့် ကြမ်းသည်။ တောင်တက်လမ်းကလေးပင်။

မြင်းစီးသမားက အော်ပြောပြန်သည်။

"မိတ်ဆွေတို့ လမ်းကနည်းနည်းကြမ်းတယ်၊ ဖြည်းဖြည်းသာလိုက်ပါ"

"ကိစ္စမရှိပါဘူး"

ကွမ်လိန်က ငြိမ်မြဲငြိမ်နေသည်။ လုရင်က ပြန်အော်သည်။ လုရင်က ကွမ်လိန်နားနားကပ်ပြီး တိုးတိုးပြောသည်။

"သိုင်းလောကသားတွေက ဆေးဆရာကြီးနေတဲ့နေရာဟာ လျှို့ဝှက်ပြီး အသွားအလာခက်တယ်တဲ့၊ အန္တရာယ်များတယ်တဲ့၊ သတိတော့ထားရလိမ့်မယ်နော် ..."

ကွမ်လိန်က ပြုံးပြီးခေါင်းညိတ်သည်။

# အခန်း (၂၆)

နှင်းဖွေးနေသော တောင်ကုန်းငယ်လေးများကို ကျော်ဖြတ်ပြီးသည်နှင့် သစ်တောကလေးတစ်ခုအတွင်းသို့ရောက်ရှိလာကြသည်။

သစ်တောထဲတွင် စေဝက်မှုရှိသော မြေပြန့်လွင်ပြင်လေး တစ်ခုကို တွေ့ရ၏။

လွင်ပြင်လေးအလယ်တွင် မြေစိုက်တဲအိမ်လေးသုံးလုံးကို တွေ့ရသည်။ တောလို မုဆိုးများ၊ သစ်ခုတ်သမားများ နေထိုင်လေ့ရှိသော တဲပုံစံမျိုးဖြစ်သည်။

ကျင်ဖိန်က မြင်းပေါ်မှနေ၍ ကွမ်လိန်ကို ပြောသည်။

"ရောက်ပြီ ... အဲဒါ ကျွန်တော်တို့တဲအိမ်ကလေးတွေပဲ"

ကျင်ဖိန်က ပြောပြောဆိုဆို မြင်းပေါ်မှခုန်ဆင်းလိုက်လေသည်။ ကွမ်လိန်က အခြေအနေကို အကဲခတ်လိုက်၏။

ဘယ်အစွန် တဲအိမ်လေး၏နောက်တွင် မြင်းရထားတစ်စီး၏ အစွန်းထွက်နေသော အမြီးပိုင်းကိုတွေ့ရသည်။ ချင်ဆန်လှျံ၏မြင်းရထားဖြစ်ရမည်။

ကွမ်လိန်က ပြုံးပြီး မြင်းရထားပေါ်မှ ခုန်ဆင်းလိုက်လေသည်။ လုရင်ပါ ခုန်ဆင်းလာ၏။ ထိုစဉ် တဲအိမ်ထဲမှ လူတစ်ယောက် ထွက်လာပြီး ကွမ်လိန်တို့ကို လှမ်းကြည့်သည်။



ထိုသူသည် အသက်အရွယ်ကြီးရင့်သော အဘိုးကြီးတစ်ဦးပင်ဖြစ်သည်။ အရပ်ရှည်ပြီး ပိန်သည်။ ရှည်လျားသော မုတ်ဆိတ်မွေးများသည် ထူးခြားမှုဖြစ်၏။ မျက်လုံးများက စူးရှမှုရှိပြီး အရောင်တောက် သည်။ အဘိုးကြီးက ပြုံးပြုံးရွှင်ရွှင် အမူအရာနှင့်ပြောသည်။

"ဧည့်သည်တွေ ရောက်လာကြပြီကိုး၊ အဖေကြီးက လာကြရလို့ သိပ်ပင်ပန်းနေကြပြီထင်တယ်၊ ကဲ ... အထဲကိုဝင်ကြပါ၊ အထဲကို ဝင်ကြပါ"

ကွမ်လိန်က ကျေးဇူးတင်စကားပြောဆိုပြီး မြင်းရထား နောက်သို့ ပြေးလာသည်။

တံခါးကိုဖွင့်ပြီးသည်နှင့် ကုန်စွန်းဘယ်ခြေကို မ,ချီလိုက်သည်။ ထိုနောက် တဲအိမ်လေးရှိရာသို့ လျှောက်လာ သည်။ လုရင်က နောက်မှကပ်ပြီးလိုက်၏။ ကွမ်လိန်က လျှောက်လာ ရင်း တွေးသည်။

"သိုင်းလောက,က လူတွေက ဒီဆရာကြီးကိုကြောက်စရာကောင်းတယ်လို့ ပြောခဲ့ကြတယ်၊ ခုတော့လည်း ကြောက်စရာ ဘာမှ မတွေ့ရပါလား၊ ပြုံးပြုံးရွှင်ရွှင် ဖော်ဖော်ရွေရွေနဲ့ ခင်စရာတောင် ကောင်းသေး"

တွေးရင်း တွေးရင်း တဲအိမ်ကလေးအတွင်းသို့ ရောက်ရှိလာကြသည်။

လုရင်က တဲအိမ်လေး၏အပြင်အဆင်ကို အကဲခတ်လိုက်၏။ တဲအိမ်ထောင့်တစ်နေရာတွင် ကြပ်ခိုးများ၊ ပင့်ကူအိမ်များ အမှိုက်သရိုက်များ ရှုပ်ပွနေသည်။

ဧည့်ခန်းနေရာတွင်ကား အတူးတလည် လှဲကျင်းထားဟန်ရှိသဖြင့် သန့်ရှင်းသပ်ရပ်နေသည်။ မတူညီသော မြင်ကွင်းပင် ဖြစ်သည်။

ကွမ်လိန်က ကုန်စွန်းဘယ်ခြေကို သစ်သားကုလားထိုင်တစ်လုံးပေါ်ချလိုက်ပြီး ခေါင်းကို နောက်မှီတွင်အသာလေးမှီ ပေးလိုက်သည်။ ကွမ်လိန်က လုရင်၏ဘေးမှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

မုတ်ဆိတ်ရှည်အဘိုးကြီးက ပြုံးပြုံးပြုံးပြုံးနှင့် ကုန်စွန်းဘယ်ခြေအနားသို့ တိုးကပ်သွား၏။ လူနာ၏အခြေအနေကို စမ်းသပ်စစ်ဆေးသည်။ ကုန်စွန်းဘယ်ခြေက မျက်လုံးမှိတ်ပြီး အသက်ကို မှုဉ်းမှုဉ်းကလေး ရှူနေသည်။

ကွမ်လိန်က မုတ်ဆိတ်ရှည်အဘိုးကြီးနှင့် ကုန်စွန်းဘယ်ခြေကို တစ်လှည့်စီကြည့်လိုက်ပြီး ချင်ဆန်လျှံကို ရှာကြည့်သည်။

သို့သော် ချင်ဆန်လျှံ၏အရိပ်အယောင်ကို လုံးဝမတွေ့ရ။

တဲအိမ်လေး၏ ပကတိ တိတ်ဆိတ်ငြိမ်သက်နေသည်။

ချင်ဆန်လျှံတို့ ဘယ်ရောက်နေသနည်း။ စီမင့်ရိပိုင်ရော မည်သည့်အခြေအနေ ရှိမည်နည်း။ ကွမ်လိန် မအောင့်နိုင်တော့၊ မုတ်ဆိတ်ရှည်အဘိုးကြီးကို လှမ်းမေးသည်။

"ဆရာကြီး ချင်ဆန်လျှံတို့ မရောက်ကြသေးဘူးလား"

မုတ်ဆိတ်ရှည်အဘိုးကြီးက ပြုံးပြုံးလှည့်ကြည့်သည်။

"သူတို့ရောက်နေတာ အတော်လေးကြာနေပြီကွယ့်"



အဘိုးကြီးက ညှိမှုသာပြောပြီး ကုန်စွန်းဘယ်ခြေကို ဆက်၍စမ်းသပ်နေပြန်သည်။ ကွမ်လိန်က အတန်ကြာအောင်ငြိမ်နေလိုက်ပြီးမှ ထပ်မေးသည်။

"ဆရာကြီး ... စီမင့်ရိပိုင်ရဲ့အခြေအနေ ဘယ်လိုရှိနေပါလဲ"

"အင်း ... အခြေအနေက သိပ်မကောင်းဘူးကွယ့်၊ ခရီးပြင်းဒဏ်နဲ့ ရထားတောင့်တဲ့ဒဏ်က အခြေအနေကို ပိုပြီးဆိုးအောင် လုပ်လိုက်သလို ဖြစ်နေတယ်၊ နောက်ထပ် တစ်နာရီလောက်သာ နောက်ကျခဲ့ရင် လမ်းမှာတင် အသက်ပျောက်သွားနိုင်တဲ့အခြေအနေပဲ၊ ဒါပေမဲ့ ... ခုတော့ ကုသခွင့်အချိန်ရသေးတယ်၊ ခုလည်း အကောင်းဆုံးဆေးတစ်ခွက်တိုက်ပြီး အနားယူခိုင်းထားပါတယ်၊ သူတို့ကို ချင်ဆန်လျှံဆိုတဲ့ မိန်းကလေးကို စောင့်ကြည့်ခိုင်းထားပါတယ်၊ သူတို့နောက်ဘက်က တဲအိမ်ထဲမှာ ရှိနေကြပါတယ်၊ သုံးနာရီလောက် အနားရသွားရင် အခြေအနေ ပြန်ကောင်းလာမှာသေချာပါတယ်"

"ဟုတ်ကဲ့ ဆရာကြီး ... ဟုတ်ကဲ့"

ကွမ်လိန်က သံသယကင်းသွားဟန်နှင့် သက်ပြင်းချလိုက်သည်။ စိတ်ထဲမှလည်း ...

"ကံကောင်းလို့ ... ကံကောင်းလို့၊ လမ်းမှာသာ အသက်ပျောက်သွားရင် အဖြေမှန်ကို ရှာလို့ရမှာ မဟုတ်တော့ဘူး၊ သူသာသတိရပြီး စကားပြောလာနိုင်ရင် သိုင်းလောကရဲ့ လျှို့ဝှက်ချက်တွေအားလုံး ပေါ်လာမှာအသေအချာပဲ"

ကွမ်လိန်သည် နဖူးပေါ်မှချွေးလေးများကို လက်ဖမိုးနှင့်

ဖိပြီး သုတ်ပစ်လိုက်၏။ ရင်ထဲ၌လည်း ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု လျော့သွားပြီဟု မှတ်ယူလိုက်မိသည်။ စီမင့်ရိုပိုင်သာ ပြန်လည်သတိရလာပြီး သူ့အတိတ်ကို ပြန်လည်မှတ်မိလာလျှင် သူ့ကတိကျေပွန်ပြီ မဟုတ်ပါလား။ လုရင်က ကွမ်လိန်ကို တိုးတိုးပြောသည်။

"အစ်ကို ကျွန်မတို့က စီမင့်ရိုပိုင်ကို အကျိုးစိမ်းအဆိပ်ဆေးတိုက်ထားတဲ့ဥစ္စာ လမ်းမှာတင် အသက်ပျောက်သွားနိုင်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား"

လုရင်က ကွမ်လိန်ကိုပြောရင်း မုတ်ဆိတ်ရှည်အဘိုးကြီးကို စေ့စေ့စပ်စပ်အကဲခတ်လိုက်သည်။ လုရင်၏စကားကြောင့် ကွမ်လိန်မှာ အကြီးအကျယ်ထိတ်လန့်သွားပြန်၏။ မုတ်ဆိတ်ရှည်အဘိုးကြီးက ကုန်စွန်းဘယ်ခြေ၏လက်ကောက်ဝတ်ကို ကိုင်ထားရင်း လုရင်ကို လှမ်းပြောသည်။

"လက်စသတ်တော့ မိန်းကလေးက နာမည်ကျော် ဝါဆန်းချေ့ရှရဲ့တပည့်မကိုး၊ ခုလိုတွေ့ရတာ ဝမ်းသာပါတယ်ကွယ်၊ ဝါဆန်းချေ့ရှဆိုတာ သိုင်းလောကမှာ အကျော်အမော်တစ်ယောက်ပဲ"

အဘိုးကြီး၏မျက်နှာသည် ပြုံးချိုနေရာမှ ချက်ချင်းတည်သွားသည်။

"ဝါဆန်းချေ့ရှရဲ့ အဆိပ်ထိန်းဆေးဟာ နာမည်ကြီးဆေးပဲ၊ ဒါပေမဲ့ အဲဒီဆေးရဲ့အာနိသင်ဟာ အဆိပ်ကို ပျံ့ပွားခြင်းမရှိအောင် ထိန်းရုံထိန်းထားနိုင်တာပါကွယ်၊ စီမင့်ရိုပိုင်ဟာ အဆိပ်မိတာသက်သက်ဆိုရင် မိန်းကလေးပြောသလို သူ မသေနိုင်ပါဘူး၊ ဒါပေမဲ့ သူ့



ဝေဒနာက အဆိပ်မိဝေဒနာတစ်မျိုးတည်းမဟုတ်ဘူး၊ အတွင်းဒဏ်ရာပါ ကြီးကြီးမားမား ရနေခဲ့တာကွယ့် ..."

"ဒီတော့ မင်းတို့ကျွေးထားတဲ့ အဆိပ်ထိန်းဆေးဟာ မိထားတဲ့အဆိပ်ကိုသာ ထိန်းနိုင်တာ အတွင်းဒဏ်ရာကိုတော့ ဘယ်လိုမှ အကာအကွယ်မပေးနိုင်ဘူး၊ ခေါင်းမှာရထားတဲ့ဒဏ်ရာကလည်း အန္တရာယ်ဖြစ်လောက်တဲ့ ဒဏ်ရာကွယ့်"

မုတ်ဆိတ်ရှည်အဘိုးကြီးက လူနာအခြေအနေကို သေချာစွာ ရှင်းပြသည်။ လုရင်သည် အားတုံ့အားနာဖြစ်သွားပြီး ခေါင်းငုံ့သွားသည်။

"ဟုတ်ကဲ့ ... ကျွန်မခေါင်းထဲ ရှင်းသွားပါပြီ"

အဘိုးကြီးကပြုံးပြီး လုရင်ကိုစိုက်ကြည့်သည်။ လုရင်ခေါင်းပြန်မော့လာပြီး ...

"ဘဘရဲ့ဆေးပညာဟာ ထိပ်တန်းရောက်နေတဲ့ ဆေးပညာပါ၊ စီမင့်ရိုပိုင်အကြောင်းလည်း ဘဘကြားဖူးလိမ့်မယ် ထင်ပါတယ်၊ သူဟာ သိုင်းပညာသိပ်တော်တဲ့ တစ်ယောက်ပဲ၊ သူလိုလူမျိုးကို ဒီလိုဒဏ်ရာမျိုးရအောင် လုပ်နိုင်ခဲ့တာဟာ တော်တော်အံ့ဩစရာကောင်းပါတယ်၊ ဒီလိုဒဏ်ရာမျိုးဟာ ဘယ်လိုအဖွဲ့ရဲ့လက်ချက်ဖြစ်နိုင်ပါသလဲ ဘဘ"

အဘိုးကြီးက မုတ်ဆိတ်မွေးများကို ပွတ်သပ်ပြီး စဉ်းစဉ်းစားစားပြောသည်။

"လောလောဆယ်မှာတော့ ဘယ်အဖွဲ့ရဲ့လက်ချက်ဆိုတာ

ပြောလို့မရသေးဘူးကွယ်၊ သိထားရင်တောင် အခြေအနေက ပြောလို့မဖြစ်တဲ့အခြေအနေမျိုး မဟုတ်ဘူးကွယ့်၊ သိုင်းလောကမှာ ဖြစ်ပေါ်နေတဲ့ပြဿနာတွေကလည်း တော်တော်လေး ရှုပ်ထွေးနေဟဲ့ပြဿနာတွေ၊ ဒီတော့ ဘာဘာအနေနဲ့ တိကျခိုင်လုံတဲ့အထောက်အထားမရှိဘဲ ဘာမှမပြောချင်သေးဘူး။ လောလောဆယ်အရေးကြီးတာက လူနာတွေကို ကယ်တင်ဖို့ပါပဲကွယ်"

ထိုစဉ် ကျင်ဖိန်ဆိုသောလူ ဧည့်ခန်းထဲသို့ရောက်လာ၏။ လက်ထဲတွင် လက်ဖက်ရည်ကြမ်းပန်းကန်လုံးနှစ်လုံး ပါလာသည်။ စားပွဲပေါ်ကို ရိုရိုသေသေလှမ်းတင်သည်။ အငွေ့တထောင်းထောင်းထနေသော လက်ဖက်ရည်ကြမ်းသည် စိမ်းဖန့်ဖန့်အရောင်ရှိသည်။ အနံ့ကမွှေးကြိုင်သည်။ ကွမ်လိန်သည် လက်ဖက်ရည်ကြမ်းပန်းကန်လုံးများကို လှမ်းကြည့်ရင်း အငမ်းမရသောက်ချင်လာသည်။ သူတို့တစ်တွေ ပြေးရလွှားရ ပင်ပန်းခဲ့ကြသည်မဟုတ်ပါလော။ ဘာကိုမျှမစဉ်းစားနိုင်တော့။ လက်လှမ်းပြီး ပန်းကန်လုံးကိုယူရန် ဟန်ပြင်လိုက်သည်။

"ဟုတ်ပြီ"

လုရင်က တစ်စုံတစ်ခုကို သတိရလာဟန်နှင့် အာမေဍိတ်သံပြုပြီး စားပွဲခုံကို ဝုန်းခနဲထုလိုက်သည်။

ပန်းကန်နှစ်လုံး ရိုက်မိသွား ပြီး ခွပ်ခနဲမြည်ကာ စားပွဲခုံအောက် ပြုတ်ကျသွားသည်။

မမျှော်လင့်သောအဖြစ်ကြောင့် ကွမ်လိန် မျက်လုံးပြူးသွား



သည်။

ပန်းကန်လုံး နှစ်လုံးကွဲသွားပြီး လက်ဖက်ရည်ကြမ်းများမှောက်ကုန်သည်။ မုတ်ဆိတ်မွေးရှည် အဘိုးကြီးလည်း ကွက်ခနဲမျက်နှာပျက်သွားသည်။ လုရင်သည် အားနာသွားဟန်နှင့် အဘိုးကြီးကို လှမ်းကြည့်သည်။ အဘိုးကြီးက ဟန်မပျက်ပြုံးပြီး ...

"ကိစ္စမရှိပါဘူးကွယ်၊ မတော်တဆ ဖြစ်သွားတဲ့ဥစ္စာ၊ မိန်းကလေးက လူနာတွေအတွက် အတော်ကလေး စိတ်လှုပ်ရှားနေပုံရတယ်"

ဟု ပြောသည်။

လုရင်က မျက်လွှာချပြီး ငြိမ်နေလိုက်သည်။

အတန်ကြာမှ ပြန်၍ ပြတ်သွားသောစကားအစကို ပြန်ကောက်ပြီး ပြောသည်။

"ကျွန်မအထင်ပြောရရင် စီမင့်ရိုပိုင်ကို အတွင်းဒဏ်ရာရအောင်လုပ်နိုင်တဲ့လူဟာ အတော်လေးရှားပါတယ်၊ ဖြစ်နိုင်တာကနာမည်ကျော်သိုင်းသမားတွေထဲမှာ အနည်းအကျဉ်းလောက်ပဲရှိတယ်၊ ဒါကို ဆရာကြီးအနေနဲ့ ကောင်းကောင်းရိပ်မိလိမ့်မယ် ထင်ပါတယ်"

မုတ်ဆိတ်ရှည်အဘိုးကြီးသည် လုရင်၏စကားကို မနှစ်မြို့ဟန်နှင့် မျက်နှာလွှဲပြီး ကျင်ဖိန်ကိုလှည့်ပြောသည်။

"ကျင်ဖိန် လက်ဖက်ရည်ကြမ်း ယူခဲ့ပါဦး"

"နေပါစေ ဆရာကြီး၊ ကျွန်မတို့ မသောက်ချင်တော့ပါဘူး၊

ဆရာကြီးက လူနာတစ်ဖက်၊ ညှော်ဝတ်ပြုရတာက တစ်ဖက်နဲ့ အားနာစရာကြီး"

လုရင်က ပြောပြောဆိုဆို ပန်းကန်လုံးကွဲများကို ကောက်ယူလိုက်ပြီး အပြင်သို့ထသွားသည်။ ကွမ်လိန်က လုရင်၏အပြုအမူကိုကြည့်ပြီး မျက်မှောင်ကြုတ်သွားသည်။

မုတ်ဆိတ်ရှည်အဘိုးကြီးက ဘာစကားမှ ထပ်မပြောတော့ဘဲ ကုန်စွန်းဘယ်ခြေ၏ ဒဏ်ရာဒဏ်ချက်များကိုသာ စစ်ဆေးနေတော့သည်။

အနီးတွင်ရပ်နေသော ကျင်ဖိန်က လုရင်ကိုကြည့်ပြီး ကြောင်ငေးငေးလုပ်နေသည်။ လုရင်ကို မကျေမနပ်ဖြစ်နေသည်ထင်သည်။

လုရင်သည် ပန်းကန်လုံးကွဲများကို လွှင့်ပစ်ပြီးသည်နှင့် ကွမ်လိန်အနီးသို့ ပြန်ရောက်လာသည်။

ကွင်လိန်က စစ်မိန်ဂေဟာထဲမှ ပန်းကန်လုံးဆယ့်ခုနစ်လုံးကို ပြန်ပြီးမြင်ယောင်နေသည်။

အလောင်းဆယ့်ငါးလောင်း၊ ပန်းကန်လုံး ဆယ့်ခုနစ်လုံး၊ ပိုနေသောနှစ်လုံးသည် ...

တွေးရင်းတွေးရင်း ကွမ်လိန် ကြက်သီး ထလာသည်။

ထိုစဉ် မုတ်ဆိတ်ရှည်အဘိုးကြီးက လှမ်းပြော၏။

"ဒီဆရာကြီးရဲ့ဒဏ်ရာက သိပ်ပြီးမစိုးရိမ်ရပါဘူး၊ ဒေါသသိပ်ကြီးခဲ့လို့ နှလုံးကိုထိခိုက်သွားတာပါ၊ ခရီးပြင်းဒဏ်နဲ့ ရာသီဥတုဒဏ်ကြောင့် အခြေအနေဆိုးတယ်လို့ ထင်ရတာပါ၊ လိုအပ်တဲ့ဆေး



တွေ တိုက်ကျွေးပြီးရင် လေးငါးရက်လောက်နဲ့ ပြန်ကောင်းသွားမှာပါ၊ ဘာမှစိုးရိမ်မနေကြပါနဲ့"

ကွမ်လိန်သည် ကြားရသောစကားကြောင့် သောကကြီးတစ်လုံး ပြုတ်ကျသွားပြန်ပြီဟု ခံစားလိုက်မိ၏။ ထိုစဉ် မုတ်ဆိတ်ရှည်အဘိုးကြီးက ကျင်ဖိန်ကိုလှမ်းကြည့်ရင်း ပြောသည်။

"ကျင်ဖိန် ... လက်ဖက်ရည်မရသေးဘူးလား၊ နောက်ထပ် နှစ်ခွက်သွားယူစမ်းပါ၊ ဧည့်သည်တွေက ခရီးဝေးကြီးက ရောက်လာကြတဲ့ဥစ္စာ"

"ဟုတ်ကဲ့ ဆရာကြီး"

ကျင်ဖိန်သည် ရှိသေလေးစားဟန်နှင့် ခေါင်းငုံ့ပြီး အခန်းထဲ လှည့်ဝင်သွားသည်။ ကွမ်လိန်သည် ကျင်ဖိန်၏ကျောပြင်ကို ငေးကြည့်နေရာမှ စိတ်ထဲဇဝေဇဝါဖြစ်လာ၏။

သည်ကျောပြင်မျိုး သူ တွေ့ခဲ့ဖူးသည်။ မည်သူပါလိမ့်။

လုရင်ကလည်း ကျင်ဖိန်ကိုကြည့်ရင်း မျက်လုံးများ အရောင်တောက်လာ၏။ သူမ၏စိတ်ထဲ၌ ဤကျောပြင်မျိုးကို မြင်ဖူးသည်ဟု ထင်နေသည်။ ထို့ကြောင့် မျက်မှောင်ကြုတ်ပြီး စဉ်းစားနေလိုက်သည်။

မုတ်ဆိတ်ရှည်အဘိုးကြီးက အခန်းပေါက်နားတွင်ရှိသော ဗီရိုကလေးပေါ်မှ ဆေးသေတ္တာကို လှမ်းယူပြီး ဆေးပုလင်းလေးတစ်ပုလင်းကို ထုတ်ယူလိုက်၏။

ဆေးပုလင်းထဲ၌ အဖြူရောင်ဆေးမှုန့်များကို တွေ့ရသည်။

အဘိုးကြီးက ဆေးပုလင်းကိုကိုင်ထားရင်း ကွမ်လိနိကို လှမ်းပြော သည်။

"မင်းတို့နှစ်ယောက် တော်တော်သောကများနေပုံရတယ်၊ ငါ့ဆီကိုရောက်လာမှတော့ ဘာမှပူမနေကြစမ်းပါနဲ့၊ ဒီဆရာကြီးရဲ့ ရောဂါဟာ သေလောက်တဲ့ရောဂါဝေဒနာ မဟုတ်ပါဘူး၊ လိုအပ်တဲ့ ကုသမှုကိုလုပ်ပြီးရင် တစ်နာရီအတွင်း သက်သာလာမှာပါကွယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်"

ကွမ်လိနိက တည်တည်ငြိမ်ငြိမ်ပြောသည်။

စိတ်ထဲ၌ကား ကျင်ဖိန်ကို သံသယဝင်နေ၏။

သူ့ကျောပြင်ကို တစ်နေရာတွင် မြင်ဖူးခဲ့သည်ဟု ထင်နေသည်။ သူ့အသံကိုလည်း ကြားဖူးခဲ့သည်ဟု ထင်နေသည်။

ဘယ်မှာမြင်ဖူးပါလိမ့်၊ ဘယ်မှာကြားဖူးခဲ့ပါလိမ့်။

ထိုစဉ် ... လုရင်က ထိုင်ရာမှဖျတ်ခနဲထပြီး အခန်းပေါက်ဝ ကို ပျောက်သွားသည်။

ကုန်စွန်းဘယ်ခြေကို ဆေးတိုက်ရန်ပြင်နေသော မုတ်ဆိတ် ရှည်အဘိုးကြီးသည် မျက်မှောင်ကြုတ်သွားပြီး လုရင်ကို ဟန့်တား လိုက်၏။

"မိန်းကလေး ဘယ်သွားမလို့လဲ"

လုရင်သည် နောက်ပြန်ဆုတ်ရင်း နေရာတွင် ပြန်ထိုင်ချ လိုက်သည်။

"စိတ်မရှိပါနဲ့ ဆရာကြီး၊ ကျွန်မက စီမင့်ရိပိုင်ရဲ့အခြေအနေ



ကို သိပ်သိချင်နေလို့ အလောတကြီး ထမိတာပါ"

ထိုစဉ် အခန်းထဲမှ ကျင်ဖိန် ပြန်ထွက်လာသည်။ သူ၏လက် ထဲ၌ အငွေ့တထောင်းထောင်းထနေသော ပန်းကန်လုံးနှစ်လုံးပါလာ ၏။ အဘိုးကြီးက ...

"ကိစ္စမရှိပါဘူးကွယ်၊ လူနာအခြေအနေက သိပ်ဆိုးနေတော့ သူ့အနားမှာ ဆူဆူညံညံမဖြစ်စေချင်လို့ပါ၊ ဘာမှစိတ်မပူပါနဲ့၊ အေး ဆေးဆေးဆေးသာ ထိုင်နေပါ၊ အချိန်တန်တော့ ကြည့်ခွင့်ပေးပါ့မယ်"

အဘိုးကြီးက ညြှာသံပါပါပြောပြီး ကုန်စွန်းဘယ်ခြေအနီး သို့ တိုးကပ်သွားသည်။

ကျင်ဖိန်က လက်ဖက်ရည်ပန်းကန်လုံးအနီးကို စားပွဲပေါ်သို့ ရိုရိုသေသေ တင်ပေးလာ၏။

"သောက်ကြပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ကွမ်လိနိက ခေါင်းညိတ်ပြီးပြောသည်။

ကွမ်လိနိသည် ချက်ချင်းနောက်ပြန်ဆုတ်သွားသည်။

ကွမ်လိနိသည် စောစောကလို အငမ်းမရမဖြစ်တော့။

လုရင်၏အရိပ်အခြည်ကိုသာ အကဲခတ်နေလိုက်တော့၏။

လုရင်က လက်ဖက်ရည်ပန်းကန်လုံးနှစ်လုံးကို လုံးဝ မကြည့် ဘဲ မုတ်ဆိတ်ရှည်အဘိုးကြီး၏လှုပ်ရှားမှုကိုသာ အာရုံစိုက်နေတော့ သည်။

အဘိုးကြီးက ကုန်စွန်းဘယ်ခြေဖျံပါးစပ်ကိုဟပြီး ဆေးတိုက်ရန်ပြင်သည်။

ထိုစဉ် လုရင်က ကျင်ဖိန်ကို ဖျတ်ခနဲလှည့်ကြည့်ပြီး မေးသည်။

"မိတ်ဆွေ ... မိတ်ဆွေရဲ့လှုပ်ရှားမှုဟာ သိပ်ပြီးပေါ့ပါးသွက်လက်တာပဲ၊ မိတ်ဆွေ ဒီရက်တွေအတွင်းမှာ ဘယ်နေရာကို သွားလာခဲ့ဖူးပါသလဲ၊ မိတ်ဆွေကို ကျွန်မ မြင်ဖူးသလားလို့"

မုတ်ဆိတ်ရှည်အဘိုးကြီးသည် ဆေးပုလင်းကိုကိုင်ရင်း တန့်ခနဲဖြစ်သွား၏။

အသာငြိမ်ပြီး လုရင်၏စကားကို အာရုံစိုက်သည်။

ကွမ်လိန်၏ဦးနှောက်သည် တစ်မုဟုတ်ချင်း ကြည်ကြည်လင်လင် ဖြစ်လာ၏။

မျက်ဝန်းအိမ်ထဲ၌ ပီသသောရုပ်ပုံတစ်ခု ထင်ထင်ရှားရှားပေါ်လာသည်။ ထို့ကြောင့် တစ်ကိုယ်လုံး ဆတ်ခနဲတုန်သွား၏။

ကျင်ဖိန်က မပြုံးတုံ့ပြုံးတုံ့ လုပ်နေသည်။

မျက်လုံးက အရောင်ပိုတောက် လာ၏။

"ခုလိုချီးကျူးတဲ့အတွက် မိန်းကလေးကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို မြင်ဖူးသလိုလိုဂိုတယ်ဆိုတာတော့ မဖြစ်နိုင်ပါဘူး၊ လောကမှာ လူတူမရှားပါဘူး၊ ကျွန်တော်က ဆရာ့ဆီမှာ ဆေးပညာသင်ယူနေတဲ့လူပါ၊ ဒီတဲအိမ်ကလေးထဲက အပြင်မထွက်တာအတော်ကြာနေပါပြီ၊ တိတိကျကျပြောရရင် ဒီနှစ်ထဲမှာ ခင်ဗျားတို့ကို



လာကြိုဟုန်းပဲ အပြင်ထွက်ခဲ့ဖူးပါတယ်"

ကျင်ဖိန်သည် လုရင်ကိုပြောရင်း မုတ်ဆိတ်ရှည်အဘိုးကြီးအနီးသို့ တိုးကပ်သွား၏။

နားနားကပ်ပြီး တိုးတိုးပြောသည်။

"မသောက်ကြဘူး ဘယ်လိုလုပ်ကြမလဲ"

တိုးညင်းသောအသံသည် လုရင်နားထဲသို့ ပီပီသသဝင်လာသည်။ ကွမ်လိန်ကော လုရင်ပါ ထိတ်ခနဲဖြစ်သွားသည်။

လက်ဖက်ရည်ပန်းကန်နှစ်လုံး။

မြင်ဖူးသော ကျောပြင်။ လူနှစ်ယောက်။

စစ်မိန်ဂေဟာ။

အဆက်အစပ်မိသွားသောအခါ အဖြေထွက်လာသည်။

လုရင် ခပ်တိုးတိုးရေရွတ်မိလိုက်၏။

"ဝတ်ရုံနီမိန်းမ"

ကျင်ဖိန် ဆတ်ခနဲဖြစ်သွားသည်။

မုတ်ဆိတ်ရှည်အဘိုးကြီး၏ မျက်လုံးအရောင် ဖျတ်ခနဲတောက်သွား၏။ လုရင်က ကျင်ဖိန်ကို လက်ညှိုးထိုးပြီး မိုက်မိုက်ကန်းကန်း ပြောသည်။

"ဟုတ်တယ်၊ ရှင် ... ရှင်ဟာ ဝတ်ရုံနီမိန်းမ"

လက်ညှိုးက အဘိုးကြီး၏ကိုယ်ပေါ် ထပ်ရောက်သွား၏။

"ရှင်က စစ်မိန်ဂေဟာရဲ့ အရှင်သခင် ဝတ်ရုံနီ"

ကွမ်လိန်က ကမ္ဘာကြီးချာချာလည်သွားသလို အောက်မေ့

မိလိုက်သည်။ သူကိုယ်တိုင် မြုပ်နှံခဲ့သော ဝတ်ရုံနီလင်မယားသည် မည်သည့်နည်းနှင့် အသက်ရှင်လာလေသနည်း။

လုရင်၏မျက်စိ အမြင်မှားနေပြီလော။

ကွမ်လိန်သည် တအံ့တသြနှင့် မုတ်ဆိတ်ရှည် အဘိုးကြီးကို တစ်လှည့် ကျင်ဖိန်ကိုတစ်လှည့် ကြည့်နေမိတော့သည်။

ထိုအချိန်မှာပင် မုတ်ဆိတ်ရှည်အဘိုးကြီး၏ ကြောက်စရာကောင်း သော ရယ်မောသံကြီးပေါ်လာတော့သည်။

"ဟား ... ဟား ... ဟား"

ကွမ်လိန်က အဘိုးကြီးကိုကြည့်ပြီး ထိတ်လန့်တုန်လှုပ်သွားသည်။ အဘိုးကြီးက လုရင်ကိုစိုက်ကြည့်ပြီး ကျယ်ကျယ်လောင်လောင်ပြောသည်။

"ဟား ... ဟား ဝါဆန်းခွေရှအဖွဲ့ဟာ တကယ်တော်တဲ့အဖွဲ့ပဲ၊ ချီးကျူးပါတယ် ... ချီးကျူးပါတယ်"

အဘိုးကြီးက စကားပြောရင်း မျက်နှာကို ပွတ်သက်လိုက်သည်။ ထို့နောက် အရေပြားတစ်ခုကို ခွာချလိုက်သည်။ ကွမ်လိန်ပါးစပ်အဟောင်းသားဖြစ်သွား၏။

အိုမင်းရင့်ရော်သော အဘိုးကြီးသည် တောင့်တင်းကြံ့ခိုင်သော လူလတ်ပိုင်းအရွယ်သို့ ပြောင်းလဲသွားသည်။

ထိုလူက ပြုံးပြီး မထိတ်ရှိပြောသည်။

"မင်းဟာ တော်တော်အကင်းပါးတဲ့ မိန်းကလေးပဲ၊ ဒါပေမဲ့ မင်း ခုလိုမြင်တွေ့ခဲ့ရတဲ့ အကြောင်းကိစ္စကို နောင်တမလွန်ကျမှ



တခြားလူတွေကို ပြောပြနိုင်ပါလိမ့်မယ် ... ဟား ... ဟား ... ဟား"

ထိုစဉ် ကျင်ဖိန်က သူ့ကိုယ်ကို ချာခနဲလှည့်လိုက်သည်။

ရုပ်သွင်သည် ယောကျ်ားရုပ်မဟုတ်တော့ဘဲ လှပသော မိန်းမရုပ်ပြန်ဖြစ်လာသည်။ သူမက အလှဆုံးအပြုံးကို ပြုံးရင်း လုရင်အနီးသို့ ချဉ်းကပ်လာသည်။

"ညီမလေးဟာ သိုင်းပညာသာမကဘူး လက်ခံတော်ပညာပါ အတော်ကျွမ်းကျင်တဲ့ မိန်းကလေးပဲ၊ ရုပ်ကလည်း ချောတယ်၊ အသံကလည်း သာတယ်၊ သတ္တိလည်းကောင်းတယ်၊ ဒီလိုမိန်းကလေးမျိုးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေသင့်ဘူး၊ ဒါပေမဲ့ ..."

အမျိုးသမီးက စကားကိုရပ်ပြီး လုရင်ကို ပြုံးပြသည်။

သူမ၏အပြုံးသည် သေမင်းတမန်အပြုံးပင်ဖြစ်၏။

ကွမ်လိန်သည် အရာကိစ္စများကို ကွဲကွဲပြားပြား သိမြင်လာသည်။ မျက်စိရှေ့တွင်တွေ့နေရသော ယောကျ်ားနှင့်မိန်းမသည် စစ်မိန်ဂေဟာထဲတွင် တွေ့မြင်ခဲ့ရသော ဝတ်ရုံနီလင်မယားပင် ဖြစ်သည်။

ကွဲပြားမှု၊ ခြားနားမှု လုံးဝမရှိ။ သူတို့နှစ်ယောက်သည် မည်သည့်နည်းနှင့် အသက်ပြန်ရှင်လာကြလေသနည်း။

ကွမ်လိန် မစဉ်းစားတတ်တော့။ စဉ်းစားမိသည်ကား ...

ဘုရားကျောင်းပျက်ထဲသို့ ရုတ်တရက်ရောက်ရှိလာသော မျက်နှာဖုံးစွပ်နှစ်ယောက်သည် ဝတ်ရုံနီလင်မယား ဖြစ်ရမည်ဆိုခြင်းသာတည်း။

## အခန်း (၂၅)

### ဝတ်ရုံတို့၏ဇာတ်သိမ်း

ဝတ်ရုံနီသခင်က လေသံအေးအေးနှင့်ပြောသည်။

"ဒီတစ်ခါတော့ မင်းတို့နှစ်ယောက်လုံး သေရမှာ သေချာသွားပြီ၊ ဒီတော့ ..."

ဝတ်ရုံနီသခင်က ရှေ့သို့တစ်လှမ်းတိုးလာသည်။ ကွမ်လိန်သည် ထိတ်ခနဲဖြစ်သွားပြီး နောက်ကို နှစ်လှမ်းဆုတ်လိုက်သည်။ ပတ်ရုံနီသခင်မက သူမ၏ခင်ပွန်းကို လှမ်းတားလိုက်၏။

"ခဏနေဦး"

ဝတ်ရုံနီသခင် ရပ်သွားပြီး သူ၏ဇနီးသည်ကို လှမ်းကြည့်လိုက်သည်။ ဝတ်ရုံနီသခင်မက နှုတ်ခမ်းကိုတွန့်ပြီး မခံချင်အောင်ပြောသည်။

"ညီမလေး မသေခင် ပြောစရာရှိသေးလား၊ မှာစရာရှိသေးသလား"

လုရင်က မျက်နှာကို မဲ့ပစ်လိုက်သည်။

"အစ်မကြီးရဲ့သိုင်းပညာဟာ ကျွန်မထက် အများကြီးမြင့်ပါတယ်၊ ဒီတော့ ... ကျွန်မ ... ကျွန် ..."

"ညီမလေးကို ကြည့်ရတာ သိပ်ကြောက်နေပုံရတယ်၊



မကြောက်ပါနဲ့ ...မကြောက်ပါနဲ့၊ လူဆိုတာ တစ်သက်မှာ ဘစ်ခါပဲ သေရတာပါ၊ ဟင်း ... ဟင်း ...ကဲ ...နောက်ဆုံးအခွင့်အရေးပေးတဲ့အနေနဲ့ ပြောစရာရှိတာကို မြန်မြန်ပြောပါ၊ မှာစရာရှိတာကို မြန်မြန်မှာပါ"

လုရင်က ဘာမှပြန်မပြော။ ကွမ်လိန်ကိုသာ လှမ်းကြည့်နေလိုက်သည်။

"လုရင်"

ကွမ်လိန်က ခေါ်သည်။

"အစ်ကို"

လုရင်က ကြေကွဲသံနှင့်ထူးသည်။ ကွမ်လိန် အံကြိတ်လိုက်သည်။ ချစ်သူကို မသေစေချင်သေး။ မိမိကိုယ်တိုင်လည်း မသေချင်သေး။ ကွမ်လိန် မအောင့်နိုင်တော့ပါ။ လုရင်အနားသို့တိုးသွားသည်။

"ရပ်စမ်း"

ဝတ်ရုံနီသခင်က ဟန့်တားသည်။ ကွမ်လိန် တုံ့ခနဲဖြစ်သွားသည်။

"ပြောစရာရှိရင် ဒီအတိုင်းပြော ရှေ့မတိုးနဲ့၊ ဝတ်ရုံနီလင်မယားကို အကွက်လှည့်မယ် မကြံနဲ့၊ တစ်ချက်တည်းနဲ့ အသက်ထွက်သွားမယ်"

ဝတ်ရုံနီသခင်က ခြိမ်းခြောက်သည်။ ကွပ်လိန်၏မျက်နှာမည်းခနဲဖြစ်သွားသည်။

"ကျုပ်ပြောချင်တာက လုရင်ကို မဟုတ်ဘူး၊ ခင်ဗျားကို"

"ဘာပြောမလဲ ... ပြော"

"စစ်မိန်ဂေဟာက ပြဿနာ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ၊ ကျုပ်ထင်တာက လှို့ဝှက်ကြေးပြားတွဲကြောင့်လို့ ထင်တယ် ... အဲဒါ ဟုတ်လား"

"ငါ့ကို လှာရှည်ပြီး မေးမနေနဲ့ ပြောစရာရှိတာ ဆက်ပြော"

"ခင်ဗျား လှို့ဝှက်ကြေးပြားတွဲကို မလိုချင်ဖူးလား၊ အဲဒီ ကြေးပြားတွဲအကြောင်းကို မသိချင်ဘူးလား"

ဝတ်ရုံနီသခင် တအံ့တသြဖြစ်သွားသည်။ ကွမ်လိန်ကိုစိုက်ကြည့်ပြီး ငြိမ်သွားသည်။ ဝတ်ရုံနီသခင်မ၏မျက်နှာပေါ်မှ အပြုံးများပင် ရုတ်ခြည်းပျောက်ကွယ်သွားသည်။ လုရင်က အခြေအနေကို မျက်ခြည်မပြတ် အကဲခတ်သည်။ ကွမ်လိန် အတွေးဝင်လာသည်။

"လှို့ဝှက်ကြေးပြားဟာ တယ်ပြီး တန်ခိုးကြီးပါလား၊ ငါတို့ကိုသတ်ဖို့ တကဲကဲဖြစ်နေတဲ့လင်မယားဟာ ချက်ချင်းငြိမ်သွားပါလား"

ဝတ်ရုံနီသခင်က ကွမ်လိန်ကို စိုက်ကြည့်ပြီးပြောသည်။

"မင်းက သေခါနီးတာတောင် ပရိယာယ်ဆင်ချင်သေးတာကိုး"

အသံဆုံးသည်နှင့် ဝတ်ရုံနီသခင့်လက်ဝါးက ဝှစ်ခနဲမြောက်တက်သွား၏။ ထို့နောက် ကွမ်လိန်၏မျက်နှာပေါ်ကျလာသည်။

ကွမ်လိန်သည် အံကိုကြိတ်လိုက်ပြီး ဘယ်လက်ဖ ကို ပင့်တင်လိုက်သည်။ ညာလက်ဝါးက ဝတ်ရုံနီသခင်၏ညာလက်ကို ဖြတ်ခုတ်လိုက်သည်။ ဤတိုက်ကွက်သည် ကြေးပြားထဲမှ အရိုးဆုံးအရှင်းဆုံး သိုင်းကွက်တစ်ကွက်ဖြစ်သည်။ ဝတ်ရုံနီသခင်သည် ထိတ်ခနဲဖြစ်သွားပြီး နောက်ပြန်ဆုတ်လိုက်သည်။



ထိုစဉ် လုရင်က အင်္ကျီလက်အိုးထဲမှ ဓားကို ဖျတ်ခနဲထုတ်လိုက်၏။ ထို့နောက် လျှပ်ပြက်သလိုလွှပ်ရှားပြီး ဝတ်ရုံနီသခင်မကို တရကြမ်းဝင်တိုက်လိုက်တော့သည်။ ဝတ်ရုံနီသခင်မက ဝှစ်ခနဲဝင်လာသော ဓားကို ဖျတ်ခနဲတိမ်းပေးလိုက်ပြီး ဟက်ခနဲ ရယ်လိုက်၏။

"ညီမလေးက အသက်ချင်း လဲတော့မှာကိုး"

လုရင် စကားမပြောတော့။ ဓားကိုသာ ဝှစ်ခနဲ ဝှစ်ခနဲ လွှပ်ရှားနေတော့သည်။ ဝတ်ရုံနီသခင်မက ဝင်လာသမျှဓားချက်များကို လှစ်ခနဲ လှစ်ခနဲ ရှောင်တိမ်းပေးပြီး လုရင်၏ပခုံးသွေးကြောကို ဖြတ်ခနဲ လှမ်းပိတ်လိုက်၏။

လုရင်က ကိုယ်လုံးကို အသာအယာတိမ်းပေးလိုက်ပြီး ဝတ်ရုံနီသခင်မ၏လက်ကောက်ဝတ်ကို ဝှစ်ခနဲ ဖြတ်ချလိုက်သည်။ တစ်ပြိုင်နက်တည်း ကွမ်လိန်ကို လှမ်းကြည့်လိုက်သည်။

ကွမ် လိန်သည် ဝတ်ရုံနီ ခင်မကို နောက်ဆုတ်သွားအောင် လုပ်နေနိုင်၏။ ထိုစဉ် ဝတ်ရုံနီသခင်မက လှစ်ခနဲဝင်လာသဖြင့် ဖျတ်ခနဲ လှည့်လိုက်ပြီးဓားချက်သုံးချက်ကို လျှပ်ပြက်သလိုလွှပ်ရှားလိုက်၏။

'ဝှစ် ... ဝှစ် ... ဝှစ်'

မထိ။ ဝတ်ရုံနီသခင်မက လှလှပပ ရှောင်ထွက်သွားပြီး တိုက်စစ်ပြန်ဆင်လာသည်။ ကွမ်လိန်သည် ဝတ်ရုံနီသခင်မ၏ တိုက်ကွက်များကို နောက်ဆုတ်ရှောင်နေရင်းက ကျောင်းအိုပျက်ထဲတွင်

သုံးခဲ့သော သိုင်းကွက်သုံးကွက်ကိုသာ အပြန်ပြန်အလှန်လှန် ပြန်သုံးနေရ၏။ ကွမ်လိန်မှာ စိတ်ထဲ၌ ကြေးပြားတွဲထဲမှ သိုင်းကျမ်းတစ်ခုလုံးကို အလွတ်ရနေသော်လည်း လက်တွေ့တွင်မူ နှုတ်တိုက်ရသလို အသုံးမချနိုင်ဘဲ ဖြစ်နေသည်။

ဝတ်ရုံနီသခင်မက ကွမ်လိန်၏အခြေအနေကို ကောင်းကောင်းသိသဖြင့် တဟားဟားရယ်ပြီး ပြော၏။

"ဟား ... ဟား ... ဟား...မင်းပညာက ဒါအကုန်ပဲ မဟုတ်လားကွ ... ဟား ... ဟား"

ဝတ်ရုံနီသခင်သည် ကွမ်လိန်ကို ဟားတိုက်ရယ်ရင်း တိုက်ကွက်သစ်များကို ထုတ်သုံးလာသည်။ ကွမ်လိန် မတတ်နိုင်တော့၊ နောက်သို့သာ တဆုတ်တည်း ဆုတ်နေရတော့၏။ လုရင်သည် ကွမ်လိန်၏အခြေအနေကို တွေ့မြင်နေရသဖြင့် ပူပန်ကြောင့်ကြလာသည်။ သို့သော် ဝတ်ရုံနီသခင်မက တရကြမ်းတိုက်ခိုက်လာသဖြင့် အံကြိတ်ပြီး တုံ့ပြန်နေရတော့၏။

ဝတ်ရုံနီသခင်သည် ကွမ်လိန်ကို ပြုံးကြည့်ရင်း လှစ်ခနဲ ရိုက်လိုက်ပြန်သည်။ ခြေတစ်ဖက်တည်းနှင့် ချာရပတ်လှည့်ပစ်လိုက်သည်။ ကိုယ်ခန္ဓာသည် လက်ဝါးချက်အောက်မှ လှစ်ခနဲ ရွေ့သွား၏။

ဝတ်ရုံနီသခင် မျက်လုံးပြူးသွား၏။ ဘယ်လို ရှောင်ထွက်ပါလိမ့်ဟု တွေးနေသည်။ ကွမ်လိန် မျက်မှောင်ကြုတ်ပြီး ငြိမ်သက်နေပြန်၏။ ကြေးပြားတွဲထဲမှ သိုင်းကွက်တစ်ကွက်ကို စဉ်းစားနေခြင်းဖြစ်သည်။ ဝတ်ရုံနီသခင်ကိုတိုက်စစ်ဆင်ရန် အကောင်းဆုံး သိုင်းကွက်



သည် မည်သည့်သိုင်းကွက် ဖြစ်မည်နည်း။

လုရင်က ငြိမ်သက်နေသော ကွမ်လိန်ကို လှမ်းကြည့်ပြီး အံ့သြနေ၏။

"အစ်ကို ဘာလုပ်နေတာလဲ"

လုရင်က ပြောပြောဆိုဆို ဓားကိုဝှေ့ယမ်းပြီး ကွမ်လိန်အနီးသို့ တိုးလာသည်။ ဝတ်ရုံနီသခင်မက လုရင်ရှေ့သို့ရောက်လာပြီး ဟက်ခနဲရယ်လိုက်၏။

"ညီမလေးက တယ်ပြီး ဉာဏ်များချင်တာကိုး၊ ပြောစရာရှိရင် ဒီနေရာကပဲ ပြောပါ"

ဝတ်ရုံနီသခင်မက စကားပြောရင်း လက်ညှိုးတိုက်ကွက်နှင့် လုရင်ဗိုက်ကို လှည့်ထိုးလိုက်၏။

လုရင် စောဒကမတက်နိုင်။ နောက်ပြန်ဆုတ်သွားရင်း ...

"ခဏလောက် ရပ်ကြပါဦး"

ကွမ်လိန်က လှမ်းအော်သည်။ ဝတ်ရုံနီသခင်မက တိုက်ကွက်ကိုပြောင်းပြီး ကွမ်လိ[illegible]ကိုလှ[illegible]ကြည့်၏။

"ငါ့မောင်က ဘာတွေပြောချင်လို့လဲ"

ဝတ်ရုံနီသခင်မက မေးသည်။ ကွမ်လိန်က ဝတ်ရုံနီသခင်မကို ဂရုမစိုက်။ ဝတ်ရုံနီသခင်ကိုသာ ဂရုစိုက်သည်။

"ခင်ဗျားကို ကျွန်တော် စကားနည်းနည်းပြောချင်တယ်၊ ခုနက တိုက်ကွက်ကို ခင်ဗျား ဘယ်လိုမှ မချေဖျက်နိုင်ဘူးမဟုတ်လား၊ အဲဒီသိုင်းကွက်ကို ဘယ်အဖွဲ့ရဲ့ သိုင်းကွက်လို့ ခင်ဗျား ထင်သလဲ"

ဝတ်ရုံနီသခင်က သက်ပြင်းချပြီး ပြောသည်။

"မင်းသုံးနေတဲ့ သိုင်းကွက်သုံးကွက်ကို ငါတစ်ခါမှ မတွေ့ဖူးဘူး။ ဒါပေမဲ့ ထူးခြားမှုမရှိပါဘူး၊ ဘာလဲ ... မင်း သိုင်းကွက်ကို ကြွားချင်နေသလား"

ကွမ်လိန်က ရယ်ပြီးပြောသည်။

"လှိုဝှက်ကြေးပြားတွဲထဲက သိုင်းကွက်တွေကို ခင်ဗျားအိပ်မက် မမက်ဘူးလား၊ ကြေးပြားတွဲထဲက သိုင်းပညာတွေဟာ တန်ဖိုးရှိသလား၊ မရှိဘူးလား၊ တဆိတ်လောက်အဖြေပေးစမ်းပါ"

ဝတ်ရုံနီသခင်က သူ့မိန်းမကို လှမ်းကြည့်သည်။ တစ်ယောက်နှင့်တစ်ယောက် မျက်ရိပ်ပြပြီး ခေါင်းညိတ်လိုက်ကြသည်။

ကွမ်လိန်က သူတို့နှစ်ယောက်၏အပြုအမူကို ဂရုမစိုက်ဘဲ ဆက်ပြောသည်။

"ကျွန်တော်တတ်ထားတဲ့သိုင်းကွက်က အဲဒီလှိုဝှက်ကြေးပြားတွဲထဲက သိုင်းကွက်တွေပဲ၊ ကျွန်တော်သိထားတဲ့ သိုင်းကွက်လေးလေးငါးကွက်ကိုသာ အသုံးပြုနေတာပါ၊ ဒီသိုင်းကွက်တွေရဲ့တန်ဖိုးကို ခင်ဗျားတို့က ကျွန်တော့်ထက် ပိုပြီးသိကြမှာပါ၊ ကျွန်တော့်အနေနဲ့ ဒီသိုင်းပညာတွေကို မက်မက်မောမောမရှိပါဘူး၊ ဒါပေမဲ့ ..."

"မင်းဟာ တော်တော်စကားကြောရှည်တဲ့ကောင်ပဲ"

ဝတ်ရုံနီသခင်က ဒေါသသံနှင့်ပြောသည်။ ကွမ်လိန်က မသိဟန်ဆောင်ပြီး ဆက်ပြောသည်။

"လုရင်က ခင်ဗျားတို့ရဲ့ ဟန်ဆောင်မျက်နှာဖုံးကို ခွာချလိုက်တော့၊ ကျွန်တော်လည်း စစ်မိန်ဂေဟာက ပြဿနာကို သွားပြီးသတိရလာတယ်၊ အဲဒီကိစ္စထဲမှာ မရှင်းမလင်းဖြစ်နေတဲ့အချက်တစ်ခုရှိတယ်၊ ဒီတော့ လှိုဝှက်ကြေးပြားတွဲနဲ့ ကျွန်တော် သိချင်တာကို အပေးအယူလုပ်ကြရအောင်လား"

"ဟား ... ဟား ... မင်းက တို့ကို လွယ်လွယ်နဲ့လိမ်လို့ရမယ်ထင်နေသလား၊ ကြေးပြားတွဲထဲကသိုင်းကွက်ကို မင်းတကယ်သာ သိထားရင် ဘာဖြစ်လို့ အကုန်ထုတ်မသုံးသလဲ၊ ထုတ်သုံးလေ"

ဝတ်ရုံနီသခင်က စကားကိုပြောပြီး ရှေ့သို့တိုးလာ၏။ လုရင်က ကွမ်လိန်ကိုစိုးရိမ်လာသဖြင့် လှစ်ခနဲတိုး၍ကပ်လာသည်။ သို့သော် ဝတ်ရုံနီသခင်မက လုရင်ကို ကွမ်လိန်အနီးသို့ အကပ်မခံ။

သူမ ရှေ့မှ ရိပ်ခနဲတားဆီးလိုက်သည်။

"ညီမလေး ရပ်မြဲရပ်နေမှာသာ ရပ်နေပါ၊ နင့်လူရဲ့စကားက မကုန်သေးဘူး"

ကွမ်လိန် ချောင်းတစ်ချက်ဟန့်လိုက်ပြီး ဆက်ပြောသည်။

"ဒီကြေးပြားတွဲပေါင်း အားလုံးကိုးခုရှိတယ်၊ ကျွန်တော်ရထားတာက ကိုးခုထဲက တစ်ခုပါ၊ ကျန်တဲ့ရှစ်ခုကိုတော့ ခင်ဗျားတို့ ဘာသာစဉ်းစားကြည့်ပေါ့"

ဝတ်ရုံနီလင်မယားသည် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ပြီး ငြိမ်ကျသွား၏။ ကွမ်လိန်ပြောသောစကားသည် အလွန်စဉ်းစားစရာကောင်းနေသည်။ ဖြစ်နိုင်ကြောင်း သူတို့သိကြ၏။ နှစ်ယောက်စလုံး အတွေးရေယာဉ်ကြောတွင် နစ်မျောနေကြတော့

သည်။ ထိုအချိန်၌ ... ချင်ဆန်လျှံသည် နောက်ကြောင်းကို ပြန်လှည့်ပြီး လမ်းသွယ်လေးတစ်ခုထဲသို့ရောက်လာခဲ့သည်။

နှင်းမြေပေါ်မှ မြင်းခွာရာနှင့် လှည်းဘီးများကိုကြည့်ပြီး တောင်ကုန်းငယ်လေးများကို ဖြတ်ကျော်လာခဲ့မိသည်။ အတွေ့အကြုံရင့်ကျက်နေပြီဖြစ်သော ချင်ဆန်လျှံသည် မြင်းရထားတစ်စီးအပြင် မြင်းတစ်စီးအပိုပါနေသည်ကိုသိသဖြင့် စိုးရိမ်စိတ်များ ပိုကြီးလာသည်။ ကွမ်လိန်နှင့်လုရင်တို့သည် မည်သူ၏ထောင်ချောက်အတွင်းသို့ သက်ဆင်းနေမိပြီနည်း။ မသင်္ကာစရာကောင်းသော အချက်အလက်များကို တွေ့မြင်ပြီးဖြစ်သဖြင့် စိုးရိမ်စိတ်များကြီးမားလာပြီး မြင်းရထားကို တရကြမ်းမောင်းနေမိတော့သည်။

သူ၏မြင်းရထားသည် တဖြည်းဖြည်းနှင့် ဘာစ်တောအုပ်ကလေးအတွင်းသို့ ရောက်လာတော့သည်။ လုရင်သည် ဝတ်ရုံနီလင်မယားကို အကဲခတ်နေရင်း မြင်းခွာသံများကို ကြားလိုက်ရသောကြောင့် ခေါင်းထောင်လာမိသည်။

ပျောက်ကွယ်နေသော မျှော်လင့်ချက်သည် မမျှော်လင့်ဘဲ ပေါ်ပေါက်လာပြီလော။ ကွမ်လိန်ပင်လျှင် လှုပ်ရှားနေသောစိတ်ကို ထိန်းချုပ်လိုက်ပြီး မြင်းခွာသံများကို အာရုံပြုလိုက်သည်။

အကင်းပါးသော ဝတ်ရုံနီလင်မယားသည် အခြေအနေကို ရိပ်စားမိသည်။ ထို့ကြောင့် ပြဿနာကို အမြန်ဆုံးရှင်းရန် ဆုံးဖြတ်လိုက်ကြသည်။

"ဟေ့ကောင် ... မင်း အပင်ပန်းခံပြီး စကားများမနေနဲ့



မင်းသေတဲ့နောက် လျှို့ဝှက်ကြေးပြားတွဲဟာ ငါတို့လက်ထဲရောက်လာမှာ၊ ဒီတော့ ..."

ဝတ်ရုံနီသခင်သည် စကားကိုဖြတ်ပြီး ကွမ်လိန်အနီးသို့ သွားခနဲ ခုန်ဝင်လာသည်။ ၎င်းနောက် ကွမ်လိန်ကို ရိုက်ချလိုက်သည်။

ကွမ်လိန်သည် ထိတ်ခနဲဖြစ်သွားပြီး နောက်သို့ခုန်ဆုတ်လိုက်သည်။ ဝတ်ရုံနီလင်မယားက သူ့ကိုကြည့်ပြီး တဟင်းဟင်း ရယ်လိုက်သည်။ သို့သော် သူ့အနီးသို့ အရမ်းဝင်မပူးရဲသေး၊ အရမ်းဝင်မတိုက်ရဲသေး။ ကွမ်လိန် ဖျတ်ခနဲခုန်ပြီး ဝှစ်ခနဲမြည်အောင် ရိုက်လာသောအခါ၌ လှစ်ခနဲ ရိပ်ခနဲရှောင်ထွက်သွားကြပြီး ကွမ်လိန်၏နောက်ကျောကို ရောက်သွားကြသည်။ ထို့နောက် ကွမ်လိန်၏ကျောပြင်ကို ဝှစ်ခနဲရိုက်ချလိုက်ကြသည်။ ကွမ်လိန် မခေပါ၊ ကိုယ်ကို လျှပ်ပြက်သလိုလှည့်ပစ်လိုက်ပြီး ဝတ်ရုံနီသခင်၏ လက်ကောက်ဝတ်ကို ဖျတ်ခနဲလှမ်းကုတ်လိုက်သည်။ ကျန်တစ်ဖက်က လက်ချောင်းငယ်တိုက်ကွက်ဖြင့် မျက်လုံးကို ဆတ်ခနဲထိုးကော်လိုက်သည်။

ဝတ်ရုံနီသခင်မှာ ထိတ်ခနဲဖြစ်သွားပြီး နောက်သို့ ခုန်ဆုတ်လိုက်မိသည်။ ကံကောင်းပေို့ နည်းနည်းလေးသာ နောက်ကျသွားပါက မျက်လုံးပေါက်သွားမည်မှာသေချာ၏။ ကွမ်လိန်က ဝတ်ရုံနီ ခုန်ဆုတ်သွားစဉ်မှာပင် တံခါးပေါက်ရှိရာသို့ လှစ်ခနဲ ပြေးကပ်လိုက်သည်။

"လျှို့ဝှက်ကြေးပြားတွဲကိုလိုချင်ရင် ကျုပ်နောက်လိုက်ခဲ့"

သို့သော် ကွမ်လိန် အပြင်သို့မထွက်လိုက်ရချေ။ ဝတ်ရုံနီသခင်မက ထွက်ပေါက်ကို လှစ်ခနဲ ပိတ်ပစ်လိုက်သည်။ သူမက ပြုံး

မပျက်ပြောသည်။

"ငါ့မောင်က ဟိုကညီမလေးကို ပစ်ထားပြီး ထွက်ပြေးတော့မှာလား။ ငါ့မောင့်ရဲ့အကြံကို မမ သဘောမတူပါဘူးကွယ်၊ ဟင်း ... ဟင်း"

ပြောပုံက မထီတရီ၊ ပမာမခန့်၊ ကွမ်လိန်ကို ကြောင်ရှေ့ရောက်နေသည့်ကြွက်လို သဘောထားနေပုံရသည်။ ကွမ်လိန်နောက်သို့ ခုန်ဆုတ်လိုက်စဉ်မှာပင် ဝတ်ရုံနီသခင်မက လက်ဝါးတိုက်ကွက်များကို ထုတ်သုံးလာ၏။

သူမ၏လက်ဝါးချက်များသည် မြားမိုးရွာသကဲ့သို့ တရစပ်ကျရောက်လာသည်။ ကွမ်လိန် တောင့်မခံနိုင်တော့။ ဘယ်တိမ်း ညာယိမ်းနှင့် နောက်သို့ တဆုတ်တည်း ဆုတ်နေရတော့၏။

လုရင်နှင့်ဝတ်ရုံနီသခင် ပြန်တွေ့ကြပြန်ပြီ။ ဝတ်ရုံနီသခင်သည် သိုင်းပညာအဆင့်မြင့်မားသည် မှန်သော်လည်း ဝါဆန်းခွေရှု၏ဓားသိုင်းကွက်များကို ကျွမ်းကျင်ခြင်းမရှိသဖြင့် တိုက်စစ်မဆင်နိုင်သေးဘဲ ခုခံကွက်များကို ထုတ်သုံးနေရတော့၏။

ကွမ်လိန်သည် ဝတ်ရုံနီသခင်မ၏ တိုက်ကွက်များကို မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ရှောင်တိမ်းနေရသည်။ ဝတ်ရုံနီသခင်မ၏ တိုက်ကွက်များသည် မြားမိုးရွာသလို ကျရောက်လာသောကြောင့် လျှို့ဝှက်ကြေးပြားတွဲထဲမှ တိုက်ကွက်သစ်များကို မစဉ်းစားနိုင်ဘဲ ဖြစ်နေ၏။

ဝတ်ရုံနီသခင်နှင့်တိုက်ခိုက်ခဲ့စဉ်က ထူးခြားသောတိုက်ကွက်



များကို ထုတ်သုံးနိုင်ခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်လာခဲ့ရသော်လည်း ဝတ်ရုံနီသခင်နှင့် တွေ့ကြုံရသောအခါ ထိုတိုက်ကွက်များကို မည်သို့ထုတ်ယူရမှန်းမသိအောင် ရှုပ်ထွေးနေတော့သည်။

ကွမ်လိန်သည် သူ၏မျက်နှာပေါ်ဝဲလာသော ဘယ်လက်ဝါးကို ညာလက်ဝါးနှင့် တွန်းတင်လိုက်ပြီး ပခုံးပေါ်ကျရောက်လာသည့် ညာလက်ဝါးကို ဘယ်လက်နှင့် ဆတ်ခနဲ ပြန်တွန်းပစ်လိုက်၏။

သို့သော် ဝတ်ရုံနီသခင်၏ အတွင်းအားအရှိန်ကြောင့် ဘယ်လက်တံတောင်ဆစ်တွင် ဖျင်းခနဲဖြစ်သွားပြီး စူးရှသော နာကျင်မှုကို ခံစားလိုက်ရသည်။ ကွမ်လိန် တောင့်မခံနိုင်တော့၊ ယိုင်ထိုးယိုင်ထိုးဖြစ်သွားသည်။ ထိုစဉ် ဝတ်ရုံနီသခင်မ၏ဘယ်လက်က ကွမ်လိန်၏ညာလက်ကောက်ဝတ်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်တော့၏။

"ငါ့မောင်ရဲ့ပညာတွေ ကုန်သွားပြီမဟုတ်လား၊ ဒီတော့ အေးအေးဆေးဆေး ဒူးထောက်ထိုင်လိုက်စမ်း"

ကွမ်လိန် ဒူးထောက်လျက် ဝတ်ရုံနီသခင်မကို ဝင်းဝင်းတောက်သော မျက်လုံးအစုံနှင့် စိုက်ကြည့်လိုက်ပြီး ချုပ်ကိုင်ခံနေရသောလက်ကို အားကုန်သုံးပြီး ဆောင့်ရုန်းပစ်လိုက်သည်။

မမျှော်လင့်သောအဖြစ်ကြောင့် ဝတ်ရုံနီသခင်မ မျက်လုံးပြူးသွား၏။ ကွမ်လိန်၏လက်ကောက်ဝတ်ဆီမှ ပြင်းထန်သော အားလှိုင်းတစ်ခု၏တွန်းကန်မှုကို ခံစားလိုက်ရသဖြင့် လက်ဝါးတစ်ပြင်လုံး ထုံခနဲကျင်ခနဲဖြစ်သွားသည်။ ထိုစဉ် ...

ဝတ်ရုံနီသခင်၏ ထိဝ် လန့်ချောက်ချားစွာအော်လိုက်သော

အသံကြီး ပေါ်လာ၏။ ဝတ်ရုံနီသခင်မ ခေါင်းနပန်းကြီးသွားပြီး လှမ်းကြည့်လိုက်သည်။

ဝတ်ရုံနီသခင် ချောင်ပိတ်မိနေပြီ၊ သူ လှုပ်၍မရတော့။ မျက်စိတစ်မှိတ်အတွင်း လုရင်၏ဓားဖျားအောက်ဝယ် အသက်ပျောက်တော့မည်ဖြစ်သည်။ ယို့ကြောင့် ဝတ်ရုံနီသခင်မသည် ကွမ်လိန်ကို လွှတ်ပေးလိုက်ဒ်သည်။

ထိုစဉ် ဝတ်ရုံနီသခင်မက လုရင်၏အနားသို့ လွှားခနဲ ခုန်သွားပြီး လက်ညှိုးတိုက်ကွက်နှင့် နောက်ကျောကို ထိုးဖောက်လိုက်၏။ ဝုစ်ခနဲအသံနှင့် လက်ချောင်းငယ်များ ကျောကုန်းပေါ် ကျရောက်သွားသည်။

လုရင် ကျွမ်းပစ်ပြီး ရှောင်ထွက်လိုက် ရပြန်သည်။ ဝတ်ရုံနီသခင်သည် အသက်ဘေးမှ လက်မတင်လေး လွတ်မြောက်လာသဖြင့် နဖူးပေါ်မှချွေးစေးများကို သုတ်ပစ်လိုက်ပြီး သက်ပြင်းချလိုက်၏။ ထို့နောက် ကွမ်လိန်အနီးသို့ လှစ်ခနဲရောက်လာပြီး တရကြမ်း တိုက်ခိုက်လာတော့သည်။

ကွမ်လိန်သည် ဘယ်ဘက်တံတောင်ဆစ်မှ ရှုးရှသော နာကျင်မှုကြောင့် ဝတ်ရုံနီသခင်ကို စောစောကလို မခုခံနိုင်တော့။ ကြောက်လန့်တကြားနှင့် နောက်သို့ ခုန်ဆုတ်လိုက်ရ၏။

ကံဆိုးချင်တော့ စားပွဲခုံနှင့်ဝင်တိုက်ပြီး လဲကျလုလု ဖြစ်သွားတော့သည်။ ဝတ်ရုံနီသခင်က အခြေအနေကို သဘောကျသွားသဖြင့် တဟားဟားရယ်ပြီး လွှားခနဲခုန်ဝင်လာပြန်၏။



ကွမ်လိန် ခတ်တတ်ရင်နိုင်လိုက်ချိန်တွင် သူ၏ရိုက်ချက်များ အဆက်မပြတ် ကျရောက်လာတော့သည်။ ကွမ်လိန် တောင့်မခံနိုင် ကျွမ်းပစ်ပြီး သေပြေးရှင်ပြေး ရှောင်ထွက်လိုက်ရပြန်သည်။

တိုက်ပွဲသည် ဝေစ်ချိန်ထက်တစ်ချိန် ပိုပြီးကြောက်စရာကောင်းလာသည်။ ကွမ်လိန် အသက်ပင် မရှူနိုင်တော့ပေ။

လုရင်လည်း ချွေးပြန်နေပြီ။ တိုက်ပွဲချိန်ကြာရှည်လျှင် နှစ်ယောက်စလုံး အသက်ပျောက်မှာ သေချာနေပြီ။ ထို့ကြောင့် ဘာကိုမျှဂရုမစိုက်နိုင်တော့ဘဲ အသက်လုတိုက်ပွဲတို့ ဆင်နွှဲနေရတော့၏။ ဝတ်ရုံနီလင်မယားကလည်း အခြေအနေကို မပေါ့မဆတော့၊ နိုင်ကွက်ရလာသဖြင့် တရကြမ်း ဖိတိုက်နေ၏။ ထိုစဉ် ...

တဲအိမ်အပြင်ဘက်သို့ မြင်းရထားတစ်စီး ဆိုက်ရောက်လာသည်။ မြင်းရထားပေါ်မှ အမျိုးသမီးသည် လွှားခနဲခုန်ဆင်းလာပြီး တဲအိမ်တံခါးပေါက်သို့ ရိပ်ခနဲရောက်လာ၏။

တိုက်ပွဲဝင်နေသူတို့သည် အသက်လုပွဲ ဆင်နွှဲနေရသောကြောင့် ထိုအဖြစ်ကို မသိလိုက်ကြ။ တစ်ယောက်ကိုတစ်ယောက် အလစ်မပေးရဲဘဲ သေပြေးရှင်ပြေး တိုက်ခိုက်နေဆဲဖြစ်သည်။

တံခါးပေါက်တွင်ရပ်နေသော အမျိုးသမီးသည် အခြေအနေကို အကဲခတ်လိုက်ပြီး လျှပ်ပြက်သလို လှုပ်ရှားလိုက်၏။ သူမသည် ကွမ်လိန်ကို တိုက်ခိုက်နေသော ဝတ်ရုံနီသခင်အနီးသို့ ရိပ်ခနဲရောက်သွားပြီး လက်ချောင်းငယ်တိုက်ကွက်ကို ထုတ်သုံးလိုက်သည်။

ဝတ်ရုံနီသခင်သည် ကွမ်လိန်ကို တိုက်ခိုက်နေရာမှ ကျော

ကော့သွားပြီး ရှူးရှူးရှဲရှဲအော်လိုက်၏။ တစ်ကိုယ်လုံး တုန်ခါသွားပြီး ဒူးညွတ်ခွေလဲသွားသည်။ ကျောကုန်းမှသွေးများ ပွက်ခနဲပွက်ခနဲ ပန်းထွက်လာ၏။ အားယူပြီး လှည့်ကြည့်လိုက်သောအခါ မျက်လုံးများ ပြူးကျယ်လာသည်။

"မင်း ... မင်း ..."

ဝတ်ရုံနီသခင်က စကားဆက်မပြောနိုင်တော့။ အမြင်အာရုံများ ဝေဝါးသွားသည်။ အကြောများ ဆန့်ငင်ဆန့်ငင်ဖြစ်လာသည်။

ကွမ်လိန်သည် သေဘေးမှလွတ်မြောက်လာသဖြင့် နောက်သို့ ခုန်ဆုတ်လိုက်သည်။ လျှပ်တစ်ပြက်ရောက်လာသော အမျိုးသမီးကိုကြည့်ရင်း ဝမ်းသာအားရ[illegible]သွားသည်။

"မမ ... ချင်ဆန်လျှံ၊ ကျွန်တော် ကံကောင်းလို့"

ကွမ်လိန်သည် ဗလုံးဗထွေးပြောသည်။ ချင်ဆန်လျှံက လှည့်မကြည့်။ လျှပ်ပြက်သလို မုန်တိုင်းတိုက်သလို ဆက်တိုက်လှုပ်ရှားနေသည်။ သူမ၏ခန္ဓာကိုယ်သည် မြားတံကလေးလို ရိပ်ခနဲရိပ်ခနဲ ဖြစ်နေသည်။ မကြာ ...

ဝတ်ရုံနီသခင်မ၏အော်သံပေါ်လာသည်။ သူမ၏ရင်ဘတ်ကို လက်နှင့်ဖိရင်း နောက်သို့ဆုတ်သွား၏။ ခြေလှမ်းသည် တည့်မတ်ခြင်းမရှိဘဲ ယိမ်းထိုးနေ၏။ တဖြည်းဖြည်းနှင့် ဝတ်ရုံနီသခင်၏အနီးသို့ ရောက်သွားပြီး ဒူးညွတ်ခွေကျသွားသည်။

ဖိထားသော လက်ချောင်းငယ်ကလေးများကြားမှ သွေးများစီးကျလာ၏။ တဖြည်းဖြည်းနှင့် ရင်ဘတ်တစ်ခုလုံး သွေးချင်းချင်း



နီသွားသည်။ လုရင်က ဓားကိုတင်းကျပ်စွာဆုပ်ကိုင်ရင်း ဝတ်ရုံနီသခင်မရှေ့ကို လျှောက်လာ၏။ ထို့နောက် ရွံရှာစက်ဆုပ်သော အကြည့်ဖြင့် စိုက်ကြည့်လိုက်ပြီး ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်သည်။ ဝတ်ရုံနီသခင်မက အံကို တင်းတင်းကြိတ်ရင်း ချင်ဆန်လျှံကို လှမ်းကြည့်သည်။ နှုတ်ခမ်းသည် တဆတ်ဆတ်လှုပ်နေသည်။

အတန်ကြာမှ အသံထွက်လာ၏။

"နင့်နာမည် ... ချဲ့ဝမ့် ... ချင်ဆန်လျှံ၊ မျှော်လင့်ချက်မရှိတဲ့ မိန်းမ ဟုတ်လား"

"ဟုတ်တယ်၊ ငါ့နာမည် ချဲ့ဝမ့် ... ချင်ဆန်လျှံ၊ မျှော်လင့်ချက်မရှိတဲ့မိန်းမ၊ မတရားမှုကိုကျူးလွန်တဲ့ ရက်စက်ယုတ်မာတဲ့လူတွေဟာ ငါနဲ့တွေ့ရင် အသက်ရှင်ဖို့မျှော်လင့်ချက် ဘယ်တော့မှမရှိဘူး၊ ရှင်းပြီလား ဟင်း ... ဟင်း"

ချင်ဆန်လျှံက ကျေကျေနပ်နပ်ကြီးရယ်သည်။

သူမ၏ရယ်သံသည် ကောက်ကျစ်စဉ်းလဲသော၊ သစ္စာမဲ့သော၊ ယုတ်မာရက်စက်သော အညစ်အကြေးများကို ဆေးကြောပစ်လိုက်သည့် ဒီလှိုင်းသံပင် ဖြစ်တော့သည်။

ဝတ်ရုံနီသခင်မသည် ချင်ဆန်လျှံကိုကြည့်ရင်း မျက်နှာကြီးရှုံ့မဲ့သွားပြန်သည်။ တင်းမခံနိုင်တော့။ ရင်ဘတ်ကိုဖိရင်း ဝတ်ရုံနီသခင်၏ဘေးတွင် ခေါင်းငိုက်စိုက်ပြီး လဲကျသွားတော့သည်။

ဝတ်ရုံနီသခင်၏ကျောကုန်းပေါ်မှ စီးကျလာသော သွေးများနှင့် သူမ၏ရင်ဘတ်ပေါ်မှသွေးများ ရောထွေးသွားပြီး သွေးစီး

ကြောင်းတစ်ခု ဖြစ်သွားသည်။ အတန်ကြာအောင်ငေးနေမိပြီးမှ ကုန်စွန်းဘယ်ခြေအနီးသို့ ခပ်ဖြည်းဖြည်းလျှောက်လာခဲ့၏။

ထို့နောက် ကုန်စွန်းဘယ်ခြေကို ညင်ညင်သာသာ မွေ့ချီလိုက်ပြီး တဲအိမ်ကလေးထဲမှ ထွက်လာခဲ့မိ၏။

လုရင်က မြင်းရထားပေါ်ထိုင်နေရင်း သူ့ကိုပြုံးကြည့်နေ၏။ ကွမ်လိန်က ကုန်စွန်းဘယ်ခြေကို ရထားအိမ်ထဲသွင်းလိုက်ပြီးသည်နှင့် တံခါးကို သေသေချာချာပိတ်ပြီး မြင်းရထားရှေ့သို့ ပြန်လျှောက်လာခဲ့၏။ ရထားပေါ် ဖြတ်ခနဲခုန်တက်လိုက်ပြီး မြင်းဇက်ကြိုးကို ဆွဲကိုင်လိုက်၏။ ထို့နောက် လုရင်ကိုမေး၏။

"အစ်မကြီး ... ချင်ဆန်လျှံရော"

"သွားပြီ ... အစ်ကိုက အိမ်ထဲမှာရှိနေတုန်း ရှေ့ကထွက်သွားနှင့်ပြီ"

"ဪ ... ဪ"

ကွမ်လိန်က ဒါပဲပြောပြီး မြင်းဇက်ကိုလှုပ်ခါလိုက်၏။ မြင်းသည် ရထားကို ချာရပတ်လှည့်ပစ်လိုက်ပြီး ပြေးစပြုလာတော့၏။

စိတ်ထဲ၌ကား မတရားမှုကို ကျူးလွန်သူသည် မတရားမှု၏ဒဏ်ကို ခံရမြဲပေတကားဟု တွေးလာမိ၏။

ဝတ်ရုံနီလင်မယားနှင့် သေမင်းတမန်တဲအိမ်ကလေးသည် မြင်းရထားနောက်တွင် ဝေး၍ဝေး၍ကျန်ခဲ့လေသတည်း။

# အခန်း (၂၈)

## ချင်ဆန်လျှံ၏လွှမ်းမျက်ရည်

နေမင်းကြီးသည် တောင်ထွယ်တွင် မေးတင်နေလေပြီ။

ရှေ့ဆင့်နောက်ဆင့်မောင်းလာသော မြင်းရထားနှစ်စီးသည် အရှိန်ပြင်းစွာပြေးနေဆဲရှိ၏။ မြင်းရထားနောက်တွင် မြေဝါမှုန့်များ အလိပ်လိုက် အလိပ်လိုက် ကျန်ရစ်ခဲ့ကြ၏။ နာရီဝက်မျှ ခရီးပြင်းနှင် လာမိကြသောအခါ ဆာဖုံးတောင်ခြေသို့ ဆိုက်ရောက်လာကြ၏။

ကွမ်လိန်သည် ရထားကိုရပ်ပြီး ဖျတ်ခနဲ ခုန်ဆင်းလိုက်၏။

ကွမ်လိန်သည် အချိန်မဆွဲတော့ဘဲ မြင်းရထားတံခါးကို ဖွင့်လိုက်ပြီး ကုန်စွန်းဘယ်ခြေကို ပခုံးပေါ် ထမ်းတင်လိုက်၏။ ချင်ဆန်လျှံကလည်း စီမင့်ရှိပိုင်ကိုထမ်းပြီး အနီးသို့ ရောက်လာသည်။ တစ်ယောက်ကိုတစ်ယောက် ပြုံးပြလိုက်ပြီးသည်နှင့် တောင်ပေါ်ကို တက်လာခဲ့သည်။ လုရင်သည် သူတို့နောက်မှကပ်ပြီး လိုက်လာ၏။

ကိုယ်ဖော့ပညာကိုသုံးပြီး တက်လာခဲ့ကြသဖြင့် ခရီးအတော်တွင်ခဲ့သည်။ ထမင်းအိုးတစ်အိုးကျက်ခန့်ကြာသောအခါ တောင်ခုလတ်အတွင်းပိုင်းသို့ ခြေချမိကြသည်။

ထိုမှ သစ် တောကြီးတစ်ခုအတွင်းသို့ ဝင်လာမိခဲ့ကြသည်။ သိပ်မသွားလိုက်ရ၊ လူသွားလမ်းသွယ်လေးဆုံးသွားပြီး သစ်သားအိမ်

တစ်လုံးကို တွေ့ရတော့သည်။

ကွမ်လိန်သည် ဘာမှစဉ်းစားမနေတော့ဘဲ ထိုအိမ်ကလေး ရှိရာ လျှောက်သွားသည်။ အိမ်ရှေ့တွင်ရပ်ပြီး အခြေအနေကို အကဲခတ်နေစဉ်မှာပင် အိမ်ထဲမှ အိုမင်းသောအသံတစ်သံ ပေါ်လာ၏။

"ဝင်ခဲ့ကြ"

အသံက မာသည်။ ချိုသာမှုမရှိ။ ပျူငှာမှုမရှိ။

လုရင်က လှစ်ခနဲပြေးသွားပြီး တံခါးကို တွန်းဖွင့်လိုက်သည်။ ထို့နောက် ရှေ့မှ ဦးဆောင်ပြီး ခပ်ရဲရဲဝင်သွားသည်။ သုံးယောက်စလုံး အိမ်ထဲသို့ ရောက်သွားသောအခါ ကုလားထိုင်ကြီးတစ်လုံးပေါ်တွင် ထိုင်နေသည့် မျက်ခုံးဖွေးဖြူအဘိုးကြီးကို တွေ့ရ၏။

အဘိုးကြီးက မျက်လုံးကိုမှေးပြီး ဧည့်သည်များကို အကဲခတ်သည်။ ထို့နောက် ချင်ဆန်လျှံကို လက်ယပ်ပြပြီး ခေါ်လိုက်လေသည်။

ချင်ဆန်လျှံက စိမင့်ရှိပိုင်ကို ထမ်းရင်း ရှေ့သို့တိုးသွားသည်။ မျက်ခုံးမွေးဖြူအဘိုးအိုက ...

"ငါမေးတာကို မှန်မှန်ဖြေပါ၊ မင်းတို့ရဲ့အဖြေကို နားထောင်ပြီးမှ လူနာကို ကုသင့် မကုသင့် ဆုံးဖြတ်မယ်"

ချင်ဆန်လျှံသည် မျက်ရည်လည်ရွဲဖြင့် အဘိုးအိုရှေ့ ဒူးထောက် ထိုင်လိုက်၏။

အဘိုးအိုက မှေးစင်းသောမျက်လုံးများဖြင့် ကြ[illegible]ကာ ...

"သူ့နာမည် ..."

"စိမင့်ရှိပိုင်ပါ"



"မင်းနာမည်"

"ချင်ဆန်လျှံပါ"

"မင်းနဲ့ဘာတော်သလဲ"

"ကျွန်မရဲ့ခင်ပွန်းသည်ပါ"

"သူက အဖြူဘက်ကလား၊ အမည်းဘက်ကလား"

"အဖြူဘက်ကပါရှင်၊ ကျွန်မဟာ ပြည်နယ်ဘုရင်ခံရဲ့ညီမတော်ဖြစ်ပါတယ်၊ ကျွန်မတို့မောင်နှမနှစ်ယောက်မှာ ကျွန်မက သိုင်းပညာဝါသနာပါပြီး အထူးဆည်ပူးလေ့လာတဲ့အတွက် သိုင်းပညာမှာ ထူးချွန်ပါတယ်၊ ဒါကြောင့်မို့လို့ အစ်ကိုတော်ဟာ သိုင်းလောကထဲက ရာဇဝတ်မှုတွေကို ဖော်ထုတ်ဖို့၊ ရာဇဝတ်မှုကျူးလွန်တဲ့သိုင်းသမားတွေကို ဖော်ထုတ်ဖို့၊ တရားဥပဒေအရ အပြစ်စီရင်ပေးနိုင်ဖို့၊ တရားဥပဒေအရ အရေးယူမခံဘဲ မိုက်မိုက်မဲမဲ ခုခံတွန်းလှန်မယ့် သိုင်းသမားတွေကို သစ္စာတရားအရ အပြစ်ပေးဖို့အတွက် အစ်ကိုတော်က ကျွန်မကို သိုင်းလောကထဲ လျှို့ဝှက်စေလွှတ်ခဲ့ပါတယ်"

အဘိုးအိုက တစ်လုံးချင်းမေးသည်။

"မင်းနဲ့စိမင့်ရှိပိုင်ဟာ သိုင်းလောကထဲမှာ အကြင်လင်မယားဖြစ်ခဲ့တယ် ဆိုပါတော့"

"မှန်ပါတယ် ဆရာကြီး၊ ကျွန်မရဲ့ခင်ပွန်းသည်သာ သိုင်းပညာမှာ တစ်ဘက်ကမ်းခတ် ထက်မြက်သူဖြစ်ပါတယ်၊ ကျွန်မနဲ့ မတွေ့ခင်တုန်းက သူဟာ အင်မတန်ခက်ထန်ပြီး ရက်စက်ကြမ်းကြုတ်ပါတယ်၊ ဒါပေမဲ့ သူဟာ မတရားမှုကိုတော့ ဘယ်တော့မှ

မလုပ်ပါဘူး၊ သူ့စိတ်ဓာတ်ဟာ မြင့်မြတ်ပါတယ်၊ သိုင်းလောကထဲမှာ သူ နာမည်ဆိုးနဲ့ ကျော်ကြားနေတာဟာ ကြောင်လက်သည်းဖုက် သလို ကိုယ်ပုန်းခုတ်ပြီး မတရားမှုပေါင်းစုံလုပ်နေတဲ့ အမည်းရောင် သိုင်းသမားတွေကို ရက်ရက်စက်စက်သတ်ပစ်လို့ပါပဲ၊ တကယ်တော့ သိုင်းလောကသားအများစုဟာ အဲဒီသေဆုံးသွားတဲ့ အမည်းရောင် သိုင်းသမားတွေရဲ့ ရာဇဝတ်မှုတွေ၊ တိုင်းပြည်သစ္စာဖောက်လုပ်ရပ် တွေကို မသိကြပါဘူး၊ သိရင် သူတို့ကိုယ်တိုင် သဟ်ပစ်ချင်ကြမှာပါ၊ နောက်ပိုင်း ကျွန်မနဲ့ ညားပြီးနောက် ကျွန်မက သူ့ကို အကောင်းဆုံး ထိန်းသိမ်းကြိုးကိုင်ခဲ့တဲ့အတွက် ပြည်နယ်ဘုရင်ခံရဲ့ အကျဉ်းထောင် ထဲကို ရာဇဝတ်သားသိုင်းသမားငါးဆယ်ကျော် အရောက်ပို့နိုင်ခဲ့ပါ တယ်၊ အဲဒါဟာ ကျွန်မခင်ပွန်း စီမင့်ရီပိုင်ရဲ့အစွမ်းပါပဲရှင်၊ အခု သူ အတိတ်မေ့နေပါတယ်၊ အဆိပ်လည်း မိထားပါတယ်၊ သူ့အသက်ကို ကယ်တင်ပေးဖို့ ဘဘကို တောင်းပန်ပါတယ်ရှင်"

မျက်ခုံးဖြူအဘိုးကြီးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ...

"ခုတင်ပေါ်ကို ချလိုက်"

ချင်ဆန်လျှံမှာ မျက်ရည်များကြားမှ ပြုံးလိုက်မိ၏။ သမား တော်ကြီးသည် သစ္စာဘက်တော်သားပေကကား။ ချင်ဆန်လျှံ အနီး တွင်ရှိသော ခုတင်ပေါ်သို့ စီမင့်ရီပိုင်ကိုချလိုက်သည်။

မျက်ခုံးဖြူအဘိုးကြီးက ထိုင်ရာမှထပြီး စီမင့်ရီပိုင်ကို အကဲ ခတ်သည်။ အတန်ကြာသော် စိတ်ပျက်သွားဟန်နှင့် ခေါင်းကိုယမ်းခါ လိုက်သည်။



ချင်ဆန်လျှံသည် မျက်ခုံးဖြူအဘိုးကြီးကိုကြည့်ပြီး ဒိန်းခနဲ ဖြစ်သွား၏။ စိတ်လှုပ်ရှားလွန်း၍ အသည်းနှလုံးများ ပြုတ်ကျသွား သလားအောက်မေ့လိုက်မိ၏။

မျက်ခုံးဖြူအဘိုးကြီးက သက်ပြင်းတစ်ချက်ကို ဟင်းခနဲ ချလိုက်ပြီး ချင်ဆန်လျှံကို လှည့်ပြော၏။

"မိန်းကလေး ... မင်း သူ့ကိုပြန်ခေါ်သွားတော့၊ မျှော်လင့် ချက် လုံးဝမရှိတော့ဘူး၊ သိကြားမင်းကြီး ဆင်းကုလည်း အသက်မရှင် နိုင်တော့ဘူး"

"ရှင်"

ချင်ဆန်လျှံသည် မိုးကြိုးပစ်ခံလိုက်ရသလား အောက်မေ့မိ ၏။ တစ်ခေါင်းလုံး မူးနောက်သွားပြီး အသည်းနှလုံးများ ပြုတ်ကျ သွားသလား အောက်မေ့မိသည်။

ချင်ဆန်လျှံသည် ငူငူငိုင်ငိုင်ကြီးဖြစ်သွားရာမှ မျက်ခုံးဖြူ အဘိုးကြီး၏ ခြေထောက်ရှေ့ကွင် ဒူးထောက်ချလိုက်၏။

"ဘဘ ... သူ့ကိုမကယ်နိုင်တော့ဘူးလားရှင်၊ သူသေရ တော့မယ်ဟုတ်လား၊ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ သူ သေကို မသေ ရဘူး၊ သူဟာ မျိုးချစ်သိုင်းသမားတစ်ယောက်ပါ၊ မျိုးချစ်သစ္စာရှင် တွေဟာ လူသေပေမယ့် သူတို့ရဲ့စိတ်ဓာတ်တွေဟာ သေရိုးထုံးစံ မရှိပါဘူး၊ သူ မသေစေရဘူး"

ချင်ဆန်လျှံသည် ကြေကွဲစိတ်ကြောင့် အရူးမကြီးလို အော် ဟစ်လိုက်မိ၏။

မျက်ခုံးဖြူအဘိုးကြီးက ခေါင်းကိုခါယမ်းလိုက်ပြီး ခပ်တိုးတိုး ပြောသည်။

"မိန်းကလေး အော်ကြီးဟစ်ကျယ်မလုပ်နဲ့ သူ့ကိုခေါ်ပြီး ပြန်တော့၊ သူ့အသက်ရှင်စရာလမ်း လုံးဝမရှိတော့ဘူး၊ သူ့ရဲ့သေခြင်း ကို ကျူပ်လေးစားပါတယ်"

ချင်ဆန်လျှံမတတ်နိုင်တော့။ အဘိုးကြီးကို စိုက်ကြည့်ပြီး မျက်ရည်များ တဖွေဖွေကျလာသည်။ ကွမ်လိန်ကော လုရင်ပါ ဝမ်းနည်းကြေကွဲသွားကြသည်။

စီမင့်ရီပိုင်ကို မျိုးချစ်သိုင်းသမားဟုဆိုသည့်စကားကိုလည်း နားမလည်သလို ခံစားနေရသည်။

ထိုစဉ် မျက်ခုံးဖြူအဘိုးကြီးက ကွမ်လိန်ကိုလှမ်းပြောသည်။

"ကောင်လေး ... ရှေ့ကိုတိုးခဲ့"

ကွမ်လိန်သည် ကုန်စွန်းဘယ်ခြေကိုထမ်းရင်း ရှေ့ကိုတိုးလာ သည်။

"ဆရာကြီး ... ဒီဆရာကြီးရဲ့ရောဂါဝေဒနာဟာ ပြင်းထန်တာ မှန်ပါတယ်၊ ဒါပေမဲ့ စီမင့်ရီပိုင်ကိုတော့ တတ်နိုင်သလောက် ကုသ ..."

"တော် ... တော် စကားအပိုတွေပြောမနေနဲ့ ကျောက်ခဲကို ဆီညှစ်ရင် လက်နာရုံပဲရှိမယ်၊ သေမယ့်လူကို ရှင်အောင်လုပ်နိုင်တဲ့ ဆေး ငါ့မှာမရှိဘူး"

မျက်ခုံးဖြူအဘိုးကြီးက ပြောပြောဆိုဆို ကုန်စွန်းဘယ်ခြေ



ကို စမ်းသပ်ကြည့်လိုက်သည်။

အတန်ကြာသော် ခေါင်းကိုတဆတ်ဆတ်ညိတ်ပြီး ...

"ဒီလူအခြေအနေက သိပ်မဆိုးဘူး အသက်ရှင်စရာအကြောင်း အများကြီးရှိတယ်၊ ကဲ ... အခန်းထဲလိုက်ခဲ့"

မျက်ခုံးဖြူအဘိုးကြီးက စကားဆုံးသည်နှင့် အိပ်ခန်းထဲသို့ လှည့်ဝင်သွားသည်။ ကွမ်လိန်သည် ၎င်း၏နောက်မှ အသာကပ်လိုက် သွား၏။ ချင်ဆန်လျှံသည် အခန်းပေါက်ဝကို လှမ်းကြည့်ရင်း စီမင့်ရီ ပိုင်အနီးသို့ တိုးကပ်သွားသည်။

စီမင့်ရီပိုင်၏မျက်နှာသည် သွေးမရှိတော့သကဲ့သို့ ဖြူဖွေး နေသည်။ အချို့နေရာများတွင် အညိုရောင်၊ အပြာရောင်၊ အစိမ်း ရောင်များ ဖြစ်ပေါ်နေ၏။ တစ်ကိုယ်လုံးသည် အေးစက်နေပြီး အရိုး များပင်လျှင် ပျော့စိစိဖြစ်နေပြီ။

ချင်ဆန်လျှံသည် စီမင့်ရီပိုင်ကို မကြည့်ရက်တော့သဖြင့် မျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး ရှိုက်ကြီးတငင်ငိုကြွေးတော့သည်။

ထိုအချိန်မှာပင် ကွမ်လိန် အပြင်သို့ပြန်ထွက်လာ၏။ လုရင် သည် ချင်ဆန်လျှံကိုကြည့်ရင်း မျက်ရည်များ ဝဲကျလာ၏။

အိမ်ခန်းကလေးသည် တစပြင်နှယ် တိတ်ဆိတ်ငြိမ်သက် သွား၏။ အတန်ကြာမှ ချင်ဆန်လျှံ၏ သက်ပြင်းချသံပေါ်လာ၏။ သူမက တီးတိုးရေရွတ်သည်။

"တို့ ... သွားသင့်ပြီ"

ကြေကွဲဆို့နင့်သော အသည်းနှလုံးထဲမှထွက်လာသောအသံ

ပင်ဖြစ်သည်။ ကွမ်လိန်နှင့်လုရင်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြပြီး သက်ပြင်းချလိုက်မိကြ၏။

ချင်ဆန်လျှံက စီမင့်ရှီ ပိုင်ကို ပွေ့ချီထားရင်း မျက်ရည်များ တပေါက်ပေါက်ကျလာသည်။ သူမသည် ငြိမ်သက်စွာရပ်နေရာမှ အခန်းအပြင်သို့ လှမ်းထွက်လာသည်။ တစ်လှမ်းချင်းလှမ်းရင်း တဲအိမ် အပြင်ဘက်သို့ ရောက်လာသည်။

ကွမ်လိန်နှင့်လုရင်က သူမနောက်မှ ထက်ကြပ်မကွာ လိုက် ပါလာသည်။ ခြေလှမ်းများက အလာတုန်းကလို သွက်လက်ခြင်းမရှိ ကြတော့။ မျှော်လင့်ချက်မရှိသောမိန်းမအတွက် မျှော်လင့်ချက် တောင်ကြီးသည် ပြိုကျပျက်စီးသွားပြီတည်း။

ဆောင်းအကုန် နွေအကူးမို့ လေရူးက တသုန်သုန်မြူးနေ သည်။ စံအိမ်ပြတင်းပေါက်အနီးတွင် ထိုင်နေသော အမျိုးသမီးသည် ပန်းဥယျာဉ်ထဲကို ငေးကြည့်နေသည်။ မျက်လုံးအိမ်၌မူ လွမ်းမျက် ရည်များ ရစ်ဝဲနေသည်။

ချစ်သောသူနှင့် ကွေကွင်းရခြင်း ဆင်းရဲဒုက္ခကို သူမ အသွင် သဏ္ဍာန်က ဝိပြင်စွာဖော်ပြနေ၏။ သူမကိုယ်ပေါ်မှ အဝတ်အစား များသည် ဝမ်းနည်းခြင်း အထိမ်းအမှတ် ‘ဆု’ အပတ်အစားများ ဖြစ်၏။ ထို့ကြောင့် သူမကို မြင်ရုံနှင့် အပူသည်မှန်း သိသာသည်။

သူမသည် အမှောင်ထုကြီးစိုးလာသော်လည်း တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်သက်နေ၏။ သူမသည် အခြားလူမဟုတ် ... ချဲဝမ် ချင်ဆန်လျှံပင် ဖြစ်တော့သည်။



သူမသည် မည်မျှကြာအောင် ငြိမ်သက်နေမိသည်မသိ။

အခန်းထဲသို့ဝင်လာသော ခြေသံများကိုကြားမှ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

“ညီမရင်တို့လား”

“ဟုတ်ကဲ့ မမ”

လုရင်က ပြုံးပြီးအနီးသို့ရောက်လာသည်။

သူမနောက်တွင် ကပ်လာသော ကွမ်လိန်က လွတ်နေသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

ချင်ဆန်လျှံက သက်ပြင်းချပြီး ပြောလာသည်၊

“မင်းတို့နှစ်ယောက်ကို တွေ့ရတော့ စီမင့်ရှီပိုင်ကို ပိုပြီး သတိ ရတယ်၊ ငါ့ရဲ့အပူမီးကို မင်းတို့ကိုမကူးစက်စေချင်ဘူး၊ ဒါပေမဲ့ ငါ့ရင်ထဲ က,ဝေဒနာကို ခုထိကုစားလို့မရသေးဘူး”

ချင်ဆန်လျှံသည် စကားပြောရင်း မျက်ရည်များဝဲလာ၏။

လုရင်နှင့် ကွမ်လိန်သည် ဘာပြောရမှန်းမသိသဖြင့် ငြိမ် သက်နေမိကြသည်။ ကွမ်လိန်က ...

“အစ်ကိုစီမင့်ရှီပိုင် မရှိလို့ သိပ်လည်းအားမငယ်ပါနဲ့ မမရယ်၊ ကျွန်တော်နဲ့ လုရင်တို့နှစ်ယောက်က အစ်ကိုစီမင့်ရှီပိုင်အစား တိုင်း ပြည်တာဝန်ကို ဝင်ထမ်းပါ့မယ်”

ချင်ဆန်လျှံက ကျေနပ်စွာပြုံးလိုက်၏။

“ဒီစကားကြားရတာ ငါ သိပ်ကျေနပ်မိပါတယ်ကွယ်၊ မောင်လေးနဲ့ညီမလေးတို့ကိုလည်း မမ အားကိုးပါတယ်၊ ကဲ ...

စစ်မိန်ဂေဟာပြဿနာနဲ့ပတ်သက်ပြီး မောင်လေး ဘာသိချင်သလဲ"

ကွမ်လိန်က ...

"ဝတ်ရုံနီလင်မယားဟာ သူ့မိတ်ဆွေတွေဖြစ်တဲ့ သိုင်းအကျော်အမော်တွေကို ဘာဖြစ်လို့သတ်ရတာလဲ မမရယ်"

ချင်ဆန်လျှံက အဝေးသို့ငေးရင်း ...

"အဲဒီအချက်ကိုတော့ မမ တိတိကျကျမသိဘူးကွယ်၊ ရထားထိုင်ခုံအောက်မှာ စွန်းရုန်း ဓားနဲ့ခြစ်ထားတဲ့စာအရတော့ ဝတ်ရုံနီလင်မယားဟာ ကျောက်မကောင်းကြားမကောင်းတဲ့ကိစ္စကြီးတစ်ခုကို လျှို့ဝှက်လုပ်ခဲ့တာ ရှိပါလိမ့်မယ်၊ အဲဒါကို သူ့မိတ်ဆွေတွေ သိသွားလိမ့်မယ်၊ ဒီအခါမှာ သူတို့ အရှက်တကွဲအကျိုးနည်းမဖြစ်ဖို့ ဒီလူတွေကို နှုတ်ပိတ်ဖို့လိုလာတယ်၊ ဒီအခါ ဒီလူတွေ တစ်စုတစ်ဝေးတည်းလာနိုင်စေမယ့် အကြောင်းပြချက် ရှာရတော့တာပေါ့၊ သိုင်းလောကထဲမှာ ကျော်ကြားနေတဲ့ လျှို့ဝှက်ကြေးပြားတွဲအတွက် ဆွေးနွေးရအောင် လာပါလို့ ပင့်ဖိတ်ချက်ထက်ကောင်းတဲ့အကြောင်းပြချက်က ဘယ်ရှိတော့မလဲ"

ကွမ်လိန်က ...

"အစ်ကိုကြီး စီမင့်ရိုပိုင်ကတော့ စစ်မိန်ဂေဟာကို ဘယ်လိုရောက်သွားရတာလဲ"

"ဒီလို မောင်လေးရဲ့ ... သူတို့ပင့်ဖိတ်လိုက်တဲ့ သိုင်းသမားတွေဟာ ထိပ်သီးတွေချည်းပဲ၊ သို့ကို မမတို့က မသက်ဘူး၊ အစ်ကိုစီမင့်ရိုပိုင်ဟာ ဒီပင့်ဖိတ်ချက်ရဲ့နောက်ကွယ်က လျှို့ဝှက်ချက်ကို



ဖော်ထုတ်ဖို့ စစ်မိန်ဂေဟာကို လိုက်သွားတာပဲ၊ ဟိုကျမှ ဝတ်ရုံနီလင်မယားရဲ့ လှည့်ကွက်ထဲဝင်ပြီး ဘယ်လိုအဆိပ်မိသွားသလဲ မသိဘူး၊ အဆိပ်မမိလို့ကတော့ အဲဒီမှာရှိတဲ့ လူပေါင်းဆယ့်ခုနစ်ယောက်လည်း အစ်ကို စီမင့်ရိုပိုင်ကို မနိုင်နိုင်ပါဘူး၊ ဒါတောင် သူ မသေဘဲ သတိပြန်ရတာ ကြည့်ပါလား၊ သူ့အတွင်းအား ဘယ်လောက်ကောင်းသလဲဆိုတာ"

"စစ်မိန်ဂေဟာထဲမှာ သေနေတဲ့ဝတ်ရုံနီလင်မယားကရော မမရယ်"

"ဒီလင်မယားက အတုတွေပါ၊ သူတို့နဲ့ ရုပ်ချင်းတူတဲ့လူတွေကို ရုပ်ဖျက်ပညာပါပေါင်းစပ်ပေးလိုက်တော့ တကယ့်ဝတ်ရုံနီလင်မယားနဲ့ ချွတ်စွပ်တူသွားတော့တာပေါ့"

"အဲဒီနှစ်ယောက်ကိုပါ သူတို့ သတ်ပစ်ခဲ့ကြတယ်နော်"

"သတ်တာပေါ့၊ အဲဒီနှစ်ယောက်ကတစ်ဆင့် သူတို့လျှို့ဝှက်ချက်တွေ ပေါက်ကြားနိုင်သေးတယ် မဟုတ်လား၊ ဒီနှစ်ယောက်ဟာ ဉာဏ်နီဉာဏ်နက်များသလောက် အင်မတန်ရက်စက်တဲ့ ရာဇဝတ်သားတွေပဲ၊ သူတို့ လျှို့ဝှက်လုပ်ခဲ့တဲ့ ပြစ်မှုကို ဘာမှန်းမသိလို့ အသာထားလိုက်တော့၊ စစ်မိန်ဂေဟာထဲက လူဆယ့်ငါးယောက်ကိုသတ်မှုအတွက်တော့ တရားဥပဒေအရ သေဒဏ်သုံးခါပြန်လောက် ထိုက်နေပြီ၊ ခုလည်း သူတို့အပြစ် သူတို့ခံစားရပါပြီ၊ ရာဇဝတ်ဘေး ပြေးမလွတ်ဆိုတာ ဒါမျိုးပဲပေါ့ မောင်လေးရယ် ...

သူတို့ အစီအစဉ်က ဝါမေကျားသစ်အိတ် ညီအစ်ကိုတို့

နောက်ဆုံးအချိန်မှရောက်လာအောင် ပင့်ဖိတ်ထားတယ်၊ အဲဒီနှစ်ယောက်ကို စစ်မိန်ဂေဟာပြဿနာရဲ့တရားခံလုပ်ဖို့ပေါ့၊ အဲဒီမှာတင် မောင်လေးရောက်လာတော့ အားလုံးအတွက် အကွက်ဝင်သလိုဖြစ်သွားတယ်၊ ဝါမကျားသစ်အိတ်တစ်ယောက်က မောင်လေးရဲ့မိတ်ဆွေကို သတ်တယ်၊ မောင်လေးကို နှုတ်ပိတ်မလို့လဲလုပ်ရော မမရဲ့ယောကျ်ားက သတိရလာတယ်၊ သူတို့ဟာ မမယောကျ်ားကိုတော့ အသေကြောက်ကြတာကွယ်"

"ကျွန်တော့်အသက်ကို အစ်ကိုစီမင့်ရိုပိုင်ကယ်လိုက်တာပေါ့နော်"

"အဲဒီလိုပြောလို့ရပါတယ်၊ ဝတ်ရုံနီလင်မယားအဖို့ကတော့ ရေငတ်တုန်း ရေတွင်းထဲကျခဲ့တာလို ဖြစ်သွားတာပေါ့၊ အတိတ်မေ့နေတဲ့ မမယောကျ်ားဟာ စစ်မိန်ပြဿနာရဲ့ကျရာခံဖြစ် သူတို့အတွက် ပိုကောင်းတာပေါ့ ...

ဒီအရှုပ်အထွေးကို ပေါ်လာအောင် စွမ်းဆောင်တဲ့လူကတော့ ညီမလေးလုရင်ပဲ၊ ညီမလေးလုရင်သာ မောင်လေးကွမ်လိန်ကိုလိုက်ပြီးမစောင့်ရှောက်ရင် ဝတ်ရုံနီလင်မယားဟာ ခုထက်ထိအသက်ရှင်ပြီး လွတ်မြောက်နေဦးမှာပဲ၊ ဒါထက် ညီမလေးက ဝတ်ရုံနီမိန်းမကို ဘယ်လိုမှတ်မိလိုက်တာလဲ"

လုရင်က ရှင်းပြသည်။

"ဟို ... မီးလောင်တဲ့ဘုရားကျောင်းပျက်ထဲမှာ ဝတ်ရုံနီမိန်းမဟာ ယောကျ်ားသံနဲ့ပြောတယ်၊ သူ့အသံဟာ နဂိုအသံမဟုတ်



ဘူးဆိုတာ ညီမလေး သတိထားမိတယ်၊ နောက်တစ်ခါ ဆာဖုံးတောင်ကို လာရင်း သူတို့တောင်ချောက်ထဲဝင်မိတော့ သူ့ကျောကုန်းကိုမြင်ဖူးသလိုလိုရှိလာတယ်၊ ဘုရားကျောင်းပျက်ထဲမှာ သူ့ကျောကုန်းကို ကောင်းကောင်းကြီး မှတ်မိခဲ့တယ်လေ၊ နောက်ဆုံး ဝတ်ရုံနီ မိန်းမလို့ သိလိုက်တဲ့အချက်ကတော့ ကျွန်မရဲ့ဓားကွက်တွေကို သူသိနေတာပဲ၊ ဝတ်ရုံနီမိန်းမဟာ ကျွန်မရဲ့ဆရာမ ဂါဆန်းခွေရှဆီမှာ ဒီဓားကွက်တွေကို ကြည့်ခဲ့ဖူးတယ်၊ ဒါကြောင့် သူက ကျွန်မဓားချက်ကိုချေဖျက်တိုက်ခိုက်နိုင်တာပေါ့"

ကွမ်လိန်က သူ့ရှေ့ရှိ အရက်ခွက်ကို ဆွဲယူမော့သောက်ပိုက်ပြီး ပြောလိုက်၏။

"ကျွန်တော်ကတော့ တွေးတော့တွေးတယ်၊ ခေါင်းထဲ ဘာမှရှင်းမလာဘူး၊ ရှုပ်သထက် ရှုပ်လာတာပဲ"

လုရင်က ချစ်စဖွယ်မျက်စောင်းကလေးထိုးပြီး ...

"ကြည့်ပါလား ... သူဟာ အစားအသောက်ကို သိပ်ဦးစားပေးတာပဲ၊ ဟိုတောင်ချောက် တဲအိမ်လေးထဲမှာ ဝတ်ရုံနီမိန်းမပေးတဲ့ အဖန်ရည်ကိုလည်း သူသောက်မလို့ လုပ်သေးတယ်၊ ညီမက ဥပါယ်တံမျဉ်နဲ့ ကျကွဲအောင်လုပ်ပစ်လိုက်လို့ နို့မို့ဆိုရင် မလွယ်ဘူး၊ ဒီလိုသတိလက်လွတ်လုပ်နေသမျှ ဘယ်တော့မှ သိုင်းသမားကောင်းတစ်ယောက် ဖြစ်လာမှာ မဟုတ်ဘူး"

ချင်ဆန်လျှံသည် ချစ်ဖွယ်ခွန်းတုံ့တင်၍ ပြောကြားနေသော ကွမ်လိန်နှင့်လုရင်တို့ကိုကြည့်၍ မျက်ရည်ဝဲလာသည်။

သူမ၏ချစ်လှစွာသောခင်ပွန်းသည် စိမင့်ရှိပိုင်ကို သတိရလာသည် မဟုတ်ပါလော။

စိမင့်ရှိပိုင်သေဆုံးရသည့်အတွက် သူမ ဂုဏ်လည်းယူသည်။ ဝမ်းလည်း ဝမ်းနည်းမိသည်။

ချင်ဆန်လျှံ၏မျက်ရည်စက်များ တောက်ခနဲကျလာသည်ကို မြင်လိုက်သဖြင့် လုရင်ကော ကွမ်လိန်ပါ နှုတ်ဆိတ်သွားကြသည်။

သူတို့သည် စားပွဲအောက်မှနေ၍ တစ်ယောက်ကိုတစ်ယောက် မြဲမြံစွာ ဆုပ်ကိုင်လိုက်ကြသည်။

သူတို့နှစ်ဦးသည် ဆက်လက်ထမ်းရွက်ရမည့် တိုင်းပြည်အကျိုးပြုလုပ်ငန်းများအတွက် ချင်ဆန်လျှံအား မဆုတ်မနစ် ကူညီသွားမည်ဖြစ်ကြောင်း သစ္စာပြုလိုက်သည့် လက်များပေတည်း။

ပြီးချုံးပြီ။

တက္ကသိုလ်နေလင်းအောင်